
www.burmeseclassic.com

# လမင်းမိုမို




ချစ်သော

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ချစ်သောလတ်လတ်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၅၅၀၆၀၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၀၀၀၁၀၇

၂၀၀၇ ခုနှစ်၊ မေလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇)
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁

"ဟော့ကောင် … တော်လင်း … ပူတယ်ကွာ၊ အဲကွန်းလုပ်စမ်းပါ"

ရှေ့ခုံကို နောက်သို့ ပက်လက်လန်အောင် လှန်ချထားကာ မျက်စိမှေးပြီး မှိန်းနေတဲ့ ဖြိုးကိုကိုက ရှုံ့မဲ့ပြီး ပြောလိုက်ပါသည်။

"ဆီမရှိဘူး ဖြိုးကိုရ၊ ငါ ညနေမှ ဆီသွားထည့်မလို့"

"ဟာ … ဖွင့်စမ်းပါဆိုကွာ၊ မင်းက တစ်ခါတစ်ခါကျ သိပ်ဥစ္စာခြောက်တာပဲ"

"ဆီက တကယ်ကို ဖင်ကပ်ပဲရှိတာ၊ အနည်လိုက်လာမှာ စိုးလို့ပါ ဖြိုးကိုရာ၊ မှန်တွေချထားတော့ လေတိုက်နေသားပဲကွာ"

www.burmeseclassic.com



"ဟာ ... လေပူကြီးတွေ တိုက်နေတာ၊ မင်းက ဘာလဲကွာ မင်းနဲ့ အဖော်လည်း လိုက်လာပေးရသေးတယ်၊ အပြန် လမ်းဘေးမှာ ကြုံရာတစ်နေရာရာက ရှာဖွေထည့်လိုက်ပေါ့ ဖြစ်နေလိုက်တာကွာ၊ မင်းဆီက ခုချက်ချင်းလက်ငင်းလည်း မကုန်ပါဘူး"

တော်လင်းတိုးသည် သက်ပြင်းတစ်ချက်ချကာ ကား ကို စက်နိုး၊ မှန်တွေတင်ပြီး အဲကွန်းဖွင့်လိုက်ရပါသည်။ သူတို့ နှစ်ကောင်ကိုလည်း ဘယ်သူကမှ လိုက်လာခဲ့ပါလို့ မခေါ်။ ဒီနှစ် ကောင်က စကားများများနှင့် ရောက်လာမဲ့ "မြတ်သုဝတီ" ဆို တဲ့ မိန်းကလေးအတွက် အနှောင့်အယှက် ဖြစ်စရာ ကြုံနေမှာစိုး၍ တမင်တကာ တစ်ယောက်တည်း လာမလို့ပါ။

သူ ကားပေါ်တက်တာနှင့် ဘယ်လဲ ဘာလဲ မေး ပြီး နှစ်ကောင်စလုံး တက်လိုက်လာကြတာ။ ပြီးတော့ အဖော် လိုက်လာပေးရတယ်ဆိုပြီး အခွင့်အရေး ယူချင်သည်။ ယောကျ်ား လေးလည်းဖြစ်၍လည်းကောင်း၊ နဂိုဗီဇက အားနာသည်းခံတတ် ၍လည်းကောင်း၊ တော်လင်းတိုးသည် တော်ရုံတန်ရုံ ဘာမှမပြော ပေမဲ့ ဒီနှစ်ကောင် အထူးသဖြင့် ဖြိုးကိုကိုဟာ တော်လင်းတိုး အပေါ်သာမက ဘယ်သူ့အပေါ်မဆို အနိုင်ကျင့် ဗိုလ်ကျတတ် သည်။





သူ့ဗီဇကိုက စီးတက်တဲ့သဘော ရှိတာ။ သူ့အစီး ကိုမခံတဲ့သူကျတော့ သူ ဘာမှလုပ်မရ။ တော်လင်းတိုး ကျတော့ တော်ရုံအညံ့ခံလှ၍ ဖြိုးကိုကိုက သူ့စိတ်ကြိုက်ဖြစ်ရမှ။ ဆရာလည်း လုပ်၊ ဗိုလ်လည်းကျ။

"မင်း ကားက ဘယ်တော့ဝင်မှာလဲ"

"နောက်နှစ်ရက်လောက်ဆိုရင် ဝင်မယ်လို့ ပြောတယ်ကွာ၊ ခုနပဲ မေးကြည့်ထားတာဟာ၊ လာတော့မှာပါ"

"ရေငတ်လိုက်တာကွာ၊ ဟော့ကောင် နေထိုက် ... ဟိုးက ဆိုင်မှာ ရေသန့်အေးအေးတစ်ဘူး သွားဝယ်စမ်းကွာ"

"ဟာ ... ဒီလောက် နေပူတာ၊ ဆိုင်က အဝေးကြီးလျှောက် ရမှာ"

"မဝေးပါဘူးကွာ မင်းကလည်း၊ ယောကျ်ား မဟုတ်တာ ကျနေတာပဲ၊ ဒီနားနဲ့ ဒီနားလေးကို"

"ဒါဖြင့်လည်း မင်းဟာမင်းပဲ သွားလိုက်ပေါ့ကွာ"

"ဟ ... ငါ နေပြင်းလို့ ခေါင်းတွေကိုက်နေလို့ပေါ့ကွ၊ နို့မို့ရင် မင်းကို ခိုင်းမနေဘူး၊ ကဲ ... ကဲ ... တော်လင်း၊ မင်းပဲသွားဝယ်ပေးကွာ"

တော်လင်းသည် စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကိုကုတ်ကာ "ကျွတ်" ခနဲ လုပ်မိသော်လည်း ဖြိုးကို တကယ်ပဲများ ခေါင်းကိုက် နေလို့လား မသိဘူးဟု ကြင်နာစိတ် ပေါက်မိလေရာ နေပူကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲ မသွားချင်ဘဲနှင့် ဟိုးရှေ့လှမ်းလှမ်းက ရေသန့်ဘူးရမည့်ဆိုင်ဆီ ကားပေါ်မှ ဆင်း၍ထွက်လာခဲ့ပါသည်။

ရေသန့်ဘူးဝယ်ကာ အပြေးပြန်လာပြီး ကားတံခါးဖွင့်၍ မောင်းသူနေရာ ပြန်ဝင်ထိုင်နေလိုက်သည်။ ရေဘူးကို ဖြိုးကိုထံ လှမ်းပေးရင်း ...

"ဟော့ကောင် ... ပြီးရင် မင်း နောက်ဘက်ရွှေ့ထိုင်ဦး၊ ကောင်မလေး လာရင် ရှေ့မှာထိုင်ခိုင်းမှ ကောင်းမှာ"

ဖြိုးကိုက မျက်မှောင်ကုတ်နှင့် ...

"ငါသိပါတယ်၊ မင်းရေဘူးကလည်း သိပ်လည်းမအေးဘူး"

"ဒါ အအေးဆုံးပဲ"

ဖြိုးကိုကိုက ရေဘူးကို တစ်ဝက်ကျိုးအောင် မော့သောက်လိုက်ပါသည်။ အေးများအေးရင် တစ်ဘူးလုံး ကုန်နိုင်သည်။ တစ်ဝက်ကျော် ကုန်နေတော့မှ နောက်ခန်းက နေထိုက်က ...

"ဟော့ကောင် ... ချန်ထားဦးလေ"

"ပေးမှာပေါ့၊ ဘယ်လိုဖြစ်နေလဲ"

သုံးပုံတစ်ပုံလောက် ကျန်တာကို နေထိုက်က ဆွဲယူကာ ဂလောက် ဂလောက်နှင့် မော့ချလိုက်ပါသည်။ သွားဝယ်ရတဲ့ တော်လင်းတို့ဖို့ တစ်စက်တစ်စင်တောင် မကျန်။ တော်လင်းတို့ကလည်း လုယက်တောင်းမနေတော့ပါ။ ရေငတ်ပေမဲ့ ခဏအောင့်ထားပြီး အိမ်ကျမှ သောက်ရင်လည်း ဖြစ်တာပါပဲ။





"ဟာကွာ ... မနေ့ကကွာ၊ ဟိုကောင်တွေ ပွဲပြီးကာနီးမှ တစ်လုံးကပ်ချေလိုက်တာ ... တောက် ... ရင်နာတယ်ကွာ"

တော်လင်းတို့က ဖြိုးကိုဘက် မျက်ခုံးပင့်လှည့်ကြည့်ကာ ...

"ဟာ ... မင်း လောင်းပြန်ပြီလား၊ ဘယ်လောက်ရှုံးပြန်ပြီလဲ"

"မနေ့ကတော့ နည်းနည်းပါ၊ ဒါပေမဲ့ ဟော့ကောင်၊ ဒီသောကြာမှာ ငါ တစ်ဖြတ်ရှင်းရမယ်ကွ၊ အဲဒါ ငါ့ကို တစ်ပုံးလောက် ချေးဦးကွာ"

"ဟာ ... တစ်ပုံး၊ မင်း ငါ့ဆီက တစ်ပုံးချေးတယ်ဆိုရင် စုစုပေါင်း အနည်းဆုံး နှစ်ပုံးလောက်တော့ ရှုံးနေလို့ပဲ၊ မင်း ပြောတော့ နိုင်ပါတယ် နိုင်ပါတယ်နဲ့"

"နိုင်ရင် မစိုမပိုနဲ့၊ အချိုကြီးနေ့ကျ ရှုံးတာကိုးကွ"

"အဲဒီ အလောင်းစားကိစ္စက အကျင့်ဖျောက်စမ်းပါ ဖြိုးကိုရာ၊ မကောင်းတဲ့ အလုပ်ကွာ၊ ခုကိုပဲ မင်းကြည့်ရတာ စွဲနေပြီ၊ မစားရ မသောက်ရနဲ့ နှမြောစရာကြီးကွ၊ မင်းမှာ ဒါနဲ့ပဲ ဘာမှအဖတ်မတင်ဘူး ဖြစ်နေတာ"

"ဟော့ကောင် ... တော်လင်း၊ Gambling လုပ်နေတဲ့လူတွေ အားလုံးဟာ ကိုယ့်အသိဉာဏ်နဲ့ ကိုယ်ရှိတဲ့ လူတွေချည်းပဲကွ၊ မင်းသိသလောက် လူတိုင်းသိကြတယ်၊ အသိနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါလို့၊ လုပ်ချင်လို့ လုပ်တာ၊ ဒီတော့ မင်းတရားဟောရင် အာခြောက်ရုံပဲ၊ ပိုက်ဆံချေးဖို့ပဲ ငါပြောနေတာ”

“ငါ့မှာ ပိုက်ဆံသိပ်မရှိတော့ဘူး၊ ပြီးခဲ့တဲ့လက ဒီကားအခွန်ဖြတ်ပြီး လိုင်စင်ဝင်ထားရတာ မင်းလည်းအသိပဲ”

“လုပ်မနေနဲ့ ဟေ့ကောင်၊ မင်း အဲလောက်မမွဲသေးဘူး”

တော်လင်းတိုးသည် ငြင်းလည်း မငြင်းချင်၊ ချေးလည်း မချေးချင်၍ မျက်နှာရှုံ့နေပါသည်။ ဖြိုးကိုထံက သူ့ရစရာအကြွေးဟာ တဖြည်းဖြည်း များလာပြီ။ ပြီးတော့ လောင်းကစားကြွေးကို ဆပ်ပေးခြင်းဖြစ်၍ အားပေး အားမြှောက်လည်း မပြုချင်ပေ။

“ဟိုမှာ ... ကားဝင်လာပြီ၊ အဲဒီကားလား”

နေထိုက်က နောက်ခန်းမှ လက်ညှိုးညွှန်ကာပြောလျှင် ဖြိုးကိုကိုနှင့် တော်လင်းတိုးတို့ စကားပြတ်ကာ ကားဂိတ်ထဲဝင်လာသည့် အဝေးပြေး အဲကွန်းကားကြီးကို လှမ်းကြည့်လိုက်ကြသည်။

“အေးကွ ... အဲဒါဖြစ်မယ် ထင်တယ်”

တော်လင်းတိုးက ကားပေါ်မှဆင်းဟန်ပြင်လျှင် ဒီတစ်ကြိမ်တော့ ဘယ်သူမှ နေရစ်မည့်ပုံမရဘဲ အားလုံး တံခါးဖွင့်ဝင်းကြလေသည်။ ခုနကတော့ နေပူလို့ ရေဘူးတောင် ထွက်မဝယ်ချင်တဲ့ကောင် နှစ်ကောင်ဟာ ခုတော့လည်း ခပ်ချော့ချော့





ခပ်လှလှလေးလို့ သိထားရတဲ့ မိန်းမပျိုလေးတစ်ယောက်ကို လာကြိုရတဲ့ကိစ္စမို့ စိတ်ဝင်တစား တက်ကြွကြွဟန် တူပေသည်။

ကားကိုသော့ခတ်ကာ ဘတ်စ်ကားကြီး ဝင်လာသည့်ဂိတ်ဘက် လျှောက်လာကြစဉ်မှာပင် ကားကြီးက ဂိတ်ထိုးပြီးကားပေါ်က ခရီးသည်တွေ တဖွဲဖွဲ ဆင်းလာနေကြပြီ။

“မင်းအမေကလည်း ဓာတ်ပုံလေး ဘာလေး ထည့်ပေးတာမဟုတ်ဘူး”

“သူ့ဓာတ်ပုံ ငါ့အမေဆီ ဘယ်ရှိပါ့မလဲကွ၊ သားဆီပို့ဖို့ဓာတ်ပုံလေး ပေးပါလားလို့ တောင်းဖို့ကလည်း ပေးချင်လား မသိ၊ မပေးချင်လား မသိ၊ အခုလာတယ်ဆိုရင်တွေ့ရပြီပဲဟာ”

“ဩော် ... ခုလို ဆင်းလာတဲ့ ခရီးသည်ထဲ ရှာရလွယ်တာပေါ့ကွ”

“ရှာရလွယ်မှာပါ၊ မိန်းကလေး တစ်ယောက်တည်းလာမယ်၊ လှတပတလေးလည်း ဖြစ်မယ်၊ သူ့ကို တခြားလာကြိုမဲ့သူလည်း မရှိဘူး၊ သူကလည်း ကြိုတဲ့သူ ရှာနေမှာပဲ၊ နာမည်ကလည်း ‘မြတ်သုဝတီ’ကွာ၊ မေးလိုက်ရင် ရတယ်၊ ဘာခက်ခဲစရာရှိလဲ”

ကိုယ်သိတဲ့သူ မဟုတ်၍ စောင့်ကြည့်ပြီး ရှာရမျိုးဖြစ်ရာ သူတို့သုံးယောက်က ကားနားထိ မကပ်ဘဲ ခပ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှ လက်ပိုက်ရပ်ကာ ဆင်းလာတဲ့ ခရီးသည်တွေကိုသာ ငေးကြည့်နေလိုက်ကြပါသည်။ ဟိုနှစ်ယောက်က ဘယ်လိုအတွေးနှင့် ရှိနေမည် မသိပေမဲ့ တော်လင်းတိုးကတော့ သက်ပြင်းတစ်ရှိုက်နှင့် ...။

မေမေက စာထဲမှာကို ပွင့်ပွင့်လင်းလင်း ထည့်ရေးလိုက်ပြီလေ။ အခု ရန်ကုန်ကို ရောက်လာမဲ့ မြတ်သုဝတီနဲ့ သဘောတူပါတယ်ဆိုတာ။ မြတ်သုဝတီက သင်တန်းတွေ ကျောင်းတွေတက်မှာ။ အဆောင်မှာ နေမှာ။ တော်လင်းတိုးက ရောက်အလာကိုကြိုကာ အဆောင်တစ်ခုခုဆီ ပို့ပေးဖို့ပင်။ သို့သော် အနည်းဆုံး တစ်ပတ်ကို တစ်ကြိမ် နှစ်ကြိမ် တွေ့ဆုံကြပြီး မြတ်သုဝတီ လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးခြင်းအားဖြင့် ခင်မင်ရင်းနှီး ကျွမ်းဝင်မှုကို ဖန်တီးပါလို့ မေမေက ညွှန်ကြားထားသည်။

အမှန်တော့ မေမေဟာ သူ့သားရဲ့ အိမ်ထောင်ရေးကို ဒီလောက်ကြီး ကြိုးကိုင်စီစဉ်လိုတဲ့ စရိုက်မျိုးရှိတဲ့ မိခင်မဟုတ်ပါ။ ခုဟာကတော့ အချက်နှစ်ချက်ကြောင့်။ တစ်ချက်က မေမေဟာ မနှစ်ကတစ်ကြိမ် လေဖျန်းသလို ဖြစ်လိုက်ပြီးတဲ့နောက် ခြေတစ်ဖက်က လေးဆွဲချင်သည်။ ဒုက္ခိတကြီး ဖြစ်လောက်အောင်လည်းမဟုတ်။ သိပ်မသန်စွမ်းတော့တာမျိုးပါ။ ခပ်လေးလေး ခပ်ဆိုင်းဆိုင်းနဲ့တော့ သူ့ဟာသူ လျှောက်နိုင် သွားနိုင်ပေမဲ့





နောက်တစ်ကြိမ် ဒါမျိုးထပ်ဖြစ်မှာ၊ ဦးနှောက်ကြောတွေ ဘာတွေပြတ်မှာ မေမေ စိုးရိမ်သည်။

နောက်တစ်ချက်က မေမေသည် တော်လင်းတိုးအနားက ဖြိုးကိုကိုနှင့် နေထိုက်တို့ကို တစ်စက်မှမကြိုက်။ ကျောင်းသားဘဝကတည်းက မကြိုက်။ တော်လင်းတိုးကလည်း ယောကျ်ားလေးဆိုတော့ အမေမကြိုက်ပေမဲ့ ဒီလိုပဲ ပေါင်းလက်စနှင့် ဆက်ပေါင်းဖြစ်နေတာပင်။

ဖြိုးကိုကိုနှင့် နေထိုက်ကို မေမေက သူ့သားအိမ်ပေါ် တက်ကပ်နေကာ သူ့သားကို ကပ်စားနေတဲ့အပြင် ဝိုင်းပြီး ရိတ်လိုးချူချ မိုလ်ကျနေကြတဲ့သူတွေအဖြစ် နည်းနည်းမှကြည့်မရ မျက်မုန်းကျိုးသည်။ တော်လင်းတိုးကလည်း အခင်မင်ကို မဖြတ်လေရာ မေမေက သူ့ကို အိမ်ထောင်ရက်သား ကျစေချင်လှသည်။

ဘယ်မိန်းမ ဇနီးမယားကမှ ဒီလို အပေါင်းအသင်းမျိုးကို လက်ခံကြည်ဖြူ ခွင့်ပြုထားမှာ မဟုတ်ဘူးလို့ မေမေက ယုံကြည်သည်။ မေမေ့ သဘောထားတွေကိုလည်း မှားတယ်တော့ မဆိုသာ။ ဖြိုးကိုနှင့် နေထိုက်ကိုလည်း တစ်ခါတစ်ရံ သူကိုယ်တိုင် အမြင်ကတ်တဲ့အခါ ကတ်တာပင်။ ဒါပေမဲ့ တော်လင်းတိုးရဲ့ အားနည်းချက်က အလွန်အားနာတတ်တာနှင့် အလွန်သနားတတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းခင်မင် ရင်းနှီးပြီးသား လူတွေအပေါ် အဆုံးစွန်အထိ သူက သည်းခံပေါင်းနေဦးမှာ ဖြစ်သည်။ ခင်တဲ့ စိတ်ကလည်း ရှိသေးတာကိုး။

"ဟေ့ကောင် ... ဟိုမှာ တစ်ယောက်တည်း ဆင်းလာတာ တစ်ယောက် တွေ့ပြီ"

"ဟာ ... လှမှမလှတာ မင်းဟာကြီးက၊ အသက်လည်း မငယ်လှတော့ဘူး"

ဖြိုးကိုက နေထိုက်ကို ကန့်ကွက်စကား ဆိုလိုက်သည်။

"ဒါပေမဲ့ တစ်ယောက်တည်းသမား မိန်းကလေးဆိုလို့ တွေ့မှ မတွေ့တာ"

"ကားပေါ်မှာ လူမှ မကုန်သေးဘဲ"

"ဟေ့ကောင် ... တော်လင်း၊ ဘယ်လိုပုံစံရှိလဲ အကြမ်းဖျဉ်းတောင် မသိဘူးလားကွာ"

"မသိဘူးကွ"

"ဟေ့ ... ဟေ့ ... ဟိုဟာများလား၊ အင်္ကျီအနက်နဲ့တစ်ယောက်"

သူတို့သုံးယောက် ဖြိုးကိုကို မေးဆတ်ညွှန်ပြတဲ့ မိန်းကလေးတစ်ယောက်ကို ရူးရူးရဲရဲ ပြုံးပြုံးပြပြ လှမ်းအကဲခတ်လိုက်လေသည်။





ရန်ကုန်မြို့ထဲ ကားဝင်လာကတည်းက တဖြည်းဖြည်း ပိုပိုဂနာမငြိမ်ဖြစ်လာတဲ့ အောင်ခံက သကောင့်သားကို လတ်လတ် စိတ်ပျက်လှသည်။ ဘယ်လိုမျက်နှာရှုံးမျိုးပါလိမ့်လို့ အံ့အားသင့်ရသည်။ ခရီးတစ်ခုအသွား လမ်းခရီးပေါ်က ဘာမှမရှိခဲ့တဲ့ အချိန်တာ တိုတိုအတွင်း မိန်းကလေးတစ်ယောက်အပေါ် အဲသလောက်တောင်ပဲ အရူးအမူး ငြိတွယ်ပုံ ပြစရာလား။

မြင်မြင်ချင်း မနေနိုင် မထိုင်နိုင် စွဲလမ်းလှတဲ့ပုံမျိုး။ ဖြစ်နိုင်စရာလား။ တစ်ယောက်အကြောင်း တစ်ယောက်မသိ၊ နဲ့ ကားပေါ်မှာ မြင်ဖူးရုံရှိတဲ့ ကိစ္စကို အဲသလောက်ကြွေပြနေတာတော့ အတော်ရှုံ့ဖို့ကောင်းတာပင်။

"လိပ်စာ မပေးဘူးလားဟင်"

ဒီဘက်ကို ခေါင်းနည်းနည်းတိမ်းကာ ခပ်တိုးတိုး ပြန်ပြောပြန်သည်။ လတ်လတ်က သူမရဲ့ခေါင်းကို ပြတင်းပေါက်ဘက် ယိုင်ငဲ့ရင်း သူ့ကို ခပ်တင်းတင်း လှည့်ကြည့်လိုက်ပါသည်။

"ဖုန်းနံပါတ်ပဲ ဖြစ်ဖြစ်လေ၊ ဟင် ... ဆက်သွယ်ဖို့တစ်ခုခုတော့ ပေးပါလားကွာ၊ ပြောပါ၊ ရောက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လူနာခတ်စာတောင်းသလို အသံမျှဉ်းမျှဉ်းကြီးနှင့် ပြောနေပုံမှာ လတ်လတ်ကို ပိုစိတ်တိုစေသည်။ သူကတော့ ခံစားချက်ပါလှတဲ့ အသံကြီးပေါ့လေ။ မကြည်ဖြူ မလိုလားတဲ့ သူ့အဖို့တော့ ကြားရတာ အော်ဂလီတောင်ဆန်သည်။

"ဒီမှာ၊ ရှင် ဘယ်လိုဖြစ်နေတာလဲ၊ အရှက်မရှိဘူးလား"

လတ်လတ်က ကားပေါ်က တခြားခရီးသည်တွေလည်း ရှိသေး၍ သွားစေ့ပြီး ခပ်ကျိတ်ကျိတ် ရန်တွေ့လိုက်သည်။

"ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်တဲ့၊ မကြားဖူးဘူးလားဟင်၊ ခင်ဗျားကို မြင်မြင်ချင်း ရင်တွေခုန်ရတာပါ၊ ဖူးစာရှင်ကို တွေ့တယ်လို့ပဲ ယူဆမိတယ်၊ ပြန်တွေ့ပါရစေနော် ...၊ နော် ..."

"ဒီမှာ၊ လမ်းခရီး နာရီပိုင်းလောက် အချိန်လေးအတွင်းမှာ နီးစပ်ရာ သာယာပြီး အခွင့်အရေး ယူချင်တဲ့ ရှင်တို့လို ဟာတွေကို လိပ်စာတွေ ဖုန်းနံပါတ်တွေပေးတဲ့ အစားမျိုးထဲမှာ ကျွန်မ မပါဘူး၊ ရှင့်ရဲ့လား၊ ရှင့်ခေါင်းကြီးကို ဟိုဘက်ကို နည်းနည်းတိုးရင်တိုး မတိုးရင် ကျွန်မအဆိုးမဆိုနဲ့"

လတ်လတ်က ဒီဘက်ကို အတင်းယိုင်စောင်းငဲ့ကျနေတဲ့ သူ့ခေါင်းကို လက်ထဲက ဝေါက်မဲင်ကက်ဆက်လေးနှင့် ထုချဖို့ လက်ရွယ်ရင်းပြောလျှင် အံကြိတ်ကြိတ်၊ နှုတ်ခမ်းကြီးကိုက်





တကယ်လုပ်မဲ့ပုံရတဲ့ လတ်လတ်ရဲ့ရုပ်ကို နည်းနည်းတော့ နဲ့သွားသလို ခေါင်းကို နောက်ဆုတ်ယို့သွားကာ ...

"ကျွန်တော် တကယ်ချစ်လို့ပါဗျာ"

"ဘာ ...၊ အောင်မာ တစ်ထိုင်တည်းနဲ့များ ချစ်တောင်ချစ်နေပြန်သေးတယ်၊ ချစ်ရင် လဲသေလိုက်၊ မြန်မြန်သေ၊ တောက် ..."

အင်း ...။ လတ်လတ်ရဲ့ စိတ်နဲ့တော့ ခရီးဆုံးမြန်မြန်ရောက်ပါမှ။ မဟုတ်လို့ကတော့ တစ်ခုခု လုပ်ပစ်ချင်လှပြီဖြစ်တဲ့ လက်တွေကို ကြာကြာထိန်းချုပ်ထားနိုင်ဖို့ ခက်သေးသည်။ ဘောက် ... ငါနော်။ တစ်လောကလုံးကို စိတ်တိုနေပါတယ်ဆိုမှ။ မြင်မြင်ကရာ လည်ပင်းညှစ်သတ်ချင်အောင် လူသားအားလုံးကို မုန်းတီးနေပါတယ်ဆိုမှ ...။

ကားဂိတ်ကြီးမှာ ကားရပ်ရင် ရန်ကုန်မြို့ကြီးမှာ ဆက်ပြီး လှုပ်ရှားဖို့ ခေါင်းထဲမှာ အစီအစဉ်လေး ဖယားဆွဲမလားကြံပါတယ်။ ဒီလူလုပ်နေတာနဲ့ ဘာမှ ခေါင်းအေးအေး တွေးလို့ကို မရတော့။

လတ်လတ်သည် ဘေးခုံက ကလေကချေကောင်ကို ကျောတစောင်းပေးပစ်ပြီး ပြတင်းပေါက်ဘက်ကပ်ကာ မေးနိုင်သမျှဝေးအောင် ခွာထိုင်ပြီး အပြင်ဘက်ကို ရှုပုပ်ပုပ် ငေးကြည့်ဝါလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောကသတ္တဝါဟာခရီးအစကတည်းက လတ်လတ်ဘောမှာ နေရာကျခဲ့တာတော့ မဟုတ်။ လမ်းခုလတ်ကျမှ ကြမ္မာငင်လာတာ။ ခရီးစထွက်စဉ်က လတ်လတ်နဲ့ ယှဉ်ရက်သားဘောမှာ လတ်လတ်နှင့် သိက္ခမ်းရင်းနှီးပြီးသား မိန်းကလေးတစ်ယောက် နေရာကျတာပါ။ ဒီသတ္တဝါက လမ်းတစ်ဝက် ထမင်းဆိုင်က ဖြတ်တက်လာတာ။ အမှန်ဆို ဒီလိုကြားဖြတ်ခရီးသည်တင်လို့ ရပုံမပေါ်ပါ။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး ညှိလို့ရကာ ပါလာတယ်မသိ။ သူက ဟိုးနောက်ဘက်မှာ သူ့အိတ်ကြီးကိုချပြီး အိတ်ပေါ်ဖင်ခုထိုင်ပြီး ပါလာတော့တာ။

ဖြစ်ချင်တော့ လတ်လတ်ဘောမှာ တစ်လမ်းလုံးစကားတဖောင်ဖောင်ပြောပြီး ပါလာတဲ့ သူငယ်ချင်း မိန်းကလေးက ပဲခူးမှာ ကားကိုရပ်ခိုင်းပြီး ဆင်းသွားခဲ့တာ။ သူ့ကို ကြိုမည့်သူနှင့်က ပဲခူးမှာ ချိန်းထားတာမို့ သူ ဆင်းသွားလေတော့ရာ လတ်လတ် နံဘေးခုံဟာ လွတ်ကျန်ရစ်သည်။

အဲဒီအခါ ထိုကလေကချေ သတ္တဝါက အနားရောက်လာပြီး ...

"ဒီကလူ ဆင်းသွားပြီထင်တယ်၊ ကျွန်တော် ရန်ကုန်ရောက်တဲ့အထိ ဒီခုံမှာ ထိုင်လိုက်လို့ ရမလား"

ဒီလိုလာမေးတော့ သူ့ပိုက်ဆံနှင့်သူ တက်စီးလာကာအခြေအနေ မပေးလို့ နေရာမရတာမို့ ခရီးသည်ချင်း ခင်မင်စာနာတဲ့စိတ်နှင့် ...





"ရပါတယ် ... ထိုင်လေ"

လို့ တိုတိုပဲ ခွင့်ပြုလိုက်မိခဲ့တာပေါ့။ သင်းက ဘောကိုလာထိုင်ပြီးမှ ဇာတိပြတော့တာ။ တတွတ်တွတ်နှင့် ခုပဲမြင်မြင်ချင်း ကြိုက်လှပါတဲ့ အကြောင်းမျိုးတွေ အရှက်မရှိ ကပ်ပြီးရေရွတ်တော့တာ။ တော်တော်ရိုင်းတဲ့ အကောင်။ မြင်မြင်ချင်း သိဝိင်းကြီးလို ရှူးသွပ်မတတ် ဆင်ပေါ်က ပြုတ်ကျမတတ် ဖြစ်ရလောက်အောင်လည်း လတ်လတ်က ဥမ္မာဒန္တီအလား လှလွန်းလွန်းတာ မဟုတ်။

သက်သက်မဲ့ လမ်းသွားရင်း အပျင်းပြေ နှုတ်သရမ်းနှုတ်ဆော့တာ။ ကဲကဲရဲရဲ ခပ်လေလေ ကောင်မလေးမျိုးနဲ့ တွေ့ဆော့လည်း လိပ်စာတွေလဲကြ၊ ဖုန်းနံပါတ်လဲကြနဲ့ အဆက်တွေဖြစ်ကောင်းဖြစ်ပြီး အမြတ်ထွက်ကောင်း ထွက်မှာပေါ့။ လတ်လတ်ကို ဒါမျိုးလာလုပ်လို့ကတော့ အမြတ်မထွက်နိုင်ဘဲ အရှုံးပဲထွက်သွားမှာ အသေအချာ။

"ရွှတ် ... ရွှတ် ... ကားဂိတ်ကို ဝင်တော့မယ်၊ မပေးဘူးလား"

လတ်လတ်က အရေးလုပ်ပြီး လှည့်ကို ရန်တွေ့မနေဘော့။ ကိုယ့်အတွေးနှင့်ကိုယ်။ သူ့အတွေးတွေက ပြေးလွှားနေသွန်း၍ ခေါင်းထဲမှာ လူပေါင်းစုံရဲ့ အရိပ်တွေ တလှစ်လှစ်ပြေးသွားနေသည်။ သနားဖို့ကောင်းတဲ့ မေမေ။ လတ်လတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပေးစားဖို့ စီစဉ်တဲ့ ဘဘကြီး။ သူ့ယောက်ျားနောက် တကောက်ကောက် လိုက်ဖို့ကလွဲပြီးဘာမှ စိတ်မဝင်စားတော့တဲ့ မမ။ ပြင်ဦးလွင်မှာ ဆယ်တန်းဘော်ဒါ သွားတက်နေတဲ့ ညီမလေး ငယ်ငယ်။ လတ်လတ်ရဲ့ ချစ်သူငယ်ချင်း ရီထွေး။ ခုနက ဘေးခုံမှာထိုင်သွားတဲ့ ခရီးသည် မိန်းကလေး။ လောလောဆယ် ဘေးက သတ္တဝါအထိ ခေါင်းထဲ ရှုပ်ထွေးနေပါသည်။

ဩော် ... နောက်တစ်ယောက်လည်း ခေါင်းထဲဝင်လာသေးတာ။ "တော်လင်းတိုး"တဲ့။ ကားဂိတ်မှာ အကြိုရောက်နေမဲ့သူ။ လတ်လတ် အင်မတန် နှစ်သက်တဲ့ စာရေးဆရာနာမည်ကျော် "တော်လင်းတိုး"ဆိုတဲ့သူကို တွေ့ရတော့မည်။

လတ်လတ်သည် အံကလေးခဲပြီး သက်ပြင်းကြီးကြီး တစ်ချက် ရှိုက်လိုက်ပါသည်။ ကားကြီးက ဂိတ်ကိုဝင်ကာရပ်ပြီ။ ကိုယ့်အိမ် မရောက်ရတော့မဲ့အတိုင်း လုယက်တိုးခွေ့ဆင်းကြတဲ့ လူတွေကို လတ်လတ်က စိတ်ပျက်ပျက် ငေးကြည့်ရင်း ထိုင်ရာက မထသေး။ နံဘေးက သတ္တဝါကလည်း မထ,။ လတ်လတ်က ပြတင်းပေါက်မှတစ်ဆင့် ကားဝင်းထဲတစ်ဝိုက် မျက်စိဝေ့ဝဲကြည့်၍ ရှာဖွေမိသည်။

တော်လင်းတိုး ဖြစ်နိုင်တဲ့သူ ... ဘယ်မှာလဲ။ ခပ်ရွယ်ရွယ် ယောက်ျားလေးတွေ တွေ့တိုင်း တော်လင်းတိုး ဖြစ်မလား အာရုံစိုက်ပြီး ကြည့်မိသည်။





"ဘယ်သူ လာကြိုမှာလဲဟင်"

"ရှင့်ပါးစပ် ခုထိမပိတ်သေးဘူးလား၊ ဘယ်သူလာကြိုကြို ရှင့်အပူပါသလား"

"ကျွန်တော် လိုက်ပို့ပေးရမလားလို့၊ ပို့ပေးမယ်လေ၊ ကျွန်တော့်ကို လိပ်စာလေး ဖုန်းနံပါတ်လေးတော့ ပြောသင့်ပါတယ်ဗျာ၊ သိပ်ကပ်စေးနည်းတာပဲ၊ တကယ်စွဲလမ်းသွားလို့ပါဗျာ"

ကားပေါ်မှာ လူရှင်းစပြုလာတာမို့ လတ်လတ်က နေရာဖယ်မပေးဘဲ ပိတ်ထိုင်နေသည့် ထိုလူ့ကို လမ်းရှင်းပေးဖို့ ခွင့်တောင်းမနေတော့ဘဲ သူမရဲ့ ခရီးဆောင်အိတ် အနီအနက်ကွက်ကြီးကို စင်ပေါ်ကချကာ သူ့ကို တိုးတိုက်ပြီးတော့ပဲ ဖြတ်ကျော်ထွက်လိုက်သည်။ ထိမိပစေ။ သူကလည်း ချန်မနေရစ်ပဲ လတ်လတ်နောက်က ကပ်ကာလိုက်ဆင်းလာသည်။

လတ်လတ်သည် ကားပေါ်ကတည်းက မလှမ်းမကမ်းမှာ လက်ပိုက်ရပ်ကြည့်နေကြတဲ့ လူရည်သန့် လူရွယ်သုံးယောက်ကို မြင်ထားသည်။ လူသိတစ်ယောက်ကို လာကြိုတဲ့ပုံမဟုတ်ဘဲ အကဲခတ်ရှာဖွေနေတဲ့ ခပ်စိမ်းစိမ်းဟန်ကြောင့် သူတို့ပဲလို့ ထင်ထားပြီးပြီ။ တစ်ယောက်တည်း မဟုတ်ဘဲ သုံးယောက်ဖြစ်နေတာကိုတော့ မတင်မကျ။ လတ်လတ် သိတာက စာရေးဆရာ လာကြိုနေလိမ့်မည် ... ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်းကာ မြေပြင်ပေါ်ရောက်သည်နှင့် ကားဝမ်းဗိုက်ထဲက ထုတ်ပေးနေသည့် လပ်ဂေ့ဂျ်တွေထဲက လက်ထဲကအိတ်ထက် နည်းနည်းပိုကြီးတဲ့ ဆင်တူအိတ်တစ်လုံးကို လတ်လတ်က ရွေးယူလိုက်ပြီးသော် ခုနကလူသုံးယောက်ထံဦးတည်ဖို့ပဲ ပြင်လိုက်သည်။ နောက်ကကပ်ပါလာတဲ့ ရောဂါကြီးနေတဲ့ သတ္တဝါသည် လတ်လတ်ရဲ့ အိတ်ကိုင်းတစ်ခုကို လှမ်းဆွဲလိုက်ကာ ...

"နေဦးလေ၊ တစ်ခုခု ပြောခဲ့ပါဦး"

အိတ်ကိုတောင် လာဆွဲတာမို့ လတ်လတ်က ထောင်ခနဲ ဒေါကန်ကာ လက်ထဲက ပိုသေးတဲ့ လက်ဆွဲအိတ်ကို ထိုလူဘက် ရိုက်ခတ်မိအောင် လွှဲယမ်းပစ်လိုက်ရာ မမျှော်လင့်ထားတဲ့ သူ့ရဲ့ဝမ်းဗိုက်တည့်တည့်ကို ဘုန်းခနဲ ထိမိပြီး သူ့မှာ အွတ်ခနဲတောင် ဖြစ်သွားရပါသည်။ အငိုက်မိ ခံလိုက်ရတဲ့ ထိုလူက မျက်နှာနီမြန်း ရှက်ရမ်းကာ ...

"ဟာ ... ခင်ဗျားက ရမ်းလှချည်လား"

"ရမ်းမှာပေါ့၊ ရှင်ကော မရမ်းလို့လား၊ သူများအိတ်ကို လိုက်ဆွဲပြီး နှောင့်ယှက်စရာလား"

"ဟာ ... အသာတကြည် ဆက်ဆံရင် အသာတကြည် တုံ့ပြန်မှပေါ့၊ မင်းကို ဘာလုပ်နေလို့လဲ၊ မင်းက ဘာဖြစ်နေတာလဲ၊ ဘာမို့လို့လဲ"





"အောင်မာ ... သူကလည်း မိန်းကလေး တစ်ယောက်တည်းကို လိုက်နှောင့်ယှက်နေသေးတယ်၊ သူကပဲ ဘာစ်ပြန်တစ်စီးကဲ ... ရှင်က မကျေနပ်ရင် ဘာလုပ်ချင်လဲပြော"

"သိပ်ဖြစ်မနေနဲ့၊ နှောင့်ယှက်မခံချင်ရင် မိန်းကလေးတစ်ယောက်တည်း အထာပေးပြီး ခရီးထွက်မလာနဲ့၊ အဖော်နဲ့လာ"

"အနှောင့်အယှက်တွေကို မကြောက်လို့ တစ်ယောက်တည်း လာတာပေါ့၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်လို့ တစ်ယောက်တည်း လာတာပေါ့၊ ခုခေတ်မှာ တစ်ယောက်တည်း လာတယ်ဆိုပြီး အထာပဲ ဆိုပြီး အချောင်လိုက် အခွင့်အရေးယူဖို့ လာမစဉ်းစားနဲ့၊ အကြောင်းသိသွားမယ် ဘာအောက်မေ့နေလဲ"

လတ်လတ် အသံက အတော်စူးရှ ကျယ်လွင့်လေရာ အနီးအပါးကလူတွေ လှည့်ကြည့် အကဲခတ်ကြတဲ့အပြင် ခပ်လှမ်းလှမ်းက တော်လင်းတိုးတို့လည်း ထိုအသံတွေကို လှမ်းကြားလိုက်ရပါသည်။

"ဟာ ... ဟိုမှာ ပြဿနာတက်နေတာကွ"

"အေး ... နောက်ကကောင် နှောင့်ယှက်နေတာ ထင်တယ်"

သူတို့သုံးယောက် လတ်လတ်တို့အနား ခပ်သွက်သွက် ကပ်လာခဲ့ကြပါသည်။ နည်းနည်းမှ အကြောက်အလန့်ရှိပုံ



www.burmeseclassic.com

www.burmeseclassic.com



မရဘဲ စွာစီလန်နေတဲ့ အသံဆတ်ဆတ်ကြောင့် ကိုယ်တောင် ခ
လန့်လန့်။ အနားမှာလည်း လူရှင်းနေပြီဖြစ်ရာ ရှိတဲ့သူတွေ
မိန်းကလေး တစ်ယောက်တည်းသမား ဆိုတာ ပါကိုမပါ။

သူ့ပဲဖြစ်မှာကိုတော့ မှန်းဆနိုင်သည်။ ပြဿနာက တစ်ဖက်မှိ စကားမစဖြစ်ပဲရှိဆဲ လတ်လတ် မျက်နှာက ဒီဘက် လှည့်လာကာ သူမကို ရပ်ကြည့်နေတဲ့ လူရွယ်သုံးယောက်ကို ရုတ်တရက် မြင်လျှင် ...

"ဘာလဲ"

မာဆတ်ဆတ် မေးစေပင် မေးလိုက်တာမို့ တော်လင်းတိုးက ထစ်ထစ်တုံ့တုံ့နှင့်ပင် ...

"ဩော် ... ဟို ... မြတ်သုဝတီလားလို့"

လတ်လတ် မျက်လုံးလေးတွေ အရောင်ပြောင်းသွားရကာ တော်လင်းတိုးကို တည့်တည့်စူးစိုက်ကြည့်ရင်း ...

"ရှင်က ဒါဖြင့် ကိုတော်လင်းတိုးပေါ့"

"အာ ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဘယ်သူများလဲလို့ အကဲခတ်ရင်း ရှာနေတာ"

တော်လင်းတိုးက လတ်လတ်ထံ လက်ကမ်း၍ အိတ်တွေလှမ်းယူရာ လတ်လတ်က နှစ်အိတ်လုံး ထည့်ပေးပြီးမှ လှမ်းမယူတဲ့ ဖြိုးကိုကိုနှင့် နေထိုက်ကို ကြည့်ပြီး သေးတဲ့အိတ်ကို ကိုယ်တိုင်ပဲ ဆက်ကိုင်ထားလိုက်သည်။





"နှစ်အိတ်လုံး ပေးပါ၊ ရပါတယ်"

"နေပါစေ၊ ရှင် တစ်ယောက်တည်း နှစ်အိတ်မသယ်ပါနဲ့၊ ဒီမှာလေ လိုက်နှောင့်ယှက်နေလို့ ပြဿနာ တက်နေတာ"

ထိုအခါကျတော့ ခပ်လှမ်းလှမ်းမှာ ရှိနေဆဲ ခုနက လူသည် ယောက်ျားသုံးယောက် အင်အားကိုမြင်ကာ အရှိုသတ် လျှောချသွားရင်း ...

"မဟုတ်ပါဘူး၊ ကျွန်တော်က တစ်ယောက်တည်းလားလို့ အကူအညီလိုသလား မေးတာကို သူက ..."

ဖြိုးကိုက နေကာမျက်မှန်ကို နဖူးပေါ် ပင့်တင်လိုက်ရင်း ထိုသူ့ဆီ လျှောက်လှမ်းသွားကာ ထိုသူ့ရဲ့ပခုံးကို ဟန်ပါပါ ဆရာကြီးစတိုင်နှင့် နှစ်ချက်လောက် ပုတ်လိုက်ရင်း ...

"အကူအညီ မလိုဘူး၊ မလိုပါဘူး၊ ဟုတ်ပြီနော်၊ အေး ... သွားတော့"

ထိုသူ မယောင်မလည်နှင့် ခပ်သွက်သွက် လစ်သွားလျှင် လတ်လတ်နှင့် တော်လင်းတိုး ဖျတ်ခနဲ မျက်နှာချင်းဆိုင်လိုက်မိပါသည်။ လတ်လတ်က သူမ မှန်းဆကြည့်ဖူးတဲ့ စာရေးဆရာတစ်ယောက် ရုပ်သွင်မဟုတ်ဘဲ ရှင်းသန့်ခန့်ချောတဲ့ သာမန်ခေတ်လူရွယ်တစ်ယောက်ပုံစံ တော်လင်းတိုးကို စူးစူးစိုက်စိုက် စိတ်ဝင်တစားပင် ငေးကြည့်အကဲခတ်ရင်းက ပြုံးလာကာ သူမရဲ့ ညာလက်လေးတစ်ဖက်ကို ရှေ့ဆန့်ထုတ်လိုက်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ ကျွန်မ ရှင့်စာဖတ်ပရိသတ်ပါ ကိုတော်လင်းတိုး"

တော်လင်းတိုးသည် ဒီလိုချီးမွမ်းနှုတ်ဆက်ခံရမည် မထင်၍ အံ့အံ့သြသြ အနေခက်ခက် ဖြစ်သွားကာ လက်ကို ကမန်းကတန်း ပြန်ထုတ်၍ ဆွဲကိုင်ထိတို့ရုံ နှုတ်ဆက်လိုက်ရရင်း ...

"သြော် ... သြော်၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျေးဇူးပါဗျာ"

လတ်လတ်က လက်ထဲက အိတ်အနီအနက်ကွက်ရဲ့ ဘေးအိတ်ဇစ်ကို ရွှီခနဲ ဖွင့်လိုက်ကာ ဝတ္ထုတစ်အုပ် ဆွဲထုတ်ယူလိုက်ရင်း ...

"ဒီမှာလေ ...၊ နောက်ဆုံး စာအုပ်၊ ကျွန်မ ထွက်လာမဲ့ အချိန်မှာ ရှင့်စာအုပ်သစ်ထွက်ကာစ ဖြစ်နေတော့ ငှားဖတ်ဖို့က ရှေ့ကဦးထားတဲ့လူတွေ စောင့်နေရဦးမယ်ဆိုတော့ လမ်းမှာလည်း ဖတ်ရအောင် ဝယ်လာလိုက်တာ"

"သြော် ... ရန်ကုန်ရောက်ရင် ကျွန်တော်နဲ့တွေ့ပြီပဲ၊ ကြိုက်တဲ့စာအုပ် ယူလို့ရတာ ဝယ်နေလိုက်သေးတယ် မမြတ်သုဝတီရယ်"

"ဒါတော့ ဒါပေါ့၊ ကျွန်မက ချက်ချင်းဖတ်ချင်နေလို့"

"အဟမ်း"

ဖြိုးကိုက ဘေးမှာ လူပိုလိုရပ်နေရတဲ့ အနေအထားကြောင့် ချောင်းတစ်ချက် ဟန့်လိုက်ပါသည်။





"သြော် ... ဒါက ကျွန်တော်နဲ့ အတူတူနေတဲ့ သူငယ်ချင်းတွေပါ၊ သူက ဖြိုးကိုကို၊ သူက နေထိုက်တဲ့"

အင်း ...။ လတ်လတ် ကြားခဲ့ရတဲ့ စကားများအရ တော်လင်းတိုးကို ကပ်ညှဉ်းနေတဲ့ သူငယ်ချင်းနှစ်ယောက်ဆိုတာ ဖြစ်မှာပေါ့။ ဟုတ်မှာပါ။ ရုပ်တွေကလည်း ဒီပုံတွေပါပဲ။ ဖြိုးကိုကို ဆိုတဲ့သူကဆိုရင် ဆရာကြီးဂိုက်ဖမ်းပြီး မေးခပ်ပင့်ပင့်နဲ့ တော်လင်းတိုးကို ကြည့်ပုံကပင် မေးစင်းစင်း။ တော်လင်းတိုးကသာ သူ့ကို အရေးလုပ်ရတဲ့ အမူအရာ ရှိသည်။

"သွားကြစို့လေကွာ မင်းကလည်း၊ နေပူကြီးထဲမှာ"

ဖြိုးကို စကားကြောင့် တော်လင်းတိုးက လှုပ်ရှားသွားရင်း ...

"အင်း ... ဟုတ်တယ်၊ လာ .. သွားကြစို့ မမြတ်သုဝတီ"

"ဒီနာမည်ကြီး ခေါ်နေတာ ရှင် မမောဘူးလား"

"အဟင်း ဟင်း၊ ဒါဖြင့် ကျွန်တော် ..."

"ကျွန်မကို လတ်လတ်လို့ ခေါ်ပါ"

"လတ်လတ် ...၊ သြော် ... ဒါက အိမ်နာမည်လား"

"ဟုတ်တယ်၊ ကျွန်မတို့ ညီအစ်မသုံးယောက်ရှိတော့ ကျွန်မက အလယ်ကမို့လို့ လတ်လတ်လို့ ခေါ်ကြတယ်"

"ဟုတ်ကဲ့ ... ရပါတယ်၊ ခေါ်ရ လွယ်သွားတာပေါ့ မလတ်လတ်"



www.burmeseclassic.com

www.burmeseclassic.com



" 'မ'မထည့်ပါနဲ့"

"လတ်လတ် ! ! ... အိုကော ... လတ်လတ်"

ရယ်မြူးရိပ်နှင့် မှေးစင်းသွားတဲ့အထိ မျက်လုံးတွေပါ ပြုံးနေသော တော်လင်းတိုးကို လတ်လတ်သည် တစ်ထိုင်တည်းပင် နှစ်လိုသဘောကျသွားပါသည်။ သူ့ရုပ်က အရမ်းကို ဖြူစင်တာပဲ။ သဘောကောင်း အနွံ့အတာခံတတ်ခြင်းဟာ သူ့မျက်ဝန်းများထဲ၌ပင် ထင်းထင်းကြီး ပေါ်လွင်နေသည်။ သူတစ်ပါးအပေါ် ဘယ်တော့မှ မကောင်းမကြံမည့် လူစားမျိုးလို့ တစ်ထိုင်တည်းနှင့်ပင် ယူဆရလောက်သည်။

တော်လင်းတိုးရဲ့ ဇဲင်ကားနောက်ခန်းထဲ လတ်လတ်ရဲ့အိတ်တွေသယ်ပြီး ထည့်တော့လည်း တော်လင်းတိုးပင်။ လတ်လတ်သည် လက်ကြောတင်းပုံ မရတဲ့ တော်လင်းတိုးရဲ့ သူငယ်ချင်းနှစ်ယောက်ကို တမင်တကာ အကဲခတ်နေမိသည်။ ဒီနှစ်ယောက်ကို သူ့အမေက သဘောမကျဘူးတဲ့။ ကျနိုင်စရာလား။ လတ်လတ်ပင် မြင်မြင်ချင်း သဘောမကျပေ။

လတ်လတ်စိတ် လတ်လတ်ပါးစပ်နဲ့တော့ ဒီလူနှစ်ယောက် ပုံစံနဲ့ မလွယ်နိုင်ဘူး ထင်သည်။ လတ်လတ်သည် ကားပေါ်မှာ ငြိမ်၍ပါလာပြီး သူ ဘာလုပ်ရင်ကောင်းမည်ကို လေးလေးနက်နက် စူးစိုက်စဉ်းစားလာသည်။ တစ်ချက်တစ်ချက် နောက်ခန်းကနေ လေဖောနေတဲ့ ဖြိုးကိုကိုရဲ့ အသံက နားထဲဖြတ်ဝင်လာတတ်သည်။





သူတို့ချင်း စီးပွားဇရေးစကားတွေ ပြောနေတာသာဖြစ်၍ ဖြိုးကိုကိုရဲ့လေထဲမှာ သိန်းသုံးလေးငါးရာထက် နိမ့်တဲ့အရာ စာရင်းမပါပေ။ လတ်လတ်ရဲ့ အတွေးတို့ကို ဖြိုးကိုကိုစကားသံတွေက စိတ်ပျက်စရာ အနှောင့်အယှက် ပြုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

လတ်လတ်သည် သပ်ရပ်ရှင်းလင်းပြီး ပစ္စည်းပိုများများစားစားမရှိ၊ ရှိသလောက်က မရှိမဖြစ်မှ အသုံးလိုတဲ့ ပရိဘောဂတွေသာဖြစ်တဲ့ ဧည့်ခန်းကို လှည့်ပတ်ကြည့်ရင်း မတ်မတ်ကလေး ထိုင်နေသည်။

အိမ်တံခါး လာဖွင့်တဲ့ အဘွားကြီးကို အမြင်မှာ လတ်လတ် စိတ်ကူးတွေ တစ်မျိုးပြောင်းလဲ ဆန်းသစ်လာခဲ့တာပင်။

"ခဏထိုင်ရင်း အနားယူပါဦး လတ်လတ်၊ လတ်လတ် ရောက်မဲ့အချိန်ကို ကြိုမှန်းပြီးတော့ ကျွန်တော် ကော်ဖီနဲ့မုန့်ပဲ စီစဉ်ထားတယ်၊ စားသောက် ခဏနေပြီးရင် လတ်လတ်အတွက် ကျွန်တော် ကြည့်ထားပေးတဲ့ အဆောင်ကို လိုက်ပို့မယ်၊ အဲဒီမှာ အဆောင်အပ်ပြီး ပစ္စည်းတွေထားပြီးမှ အပြင်ပြန်ထွက်ပြီး မနက်စာ စားလိုက်တာပေါ့"





လတ်လတ်က သူ့ကို ပြောပြနေတဲ့ တော်လင်းတိုးကို မော့မော့လေး ကြည့်နေပါသည်။ တော်လင်းတိုးက စားပွဲတင်ဖန်ကာကို လတ်လတ်တို့ ထိုင်နေတဲ့ဘက်နဲ့နီးတဲ့ စားပွဲပုလေးကို ရွှေ့၊ ခလုတ်တပ်ကာ ဖွင့်ပေးပြီး ဟိုဘက်ခန်းကို ကူးသွားကာ ချဲသေတ္တာဖွင့်၍ ရေပုလင်းနှင့် ဖန်ခွက်နှစ်ခွက် ယူလာသည်။ တစ်ခွက်ထည့်ကာ လတ်လတ်ကို ကမ်းပေးလိုက်ပါသည်။ နောက်တစ်ခွက်ကို ထည့်စဉ် ...

"ဟော့ကောင်"

ဖြိုးကိုက လက်ချောင်းလေးတွေကို ပက်လက်ကိုယ့်ဘက်ယပ်ကာ "ပေးစမ်းပါ"ဆိုတဲ့ စတိုင်နှင့် တောင်းလိုက်တာမို့ တော်လင်းတိုးက လှမ်းပေးလိုက်သည်။ သူက ဧည့်သည်သည်း မဟုတ်ဘဲ ကိုယ့်ရေကိုယ် ထ,မသောက်နိုင်ပဲ ဆိုဖာကြီးမှာ အတော်ပဲ မောနေသလို လျှောလျှောကြီး ခြေပစ်လက်ပစ်ထိုင်နေတဲ့ ဖြိုးကို,ကို လတ်လတ်က မသိမသာ စွေစောင်း၍ ကြည်မလင် ကြည့်မိသည်။

ဖြိုးကိုက ရေသောက်ပြီး ဖန်ခွက်ကို တော်လင်းတိုးဆီ လှမ်းပေးလိုက်သည်။

"ဒါဖြင့် ခဏနေ ပြန်ထွက်ကြမှာပေါ့၊ ဟုတ်လား"

"အေး ... ငါ လတ်လတ်ကို လိုက်ပို့လိုက်မယ်လေ၊ မင်းတို့တော့ တကောက်ကောက် လိုက်မနေပါနဲ့တော့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မင်းပဲ ထမင်းစားဖို့ အစီအစဉ်က အပြင်မှာဆို"

"ဒါက လတ်လတ်ကို ပြောတာလေ၊ လတ်လတ်ကို အပြင်မှာ လိုက်ကျွေးမှာ၊ မင်းတို့က ခါတိုင်းလိုပဲ အိမ်မှာ နေမဲ့လူတွေပဲဟာ၊ ပုံမှန်ချက်ထားတဲ့ ထမင်းဟင်းတော့ ရှိတယ်လေ"

ဖြိုးကို မျက်နှာက မကျေနပ်လှသလို မကြည်မလင် ရှုသိုးသိုးရှိကာ အသံကျယ်ဖြင့် ...

"ဒေါ်ချွန် ... ဘာဟင်းချက်လဲ"

"ကြက်သားနဲ့ ဘူးသီး မောင်ဖြိုးကိုရေ"

ဖြိုးကိုက ရှုံ့မဲ့လိုက်ပြီး ...

"ဒေါ်ချွန့် ကြက်သားဘူးသီးကိုတော့ ကြောက်တယ်ဟေ့၊ အမြဲရေဘောလောနဲ့၊ မထူးပါဘူးကွာ၊ ငါတို့လည်း အပြင်ပဲ လိုက်စားလိုက်မယ်၊ ဒီကနေ့ဆိုတော့ အဆင်ပြေပြေ ရွှေဘဲမှာ စားလိုက်မယ်ကွာ တော်လင်း"

လတ်လတ်က ဖြိုးကိုဘက်သို့ ခပ်တည်တည်လှည့် ကြည့်လိုက်ရင်း ...

"ဟင့်အင်း ... ကျွန်မ တရုတ်စာ မကြိုက်ဘူး၊ မစားဘူး"

ဖြိုးကိုက အံ့အားတသင့် မျက်နှာပျက်သွားပြီးမှ ...

"ဒါဖြင့် လတ်လတ် ယိုးဒယားစာ ကြိုက်လား"





"ကျွန်မ မြန်မာထမင်းဟင်းပဲ ကြိုက်တယ်၊ အဲဒါတောင်မှ အိမ်ထမင်း အိမ်ဟင်းကိုပဲ ပိုကြိုက်တာ၊ ဝယ်စားရတာ မကြိုက်ဘူး"

ဖြိုးကိုကိုက ဘာဆက်ပြောရမည် မသိသလို အမ်း စဉ် ...

"ကျွန်မ ဒီမှာ ဒေါ်ချွန် ချက်ထားတဲ့ ကြက်သားနဲ့ ဘူးသီးနဲ့ ပဲစားလိုက်မယ်၊ ဖြစ်တယ် မဟုတ်လား ကိုတော်လင်းတို့"

"ဟာ ... ဖြစ်ပါတယ်၊ ဖြစ်တာက ဖြစ်ပေမဲ့ ဖွယ်ဖွယ်ရာရာ မစီစဉ်ထားမိတော့ အားနာတယ်ဗျ၊ ဒေါ်ချွန် ... ဟင်းက ဒါပဲလားဗျာ"

"ကြက်သားဘူးသီးလေးနဲ့ လိုက်အောင် ငါးပိလေးကို ခပ်စပ်စပ်လေး သုပ်ထားတယ်၊ ပန်းပွင့်ကြော်လည်း ရှိတယ် မောင်တော်"

"ဟင်းတွေ အများကြီးပဲ ကိုတော်လင်းတို့၊ ပြည့်စုံနေကာ ပဲ၊ အိမ်မှာပဲ စားလိုက်တော့မယ်"

"ဟုတ်ကဲ့ ... ဒါဖြင့် ဒေါ်ချွန်ရေ ... ဖရစ်ချ်ထဲမှာ တခြား ဘာများ ..."

"ဘာမှ ထပ်မလုပ်ပါနဲ့တော့ ကိုတော်လင်းတို့၊ ပြည့်စုံနေ ပြီပဲ၊ အပြင်ထွက်စားတဲ့အကျင့်က မှုကောင်းပါဘူး၊ ဖိုက်ဆံ လည်း အပိုကုန်တယ်၊ ရက်စ်တောရင့်က အစားအစာမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေက လူတွေကို ကျန်းမာရေး ကောင်းစေတာ မရှိ
ဟင်းခတ်မှုန့်တွေ သကြားတွေလည်း သိပ်သုံးတာ"

ဖြိုးကိုကိုက မသိမသာမျက်မှောင်ကုတ်ပြီး လတ်လ
ကို အကဲခတ်ကြည့်နေရာ ဒါကိုမြင်နေတဲ့ နေထိုက်က ပြုံးစိစိ
ရသည်။ နေထိုက်ဟာ တကယ်တော့ ဖြိုးကို့ကို အညှဲ့မခံ၊ ဖြိုး
ရဲ့လေကိုတုပြီး အနိုင်မခံ အရှုံးမပေး ပြောဆိုပြုမူရင်း ဖြိုးကို
ပင် တော်လင်း အပေါ် နိုင်စားသလို စီးသလိုပုံစံ ဖြစ်နေရ
တကယ့်စိတ်ရင်းထဲမှာ အားနာတတ်တဲ့ စိတ်ရင်းခံ ရှိပါသေးသည်
ဖြိုးကိုရဲ့ စီးမှုတို့ကိုလည်း သူပါ အမြင်ကတ်တတ်ပါသေးသည်
ကိုယ့်ဘက်က လျှော့လိုက်ရင်၊ သူ့အတိုင်း လိုက်မတုရင်၊ ကို
အပေါ်ပါ သူက ကျော်သွား ခိုင်းသွား စီးသွားမှာမို့ တော်လ
လောက်တော့ သဘောမကောင်းနိုင်ပဲ ဖြိုးကိုနှင့်အပြိုင် အခွင့်အ
တန်းတူယူကာ လေကိုလည်း တမင်မြှင့်ထားရတာပါ။

ဒေါ်ချွန်က လင်ပန်းနှင့် ကော်ဖီ မုန့်တို့ လာချသည်
ညည့်သည်အတွက် ကော်ဖီတစ်ခွက်နှင့် မုန့်ပန်းကန်သာပါပါသည်

"ဒေါ်ချွန် ကျွန်တော့်ဖို့ ကော်ဖီမတ်ခွက်နဲ့ပြည့်ပြည့် ထည့်ခဲ့"

မီလျှောကြီး ထိုင်ရာမထ,နှင့် ဖြိုးကိုက လှမ်းမှ
ပြန်သည်။ အခွင့်အရေး တစ်ခုခုကို သူများထက် ပိုရရ
အကြိမ်တိုင်း အလှည့်စေအောင် ရရမှဆိုတဲ့ လူစားမျိုးပင် ဖြစ်ပ
သည်။





"ကိုဖြိုးကိုကို ကော်ဖီသောက်ချင်ရင် ဒီက ကျွန်မရဲ့ကော်ဖီ တစ်ခွက်ကို သောက်လိုက်လေ၊ ကျွန်မ တော်ကြာ ထမင်း စားတော့မှာမို့ ကော်ဖီမသောက်တော့ပါဘူး"

ဖြိုးကိုကို မျက်နှာမှာ မည်းသွားကာ တော်လင်းတိုး တလည်း ...

"ဟာ ... မဟုတ်တာ၊ လတ်လတ် သောက်ပါ"

"ကျွန်မ အခုပဲ ရေသောက်လိုက်တယ်လေ၊ ဗိုက်တင်းသွားလို့ပါ၊ မဆာဘဲနဲ့ စားသောက်တဲ့အကျင့် မရှိလို့ပါ၊ ခဏနားပြီးမှ ထမင်းစောစော စားလိုက်ပါ့မယ်"

ဖြိုးကိုကိုသည် လတ်လတ်ကို မကျေမချမ်း မကြည်လင်ကြည့်ကာ နေသည်။ ဒီအမျိုးသမီး ဘယ်လိုသဘောလဲ။ ခနဲ့မနပ် အပျိုဖြန်း အချဉ်လေးတော့ လုံးဝမဟုတ်။ သူ့စကားတွေက ရိုးရိုးပြောနေတာလား ဖြိုးကို့ကို ချွတ်နေတာလား မှန်းဆရခက်ပါသည်။ အသက်အရွယ်လေးက နှစ်ဆယ်ကျော်ပြီးတာစ အလွန်ဆုံးရှိ နှစ်ဆယ့်နှစ် နှစ်ဆယ့်သုံးပေါ့။

ဖြိုးကိုတို့ တစ်သိုက်က အသက်နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ်တွေ။ ကိုယ့်ထက် ဘယ်နည်းနဲ့မဆို လေး၊ငါးနှစ် ငယ်ညည့်ဟာကလေးက စတိုင်ကတင်းသည်။ သူကပဲ အထက်စီးကို ယူထားချင်တဲ့ ဟန်ပန်နှင့်။ ဒိုးခနဲ ဒေါက်ခနဲ ပြောရဲဆိုရဲ ပွင့်လင်း ရဲတင်းတဲ့ စွာလည်းစွာတဲ့ရုပ်။ ဖွေ့ဖွေ့ချင်းမို့ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးကိုကို မြင်မြင်ချင်း လတ်လတ်က ချဉ်သလို၊ လတ်လတ်ကို မြင်မြင်ချင်းလည်း ဖြိုးကိုက ချဉ်ပါသည်။

"ကိုတော်လင်းတိုးကို တစ်ခုပြောချင်တယ်"

တော်လင်းတိုးက ဆိုဖာတစ်ခုမှာ ခုမ္ဝင်ထိုင်လိုက်ရင်း ...

"ပြောပါ လတ်လတ်"

"ဒေါ်ချွန်က ဒီအိမ်မှာ ညအိပ်တာလား၊ မနက်လာ ည ပြန်တာမျိုးလားဟင်"

"ဒီမှာ ညပါအိပ်တယ်၊ ဒေါ်ချွန်က အညာဘက်က၊ မေမေ ပို့ပေးထားတာ လတ်လတ်ရဲ့၊ ဒါပေမဲ့ အိမ်ပေါ်မှာ မအိပ်ဘူး၊ ခုန ကားဝင်လာတုန်းက ခြံထောင့်မှာ ဘန်ဂလိုလို အိမ်ကလေး လတ်လတ် တွေ့ခဲ့လား၊ လုံးချင်းသေးသေးလေး၊ အဲဒီမှာ ဒေါ်ချွန် အိပ်တယ်၊ မနက်စောစောကျမှ မီးဖိုဘက်ကနေ သော့ဖွင့်ပြီး အိမ်ဘက်ကူးပြီး ချက်ပြုတ်တယ်"

လတ်လတ်သည် အောက်နှုတ်ခမ်းလေး ဖွဖွကိုက်ပြီး တောင်းဆိုလိုက်ချင်တာအတွက် အားယူနေပါသည်။

"ဟို ... လတ်လတ် ဘာလုပ်ချင်လို့လဲ"

"ကျွန်မ ဒီအိမ်မှာ၊ ဒီအိမ်မှာ ဆိုတာ ဟိုအိမ်လေးမှာ ဒေါ်ချွန်နဲ့အတူပေါ့၊ နေလို့ရမလား ကိုတော်လင်းတိုး"





"ဗျာ"

"ကျွန်မ အဆောင်သွားမနေတော့ဘူး"

တော်လင်းတိုးသည် ဘယ်လိုအဖြေပေးရမည် မသိဘဲ ရုတ်တရက် ဆွံ့အနေသည်။ အားလုံးပင် လတ်လတ်ကို အံ့အားသင့် ကြည့်နေကြပါသည်။ ဖြိုးကိုကလည်း မျက်စိမှေးစင်း၍ လတ်လတ်ကိုတစ်လှည့် တော်လင်းကိုတစ်လှည့် ကြည့်နေသည်။

"အဲလိုဆို ဖြစ်မလား ကိုတော်လင်းတိုး"

"ဟို ... မဖြစ်နိုင်စရာတော့ မရှိပါဘူးဗျ၊ ဒါပေမဲ့ ဟိုအိမ်လေးက ပြောရရင် ဆားဗင့်ကွာတာ သဘောဆိုတော့ လတ်လတ် နေဖို့ရာ သိပ်အားနာစရာ ဖြစ်နေလို့ ကျွန်တော် ဘာပြောရမှန်း မသိဘူး ဖြစ်နေတယ်"

"အို ... ရှင်က ထားတာမှ မဟုတ်ဘဲ၊ ကျွန်မက နေချင်တာပဲဟာ၊ ဒေါ်ချွန်လည်း အဖော်ရှိနေတာ မြင်လိုက်လို့ ကျွန်မ ဒီအကြံ ရလိုက်တာ"

တော်လင်းတိုးက ဘာပြောရမှန်းမသိအောင် ဖြစ်နေစဉ် ဖြိုးကိုက ...

"အဆင်ပြေပါ့မလား တော်လင်း"

တွေးဆဆပုံနှင့် တစ်လုံးချင်း ဝင်ပြောလိုက်ပါသည်။

လတ်လတ်က ဖြိုးကိုဘက်လှည့်ကာ ...

"ဘာဖြစ်လို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ၊ ကျွန်တော်တို့က ဒီအိမ်ပေါ်မှာ ယောကျ်ားလေး သုံးယောက် နေကြတာဆိုတော့ ယောကျ်ားလေးဘာဝ ဆူဆူညံညံ သောင်းသောင်းကျန်းကျန်းမျိုးလည်း ရှိတဲ့အခါ ရှိတတ်တယ်၊ ရှင်းရှင်းပြောရရင် အဖော်တွေ ဘော်ဒါတွေ ခေါ်ပြီး ခြံထဲမှာ သောက်ဝိုင်းပေါ့၊ အရက်လေး ဘာလေး ချကြတယ်၊ မူးရူးပျော်ရွှင်ကြတယ်၊ ဘာမှမဟုတ်ပါဘူး ဟေးလားဝါးလားပေါ့၊ ဒီတော့ လတ်လတ် အတွက်လည်း မကောင်းလှဘူးဆိုတော့၊ အမှန်က ဒီခြံထဲမှာ မိန်းမပျိုလေး တစ်ယောက် လာနေဖို့က အဆင်မပြေပါဘူး၊ ကျွန်တော် တို့က နေချင်သလို နေမှာဆိုတော့"

လတ်လတ်က တော်လင်းတိုး ဘာပြောမလဲဟု တော်လင်းတိုးဘက်ကို ကြည့်လိုက်ပါသည်။ တော်လင်းတိုးဟာ သူ့သူငယ်ချင်း စကားကို ဆန့်ကျင်ပြောဖို့ရာ အားနာလှတဲ့ရုပ် နှင့်။ လတ်လတ်ကိုလည်း ငြင်းဆန်ရမှာလည်း အားနာ၊ တားရ မှာလည်း အားနာ။ ဇဝေဇဝါ တွေတွေဝေဝေ ရှိလှသည်။

လတ်လတ်က တော်လင်းတိုးကို ကြည့်ရင်း သက် ပြင်းတစ်ချက် ချမိသည်။ အတော်အားနာတတ်တဲ့ စရိုက်ရှိသူပဲ။ တော်လင်းတိုး ထံမှ ဘာသံမှ မထွက်သဖြင့် လတ်လတ်ကပဲ ဖြိုးကိုကိုဘက် ပြန်လှည့်ကာ ...





"ဒါပေမဲ့ ကျွန်မ လာနေမယ် ဆိုရင်တော့ ရှင်တို့ နေချင် သလိုနေလို့ မဖြစ်တော့ဘူးပေါ့"

ဖြိုးကို မျက်မှောင်တွန့်သွားရသည်။

"ရှင်တို့လည်း ကိုတော်လင်းတိုး အိမ်မှာ ခဏမှီခိုနေထိုင် ကြတဲ့သဘော၊ ကျွန်မကလည်း ကိုတော်လင်းတိုး အိမ်မှာ ခဏတဖြုတ် ကပ်နေမဲ့သဘော၊ ဒီတော့ တစ်ယောက်ကို တစ်ယောက် စောင့်စည်းထိန်းသိမ်းပေးတဲ့ အနေနဲ့ အိမ်မှာ ခေါ်ချင်တဲ့သူခေါ်ပြီး အရက်ဝိုင်းကြီး တခြိမ့်ခြိမ့် သည်း တာမျိုးတော့ လုပ်လို့မရတော့ဘူးပေါ့၊ ပြီးတော့ ကျွန်မ သိရသလောက် ကိုတော်လင်းတိုးက စာရေးဆရာသာဖြစ် တယ်၊ အရက်မသောက်တတ်ဘူးဆို"

"ဟို ... ကျွန်တော်လည်း ဘီယာလေး ဘာလေးလောက် ဆိုရင်တော့ တစ်ခါတလေ ..."

"ဘီယာလိုမျိုး တစ်ခါတလေ ဆိုတာကတော့ ဘာမှကိစ္စ မရှိလှပါဘူး၊ ကိုတော်လင်းတိုးရဲ့ အမေကလည်း တစ်လ ကို နှစ်ခါ သုံးခါ ဒီအိမ်မှာ အရက်သောက် မူးရူးကြတာ ကြားရပြီး သိပ်စိတ်အနှောင့်အယှက် ဖြစ်နေတယ်"

အရက်ဝိုင်းကြီးရယ်လို့ ခေါ်လို့ရလောက်အောင် အပြင်လူတွေပါ လာသောက်ကြတဲ့ အဖြစ်ကတော့ ဖြိုးကိုကြောင့် သက်သက်ဖြစ်ပွားရတာပင်။ ဖြိုးကိုဟာ ကားဝယ်ရောင်းအလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှယ်ယာဘော်ဒါတချို့နှင့် တွဲစပ်ပြီး လုပ်ပါသည်။ အဲဒီအ ကားနှင့် ပတ်သက်သည့် အပေါင်းအသင်းတွေ တိုးပွားလာ အားလုံးကလည်း အရက်သောက်တတ်တဲ့သူ ဝိုင်းဖွဲ့ချင်တဲ့ များနေရာ လူကြီးသူမ မရှိတဲ့ လွတ်လပ်လှတဲ့ တော်လင်းတိုး ခြံထဲကိုပဲ စုရပ်လုပ်ဖို့ ဖြိုးကိုက တာဝန်ခံပြီး ခေါ်ခေါ်လာတတ် သည်။

ဒီကိစ္စကို တော်လင်းတိုးက ကြိုက်တယ်လည်း မဟုတ်၊ မကြိုက်ဘူးလည်း မဟုတ်။ တစ်ခါတစ်ရံ သူစာရေးချ တဲ့ အချိန်ဆိုရင်တော့ ဟေး ဟားသံတွေက အနှောင့်အယှက်ဖြ ပါသည်။ သူ အားလပ်နေရင်တော့ သူပါ ဝိုင်းထဲဝင်ပြီး အမြ နှိက်စားရင်း အာလူးဖုတ်နေလိုက်တော့တာပင်။

"မိန်းမတစ်ယောက် အိမ်မှာလာနေမယ်ဆိုတော့ ဘာပဲဖြ ဖြစ် ရှင်တို့အားလုံးလည်း လူကြီးလူကောင်းတွေပဲ ဖြစ်ကြ တဲ့အတွက် ဆင်ဆင်ခြင်ခြင် စည်းကမ်းရှိရှိ နေကြလိမ့်မယ် လို့ ကျွန်မ မျှော်လင့်ပါတယ်၊ ကျွန်မကတော့ ခဏတဖြုတ် ပါပဲ၊ အကြာကြီးနေမဲ့သူ မဟုတ်ပါဘူး၊ အဲဒါ ဖြစ်မလား ကိုတော်လင်းတိုး"

"ဖြစ်ပါတယ် လတ်လတ်၊ ကျွန်တော့်အတွက် မဖြစ်နိုင် စရာ မရှိပါဘူး၊ လတ်လတ်ကိုသာ ဆားဗဲ့ကွာတာမှာ နေရမှာ အားနာတာ တစ်ခုပဲ"





"အဲဒီအတွက် ကိစ္စမရှိပါဘူး၊ ဒါဖြင့် ကျွန်မ အဆောင်မှာ နေစရာ မလိုတော့ဘူးနော်"

"မလိုတော့ဘူးပေါ့၊ လတ်လတ် တက်စရာရှိတဲ့ သင်တန်းတွေလည်း ဒီကနေပဲ တက်ပေါ့၊ ကားလိုအပ်ရင်လည်း ယူသုံးပါ၊ လိုတာရှိတာ အားလုံးပြောပါ"

ဖြိုးကိုက တော်လင်းတိုးကို မျက်ထောင့်ကြီးနှင့် ကြည့်သည်။ နှုတ်တွေသွက်ကာ ချိုနေလိုက်တာ။ နဂိုကတည်းက နှုတ်ချိုချို သဘောကောင်းကောင်းဖြစ်တဲ့ တော်လင်း တစ်ယောက် မျက်နှာမှာ သကြားပွင့်တွေ ကပ်နေသလိုကို ဖြစ်နေသည်။ ဒါက ဘယ်လိုဖြစ်ရတာလဲ။

တော်လင်းဟာ မိန်းကလေးတွေနှင့် ပတ်သက်လျှင် ရောရောနှောနှော နေတတ်တဲ့သူ မဟုတ်။ သူ့မှာ ဘာမိန်းကလေးမှလဲ မရှိ။ နာမည်ကြီး ဘက်စ်ဆဲလား စာရေးဆရာ လူပျိုဖြစ်နေပြီး သူ့ကိုကြိုက်တဲ့ မိန်းကလေးပရိသတ်တွေ အုန်းအုန်းထနေတဲ့ကြားက အေးစက်စက် နေတတ်လွန်းလို့ လက်နှေးတဲ့ကောင်ဆိုပြီး သူနဲ့ နေထိုက် အားမလို အားမရ ဖြစ်နေရတာ။

လာသမျှ မိတ်ဆက်စာတွေကို တစ်ကြိမ် နှစ်ကြိမ် ပြန်ပြီးတဲ့နောက် ထိုမိန်းကလေးက နောက်ထပ် အစောင်စောင် ဆက်ရေးကာ ရင်းနှီးမှု ပိုချင်လာလျှင် သူက စာထပ်မပြန်တော့ဘဲ ရပ်ပစ်လိုက်တော့တာ။ ဘယ်လိုကောင်မှန်း မသိတဲ့ကောင်။

www.burmeseclassic.com



အောင်မယ် ... ခုတော့ လတ်လတ်ကိုကြည့်တဲ့ မျက်ဝန်း၊ ဆက်ဆံတဲ့ အချိုးအချိတ်က ထူးခြားနေပါကလား။ သူ့အမေထံကတစ်ဆင့်လာတဲ့ ဧည့်သည်မို့ပဲလား မသိ။

ဖြိုးကိုသည် နောက်မှ ရောက်လာပြီး သူတို့ကို အရက်ဝိုင်းမဖွဲ့ရ၊ ဘာညာ ဆရာလုပ်၊ ပိတ်ပင်တားမြစ်နေတဲ့ လတ်လတ်ကို အတော်မျက်မုန်းကျိုးမိသည်။ နည်းနည်းမှလည်း မကျေနပ်။

တော်လင်းကိုလည်း မကျေနပ်။ တကယ်ဆို ...

"ဟာ ... ကျွန်တော့်သူငယ်ချင်းတွေက နေတာကြာပြီ၊ သူတို့ နေတတ်သလို နေနေကျပဲ၊ လတ်လတ် အဆင်မပြေရင်တော့ အဆောင်မှာပဲ နေလိုက်ပါ"

ဒီလို ပြတ်ပြတ်သားသား ပြောပါလား။ အလကားနေ ကြိုရာလူကို အားနာနေတဲ့ကောင်။

"မေမေကော ထူးထူးခြားခြား ဘာမှာလိုက်သေးလဲ မသိဘူး လတ်လတ်"

"ဟင့်အင်း ... ဘာမှ မမှာပါဘူး"

"လတ်လတ်တို့အိမ်က လူကြီးသူမတွေကော နေကောင်းကြတယ်နော်"

လတ်လတ်က ဖြိုးရင်း ...

"ဟုတ် ... ကောင်းပါတယ်"





"မေမေပြောလို့သာ၊ ကျွန်တော်က ဘယ်သူ့မှ သိပ်သေချာ မသိတော့ဘူး၊ မန္တလေးမှာ မနေဖြစ်တာလည်း ကြာပြီလေ၊ ရှစ်တန်းနှစ်ကတည်းက ကျွန်တော် ရန်ကုန်ကို ရောက်နေတာ"

"သြော်"

"လတ်လတ် မသိဘူးလား"

"ဟင့်အင်း"

"ကျွန်တော့်အဖေနဲ့ အမေက အိမ်ထောင်ရေး အဆင်မပြေဖြစ်တော့ အဖေက ရန်ကုန်မှာ၊ အမေက မန္တလေးမှာကွဲနေခဲ့တာတော့ သိမှာပေါ့နော်"

"ဟင့်အင်း ... ကျွန်မ မသိ[illegible]"

"ဟင် ... လတ်လတ်က ဘာမှမသိ[illegible]"

"ဟုတ်ကဲ့ ... ဘာမှသိပ်မသိဘူး"

"ဒါက ဖေဖေ့အိမ်လေ၊ ကျွန်တော်က ဖေဖေနဲ့ လိုက်နေဖြစ်တယ်၊ မေမေ့ဆီတော့ အလည်အပတ်လောက်ပဲ ပြန်သွားဖြစ်တယ်၊ မနှစ်က မေမေ လေဖျန်းတုန်းက တစ်ခါပဲ လနဲ့ချီအောင် ပြန်နေဖြစ်တာ"

"အဲဒါတော့ သိတယ်၊ မနှစ်က မန္တလေးမှာ ကိုတော်လင်းတို့ တစ်လလောက် နေတယ် ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



မနှစ်က သူမ သိပ်ကြိုက်တဲ့ စာရေးဆရာ တော်လင်းတိုး သူ့ရဲ့ဇာတိအိမ်ကို ပြန်ရောက်နေတယ်ဆိုလို့ လတ်လတ်နဲ့ သူငယ်ချင်း ရီထွေးတို့ ညနေဆိုရင် တော်လင်းတိုးရဲ့အိမ်လို့ သိထားတဲ့ အိမ်ကြီးရှေ့ကနေ ဖြတ်လျှောက် လမ်းသလားကြကာ အရိပ်အယောင် မြင်ရနိုးနိုး သွားခိုးချောင်းကြည့်ရတာ အမော။

ပြန်စဉ်းစားပြီး လတ်လတ် ပြုံးချင်ချင် ဖြစ်ရသည်။ တစ်မျိုးကလေးသော ကြည်နူးမှုကိုလည်း ခံစားရပါသည်။ ဖျတ်ခနဲ ဖျတ်ခနဲ အဝေးကပဲ တွေ့လိုက် မြင်လိုက် ဆုံလိုက်ရတာတ်ကာ မျက်နှာချင်းဆိုင် ဘွားဘွားကြီး တစ်ကြိမ်မှ မဆုံစည်းခဲ့။ လတ်လတ်လိုပဲ စာရေးဆရာတော်လင်းတိုးကို အသေကြိုက်တဲ့ ရီထွေးက အိမ်ထဲအတင်းဝင်ပြီး အော်တိုလက်မှတ်ထိုးခိုင်းမည်လို့ အဆိုပြုသေးသည်။

တော်လင်းတိုး အမေ ဒေါ်ခင်လင်းကို ကြားကတစ်ဆင့်ခင်သော မိတ်ဆွေတချို့က ပြောပြ၍ ဒေါ်ခင်လင်း လေဖြတ်သလိုဖြစ်လို့ သူ့သား ခဏပြန်လာတယ် ဆိုတာ သိရတဲ့အခါ အတင်းဝင်သွားရမှာ အားနာပြီး မသွားဖြစ်ခဲ့ကြတာပါ။ ကျန်းမာရေးကိစ္စတစ်ဖက်မို့ သွားမိတ်မဆက်ရဲဘဲရှိဆဲ မကြာခင်ပဲ သူက ရန်ကုန် ပြန်သွားတော့တာ။

ခုတော့ အဲဒီ တော်လင်းတိုးရဲ့အိမ်ပေါ် လတ်လတ်ရောက်နေပြီ။ သူ့မျက်နှာကို အနီးကပ် မြင်ခွင့်ကြည့်ခွင့်ရနေပြီ။





"ကျွန်တော်က ရန်ကုန်မှာပဲ ဆယ်တန်းအောင်၊ တက္ကသိုလ်တွေ ဘာတွေတက်၊ ဒီမှာပဲ ဘွဲ့ရတော့ ဒီမှာ ပိုအခြေကျသလို ဖြစ်နေတာ၊ စာရေးတဲ့ အလုပ်နဲ့ဆိုတော့လည်း ရန်ကုန် ရောက်နေတာက ပိုကောင်းတယ်လို ဖြစ်နေတယ်ဗျ။ ကိုယ့်ပတ်ဘလစ်ရှာနဲ့ အမြဲထိတွေ့နေနိုင်တာပေါ့၊ ပရုဖ်တွေ ဘာတွေ ဖတ်နိုင်တာကအစ ဒီမှာက ပိုခရီးရောက်နေလို့ ဒီမှာပဲ နေဖြစ်တော့တာ"

"ရှင့်အမေကော"

"မေမေက ဆုံးသွားတာ နှစ်နှစ်ရှိပါပြီ"

သူ့အမေဆုံးပြီး မကြာခင် ဟိုသူငယ်ချင်းနှစ်ယောက်အိမ်ပေါ်ရောက်လာတာ ဖြစ်မှာပဲလို့ လတ်လတ် အတပ်တွေးမိသည်။

"လတ်လတ် မိဘတွေနဲ့ မေမေနဲ့က အတော်ခင်မင်တယ်ထင်တယ်နော်"

လတ်လတ်က တော်လင်းတိုးကို ပြုံးကြည့်ရင်းပခုံးလေးတွန့်ကာ ...

"ဟင့်အင်း ... ကျွန်မ မသိဘူး၊ လူကြီးတွေကိစ္စလည်း ကျွန်မ သိပ်စိတ်မဝင်စားပါဘူး၊ ဒါပေမဲ့ တော်တော် ခင်မင်ကြတယ်ပဲ ဖြစ်မှာပေါ့၊ မြတ်သုဝတီနဲ့ တော်လင်းတိုး ဆိုတဲ့ တစ်ယောက်ကို တစ်ယောက် မတွေ့ဖူးကြတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ကားဂိတ်မှာကြိုနိုင်း၊ အဆောင်ရှာခိုင်း တရင်းဗာနီး နေခိုင်းတာ လူကြီးချင်း သိပ်ခင်မင်လို့သာပေါ့"

"ဟုတ်တယ်ဗျ၊ ဒါတောင် ခင်ဗျားက ကျွန်တော့်ကို သိနေပါသေးတယ်၊ ကျွန်တော်က တော်တော်ကို မသိတာ ခင်ဗျားရဲ့ မိဘဆွေမျိုးတွေ ဘာတွေကိုလဲ မသိဘူး၊ မေမေနဲ့ ဘယ်လောက်ထိ ဘယ်လိုပုံ ရင်းနှီးတယ် ဆိုတာလဲ မသိဘူး၊ ခုလည်း မေမေ့မိတ်ဆွေရဲ့သမီးလေး သင်တန်းတွေတက်ဖို့ ရန်ကုန်ကိုလာမှာ၊ ကားဂိတ်ဆင်းကြိုပေးပြီး အဆောင်ကူရှာပေးဖို့ ရင်းရင်းနှီးနှီး ကူညီစောင့်ရှောက်ဖို့ပဲ မှာတာ"

တော်လင်းတိုးက "ဒီကောင်မလေးကို မင်းနဲ့ မေမေ သဘောတူတယ်"ဆိုတဲ့ စကားကိုတော့ အားနာပါးနာ ချိုထားလိုက်ပါသည်။

"အခု အဲဒီကောင်မလေးက အဆောင်မှာ မနေဘဲ ဒီအိမ်မှာပဲ နေမယ်ဆိုရင် ရှင့်မေမေက သဘောကျပါ့မလား ဟင် ... ကိုတော်လင်းတိုး"

"ကိစ္စမရှိပါဘူး၊ မေမေ သဘောကျမှာပါ၊ မေမေက ခင်ဗျားကို အထူးစောင့်ရှောက်ဖို့ မှာထားပါတယ်"

တော်လင်းတိုးက ဒီလောက် ပြောရတာကိုပင် ရှက်သလိုလို မျက်နှာခပ်လွဲလွဲနှင့် ရှိလေသည်။ လူပုံလည်း ဖြူ





ဆန့်သန့်နူးညံ့ညံ့၊ အမူအရာလည်း နူးညံ့ညံ့၊ စကားပြောပုံကလည်း နူးနူးညံ့ညံ့။ ဒါကြောင့်လည်း သူ့ဝတ္ထုထဲက ဇာတ်ကောင်တို့ဟာ အမြဲပင် သူ့အရိပ် ထင်ဟပ်သလို စိတ်ထားမွန်မြတ် နူးညံ့တတ်သည်။

ရုတ်တရက် လတ်လတ်သည် ကိုယ့်ပေါင်ကိုပင် ကိုယ် မသိမသာ ဆိတ်ကြည့်မိကာ စစ်ခနဲ နာကျင်သွားမှ မသိမသာလေး ပြန်ပွတ်နေမိပါသည်။ သူ ဒီလောက်ထိ နာမည်ကြီးပြီး မအောင်မြင်လာခင် ဝတ္ထုတွေစ,ထွက်နေကတည်းက လတ်လက်က သူ့စာအုပ်တွေကို တစ်အုပ်မလွတ် ဖတ်ခဲ့ ကြိုက်ခဲ့တာ။

ခုတော့ မမျှော်လင့်ဘဲ အဲဒီစာရေးဆရာတော်လင်းတိုးရဲ့အိမ်မှာ လတ်လတ် ရောက်နေသည်။ ရင်ထဲ သိမ့်သိမ့်ငြိမ့်ငြိမ့် ခုန်လှုပ်ချင်လာတာကို အသက်ပြင်းပြင်း ရှူရှိုက်ဖျောက်ဖျက်ရသည်။ ကိုယ်စိတ်ရှုပ်နှင့်ကိုယ် ရှိတဲ့ကြားက ဝမ်းသာတုန်လှုပ်ခြင်းလေး တစ်စွန်းတစ်စ လှစ်ပြူပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

မမသည် လက်ပိုက်၍ မကြည်မလင် ထိုင်နေကာ သူ့ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက် ငိုလိုက် နှပ်ညှစ်လိုက် လုပ်နေသော မေမေ့ကို လိုက်ကြည့်နေသည်။

"ကောင်းလား၊ ဟင် ... ညည်းညီမ လုပ်သွားပုံ ကောင်းလား မမရဲ့၊ သားသမီးမကောင်း မိဘခေါင်းတဲ့၊ သူလုပ်သွားတာ မေမေ့မှာ သိက္ခာလည်း ကျတယ်၊ မျက်နှာလည်း ပျက်ရတယ်၊ ဘဘကြီးရဲ့ အဆူအပူ အကြိမ်းအမောင်းလည်း ခံရတယ်၊ ကိုယ့်အမေကို မညှာတာဘူး၊ လုပ်ရက်လိုက်တာ၊ ဟိုးအရင်ကတည်းက မေမေ့ကို ဒုက္ခပေးနေတာ သူချည်းပဲ၊ ပြဿနာတွေ ရှာတယ်၊ အမျိုးတွေနဲ့ ရန်လုပ်တယ်၊ အမေကို မျက်နှာကောင်းမရအောင် တစ်သက်လုံး လုပ်လာတယ်၊ အခုရော ... ကြည့်စမ်း၊ ကောင်းသဲလား"





မေမေသည် ပြောရင်း ငိုရင်း နှပ်ညှစ်ရင်း။ ထပ်ပြောရင်း ထပ်ငိုရင်း ထပ်ညှစ်ရင်း။ မမက စိတ်ညစ်လာသည်။ လုပ်သွားပုံ ကောင်းသလားဆိုရင် မမကတော့ ကောင်းတယ်လို့ပင် ဖြေပစ်လိုက်ချင်တာ ဖြစ်သည်။

"အခု ငယ်ငယ့်ကိုတောင် အကြောင်းမကြားရသေးဘူး"

"အို ... အကြောင်းကြားနေစရာလား မေမေကလည်း၊ ငယ်ငယ်က ဘာတတ်နိုင်မှာမို့လို့လဲ၊ သူ့ဟာသူ ဘော်ဒါနေနေတာ စာပဲကျက်တတ်တာ၊ လတ်လတ် ထွက်သွားတယ်ဆိုတော့ သူ ခေါင်းရှုပ်ရရုံအပြင် ဘာပိုလဲ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် မေမေက မမကိုပဲ အားကိုးတကြီး လှမ်းခေါ်တာပေါ့၊ ခု ဘယ်လိုလုပ်ကြမလဲ"

"အခု အတော်ပဲ ဖြစ်သွားတာပေါ့၊ မမနဲ့ကိုကိုက ရန်ကုန် ဆင်းကြမလို့ တိုင်ပင်ထားတာ၊ သူ့ကျောက်ကိစ္စ သွားဖို့ ရှိတယ်၊ အခု မမက မေမေ လှမ်းခေါ်လို့ မန္တလေးကို အရင်လာနှင့်လိုက်တာ၊ နောက်တစ်ပတ်ဆိုရင် ကိုကိုပါ မိုးကုတ်က ဆင်းလာမယ်၊ ပြီးရင် မမတို့လင်မယား ရန်ကုန် သွားမယ်၊ အဲဒီမှာ လတ်လတ်ကိုလည်း ရှာရမှာပေါ့"

"မောင်ရဲမင်းက တစ်ပတ်နေမှ ဆင်းလာမှာ ! ! "

"အင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တစ်ပတ်ကြီးတောင် ရန်ကုန်မှာ လတ်လတ်"

"အို … မေမေ ဘာမှပူမနေနဲ့၊ လတ်လတ်က အ,အ မဟုတ်ဘူး၊ သူ့ဟာသူ သူ့အခြေအနေကြည့်ကြက် ရှင်းနေထိုင်သွားလိမ့်မယ်၊ လိုက်မရှာရင်ဟောင်မှ တစ် လောက်နေရင် သူ့ဟာသူ ပြန်လာမှာပဲ၊ စုလည်း စိတ် ပြီး ထွက်သွားတာပေါ့၊ မေမေကလည်း မေမေပဲ"

"မေမေက ဘာလုပ်လို့လဲ"

"မေမေကို ကိုယ့်အမေမို့ မမလည်း ဘာမှမပြောဘဲနေတာ မေမေက ဟုတ်မှမဟုတ်တာ။ ဘဘကြီးက မေမေ့အစ်ကို ဆိုပေမဲ့လည်း တော်ရုံသဖြင့်ပဲကြောက်ပေါ့၊ အစ်ကိုနဲ့ညီ ပေမဲ့ တရားနည်းလမ်းကျတဲ့ စကားမျိုးမှ နားထောင်ပေါ့ ခုတော့ မေမေက ဘဘကြီး ဘာလုပ်နေနေ ဘာမှမပြော ဘဘကြီး တစ်ခွန်းဟောက်ရင် တုန်တက်ပြီး ဟုတ်ကဲ့ ဟုတ်ကဲ့ လုပ်လာတာ မမတို့ တစ်သက်ပဲလေ၊ အဲ ဘဘကြီးကတော့ အစ်ကိုပီပီ အစ်ကိုနေရာကနေ တရား နည်းလမ်းကျလား ဆိုတော့ မကျဘူး"

မေမေသည် နှုတ်ဆိတ်သွားကာ မျက်ရည်ကျိတ်သုတ် နေသည်။ မေမေက ရိုးအေးသဘောကောင်းလှသည်။ သိမ်မွေ့ နူးညံ့လှသည်။ သူများညာလို့ လိမ်စားသွားတိုင်းလည်း ခံရသည်၊ အားနာတတ် ကြောက်တတ် စကားနည်းရန်စဲ မှုကို လက်ကိုင်





ခွန်းတတ်တဲ့သူ။ အားလုံးထဲမှာ သူ့အစ်ကိုကြီးနှင့်ဆိုရင် အဆိုး ဆုံး မောင်နှမနှစ်ယောက်တည်းရှိကာ သူ့ထက် ဆယ်နှစ်ကြီးတဲ့ တစ်ဦးတည်းသော အစ်ကို,ကို ငယ်ငယ်ကတည်းက ဖခင်ကဲ့သို့ ရိုသိန့်တုန်အောင် ကြောက်ခဲ့ရပါသည်။

ဒီအသက်အရွယ်တွေအထိ သူ့အစ်ကို တစ်ခွန်းဆူ လျှင် မျက်ရည်ပေါက်ပေါက် ကျလာတတ်တဲ့ မေမေ။ မိဘတွေ သေတော့လည်း အမွေမခွဲ။ အစ်ကိုလုပ်သူက လူပျိုကြီးပဲဆိုပြီး မိဘအမွေအနှစ် စီးပွားရေးတို့ကို နှစ်ဦးအတူတူသာ ပိုင်ဆိုင်ကြ သည်။ သာမန်အခြေအနေမှာ ဆိုရင်တော့ အဲဒီအတိုင်းက ကောင်းပါသည်။

သို့ပေမဲ့ ခုက သာမန်မဟုတ်။ ဘဘကြီးက လူပျို ကြီးသာဆိုတယ် မထင်မရှား မွေးရှုပ်ထားတဲ့ မိန်းမတွေက အစ်ရှာ တစ်ကျိဆောက် ဆိုသလို ဖြုတ်စဖျင်းတောင်း များလှ သည်။ အဲဒီအပြင် လောင်းကစားက ဖက်သေးသည်။ တရားမဝင် တဲ့ မိန်းမတွေကို ပေးရကမ်းရ စွန့်ကြဲရတာတွေ၊ လောင်းကစား ရှုံးတာတွေကြောင့် မိဘအမွေ ဆိုတာတွေ တတိတတိ လျော့လာ ခဲ့တာ။

မမတို့အဖေ ရှိစဉ်ကတည်းက ဖေဖေက သီးသန့် စီးပွားရေးကလေး ခွဲလုပ်မှဖြစ်မည်ဆိုပြီး ပေါ်လီဆေးခန်းတစ်ခု တည်ထောင်ခဲ့ပါသည်။ ဘဘကြီးကတော့ ဟိုလူ့စီးပွားရေးထဲ



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ယာထည့်ယောင်ယောင်၊ ဒီလူ့စီးပွားရေးထဲ ရှယ်ယာထည့် ယောင်ယောင်နှင့် သူ ပျော်သလိုနေနေသည်ပင်။ မိဘလက်ထ က ဆီစက်တွေ ဆန်စက်တွေ ကိုယ်တိုင်မအုပ်ချုပ်ဘဲ ပစ်ထ လေတော့ စာရင်းတွေလိမ် ငွေတွေကွာ တဖြည်းဖြည်း အရှုံးပေ ပြွတ်ပြွတ်ပြွန်းကုန်တာ တစ်ခုပြီးတစ်ခုပင်။

"မင်းအစ်ကို,ကို ကြည့်ပြောဦးကွာ အသက်လည်းကြီး ပြီ၊ ခြေကမငြိမ်ဘူး၊ အမွေခွဲမှာဖြင့်လည်းခွဲ၊ ကိုယ့်မှာ မိသားစုနဲ့၊ မိဘလည်း ရှိတော့တာမှ မဟုတ်ဘဲ၊ မင်းအစ် ဖြုန်းကောင်းတိုင်း ဖြုန်းနေတာ တစ်နေ့ ဒုက္ခရောက်မယ် ငါ ဒါတွေကြိုမြင်လို့ ကိုယ့်ဟာနဲ့ကိုယ် ဆေးခန်းလေ ထောင်ထားတာ၊ ဖြုန်းတီးကုန်တာတွေ မနည်းတော့ဘူ နမြောစရာ သိပ်ကောင်းတယ်"

မေမေဟာ ပထမတော့ ဘဘကြီးကို စကားစ,သေ လည်း ဘဘကြီးက "ဘာလို့ အမွေခွဲရမှာလဲ၊ နင်ကအမွေစကာ ပြောတယ်ပေါ့လေ၊ ဒီမောင်နှမ နှစ်ယောက်တည်းရှိတာ၊ ဘာ အမွေခွဲဖို့ မလိုဘူး၊ ထပ်မပြောနဲ့"လို့ တစ်ခွန်းပိတ်ဟောက်လိုက် သည်ဆိုလျှင်ပင် မေမေ ကြောက်ကြောက်နှင့် တစ်ချိုးတည် နှုတ်ပိတ်သွားတော့တာ။

ဘဘကြီးဘက်ကိုသာ ရန်ပြန်မလုပ်ရဲပေမဲ့ တစ်ခ က နှစ်ခါ သုံးခါ ပြောလာတဲ့ ဖေဖေ့ကိုကျတော့ ခံပြောရဲလေ



တော့ ဖေဖေနှင့် မေမေ တကျက်ကျက် ရန်ဖြစ်ကြရပါသည်။ နောက်ဆုံးတော့ ဖေဖေကလည်း ဘာမှမပြောတော့။ ကိုယ်ပိုင် စီးပွားရေးလေးကိုသာ ကိုယ့်ဟာကိုယ် ဖိကြိုးစား လုပ်ကိုင်သည်။ ငွေစုရင်း တိုးပွားရင်း ချဲ့ထွင်ရင်းနှင့် ဖေဖေ့ဆေးခန်းဟာ တဖြည်း ဖြည်း ကြီးကျယ်လာခဲ့ပြီး ခုတော့ ပုဂ္ဂလိကဆေးရုံငယ်တစ်ခု အဖြစ်ထိတောင် ရောက်လာခဲ့ပြီ။

ထိုဆေးရုံဟာ ဖေဖေ့နာမည်နှင့် သီးသန့်ပိုင်။ သို့ပေမဲ့ သူတို့ကို ကျိစယ်ပြက်ရယ် ပြုတတ်မြဲ ကံဇာတ်ဆရာကတော့ အဖေ့ကို လောကကြီးမှာ သက်တမ်းပြည့် နေခွင့်မပြုခဲ့ပေ။ လတ်လတ် ဆယ်တန်းအောင်တဲ့နှစ်မှာ ဖေဖေ ဦးနှောက်သွေးကြော ပေါက်ပြီး ရုတ်တရက် ကွယ်လွန်ပါသည်။

အတိုချုပ်ရရင် တစ်ဖက်မှာ တစ်စစနှင့် အမွေပုံ ကြီး ကုန်လုနီးကာ အခြေမလှတဲ့ ဘဘကြီးက ဖေဖေ တည်ထောင် ခဲ့သော Family Clinic ဆိုတဲ့ ဆေးရုံကိုတက်ပြီး အုပ်ချုပ်လိုက် ပါတော့သည်။

မမရော လတ်လတ်ရော (ငယ်ငယ်ကတော့ ငယ် သေးလို့)လုံးဝမကျေနပ်ကာ မေမေ့ကို ဝိုင်းပြောကြသည်။ ဖေဖေ နှင့် မေမေတို့ရဲ့ မိတ်ဆွေရင်း မိတ်ဆွေကောင်း မှန်သမျှတို့က လည်း ဘဘကြီးကို ဆေးရုံနှင့် လာမပတ်သက်စေဖို့ တားမြစ် ထားသင့်ကြောင်း မေမေ့ကို ပြောကြတာချည်းပင်။

www.burmeseclassic.com

www.burmeseclassic.com



မမေမှာလည်း ခုချိန်မှာတော့ ဘဘကြီးကို ကု အောင် သုံးပစေလို့ ကြည်ဖြူနေလွန်းလို့တော့ မဟုတ်နိုင်တော ပါ။ ငယ်ကြောက်မို့ ဘာမှမပြောရဲ မဆိုရဲ မလှန်ရဲတာသာ ဖြ မှာ။ ဘဘကြီးကို မပြောရဲတော့ သမီးတွေဘက်ပဲ လှည့်ကာပြေ သည်။ မမကတော့ တစ်ကိုယ်ကောင်း ဆန်ချင်တာ မဟုတ်သေ လည်း စီးပွားအရှာကောင်းတဲ့ ချစ်သူကို ရထားရကား ထိုချစ်သ နှင့် လက်ထပ်ပြီ၊ မိုးကုတ်ကို ကောက်ကောက်ပါ လိုက်သွားလိုက ပါသည်။

"မီဘအမွေကိုလည်း စိတ်မဝင်စားဘူး၊ မြင်နေရ ဒေါသဖြစ်ရလို့ မမ ဝေးဝေးပဲ နေတော့မယ်"ဆိုတဲ့ စကားတ ရှမ်းနှင့် သျှောင်နောက် ဆံထုံးပါသွားခဲ့တဲ့ မမကို လတ်လတ်က မကြာမကြာ ဖုန်းဆက်ကာ ဒေါသတကြီး အော်ဟစ် ရင်ဖွင့်တတ် သည်။

လတ်လတ်က ဆေးခန်းကြီးကို သူပါ အတင်းဝင် အုပ်ချုပ်ပါသည်။ ဘဘကြီးကလည်း သူ့အမိန့်၊ လတ်လတ်က လည်း သူ့အမိန့်။ ဆေးခန်းကြီးက ဝန်ထမ်းတွေမှာ အလွန်စိတ် ရှုပ် ခေါင်းခဲကြရသည်။ ဘဘကြီးနှင့် လတ်လတ်ရဲ့ ရန်ပွဲတွေ တချိန်းချိန်း။ မမေကတော့ တငိုငို။ အစ်ကို့ကို မပြောရဲသမျှ သမီးဘက်ကိုမဲပြီး ဖိဖိဟောက်။





အလွန်တရာ ဝင်ငွေကောင်းနေတဲ့ ဆေးခန်းကြီးဟာ ဘကြီး ဝင်လာတဲ့နေ့ကစ,ပြီး အရှုံးသာမပေါ်သော်လည်း ဝင် ကျဆင်းသွားသည်။ စာရင်းဇယားများကို ဘဘကြီးက ချုပ်ကိုင် သည်။ လတ်လတ် စစ်ဆေးလို့မရ။ မမေကတော့ စစ်ဖို့ သံတောင် မဟ,ရဲ။ အချိန်ပြည့် လူပြည့်နေတဲ့ ဆေးခန်းကြီး ဘာမှ ဝင်ငွေလျော့သွားဖို့ အကြောင်းမရှိ။

တစ်ဖက်မှာ ဘဘကြီး ဂျင်ရှုံးတာ ဖဲရှုံးတာတွေက ည်း ကြားနေရရာ လတ်လတ်သည် ဘဘကြီးကို ပြတ်ပြတ် သား ပြောပြီး ဖယ်ထုတ်ဖို့ မမေ့ထံ တောင်းဆိုသည်။ သူ ယ်တိုင်လည်း အတင်းဝင်ကာ ဆေးခန်းကိုလုၡ် အုပ်ချုပ်သည်။ ဒီအချိန်မှာ ဘဘကြီး တစ်မျိုးဖောက်လာပြန်သည်မှာ ဆေးခန်း ကို ဒီထက်ကြီးမားအောင် ချဲ့ထွင်မည်။ ပါတနာရှယ်ယာရှာ ပြီးပြီ ဆိုပြီး "အောင်ကျော်ဟိုး"ဆိုတဲ့ သစ်သူဌေးတစ်ယောက် ကို လက်ဆွဲခေါ်လာပါသည်။

နောက်တစ်မျိုး ပိုဆိုးတာကတော့ လတ်လတ်ကို ဒီ အောင်ကျော်ဟိုးနှင့် သဘောတူသည်၊ ပေးစားမည်ဟု ဆို တာပင်။ အဲဒီမှာ ဘဘကြီး၊ မမေနှင့် လတ်လတ်တို့ အကြီး ကျယ် ပြဿနာတက်ကြတော့တာပင်။ အောင်ကျော်ဟိုးဟာ ပို့(အိမ်ထောင်မရှိသော) သူဌေးတစ်ယောက်တော့ မှန်ပါသည်။ သို့သော် နဂိုကမှ ဘဘကြီးနှင့် တူးခါးနေတဲ့ လတ်လတ်က က်ခံနားထောင်စရာလား။



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီး ငြင်းနေတဲ့ လတ်လတ်ကို မေမေ တိုက်တွန်းနားချလာတဲ့အခါ လတ်လတ် ဘဘကြီးကိုသာမက မေမေ့ကိုပါ စိတ်နာသွားပုံရပါသည်။

"အဲဒီ အောင်ကျော်ဟိုးနဲ့ မေမေကပါ ဝင်ပြီး တစ်တ တစ်အား သဘောတူစရာလား"

"သူက သူဌေးပဲ မမရယ်၊ မေမေတို့ထက်ဆို အများကြ ပိုချမ်းသာတာ၊ လတ်လတ် ကောင်းစားမဲ့ အရေးပဲ"

"မေမေက စေတနာနဲ့ ကောင်းစားစေချင်ပေမဲ့ သူက မကောင်းစားချင်ဘူးဆိုရင် မေမေ သူ့ကို စီစဉ်ပေးသ သူ့အပေါ် ဝေဒနာပဲ ဖြစ်နေမှာ၊ ကိုယ်လည်းမွဲနေတာ မဟုတ်ဘဲနဲ့၊ သူ စိတ်ချမ်းသာပါစေလား မေမေ၊ မေ အစ်ကိုက သဘောတူတယ် ယူ ... ယူ ဆိုတာနဲ့ပဲ မေ ကကော သံယောင်လိုက်ရရောလား"

"ခုလည်း သူက ငြင်းတာပါပဲ၊ သူ့မှာ ချစ်သူရှိတယ်တဲ့ မယူဘူးတဲ့"

"မယူပစေနဲ့ပေါ့"

"သူ့မှာ ချစ်သူရှိတယ်လို့ မေမေလည်း မသိရပါလား ဘယ်သူလဲ ... ဘယ်ကလဲ"

"မမလည်း ဘယ်သိပါ့မလဲ၊ မမ အိမ်ထောင်ကျတာ ဒီက ခွဲသွားတာ နှစ်နှစ်နီးပါး ရှိပြီဟာကို"





"အခု ... သူ့ချစ်သူနောက်များ လိုက်သွားတာလား မမ ရယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

"အို ... ညည်းကလည်း အပျက်စကားချည်းပဲ"

"ဟုတ်တယ်လေ မေမေရဲ့၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ မဟုတ်ရင်လည်း မဟုတ်ဘူးပေါ့၊ ဘယ်အတပ်ပြောနိုင်ပါ့ မလဲ"

"လတ်လတ်က မေမေ့ကို တစ်ယောက်တည်း ထားပစ်ခဲ့ ပြီပေါ့"

"မေမေ့အစ်ကို တစ်ယောက်လုံး မေမေ့နားမှာ ရှိတယ်လေ"

မေမေသည် အရေးကြုံတော့လည်း သူ့အစ်ကို မကောင်းတာ သူ အသိဆုံးမို့ အားငယ်ပေသည်။ ဒီတိုင်းဆိုလို့ တော့ဖြင့် ဘဘကြီးက 'ဖြုန်းလို့ကောင်းလိုက်တာ၊ နည်းသေးတယ်' လို့ပင် ရေရွတ်ဦးမည်။ မပြောရဲ၍ ငုံ့ခံနေသော်လည်း မေမေလည်း ပဲ ခင်ပွန်းသည်ရဲ့ စီးပွားရေးကိုဖြင့် နှမြောနေဦးမှာပါ။ သမီးတွေ ကိုလည်း ရစေချင်သေးမှာပါ။ ဘာလုပ်ရမှန်းမသိ ဖြစ်နေမှာပါ။

"မေမေ ခုထိ ဘဘကြီးကို ပြောစရာရှိတာ ခပ်ပြတ်ပြတ် ပြောဖို့ စိတ်မကူးသေးဘူးလား"

"လတ်လတ်က အောင်ကျော်ဟိုးကို မယူချင်လည်း မေမေ့ ကို ရှင်းရှင်းပြောဖို့ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောသားပဲ၊ သူ့မှာ ချစ်သူရှိပါတယ်လို့၊ မေမေ့ကိုက နားချတာလေ"

"မရှိဘူး ထင်လို့ပေါ့၊ ခုလို လုပ်သွားမယ်လည်း မထင်လို့ပေါ့"

မမကိုယ်တိုင်သည်လည်း လတ်လတ်မှာ ချစ်သူရှိမရှိ တကယ်ကို မသိတာပင်။ လတ်လတ်ဟာ အိမ်တွင်းရေးတွေ စီးပွားရေးတွေကိုသာ မမထံ ဖုန်းလှမ်းဆက် ပြောတတ်ပြီး သူ့ကိုယ်ရေးကိုယ်တာကိုတော့ တစ်ခါမှ မပြောဖူးပါ။

"မေမေ ရီထွေးကို မေးကြည့်ပြီးပလား"

"ဘာကိုလဲ၊ ဘယ်သွားလဲလား"

"သွားတာကတော့ ရန်ကုန်ကိုပဲ နေမှာပေါ့၊ တခြားဘယ်သွားရမှာလဲ၊ ဘာမှလုပ်လို့ကိုင်လို့ မရဘဲ ဘာသွားလုပ်မှာလဲ။ လတ်လတ်ဟာ သူ့ချစ်သူနောက် တကယ်လိုက်ရင်လိုက်၊ မလိုက်ရင် ရန်ကုန်မှာ အဆောင်ရှာဖွေ နေထိုင်ပြီး အလုပ်လေးတစ်ခုရှာပြီး သူ့ဟာသူ နားအေးပါးအေး နေလိမ့်မယ်၊ မေမေ သိပ်တော့ စိတ်ပူမနေနဲ့၊ ရှာတာတော့ ရှာရမှာပေါ့၊ ဒါပေမဲ့ လတ်လတ် ဒုက္ခတော့ မရောက်နိုင်ဘူးလို့ မမ ယုံတယ်၊ ညနေကျ ရီထွေးဆီ သွားလိုက်ပါဦးမယ်"





"ရီထွေးက သူ့ကို ဘာမှမပြောဘူးတဲ့၊ ငါ စိတ်ညစ်တယ်၊ အိမ်မှာတောင် မနေချင်တော့ဘူးလို့တော့ ခဏ ခဏညည်းတယ်တဲ့၊ တကယ် ထွက်သွားမယ်လို့ သူ မထင်ခဲ့ဘူးတဲ့"

"ရည်းစားရှိမရှိကော"

"ရီထွေးကတော့ မရှိဘူး ထင်တာပဲတဲ့"

"တကယ်မရှိတာ နေပါလိမ့်မယ်၊ သူတို့နှစ်ယောက်က ဒီလောက်တွဲတာ မသိဘဲ နေစရာလား၊ ရှိရင် ရီထွေး သိရမှာပေါ့၊ မမ ထင်တယ်၊ လတ်လတ်ဟာ ဒီကအခြေအနေတွေကိုလည်း သိချင်ပြီး ရီထွေးဆီကို ဆက်ကိုဆက်သွယ်မှာပဲ၊ ခုတော့ သုံးလေးရက်ပဲ ရှိသေးတာကိုး၊ မကြာခင် ဆက်သွယ်ပါလိမ့်မယ်"

"အင်း ... ညည်းအားပေးမှ မေမေ နည်းနည်းရင်အေးတယ် မမရယ်၊ လတ်လတ်ဟာ အနံ့အ,အမှ မဟုတ်ဘဲနော်၊ ပါးနပ်ချက်ချာပါတယ်၊ ဒုက္ခတော့ မတွေ့နိုင်ပါဘူးနော်"

"ဘယ်နည်းနဲ့မှ ဒုက္ခမတွေ့နိုင်ပါဘူး မေမေရယ်၊ မေမေ ပူရမှာ လတ်လတ်ကို မဟုတ်ပါဘူး၊ မေမေ့ကိုယ် မေမေပဲ၊ ကိုယ့်သမီးသုံးယောက်အတွက်တောင် မေမေ ထည့်မတွက်ရဲဘဲ ဘဘကြီးကို ကြောက်ရပုံက ယုတ္တိတောင်လွန်ထွက်နေပြီ၊ ဒီစကားပြောလို့ မမတို့ကို မေမေ့ဆီကရမဲ့ အမွေအနှစ် မက်နေမယ်လို့တော့ မေမေ မထင်နဲ့၊ မမက အိမ်တောင်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ မေမေ ဘာမှပူဖို့ မရှိတော့ဘူး၊ လတ်လတ်နဲ့ ငယ်ငယ် ရှိတယ်၊ ငယ်ငယ်ဆိုရင် ခုမှ ဆယ်တန်းဖြေဖို့ ပြင်ဦးလွင်မှာ သော်ဒါသွားနေတုန်း ...

မေမေ့သမီးတွေရဲ့ ရှေ့ရေး ရှိသေးတယ် မေမေ၊ ဒါကို မေမေ ကျပ်ကျပ်စဉ်းစားစမ်းပါ၊ ခုလောက်ဆိုရင် အချိန်မီပါသေးတယ်၊ ဝင်ငွေတွေ တရိပ်ရိပ် ကျဆင်းလာပြီး သူတစ်ပါးလက် ထိုးအပ်တာတို့ ပေါင်ပစ်တာတို့ ဘာမှမလုပ်ရသေးဘူး၊ လတ်လတ်က မေမေ့ကို စိတ်ပျက်သွားတာ ဖြစ်မှာ ...

အနားမှာ ဆက်နေရင် မမှန်ကန်တာတွေ မြင်နေရ၊ မတရားတာတွေ ခံနေရတော့ ပြောဆိုမိမယ်၊ မေမေ့ကို အားမလို အားမရ ပြောမိရင် ငရဲကြီးမယ်၊ ဒါကြောင့် မမဲ့လိုပဲ လွတ်ရာကျွတ်ရာ ရှောင်သွားတာမျိုးပဲ"

မေမေသည် မမ စကားဆုံးလျှင် တရှုံ့ရှုံ့ ရှိုက်ကြီးတငင် ငိုပြန်ပါသည်။ သားအမိနှစ်ယောက် ဧည့်ခန်းထဲ ထိုင်နေစဉ်ပင် ဘဘကြီး ဆိုင်ကယ်တစ်စီးနှင့် ရောက်လာသည်။ အိမ်မှာရှိတဲ့ ဆိုင်ကယ်တွေ ကားတွေလည်း ဘဘကြီး မသုံးဘဲ အားမှကျန်တဲ့သူ သုံးနေရတဲ့ သဘောပင်။ ဘဘကြီးဟာ သူတစ်ပါး ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုအပေါ် ခေါင်းပုံတက်ဖြတ်နေပေမဲ့ ခပ်တည်တည်ပင်။ စီးပိုးဗိုလ်ကျလွန်းပုံက ခံပြင်းဖို့ ကောင်းလှသည်။





"ဟော ... မမရောက်နေပလား"

"ဟုတ်"

"ညည်းတို့အမေကို မျှော်ဦး၊ တငိုငို တရယ်ရယ်နဲ့၊ ဟိုအလတ်မဟာ တယ်မိုက်လုံးကြီးတယ်၊ လူကြီးတွေကို ကန့်ကော့စ လုပ်သွားပုံက ကြည့်စမ်း၊ မရိုင်းလွန်းဘူးလားဟေ့"

"ဘဘကြီးက သူ မကြိုက်တဲ့သူနဲ့ ပေးစားမယ် လုပ်တာကိုး"

"ဘာ ...၊ အောင်မာ ... ညည်းကပါ ညီမဘက်ကလား"

"မမက လတ်လတ် အစ်မပဲ၊ လတ်လတ်ဘက်ကပေါ့ ဘဘကြီးရဲ့၊ မမ ဆိုလည်း မမ မကြိုက်တဲ့သူနဲ့ ဇွတ်ပေးစားမယ်လုပ်ရင် ဒီလိုပဲ ပြေးမှာပဲ"

"ဘာပြောတယ် ... တောက်၊ ညည်းတို့ ညီအစ်မတွေ ပြောတာ ဆိုတာ တယ်မိုက်ရိုင်းပါလားဟင်၊ လူကြီးကို ခံပက်တဲ့ပုံများ ညီအစ်မ မပြောရဘူး၊ ချွတ်စွပ်၊ ဟိုဟာမလည်း ရိုင်းလိုက်တာ စွာလိုက်တာ ကက်ကက်ကို လန်နေတာပဲ၊ ဒါတွေဟာ အဆုံးသတ်တော့ မိဆွေ ... နင်ညံ့လို့ သိရဲ့လား"

သူ နိုင်တဲ့ ညီမကို ပုံချပြီး ပိတ်ဟောက်နေတဲ့ ဘဘကြီးကို မမက ခပ်တည်တည်ပဲ ကြည့်နေပါသည်။ မေမေကတော့ သူ့ညီမမို့ သူ ပြောချင် ပြောပစေ။ ခံတဲ့သူက ခံရင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးရော။ မမတို့ကတော့ တုံ့မ အဆင့်ဖြစ်နေပြီ။ မတရားမမျှတတဲ့ စကားတွေကို နာခံနေဖို့ အကြောင်းမရှိ။

"ဟုတ်ပါတယ်၊ သမီးတွေကလည်း တစ်ဆိတ်ရှိ မိခွေး၊ ကိုကိုကြီးကလည်း တစ်ဆိတ်ရှိ မိခွေး၊ ဟောဒီ မိခွေးကိုပဲ အပြစ်ပုံချနေကြ၊ ပြောပါ ... ပြောပါ၊ မိခွေးကိုပဲ ဝိုင်းပြောပါ"

"နင်ပဲ နင့်သမီးကို မနိုင်တာလေ"

"ဒါပေမဲ့ ခုကိစ္စမှာတော့ ကိုကိုကြီးက လတ်လတ် မကြိုက်တဲ့သူနဲ့ အတင်းပေးစားမယ် လုပ်တာကိုး"

"ခါဘာဖြစ်လဲ၊ လူကြီးက ကောင်းတဲ့လူနဲ့ စီစဉ်တာ ယူလိုက်ပေါ့၊ ဟွန်း ... ငါကိုယ်တိုင်ကို လိုက်ရှာဦးမယ်၊ မိလတ်လတ် ကြည့်ပြီးတော့သာ ပုန်းပေတော့၊ တွေ့လို့ကတော့ မလွယ်ဘူးမှတ်"

"လတ်လတ်မှာ အမေရင်း ရှိပါသေးတယ် ဘဘကြီးရဲ့၊ မမလည်း ရှိပါသေးတယ်၊ ဆုံးမတတ်ပါတယ်"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း မမ၊ တကာက်ကာက်နဲ့ မှာမနေနဲ့၊ လူကြီးတွေမှာ အလုပ်အကိုင်က မကောင်းလို့ ဦးနှောက်ခြောက်ရတာကတစ်မျိုး၊ သူတို့က ပေါက်လွှတ်ပဲစား အိမ်က ထွက်ပြေးတာတွေ ဘာတွေလုပ်လို့၊ လိုက်ဖုံးစမ်းရ ခေါင်းပူရတာက တစ်မျိုး"





"လတ်လတ် ကိစ္စကို မမ စုံစမ်းပါ့မယ်၊ မမ တွေ့အောင်ရှာမယ်၊ ဘဘကြီး အေးအေးနေပါ"

"မနေနိုင်ဘူး၊ ပြန်ရှာတွေ့တာနဲ့ အောင်ကျော်ဟိုးနဲ့ ပေးစားရမှာပဲ"

"ဘဘကြီး ပေးစားလို့ မရတော့ဘူး၊ ခုလောက်ရှိ လတ်လတ်က သူ့ချစ်သူနဲ့ လက်မှတ်ထိုးပြီးရောပေါ့၊ သုံးလေးရက်တောင် ရှိနေပြီ"

"ဘာ ... သူက ယောကျ်ားနောက် လိုက်သွားတာလား"

"သေချာတာပေါ့ ဘဘကြီးရယ်"

"တောက်"

ဘဘကြီး မျက်နှာမှာ ဝက်ထန်တင်းမာသွားပါသည်။

"ညည်း၊ တကယ်ပြောနေတာလား မမ"

"ဟုတ်ကဲ့"

"တောက် ... လူကြီးက လက်နဲ့ရေးထားတာကို သင်းက ခြေနဲ့ဖျက်တယ်၊ ငါက ပြောဆို ကတိပေးပြီးထားပြီ"

"လတ်လတ် ဆန္ဒကို မယူဘဲ ဘဘကြီး ဘာလို့ ကတိပေးရသလဲ၊ လတ်လတ်ကို ဘဘကြီး ပိုင်တာလည်း မဟုတ်ဘဲနဲ့"

"နင်တို့အမေက နလပိန်းတုံးမို့ ငါက ကောင်းရာမွန်ရာ ဝင်စီစဉ်ပေးနေရတာ၊ အောင်ကျော်ဟိုး ဆိုတာ ဂရိတ်ရှယ်ယာရှင်ခွေး၊



www.burmeseclassic.com

နင် ဘာအောက်မေ့လဲ၊ သိန်းသုံးလေးငါးဆယ်လောက်များ စိတ်ထဲ ငွေမှတ်တာ မဟုတ်ဘူး၊ ငါငွေလိုရင်လည်း သူ့ဆီကနေ အချိန်မရွေး ဘယ်လောက်ဖြစ်ဖြစ် ယူသုံးလို့ရတယ်၊ နားလည်လား"

"ဘဘကြီး အဲသလို ယူ,ယူသုံးပြီး ကြွေးတွေတင်ပြီး ပြန်မဆပ်နိုင် မဆပ်ချင်တော့တာနဲ့ လတ်လတ်ကို ထိုးအပ်ဖို့ကြံတာလားဟင်၊ အဲသလိုပဲ မဟုတ်လား"

မမသည် ရိုပ်မိသလိုရှိကာ အသံကလေး တုန်တုန်နှင့် ဒေါသတကြီး မေးလိုက်မိပါသည်။ ထိုအခါမှ မေမေလည်း မျက်လုံးဝိုင်းကာ သူ့အစ်ကို,ကို သူ အဖြေတောင်းသလို လှမ်းကြည့်သည်။

ဘဘကြီးက မျက်နှာပျက်ကာ ...

"ညည်း ဘာတွေ လျှောက်ပြောနေတာလဲ"

"အဲသလိုမှ မဟုတ်ရင် အဲဒီ အောင်ကျော်ဟိုးနဲ့ လတ်လတ်ကို မပေးစားရ မနေနိုင်လောက်အောင် ဘဘကြီး ဘာမှဖြစ်နေစရာ အကြောင်းမရှိဘူး၊ ဘဘကြီး တော်တော်ရက်စက်တယ်၊ ဘဘကြီးကို တုန်အောင်ကြောက်ပြီး မျက်မွေးထော်မော်မကြည့်ရဲတဲ့ ညီမတစ်ယောက်ကို အခွင့်အရေးယူပြီးတော့ တူမတွေကိုပါ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ဖို့ကြိုးစားနေတာ"





မမသည် အသံတုန်တုန်နှင့် ပြောပြီး ခြံထဲဆင်းလာ ဘဘကြီး စီးလာတဲ့ ဆိုင်ကယ်ကိုပဲ တက်၍စက်နှိုးကာ သွားအိမ်သို့ ထွက်ခဲ့ပါသည်။

www.burmeseclassic.com



## ၄

"လုံးဝ မမိုက်ဘူးကွာ တော်လင်း၊ မင်း ဒီတိုင်းပဲ မေ
တော့မှာလား"

"ဘာကိုလဲ ဖြိုးကိုရ"

"ဟိုအမျိုးသမီးလေ၊ မင်းရဲ့ လတ်လတ်လေ၊ လွှန်လွှန်းအား
ကြီးလာတော့ သောက်မြင်ကကတ်လာပြီ၊ သူက ဘာလဲ
ဒီအိမ်ရဲ့ အရှင်သခင်လား၊ မင်းမိန်းမ မို့လို့လားကွာ …
ကဲ"

ဖြိုးကိုသည် ဒီအချိန်ဆို လတ်လတ် တစ်ယောက်
မီးဖိုဘက်မှာဆိုတာ အတပ်သိ၍ ပြောချင်ရာကို နင့်နင့်သီးသီးကို
ပြောချပစ်လိုက်ပါသည်။

"အာ … မင်းကလည်းကွာ"





"ဟုတ်တယ်လေ၊ ဒီအိမ်ရောက်လာတာ ဘယ်နှရက်ရှိသေး
လို့လဲ၊ သူပဲ ဆရာမကြီး၊ သူ့ပဲ ကြောက်နေရတယ်၊ သူ့
စီမံခန့်ခွဲမှုအောက်ကို ရောက်လို့၊ နေချင်တိုင်း မနေရ၊
လုပ်ချင်တိုင်း မလုပ်ရ၊ သူ့သြဇာနာခံနေရအောင် ငါတို့က
ဘာကောင်တွေလဲကွ"

"အေးကွာ … မင်းအမေလည်း ရှာပဲရှာတတ်တယ်"

နေထိုက်ကပါ ရှုံ့မဲ့မဲ့နှင့် ညည်းညူလေသည်။

"အစ်ကိုက မင်းကွ၊ ဒါ မင်းအိမ်၊ မင်းအိမ်မှာ မင်းပိုက်ဆံ
နဲ့မင်း ဘယ်လိုနေထိုင်ထိုင် သုံးဖြုန်းဖြုန်း သူ့အပူလား၊
ခုကတည်းက ဒီလို၊ မင်းများ ယောင်ယမ်းပြီး ရူးကြောင်
မူးကြောင်နဲ့ သူ့ကို ယူမိရင် ဒီထက်ဆိုးမယ်၊ ဘယ်လောက်
များ နှိပ်ကွပ်ထားလိုက်မလဲ ဆိုတာ …

မင်းကိုကလည်း ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ၊
သူ့စကား ဘာနာခံစရာရှိသလဲ၊ ဒါတွေ မလိုဘူး ဝင်မပါ
နဲ့၊ ဒီလို တစ်ခွန်းတည်း ပြောရုံနဲ့ ပြတ်နေပြီ၊ ခုတော့
ရယ်ဖြဲရယ်ဖြဲနဲ့ ဘာမှမပြောဘူး၊ ဟုတ်ပါတယ် ကောင်းပါ
တယ်ပဲ လုပ်နေတယ်"

"ဟ … သူ လုပ်ကိုင်ပေးနေတာတွေက ကောင်းသားပဲကွ၊
ငါတို့ ယောကျ်ားလေးတွေထက် စည်းကမ်းအများကြီး
ပိုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ၊ စည်းကမ်းနဲ့ နေချင်တာမှ မဟုတ်တာ လွတ်လွတ်လပ်လပ် ကိုယ်ကြိုက်သလို နေချင်တာ၊ ငါနဲ့ နေထိုက်က ဘာမှဝင်ပြီး ငြင်းဆန်ကန့်ကွက်ပိုင်ခွင့် မရှိ ဘူး၊ ငါတို့ကိုက မင်းဆီ ကပ်နေနေရတာကိုး၊ မင်းပြော ရမှာ၊ မင်းငြင်းရမှာ၊ ကိုယ်က သူ့ကို အမိန့်ပေးရမှာ ကျွတ် ... မင်းက အလကားပဲကွာ"

ဖြိုးကိုသည် အတော် စိတ်ပျက်လက်ပျက်နှင့် ရှိ.မဲ့ နေပါသည်။

လတ်လတ် ရောက်တာ နှစ်ပတ်ကျော်အတွင်း သူ တို့အိမ်ဟာ ပုံစံများစွာ ပြောင်းလဲသွားပါသည်။ မနက်မိုးလင်း ရင် သူတို့သုံးယောက်ဟာ နိုးချင်သလို နိုးကြသည်။ တော်လင်း နိုးလျှင် တော်လင်းက Breakfast ကို မုန့်ဟင်းခါးစားမည် ပြော လျှင် ဒေါ်ချွန်မှာ ရှိုင့်လေးဆွဲပြီး မနီးမဝေးဈေးကို တလှုပ်လှုပ် ပြေးရသည်။ တစ်ကြိမ်။

ခဏနေ နေထိုက် နိုးလာလျှင် နေထိုက်က ပဲပလာ တာနှင့် လက်ဖက်ရည် စားမည်ဟု ဆိုလိုက်လျှင် ဒေါ်ချွန်ကြီးမှာ ဒီဘက်လမ်းထိပ်ဘက်က လက်ဖက်ရည်ဆိုင်ကို ပြေးရပြန်ရော၊ နှစ်ကြိမ်။ နောက်တစ်ခါ ဖြိုးကို နိုးလာပြန်တော့ ဖြိုးကိုက မြီးရှည်စားမည်ဆိုလျှင် ဈေးဘက်တစ်ခါ ထပ်ပြေးရပြန်နှင့် အကြိမ် ကြိမ် အခါခါ အဘွားကြီးမှာ မသက်သာ။





ကိုယ်စားမည့်ဟာကို မနက်အတွက် ကြိုမှာထားရင် သည်း ဒေါ်ချွန်ကြီး တစ်ကြိမ်တည်းပေါင်းကာ ဝယ်ရရဲ့။ ခုတော့ အဲလိုမဟုတ်။ ယောကျာ်းလေးတွေမို့ အောက်သက်မကျေ။ အဘွား ကြီး အကြိမ်ကြိမ် ပြေးရပါလား နားမလည်။

ဒါကို တစ်ရက် နှစ်ရက် မြင်ပြီးသော် လတ်လတ်က မနက်စာဝိုင်းကို ဦးစွာချုပ်ကိုင်လိုက်ပါသည်။ တစ်အိမ်သားလုံး မုန့်ဟင်းခါး။ သို့မဟုတ် တစ်အိမ်သားလုံး ထမင်းကြော်။ သို့မ ဟုတ် တစ်အိမ်သားလုံး ပဲပလာတာ။ သို့မဟုတ် တစ်အိမ်သားလုံး မြီးရှည်၊ မုန့်တီ၊ နန်းကြီး၊ တစ်ခုခု။ လူတိုင်းအတွက်စာ ဆင်တူ ဝယ်လိုက်သည်။ လက်ဖက်ရည်ကို အိမ်မှာမဖျော်၍ ကော်ဖီပဲဖျော် သည်။ လက်ဖက်ရည် သောက်လိုတဲ့သူက ကိုယ့်ဟာကိုယ် လမ်း ဆိပ်ထွက်သောက်။ အိမ်မှာ ကော်ဖီပဲ ရမည်။ ထွက်ဝယ်မပေး။

နေမြင့်မှ ထ,တဲ့ ဖြိုးကိုနှင့် နေထိုက်တို့အတွက် ဝယ်ထားတဲ့ မုန့်ပဲသရေစာဟာ မနက်စောကတည်းက ဖြစ်လေရာ သူတို့က ဈေးထူချင်သည်။ ဟင်းရည်ပါတဲ့ မုန့်ဆိုရင် ဟင်းရည် နွေးပေးပေမဲ့ နန်းကြီးတို့ မုန့်တီတို့ပေါ်က ဆီချက်တို့ အနှစ်တို့ က မုန့်ကိုပွချွဲစေပြီ။ ပဲပလာတာတို့ အီကြာကွေးတို့ဆိုရင် မာ ခြောက်ပြီ။

"ကျွန်တော်တို့အတွက်ပါ အလကား အစောကြီး လျှောက် ဝယ်ထားတာကိုး၊ မာကုန် ပွကုန်ပြီပေါ့၊ ဘယ်စားကောင်း တော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစောကြီးတော့ မဝယ်ပါဘူး၊ ခုနစ်နာရီခွဲမှ ဈေးကိုသွ တာပါ ကိုဖြိုးကို၊ ကျွန်မက ဒေါ်ချွန့်ကိုလည်း တစ်နေ့ ဈေးကို တစ်ခေါက်ပဲ သွားရမယ်လို့ စည်းကမ်းလုပ်ထာ လိုက်တယ်၊ အကြိမ်ကြိမ် အလီလီနဲ့ ဒေါ်ချွန်လည်း ပ ပန်းတယ်၊ နောက်တစ်ခေါက် ထပ်ထွက်ဝယ်လို့ ရတာ ဆိုပြီး စိတ်ကပေါ့တော့ ဟိုဟာမေ့ကျန် ဒီဟာမေ့ကျန်လည် ဖြစ်တယ်၊ တစ်ခေါက်တည်း အားလုံးပါအောင် မမေ့မလျှ ဝယ်ဖို့ အကျင့် ကျွန်မ လုပ်လိုက်တယ်"

ဖြိုးကိုက အောင့်သီးအောင့်သက်နှင့် ...

"နေပါဦး၊ အဲဒါတွေ ခင်ဗျားကို ဘယ်သူက တာဝန်ပေး နေလို့လဲ"

တော်ရုံမိန်းကလေးဆိုရင် ဖြိုးကိုရဲ့ မကြည်မလင် ငြိုငြင်သံနှင့် မျက်ထောင့်ကြီးနဲ့ ကြည့်ပုံကြောင့် ရှိန်တွန့်သွားနိုင် သော်လည်း လတ်လတ်ကတော့ ဘယ်လိုမှ တကယ့်ကို ဘယ်လိုမှ ဘာမှ မဖြစ်သွားတဲ့ ရုပ်ပြုံးပြုံးလေးနှင့် မျက်နှာလေး တစ်ဖက်ပင့် ချီကာ ...

"ကျွန်မ ကိုယ့်ဘာသာကိုယ် တာဝန်ယူလိုက်တာပါ၊ ဒီအိမ် မှာ အစက မိန်းကလေး မရှိဘူး၊ အခုရှိပြီလေ၊ ဒါမျိုးကိစ္စ တွေက မိန်းမ အလုပ်တွေပဲ၊ ဒေါ်ချွန်ကကျတော့ ရှင်တို့ ခိုင်းတာ လုပ်ရမဲ့သူ ဖြစ်နေတာ စီမံခန့်ခွဲခွင့်မရှိ ဖြစ်နေ





တယ်၊ ကျွန်မ ဒီတာဝန် ယူထားလိုက်တာ ကိုတော်လင်း အမေ သိရင်လည်း သိပ်ကျေနပ်မှာပါ"

တော်လင်း အမေနှင့် ကိုင်ခြောက်လိုက်လျှင် ဖြိုးကို စပ်ပိတ်သွားရသည်သာ။ ဖြိုးကိုလည်း လူလည်ပဲ။ သူ့ကို ာ်လင်းအမေ သဘောမကျတာ သိသည်။ သူ့သားကို နိုင်စား တဲ့သူအဖြစ် (ဖွင့်မပြောပေမဲ့) တစ်စက်မှ မနှစ်သက်တာ ရိပ် သည်။ တော်လင်းအမေကလည်း ယဉ်ကျေးမှုအရရော သူ့သား က်နှာထောက်လို့ရော ဘာမှမပြောသလို ဖြိုးကိုတို့ကလည်း ရိပ်အခြည် ကြည့်ကျက်နေလိုက်တာသာ။

တော်လင်းတို့ဟာ ယောကျ်ားလူပျိုမို့ ပစီပစပ် စ်ပေါက်ပေါက်လည်း မရှိလေရာ တစ်ကြိမ်မှာ ပိုက်ဆံသုံး ေ:ငါးသောင်းလောက် ဒေါ်ချွန်ကြီး လက်ထဲ ထည့်ထားလိုက် ာပင်။ ဒေါ်ချွန်ကြီးက ကုန်ပြီဆိုရင်လည်း ဘာမှ စစ်ဆေးခြင်း း:ခြင်း မရှိ၊ နောက်ထပ် သုံးလေးသောင်း ထပ်ထည့်လိုက်တာ င်။ အိမ်မှာ ဘာလေးပဲဖြစ်ဖြစ် ဝယ်ခြမ်းသုံးစွဲသမျှသည် ဒေါ်ချွန့် လက်ထဲမှငွေနှင့် ရှင်းရတာချည်းပင်။

ဖြလယမ်းတားမှ တကယ့် ဖြလယမ်းတား။

မနက်ဆိုရင် သတင်းစာသမားဟာ ဆယ်နာရီ ဆယ်နာရီခွဲမှ လာလေရာ ဖြိုးကိုတို့ နေထိုက်တို့ပါ နိုးပြီးချိန် ံကိုက်။ သတင်းစာသမားရဲ့ စက်ဘီးကယ်ရီယာမှာ ပါလာသော



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ထုတ် ဂျာနယ်တွေထဲက ကြိုက်ရာကို ဆွဲထုတ်ထားလိုက်ကြသည်။ ဒေါ်ချွန်ကြီး ဂျာနယ်ဖိုး ထွက်ရှင်း။

နေ့လယ် ထမင်းစားချိန်တွင် နေ့စဉ်နေ့တိုင်း အိ
ထမင်း အိမ်ဟင်း ရှိပါသော်လည်း သူတို့ လတ်တလော စားချ
စိတ်ပေါက်သည့် (ဥပမာ ... ကြေးအိုးဆီချက်၊ ပဿျူးထမင်းကြေ
မလေးရှားခေါက်ဆွဲ စသဖြင့်) စားသောက်စရာကို "ဒေါ်ချွ
သွားဝယ်ပေးစမ်းပါဗျာ"ဟု လွှတ်ဝယ်စေသည်။ စီးကရက်
မှာသည်။ အချိုအချဉ်မှာသည်။ လက်ဖက်ရည်မှာသည်။ အအေ
မှာသည်။ ဒေါ်ချွန့် လက်ထဲကငွေနှင့်သာဝယ်။

ဒါတွေကို လေးငါးရက် ဆက်တိုက်မြင်တွေ့ အ
ခတ်ရပြီးသော် လတ်လတ်မှာ အကြီးအကျယ် မျက်စိစပါးမွေး
လာပါသည်။ မန္တလေးအိမ်မှာ ဘဘကြီး ဗိုလ်ကျနေသမျှတွေနှ
သံတူကြောင်းကွဲတွေချည်းပဲ။ သူများပစ္စည်းကို အနမြော
လက်ဖွာဖွာ ဝင်သုံးနေလိုက်တာ။ သူတို့ပိုက်ဆံလည်း မဟုတ်ဘ
အားမနာ လျှာမကျိုး လိုအပ်တာထက်ကို ဖောဖောသီသီ ဖြုန်းတီ
နေလိုက်ကြတာများ ဘဘကြီး အသေးစားလေးတွေပင် ဖြစ်သည

ဟိုမှာ ဘဘကြီးနှင့် ကမ္ဘာရန် ဖြစ်ခဲ့တဲ့ လတ်လတ်
အတွက် ဒဏ်ရာဟောင်းတွေ အသစ်ဆွခံရသလိုပင်။ ဟိုမှာတုန်
ကတော့ ဘဘကြီးက ကိုယ့်ဘကြီး ဖြစ်နေသေးသည်။ မေမေ
ကိုလည်း လတ်လတ်က ကြောက်ရ သနားရသေးသည်။ ဒီမှာတော့





ဘယ်သူ့ကိုမှလဲ ကြောက်ဖို့ သနားဖို့ မရှိ။ ဖြိုးကိုတို့ကိုလည်း မှဖို့မရှိ။

လတ်လတ်သည် အမေ့အိမ်မှာ မနွဲ့လိုက်ရသည့် ဘိုက်ပွဲကို မမျှော်လင့်ဘဲ ရန်ကုန်မှာ ပွဲကြီးပွဲကောင်း ဆင်နွှဲရတော့ မလို စိတ်ဓာတ်တွေ တက်ကြွပျော်ရွှင်လာသည်မှာ ခြေလက်များ ပင် အေးစက်၍ ရင်တလှပ်လှပ် တုန်သည်အထိ။ တွေ့မယ် ...။ သူတစ်ပါးဥစ္စာပစ္စည်းနဲ့ အချောင်ဖြုန်းသုံးနေတဲ့ သင်းတို့တွေ လတ်လတ်နဲ့ တွေ့မယ်။

ဤသို့လျှင် ကြုံးဝါးကာ လတ်လတ်က အကွက်စေ့စေ့ မျက်စိဒေါက်ထောက်ကြည့်။ စည်းကမ်းစနစ်တွေထုတ်။ လတ်လတ်ရောက်ပြီး တစ်ပတ်အကြာ မီတာခံရွက်လာလျှင် လတ်လတ်သည် ရင်ဘတ်လေးဖိ မျက်လုံးပြူးလျက် ...

"ဟင် ... လူလေးသုံးယောက် လေးယောက် နေတဲ့အိမ်က မီတာခ နှစ်သောင်းကျော် ကျတယ်၊ လွန်လှချည်လား၊ ဒီလိုကြီးတော့ ဘယ်ဖြစ်ပါ့မလဲ၊ သေရချည်ရဲ့ ကိုတော်လင်းရယ်"

တော်လင်းတိုးသည် ရင်လေးဖိ ခါးလေးကိုင်းပြီး အဘွားကြီးအိုလေးလို ဗျစ်စိဗျစ်စိ ရေရွတ်နေတဲ့ လတ်လတ်ရဲ့ ဟန်ပန်လေးကို အဆန်းတကြယ် ငေးကြည့်ရင်း မပြုံးတစ်ချက် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ရှေ့ကရှာ၊ နောက်ပိုင်းက မြလယမ်း။ ရှင် ဒီလောက် အောင်မြင်နေတာ စာမူခ နည်းမှာမဟုတ်ဘူး ရမှာ၊ ကဲ ... ဘယ်လောက်ရလဲ၊ လတ်လတ်ကို ပြောစမ်းပါ"

လတ်လတ်သည် ဒေါ်ချွန်၊ တော်လှင်းတိုးတို့နှင့် စကားပြောလျှင် သူ့ကိုယ်သူ "လတ်လတ်"လို့ ထည့်ပြောလာပြီ ဖြစ်ပေမဲ့ ဖိုးကို၊ နေထိုက်တို့နှင့် ဆိုရင်တော့ ..."ကျွန်မ"။

"အဟင်း ဟင်း"

"ရှင်က ဘာလို့ ရယ်နေတာလဲ၊ လတ်လတ် တကယ်မေးနေတာ ကိုတော်လှင်းရဲ့၊ သိန်းတွေချီပြီး ရတယ် မဟုတ်လား"

"အင်း"

"ဘယ်နှသိန်းလဲ၊ ပြော ... ပြော"

ဖွတ်တရွတ် မေးနေပြန်လျှင် စကားနည်းတဲ့ တော်လှင်းတိုးမှာ ကိုယ့်ဝင်ငွေကို မိန်းမပျိုတစ်ယောက်ရှေ့ ဝန်ခံရမှာ ရှက်သလိုလို ဝန်လေးသလိုလို။ နောက်ဆုံးတော့ ဖြေလိုက်ရသည်တွင် ...

"ဟယ် ... အဲသလောက် ရတယ်၊ ဒါဖြင့် တစ်လတစ်လကို အများကြီး စုနိုင်မှာပေါ့နော်၊ အမေ့ဆီရော ပို့ရလား"





မေးနေပုံက စပ်စုပုံနှင့် မတူဘဲ သူ သိထိုက်တာကို စစ်ဆေးနေပုံနှင့်ပင် တူနေပါသည်။

"မပို့ရပါဘူး"

"အဲဒီတော့ ... ! "

"ဒါပေမဲ့ သိပ်လည်း မစုမိပါဘူး၊ ဟိုဝယ် ဒီဝယ်နဲ့ ကားကို ဆင်တာ သ,တာနဲ့၊ နည်းနည်းစုပိလာရင်လည်း တစ်ခုခုလုပ်ဖို့က ပေါ်လာပြန်ရော၊ ဥပမာဆိုရင် ပြီးခဲ့တဲ့လက ကားရဲ့အခွန်ငွေက နှစ်ရစ်ကျန်တာ အကျေသွင်းလိုက်ရတယ်၊ လိုင်စင်ဝင်ရတာနဲ့ ရှိတာ ချောသွားပြန်ရော၊ နည်းနည်းရှိလာရင် တီဗီလဲချင်၊ ကားလဲချင်၊ ခရီးထွက်ချင်နဲ့ ချောပြန်ရော"

"အို ... စုမိတာ မရှိဘဲ ချောတာချည်းပါပဲလား"

"ဟုတ်တယ်ဗျ"

"အဲလို ဘယ်ဖြစ်မလဲ၊ လူလေးယောက် အခုဆိုရင် လတ်လတ်ပါတော့ ငါးယောက် ထမင်းစားတာ မုန့်စားတာ ကော်ဖီသောက်တာ အလွန်အကျွံ တစ်နေ့ ငါးထောင်ပဲ သုံးရမယ်၊ တစ်လ တစ်သိန်းခွဲ။ ကျန်တဲ့ငွေကို ရတာနဲ့ ဘဏ်ထဲသွားအပ်ထားပေါ့၊ လက်ထဲမှာ အသေးသုံး ငါးသောင်းလောက်ပဲ ထားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... လိုရင် ဘဏ်သွားထုတ်နေရမှာစိုးလို့"

"အဲသလို သွားထုတ်ရမှာ စိုးတာနဲ့ မထုတ်ဖြစ်တော့ဘူ ပေါ့၊ Bill ဆောင်ဖို့ရှိတာ ဓာတ်ဆီထည့်တာတွေ ကိုတော် လင်း ဘာသာသုံးပြီး စားစရိတ်ကို ဒေါ်ချွန်ကို တစ်ဝ တစ်သိန်းခွဲပဲ ပေးရမယ်၊ ဒေါ်ချွန်ကလည်း စာရင်းရေးဖြ မှတ်မှပေါ့"

"ဟုတ်ကဲ့ ... ဒေါ်ကြီးလည်း အဲလိုစာရင်းလုပ်ချင်ပါတယ် လက်ထဲ သုံးလေးငါးသောင်းက ရွှတ်ခနဲ ကုန်လွန်းလို ထပ်ထပ်တောင်းရတာ မျက်နှာတောင် ပူတယ်၊ စာရင် ရေးရင်ကျတော့ မောင်တော်ကလည်း မခိုင်းတော့ ကြိုက် မကြိုက် မသိလို့"

"ကြိုက်တယ်၊ စာရင်းရေးပါ ဒေါ်ချွန်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"မီတာခ နှစ်သောင်းကျော် ဆိုတာ ဖြစ်ကို မဖြစ်ရဘူး ဒေါ်ချွန်လည်း ဟော့ထ်မလိတ်နဲ့ချည်း ချက်တာ မဟုတ် ဘူး၊ ဂက်စ်နဲ့လည်း ချက်သေးတယ်၊ ဒီတော့ မီတာခ တအားကုန်နေတာတွေကို လေ့လာကြည့်လိုက်ရင် အဲကွန်း နဲ့ ရေတင်တဲ့ မော်တာက တက်နေတာ ဖြစ်မှာ၊ အိမ်က လည်း တစ်ထပ်တိုက်ပဲ၊ နှစ်ထပ်တိုက်တောင် မဟုတ်ဘူး အိပ်ခန်း သုံးခန်းက အဲကွန်းသုံးလုံးဟာ တစ်ချိန်လုံး ဖွင့်





ထားတာ တွေ့နေရတယ်၊ ခြံထဲနေနေရင် အဲကွန်းသံတွေ သုံးလုံးပြိုင် ကြားနေရတာ၊ တစ်ခါ တစ်ခါ လူက အခန်း ထဲမှာ မရှိဘူး အပြင်သွားနေတယ်"

အဲဒါမျိုးက ယောကျာ်းလေးများဖြစ်တဲ့ တော်လင်း၊ ဖြိုးကို၊ နေထိုက်တို့ သုံးယောက်လုံး မလွတ်ပါ။ မော်တာနဲ့ ရေ တင်ပြီး မပိတ်မိတာ နာရီပေါင်းများစွာ။ မီးတွေကိုလည်း ဖွင့်ခဲ့ ပြီး ဘယ်တော့မှ မပိတ်။ လတ်လတ် မသိနိုင်တဲ့ တီဗွီကြီးဖွင့် ထားကြည့်ရင်း အိပ်ပျော်သွားပြီး ညလုံးပေါက်နီးပါး တီဗွီ က ပြနေတာမျိုးလည်း ရှိသေးသည်။

"မီတာခကို ပထမတစ်ရစ်အနေနဲ့ တစ်ဝက်ကျအောင်ချ မယ်၊ လွယ်လွယ်လေးပါ၊ ကိုတော်လင်း၊ ကိုဖြိုးကို၊ ကိုနေ ထိုက်တို့ အဲကွန်းဖွင့်ချိန်ကို တစ်ဝက်လျှော့ချလိုက်ဖို့ပဲ ညအိပ်မှ ဖွင့်ပေါ့၊ နေ့ဘက် မဖွင့်နဲ့ပေါ့၊ ခုဆိုရင် မိုးရွာ နေပြီ၊ မအိုက်တော့ပါဘူး၊ ကိုတော်လင်းကတော့ စိတ်အေး အေးချမ်းချမ်းနဲ့ စာရေးတဲ့အလုပ် လုပ်ရမဲ့သူ ဆိုတော့ စာရေးချိန်မှာလည်း ဖွင့်ပစေပေါ့"

ဖြိုးကိုသည် ကိုယ်ကချည်း လူပေါ်လူဇော် လုပ်လာ ခဲ့သူဖြစ်ရာ လတ်လတ်ကို ရက်တိုတိုအတွင်း လုံးဝကြည့်မရတော့ တာ အဆန်းမဟုတ်ပေ။

"မင်း ... ဘာမှမပြောတော့ဘူးပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘယ်ပြောလို့ ကောင်းမှာလဲ၊ သူက ကောင်းရာ ကောင်းကျိုးအတွက် လုပ်ပေးနေတဲ့ဟာ"

"မင်းအတွက်တော့ မထောင်းတာဘူးပေါ့၊ ငါတို့အတွက်ကတော့ အတော်ခံပြင်းဖို့ ကောင်းတယ်ကွ၊ သူကဝင်ပြီး စီမံခန့်ခွဲနေပုံက သူသာ ဝင်မစီမံရင် မင်းရှာသမျှ အဖတ်မတင် ရေစုန်မျောရတော့မဲ့ ပုံမျိုးနဲ့"

"အဲဒါလည်း ဟုတ်တယ်ကွ ဖြိုးကိုရ၊ ငါ ခုထိ ဘာစုမိလို့လဲ၊ နဂိုတည်းက နေစရာအိမ်၊ စီးစရာကားက ရှိနေတော့ ကားလဲနိုင်ရုံလောက်လေးပဲ ရှိတယ်၊ ငွေအပုံလိုက်ဆိုတာ ဖြစ်ကို မလာတာ"

"ဟ … ဒါပေမဲ့ကွာ၊ သူ လုပ်ပုံက ငါတို့လို မင်းအိမ်ကပ်နေတဲ့သူတွေ နေရကျပ်တာပေါ့၊ ငါတို့ကြောင့် စရိတ်တွေ တက်ကယ်ဆိုတာ ဖွင့်မပြောရုံ တစ်မယ်ပဲ"

တကယ်တော့ တော်လင်းတိုးဟာ ယောကျ်ားလေး တစ်ယောက်မို့ သိပ်မမြင်တတ် မတွက်တတ်တာအပြင် သူငယ်ချင်းတွေကို အနွံတာခံ ပေါင်းတတ်သူ ဖြစ်တာကြောင့်လည်း ဘာမှ ပြောစရာ မဖြစ်ခဲ့တာ။ တကယ်တမ်းတော့ ဒီသူငယ်ချင်း နှစ်ယောက်ကို အိမ်ပေါ်တင် ကျွေးထားတာ အဖေဆုံးပြီးကတည်းကပင်။ ကားလည်း ယူသုံးချင်သလိုသုံး။





ဖြိုးကိုက ကားဝယ်ရောင်း လုပ်နေပေမဲ့ ကားတစ်စီးစာငွေရင်း စိုက်နိုင်သူ မဟုတ်၍ သုံးလေးဦး စပ်တူပေါင်းပြီးမှ ကားတစ်စီး ဝယ်ထားနိုင်တာမျိုးဖြစ်ရာ အချိုးကျထည့်ငွေ နည်းသည့် ဖြိုးကို အိမ်ကို ကားယူထားခွင့် မရှိပါ။ ထည့်ငွေများတဲ့သူက ကားကို အိမ်မှာ ယူထားသည်။ ဒီတော့ ဖြိုးကိုမှာ ကောက်ကာင်ကာ သွားလာစရာ စီးတော်ယာဉ် မရှိ။

သူ့ကားကိစ္စကလည်း လှစ်ခနဲ လှစ်ခနဲ ထွက်ရတာတာ ရှယ်ယာဘော်ဒါတွေ လာမခေါ်ဘူးဆိုရင် တော်လင်းကားကိုပဲ ခွဲသွားလိုက်ဖြစ်တာပင်။ တော်လင်းဟာလည်း နေ့စဉ် နေ့တိုင်း အပြင်ထွက်တတ်တဲ့သူ ကားသုံးတဲ့သူ မဟုတ်။ တစ်ခါတစ်ရံသာ အပြင်ထွက်ပြီး ထွက်ဖြစ်ရင်လည်း ညနေပိုင်းသာ။

နေထိုက်ကတော့ ဟိုးအရင်က ကွန်ပျူတာစာစီစာရိုက် ဂရပ်ဖစ်တွေလုပ်တဲ့ ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ပါသည်။ အဲဒီဆိုင်မှာပဲ ရသလောက်လခနှင့် စွဲလုပ်လာတာ လွန်ခဲ့တဲ့သုံးသလောက်က အဲဒီဆိုင်ရှင်က သဘောတက်တော့မည်ဆိုပြီး ဆိုင်ဖြုတ်လိုက်တော့ သူလည်း အလုပ်အလိုလိုပြုတ်။ အဲဒီကတည်းက တခြားအလုပ်လည်း ထပ်မရှာဖြစ်ဘဲ လတ်လျား လတ်လျားနှင့်ရောပြီး ပျင်းလေနေတာ။ အသေးသုံးဖို့ငွေကို နယ်က မိဘထံကပြန်မှာသုံးပြီး စားစရိတ်ကတော့ တော်လင်းတိုးထံ စားရ၍ စရိတ်ပျောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသေးသုံး ဆိုတာကိုက စရိတ်ပျောက်လုနီးပင်။ ဆေးလိပ်ဖိုးကအစ ဒေါ်ချွန့်ထံ မှာလိုက်ခြင်းအားဖြင့် စရိတ်ပျောက်နေတာ။ တစ်ကိုယ်ရည် ကုန်ကျမြဲ သွားတိုက်ဆေး၊ ဆပ်ပြာ၊ Shampoo တို့ကအစ ကုန်ရင်ဝယ်ဖို့ ဒေါ်ချွန့်ကို ဈေးကမှာနေတာ ဖြစ်ရာ ဘာမှ ကုန်စရာမရှိသလောက်ပါ။

နေထိုက်က ခေါင်းတညိတ်ညိတ်နှင့် ...

"တကယ်တော့ ဟုတ်လည်း ဟုတ်တာပဲ ဖြိုးကိုရ၊ ငါတို့က တော်လင်း အပေါ် မှီခိုလွန်းအား ကြီးနေတာ အမှန်ပဲ၊ ထမင်းကျွေးထားရတယ် ဆိုတာလောက်က တော်သေးတယ်၊ ခုဟာက ငါတို့ကို တော်လင်းက လုံးလုံးတာဝန်ယူထားရသလိုကို ဖြစ်နေတယ်၊ စဉ်းစားလိုက်ရင် ငါတို့က အမှီခိုလွန်နေပြီကွ"

"ဟာ ... ငါ့ါတွေ မတွက်ပါဘူး နေထိုက်ရာ၊ မေ့ထားစမ်းပါ"

"သူပြောလည်း ပြောချင်စရာပဲလေ၊ ငါတို့ကလည်း စည်းပျက်ကမ်းပျက်၊ ခုနလို အဲကွန်းကြီးတွေဖွင့်ပြီး ထားပစ်ခဲ့ပြီး မြို့ထဲထွက်သွားဖြစ်၊ ညနေမှ ပြန်လာဆိုတာမျိုးတွေ အကြိမ်ကြိမ်ပဲ၊ အဲဒါကျတော့ သိပ်တာဝန်မဲ့လွန်းရာ ကျလာတယ်ကွ၊ ဒါကို ဘေးကနေ မိန်းမပျိုတစ်ယောက်က မြင်ပြီး အထင်သေးစရာ ဖြစ်နေရင် ရှက်စရာကြီးကွ"





ဖြိုးကိုကတော့ မျက်နှာပို၍ ပုပ်သွားကာ ...

"ဘာကို ရှက်ရမှာလဲ၊ ပြောရရင် သူက နောက်မှပေါက်တဲ့ ရွှေကြာပင်၊ ငါတို့က ဒီကောင့် ငယ်သူငယ်ချင်းတွေ၊ ခုမှပေါ်လာပြီး သူက အပိုင်အနိုင် လာလုပ်နေတာကို မခံချင်တာ၊ ကဲ ... တော်လင်း၊ မင်း ဘာမှမစီစဉ်တော့ဘူးလား"

"ဘာကို စီစဉ်ရမှာလဲကွ"

"သူ့ကို အဆောင်ပို့ပစ်ပေါ့"

"အာ ... မင်းကလည်း၊ သူက ဒီမှာနေပါရစေ ပြောပြီးနေတာ၊ အဆောင်ဖွတ်ပို့တော့ ကောင်းပါ့မလား၊ ငါ့အမေ မျက်နှာလည်း ရှိသေးတယ်ကွ"

"တော်စမ်းပါ တော်လင်းရာ၊ မင်းအမေကိုများ မင်းက ဘယ်တုန်းက ဂရုတစိုက်ရှိလို့လဲ၊ မင်းအမေ ပြောချင်ရာ ပြော မင်းလုပ်ချင်ရာပဲ လုပ်နေကျပဲဟာ၊ ခုဟာကျမှလာပြီး၊ မင်း ဒီကောင်မလေးကို ကြိုက်နေပြီလား"

"ဟာ ... မင်းကလည်းကွာ"

"လုံးဝ မလှဘူးနော် တော်လင်း"

"အဲလောက်ကြီးလည်း မဟုတ်ပါဘူး ဖြိုးကိုရာ၊ သူက ဆွဲဆောင်မှုတစ်မျိုးလေး ရှိတာ ဖြိုးကိုရ၊ ချောတာ လှတာထက် စွဲမက်စရာ ထက်မြက်တောက်ပတဲ့ အရည်အသွေးတချို့က မျက်နှာပေါ် ပေါ်လွင်နေတာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နေထိုက်၊ စာရေးဆရာက မင်းလား တော်လင်း
လား၊ မင်း သိပ်ပိုမနေနဲ့၊ ဒါမှမဟုတ် မင်းကြိုက်လား
မင်းကြိုက်ရင်လည်း ဖွင့်ပြောပြီး မင်းနယ်ကို ခေါ်သွားတော့
ကွာ"

"ဟော့ကောင်...၊ ဘာတွေလျှောက်ပြောနေတာလဲ၊ လတ်လတ်
က တော်လင်းကို အရမ်းအထင်ကြီး လေးစားပြီး အရမ်း
သဘောကျတာကွ၊ လတ်လတ် မျက်လုံးတွေက တော်လင်း
ကိုကြည့်ရင် အရည်လဲ့နေတာ"

တော်လင်းသည် နေထိုက် စကားကြောင့် တစ်မျိုး
ကြီး ရင်မှာရှိန်းဖိန်းသွားပါသည်။

"မင်းက ကြားက ပင့်ပေးမနေနဲ့ နေထိုက်၊ ဒီကောင်က
လည်း သိပ်ရိုးချင်တာ မဟုတ်ဘူး"

"ဘာဖြစ်လဲ၊ ကြိုက်သွားပစေပေါ့၊ သူတို့မိဘတွေကလည်း
သဘောတူထားတဲ့ဟာ"

"ဒီကောင်နဲ့ လတ်လတ် ရလို့ကတော့ ငါဆိုရင် အိမ်ရှေ့
တောင် နင်းရမယ် မထင်ဘူး"

"အဲလောက်ကြီးလည်း မဟုတ်ပါဘူး ဖြိုးကိုရာ၊ လတ်လတ်
က ပြောတယ်၊ အမြင်မတော်တာဆိုရင် မပြောဘဲ အောင့်
ထားလို့ မရဘူးတဲ့၊ သူ အဲဒီလို ဝင်ဝင်ပြော ဝင်ဝင်ပါ
စီမံခန့်ခွဲမိလွန်းလို့ သူ့ဘကြီးနဲ့လည်း မတည့်ဘူးတဲ့"





"တည့်နိုင်စရာလည်း ဘာအကြောင်းမှ မရှိဘူး"

ဖြိုးကိုကတော့ အတော်ကို မျက်မုန်းကျိုးနေပါ
သည်။ သူ့အတွက် အနေမချောင်ဆုံး ဖြစ်သွားရသည်လေ။
ဖက်ဖက်ရည်သောက်ချင်ရင် ကိုယ့်ဟာကိုယ် ဆိုင်ကိုထွက်သောက်
တဲ့ စည်းကမ်းကလည်း ဖြိုးကိုအတွက် နစ်နာသည်။ ကိုယ်စား
ချင်ရာကို စားချင်တဲ့အချိန် မစားရတော့တာလည်း တစ်ပြဿနာ။
ဆွမ်းကို မခိုင်းရဘူး ဆိုတော့ ကိုယ့်ဟာကိုယ် သွားဝယ်စားရ
သည့် သဘောပင်။ ဒီတော့ အားလုံး စရိုက်ငြိမ်းနေရာမှ ဘဝဂျက်
ခံခိုက်မှု ရှိလာသည်။

စီးကရက်လည်း ကိုယ့်ဟာကိုယ် ဝယ်သောက်ရ
တော့ နေထိုက် ယူသောက်လို့ မြန်မြန်ကုန်မှာတောင် စိုးပြီး ဘူး
ကို အိတ်ထဲချည်း ထည့်ထားသည်။ အပြင်ထုတ်ပြီး မချတော့။
ဒါကိုသည် ကိုယ့်မျက်ချေးတော့ ကိုယ်မမြင်ဆိုတာလို ကိုယ့်ပစ္စည်း
ကျတော့ သိပ်သိတတ်လွန်းပြီး သူများပစ္စည်းသုံးရတာကျ မြိန်
ရည်ရှက်ရည် ရှိသူပင်။

သူ့အတွေးမှာ သူတို့ ဘယ်လိုကပ်သုံးလို့လည်း
တော်လင်းတို့ မွဲမသွား။ တတ်နိုင်သည်။ ကိုယ့်သူငယ်ချင်းက
တတ်နိုင်လို့လည်း ကိုယ်က ကပ်ရိတ်တာပေါ့။ သူ အဆင်မပြေ
ရင်လည်း ကိုယ်က ဒီလိုဘယ်လုပ်မလဲ။ တော်လင်းက ကြည်ဖြူ
အားပါလျက် ဒီမိန်းမက ကြားကဝင် တားဆီးပိတ်ပင်တာ
ဟု၍သို့ပင် တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရင်းထိုင်ရင်း သူ့မျက်နှာရိပ် မျက်နှာကဲ ကြည့်ပြီး နေရထိုင်ရတဲ့ဘဝ ရောက်နေတယ်၊ လုံးဝ မမိုက်ဘူးကွာ"

"ဟောကောင် တော်လင်း၊ ခုပဲ နှစ်ပတ်ကျော်ပြီ၊ သူတက်ပေးမယ်ဆိုတဲ့ သင်တန်းတွေလည်း ဘာမှ မတက်ပါလား"

"အေးကွ"

"သင်တန်း လာတက်မယ် ဆိုတာရော အစကတည်းက ဟုတ်ရဲ့လားလည်း မသိပါဘူး၊ မင်းအမေများ တစ်ဖက် ပုဆိုးနဲ့ ကမင်ပို့လိုက်သလားတောင် ထင်မိတယ်၊ သူ့ပုံက ပိုင်စိုးပိုင်နင်း ရှိလွန်းတော့ အဲသလိုပဲ ထင်စရာပဲ၊ ကဲ ... ငါ့လစ်ရဦးမယ်၊ ဒီနေ့ ကိုမျိုးကြီးတို့နဲ့ ချိန်းထားတယ် ငါ ကားယူသွားမယ်နော် တော်လင်း"

"အေး ... ယူသွားလေ၊ ငါလည်း သွားစရာမရှိပါဘူး ဒီနေ့ စာပဲရေးမှာ၊ ပြီးခါနီး နှစ်ခန်းအလိုပဲ ရှိတော့တယ်"

ဖြိုးကိုက တော်လင်းတို့ အခန်းကထွက်ကာ သူ့ အခန်းသို့ဝင် အကျီလဲလာသည်။ ဝတ်စားဆင်ယင်ပြီး၍ အခန်း ထဲက တံခါးဖွင့် ထွက်လာချိန်မှာ လတ်လတ်က သူတို့အိပ်ခန်း တွေနားက ဖြတ်လျှောက်ကာ ဘုရားပန်းအိုး တစ်ဖက်တစ်ချက် ကိုင်လျက် ဘုရားခန်းဘက် ဦးတည်နေရာမှ ...

"ကိုဖြိုးကို အဲကွန်း မပိတ်ခဲ့သေးဘူး"





ခရီးသွားဟန်လွှဲ ဆရာလုပ် အမိန့်ပေးခဲ့သေးသည် ... ဖြိုးကို မကျေချမ်းရသော်လည်း ဒီတိုင်း ဆွတ်ထွက်သွား... ...သည်း မဖြစ်တာကြောင့် အခန်းထဲ ပြန်ဝင်ကာ ... ...ကိုက်ရပါသည်။ ဘယ်လိုမိန်းမလဲ မသိဘူး။ အလုပ်နဲ့လက်နဲ့ ...သည်း မပြတ်။ ပါးစပ်နဲ့ အမိန့်နဲ့လည်း မပြတ်။ ဟိုဟာလည်း ...ဘွ လိုက်တာပဲ။ ဒီဟာလည်း သိလိုက်တာပဲ။ ဖြိုးကိုက တော်လင်း ...တို့ အခန်းဝမှရပ်ကာ ...

"တော်လင်း ... ငါ့ကို ဒီနေ့ မင်းဟန်းဖုန်း ခဏပေးလိုက်... စမ်းပါကွာ"

"ဒီမှာလေ၊ လာယူသွားလေ"

ဖြိုးကို ပြန်ထွက်လာလျှင် ... သူ့ကို လှမ်းကြည့်ကာ သဘောကျပုံ မပေါ်တဲ့ လတ်လတ်... ...ဘွ့ရ၍ ဖြိုးကိုက ခပ်တင်းတင်းပဲ အိမ်ကထွက်လာခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၁

"မင်းကောင်က လာရော လာဦးမှာလား စိုးမင်းရာ"

"အေးလေ၊ ဒီလောက်ရှိမှတော့ မလာတော့ဘူးနဲ့ တူ
တယ်၊ သေချာအောင် ဖုန်းတစ်ချက် ဆက်ကြည့်လိုက်ကွ
မလာအားသေးဘူး ဆိုရင်လည်း ပြန်မယ်"

"အေး"

ဖြိုးကိုက ကားကိုမှီရပ်နေရာမှ ခါးမှာချိတ်ထားတဲ့
ဟဲန်းဒ်ဖုန်းကို ဟန်ပါပါ ဖြုတ်ယူ ခလုတ်နှိပ်ကာ နားမှာကပ်လိုက်
ပါသည်။ တကယ်တမ်းမှာ ကားကလည်း တော်လင်းတိုးကား
ဖုန်းကလည်း တော်လင်းတိုးဖုန်း။ သူ ရှယ်ယာပါပြီး ဝယ်ထားတဲ့
ကားက သူများဆီမှာ။ သူ ယူထားခွင့်မရှိ။

အခုလည်း တစ်ယောက်ကပြမည့်ကားကို ဖြိုးကိုနှင့်
စိုးမင်း သွားပြီး ရှေ့ပြေးကြည့်နှင့်ဖို့ သူတို့ပါတနာစုထဲက ငွေ
အင်အားအကြီးဆုံး ကိုဇော်မင်းက ခိုင်းလိုက်တာ ဖြစ်သည်။





ပြမည့် တိုနီနှင့် ဒဂုံစင်တာရှေ့ ချိန်းလိုက်သည်။ ဒဂုံစင်တာ
ဖြိုးကို အရက်ပုလင်း ဝယ်ချင်ကာက တစ်ကြောင်း၊ တိုနီ
က်နေတဲ့ နေရာက မြေနီကုန်းနှင့် အနီးတစ်ဝိုက် ဖြစ်နေတာ
ဆင်ပြေနေတာကြောင့်, တစ်ကြောင်းပင်။

"ဟဲလို ... အေး ... တိုနီလား၊ ဟာ ... ဟေ့ကောင်၊ မင်း
က ဘာလဲကွ၊ အခု ဘယ်ရောက်နေလဲ"

"ငါ မြေနီကုန်းမှာ မရှိတော့ဘူး၊ ထာမွေ ပါသွားပြီကွ"

"ဟာ ... မင်းက ခုပဲ လာမယ်ဆိုလို့ ဒီမှာ ငါတို့ အခု
ဒဂုံစင်တာရှေ့က စောင့်နေတာလေ"

"ဆောရီး သူငယ်ချင်းရာ၊ ငါ မင်းဆီပဲ ထွက်ခဲ့တော့မလို့
ပါပဲ၊ ဟိုဘက်ကားကိုလည်း လှမ်းချိန်းပြီးသွားပြီ၊ အဲဒါ
အခု ဒီမှာ တခြားကားတစ်စီးက ပွဲလာဖြစ်နေလို့ကွာ
အဲဒါနဲ့ ဒီဘက်ပါသွားတယ်"

"မင်းတော့ မဟုတ်သေးဘူးကွာ၊ ငါတို့ကတော့ တစောင့်
စောင့်နဲ့၊ မင်းက ဖုန်းတောင်လှမ်းဆက်ဖော် မရဘူး"

"အေးကွာ၊ ဆောရီးပါကွာ၊ ငါ တောင်းပန်နေပြီပဲ၊ ငါ
လည်း ပြန်လာရင် မိနိုး မိနိုးနဲ့ လှမ်းမဖျက်သေးတာ၊
အခု ဒီမှာ ငွေတောင်ချေတော့မှာဆိုတော့ မမိတော့တာ
သေချာသွားပြီကွ ငါ မနက်ဖြန် လက်ဖက်ရည်တိုက်ပါ့
မယ် သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်ဖက်ရည် ဘာလုပ်ဖို့လဲ၊ မရဘူး လက်ဖက်ရည်
နဲ့"

"အေးပါကွာ၊ နက်ဖြန်တွေ့မယ်နော်"

"ဒါပဲဟေ့ကောင်"

ဖြိုးကိုက ဖုန်းကိုပိတ်လိုက်ရင်း ...

"ဒီကောင် ဒီအတိုင်းပဲ၊ ဘယ်တော့မှ စကားတည်တဲ့ကော
မဟုတ်ဘူး၊ ဒီဆို ဟိုကိုရောက်နေတာ"

"ဒါဖြင့် ငါတို့လစ်ကြမယ်ပေါ့"

"ဒါပဲ ရှိတာပဲ"

"ဟာ ... ဖြိုးကို၊ ဟိုမှာ ဟိုမှာ၊ လှေကားက ဆင်းလာတ
လေး မိတယ်ကွ"

စိုးမင်း စကားကြောင့် ဖြိုးကိုက ဒဂုံစင်တာရဲ့ ဆ
တီကိုအောက် လှေကားထစ်ကြီးများမှ ဆင်းလာသူတွေဆီ လှည့်
ကြည့်လိုက်ပါသည်။

"အပြာလေး"

စိုးမင်းက ထပ်မံအတည်ပြုလိုက်၍ ဖြိုးကိုက အပြာ
ရောင်အရိပ်ကလေးကို လိုက်ရှာသည်။ အင်္ကျီဖြူပါးပါးကလေး
မှာ ဓာတွန့်လေးတွေ ခရော့စ်ကြိုးလေးတွေ ရှုပ်ယှက်ယှက်နှင့်
လုံချည်က ခရေဇီတောက်တောက် အပြာရောင်။ အသားကဖြူဝင်း
တော့ အဖြူအပြာတောက် ဝတ်စုံက လင်းနေသည်။ ဖြော့စ်ဝင်





သာ ဆံပင်စတွေကို နဖူးမှ နောက်ဘက်သို့ လှန်သိမ်းသပ်တင်
ခင်း ဒီဘက်လှည့်ကြည့်လိုက်တဲ့ ရုပ်သွင်လေးကို မြင်သော် ...

"မိုက်တယ်ကွာ"

စိုးမင်းက ထပ်မံရေရွတ်ကာ ဖြိုးကိုကတော့ "အိ"
နဲ့ ရှုံ့မဲ့သွားရသည်။ သင်းက တစ်ယောက်တည်း ဒဂုံစင်တာ
လာနေပါလား။ မန္တလေးသူ အထက်သူ ဆိုပေမဲ့ အသားရောင်က
ဖြူဝင်းအိနစ်ပြီး စိုလက်နေသည်။ မပိန်မဝ အလောတော် ကျစ်
လျစ်သွယ်လျတဲ့ ကိုယ်ဟန်ကလည်း မတ်၍ကြော့သည်။ ရုပ်က
အချောအလှစားကြီး မဟုတ်သော်လည်း ဆွဲဆောင်ခြင်းတစ်မျိုး
နှင့် ညှို့ဖမ်းစားနိုင်တဲ့ ရုပ်မျိုး။

ကားငှားမည့်ပုံနှင့် ဟိုဒီကြည့်လိုက်တဲ့ လတ်လတ်က
ဖြိုးကို့ကို မြင်သွားပါသည်။

"ကျွတ် ... မြင်သွားပြီ"

"မင်းနဲ့ သိလား"

"အင်း"

ဖြိုးကိုသည် စိတ်ထဲက လတ်လတ်ကို ကြည့်မရပေ
မဲ့ အပြင်ပန်းကတော့ လူကြီးလူကောင်း လူယဉ်ကျေးပုံပြီးကာ
(စိုးမင်းရှေ့လည်း ခပ်လုလု ကောင်မလေးနှင့် ကျွမ်းကြောင်း
ပြကြောင်း ကြွားချင်သေး၍) လတ်လတ်ကို ရှေ့နစ်လှမ်းလော
ဘိုး၍ နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လတ်လတ် ဈေးလာဝယ်လား"

"ဟုတ်ကဲ့ … ကိုဖြိုးကိုရော"

"ကားတစ်စီးကြည့်ဖို့ ချိန်းထားပြီးမှ ပျက်သွားလို့ ခုပဲ ပြန်တော့မလို့၊ လတ်လတ်ရော ပြန်မှာပဲ မဟုတ်လား"

"ဟုတ်ကဲ့ ပြန်မလို့ပဲ၊ ကားငှားဖို့ ကြည့်နေတာ"

"ကျွန်တော်လည်း ပြန်မှာပဲလေ၊ တစ်ခါတည်း လိုက်ခဲ့လေ"

လတ်လတ်က ဘေးကလူပိုကို ကြည့်ရင်း …

"ကိုဖြိုးကို မိတ်ဆွေပါသေးတယ်မို့လား"

"သူ့ကို ဒီစမ်းချောင်းနားမှာပဲ ချမှာ"

"ကျွန်မကို ပို့ရလို့ အလုပ်ကိစ္စ ပျက်နေဦးမယ်"

"အလုပ်ကိစ္စ ပြီးသွားပါပြီ"

ဖြိုးကိုသည် လတ်လတ်ကို စေတနာရှိလွန်းလို့ မဟုတ်။ မျက်လုံးကျွတ်ကျမလို ဖြစ်နေသော စိုးမင်းရှေ့၌ ပနာယူချင်၍ ချိုသာလိုက်လျောစွာ ပြောနေတာပင်။ စိတ်ထဲတော့ မကြည်ဖြူ။ အပြင်ပန်းကလေးကြည့်ပြီး မိသလေး ခိုက်သလေး ပြောနေတဲ့ စိုးမင်းကို အောကြောလန်စရာကောင်းပုံတွေ၊ ကြီးကျယ်နေရာယူပုံတွေ တမဲ့တစွဲ ပြောပြလိုက်ချင်သည်။

"လတ်လတ် ဝယ်တာ ခြမ်းတာရော ပြီးပြီလား"

"ဟုတ် … ပြီးပါပြီ"





လတ်လတ်သည် တကယ်တော့ ဘာမှဝယ်စရာ ခြမ်းစရာ ရှိလှတယ်ရယ်လည်း မဟုတ်ပါ။ သူမကို တော်လင်းတိုး သင်တန်းတွေတက်ဖို့ မစုံစမ်းသေးဘူးလား၊ သူ စုံစမ်းပေးရ မလားနှင့် ပြောနေတာ နှစ်ခါ သုံးခါ ရှိပြီ။ လတ်လတ်က ဘာ သင်တန်းမှ တက်မည့်သူမှ မဟုတ်တာ။ စုံစမ်းစရာလည်း မလို။ အကြောင့် အပြင်မထွက်တာ။

ခုထိသင်တန်းကိစ္စ ဘာမှမလှုပ်ရှားပါလားလို့ တော်လင်းတိုး သံသယဝင်လာမှာကို စိုးလို့သာ ဒီနေ့တော့ …

"လတ်လတ် သင်တန်းကိစ္စ စုံစမ်းဖို့ အပြင်သွားလိုက်ဦးမယ် ကိုတော်လင်း"

"ဟာ … လတ်လတ်ကလည်း၊ ဒီနေ့ ဖြိုးကို ကားယူသွားတာ ကားတောင်မရှိဘူး၊ လတ်လတ် သွားစရာရှိတယ်ဆိုတာ ကြိုသိရင် ဖြိုးကို့ကို ကားဘယ်ပေးလိုက်မလဲ၊ သုံးစရာရှိတယ်ဆိုပြီး ယူထားမှာပေါ့၊ နောက်နေ့မှ သွားမလား"

"ဒီနေ့ပဲ သွားလိုက်ပါ့မယ်၊ ကားနဲ့ပို့ဖို့လည်း မလိုပါဘူး၊ ကိုတော်လင်းရယ်၊ လတ်လတ် သွားတတ်ပါတယ်"

"ဟာ … လတ်လတ် တစ်ယောက်တည်း ကျွန်တော် စိတ်မချပါဘူး၊ လတ်လတ် တကယ်သွားတတ်လို့လား"

"လတ်လတ် ဆယ်တန်းဖြေပြီးလောက်တုန်းက ရန်ကုန် တစ်ခေါက် ရောက်ဖူးပါတယ်၊ သွားတတ်ပါတယ်၊ ခုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားစီးသွားမှာမှ မဟုတ်တာ၊ ကားငှားသွားမှာမှ မဟုတ်တာ၊ ဘာမှမခဲယဉ်းပါဘူး”

ဖွတ်ပြောပြီး ဖွတ်ထွက်လာတာ။ ကိုတော်လင်းနဲ့ အတူသွားရရင် သင်တန်းတွေကို တကယ်ဝင်စုံစမ်းပြီး တကယ် အပ်နေရဦးမည်။ ကိုယ်က သင်္ချင်တန်းတက်မည့်သူမှ မဟုတ်တာ။ ဒီတော့ လတ်လတ်က တက္ကစီပေါ်တက်ထိုင်ပြီး “ဒဂုံစင်တာကို ပို့ပေးပါ”လို့ ပြောလိုက်တာပင်။

မနစ်က ရီထွေး သူ့အမေ သူ့အစ်မတို့နှင့် ရန်ကုန် အလည်လာခဲ့ကြသည်။ လတ်လတ်ကိုတောင် အပျော်လိုက်ဖို့ ခေါ်ပါသေးသည်။ အိမ်မှာ ဆေးခန်းမှာ ဗိုလ်လုပွဲတွေ ပြင်းထန် နေချိန်မို့ လတ်လတ် မလိုက်ဖြစ်တာ။ ရီထွေးက ဒဂုံစင်တာဟာ အချက်အချာကျ သွားရလွယ်ပြီး ဝယ်လို့လည်း ကောင်းသည်လို့ ပြောတာမို့ ဒဂုံစင်တာကို ထွက်လာတာ။

တစ်ယောက်တည်း ဟိုကြည့် ဒီငေးနှင့် လိုအပ်လှ တယ် မဟုတ်ဘဲ ဟိုဝယ် ဒီဝယ် တိုလီမုတ္တာလီတချို့ ဝယ်ခြမ်းပြီး ကြိုးကိုင်းတပ် အိတ်လေးတွေ လက်မှာ သုံးလေးခု ပြည့်ကာ လာပြီမို့ ပြန်တော့မည်လို့ ထွက်လာတာ။ ကိုဖြိုးကိုနှင့် ဆုံနေတော့ လည်း သူလည်း အိမ်ပြန်မယ် ဆိုရင်တော့ လိုက်သွားရုံပင်။ တစ်အိမ်တည်းကို ပြန်မှာ ဒီလောက် လမ်းကြုံနေတာ။

“ဒါဖြင့် လိုက်မယ်မို့လား”





“ဟုတ် ... လိုက်ခဲ့မယ်လေ”

လတ်လတ်က ဖြိုးကိုတို့ ကားဆီ တိုးကပ်လျှောက် လာပါသည်။

“လတ်လတ်”

ဟိုးနောက်ဘက် တစ်နေရာက အော်ခေါ်သံကြောင့် လတ်လတ် ခေါင်းလေးက တအံ့တသြ နောက်ဘက်လှည့်သွား သည်။

“ဟဲ့ ... လတ်လတ်”

မိန်းကလေးတစ်ယောက်က အပြေးအလွှား လှမ်း လာနေရာ ဖြိုးကိုလည်း ကားထဲ လှမ်းမဝင်ဖြစ်သေးဘဲ လှည့်ကြည့် နေမိပါသည်။

“ဟယ် ... မြတ်”

မိန်းကလေး နှစ်ယောက်ဟာ တစ်ယောက်လက် ကောင်း တစ်ယောက် ကိုင်လှုပ်ကာ တအံ့တသြ ဝမ်းပန်းတသာ ဖြစ်နေကြပုံရပါသည်။

“ရှင် အခု ရန်ကုန်ရောက်နေတယ်၊ ဟုတ်လား မြတ်”

“အေး ...၊ ဟိုမှာ”

မြတ်က နောက်ဘက်ကိုလှမ်း၍ မေးထိုးပြလိုက်ရာ လမ်းမကမ်းမှာ သူမရဲ့အဖော် အမျိုးသားက ရပ်နေတာ တွေ့ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလား"

"အင်း ... ပြေပါတယ်၊ ရှင်ကော"

"အို ... လတ်က ဘာအဆင်မပြေစရာရှိလဲ"

"ဟုတ်ဘူးလေ၊ ရှင် အခု ဘယ်မှာနေပြီး၊ ဘာတွေလု
နေလဲ"

"လတ်လား ...၊ လတ် အခု အဆောင်တစ်ခုမှာ နေတယ်
ပြီးတော့ ဟိုလျှောက်သွား ဒီလျှောက်သွားပဲ"

ဖြေရင်း လတ်လတ်က ဖြိုးကိုဘက် မလုံမလ
မျက်လုံးစွေဝဲကာ ကြည့်လိုက်ပါသည်။ ဖြိုးကိုကလည်း လတ်လ
ရဲ့ အဖြေစကားကို ကြားလိုက်ရတာမို့ အံ့အားသင့်သွားမိပါသည်

"ဘယ်အဆောင်မှာလဲ၊ လိပ်စာပေးထားလေ"

"အင်း ... နေဦး၊ ခု အဆောင်ကို လတ် သိပ်မကြိုက်လ
ပြောင်းမလို့ အဆောင်ထပ်ရှာနေတယ်၊ မသေချာသေးဘူ
ပြောင်းဖြစ်မဲ့ အဆောင်ရဲ့လိပ်စာကျမှ ပေးတော့မယ်
မြတ်ရဲ့လိပ်စာနဲ့ ဖုန်းနံပါတ်သာပေးထား၊ လတ် ဖုန်းဆက်
လိုက်မယ်"

ဖြိုးကိုက "အင်း ... လည်းသားပဲ"လို့ တွေးသည်
ဘာကြောင့် တခြားမိန်းကလေးတစ်ယောက်ကို နေရပ်လိပ်စာ
ညာပြောရသနည်း။ မလာစေချင်လို့လား။ ဘာကြောင့်လဲ။ တစ်





က်က ကောင်မလေးကတော့ စာရွက်လေးတစ်ရွက် ပိုက်ဆံအိတ်
ထဲ မွှေရှာကာ သူ့လိပ်စာကို ရိုးရိုးသားသားပဲ ရေးပေးပါသည်။

"ဒါက မြတ်တို့ အခုငှားနေတဲ့ တိုက်ခန်းလိပ်စာ၊ သုံးလ
ငှားထားတယ် လတ်ရဲ့၊ အဲဒီလောက်ရှိရင်တော့ အိမ်က
ပြေလည်ကောင်းပါရဲ့လို့လေ၊ ဖုန်းနံပါတ်က ဒါ ကိုကိုကျော်
ကျိအက်စ်အမ်မ်နံပါတ်၊ အကြောင်းထူးရှိရင် ဆက်နော်၊
လတ်ကိုကော ဖုန်းကောဆက်လို့ မရဘူးလား"

"ဟင့်အင်း၊ အဆောင်မှာ ဖုန်းလည်းမရှိဘူး၊ လတ်ပဲဆက်
လိုက်မယ်"

"တစ်ပတ်တစ်ခါလောက် ဖုန်းဆက်ပါလား လတ်"

"အင်း ... အင်း ..."

"မန္တလေးက ဘာသတင်း ကြားသေးလဲ၊ ဘာတွေထူးသေး
လဲ"

လတ်လတ်က ဖြိုးကိုဘက် ကျောခိုင်းကာ အသံကို
ခိုး၍ ...

"ဘာဆို ဘာသတင်းမှကို မကြားဘူး၊ ငြိမ်ချက်သားကို
ကောင်းနေတာပဲ၊ ဒါပေမဲ့ တို့ကလည်း သတင်းရနိုင်စရာ
နေရာမျိုး အခြေအနေမျိုးမှာမှ မရှိတာ၊ ဒီနေ့ကျမှ အပြင်
ကို စ,ထွက်တာ မြတ်ရဲ့၊ အိမ်ထဲမှာပဲ နေတာ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကလည်း လတ်လတ် အတိုင်း လေသံကို နှိုး လိုက်သော်လည်း မျက်လုံးလေးက လက်လတ် နောက်မှာ ကာ ကိုမှီရပ်နေသူကို တစ်ချက်ချောင်းပြုကြည့်လိုက်ပြီးမှ ...

"သူက ဘယ်သူလဲ"

ဖြိုးကိုသည်လည်း တီးတိုးလုပ်နေကြပြီ ဆိုကတည်း က အကြီးအကျယ် စိတ်ဝင်စားကာ နည်းနည်းလေး နေရာရွှေ့ ရပ်၍ ပိုမိုနီးကပ်စေလိုက်တဲ့အပြင် လည်ပင်းကြီးပါရှေ့ကို စန့် ထွက်မတတ် အာရုံစိုက်ပြီးကြားအောင် နားစွင့်လေသည်။

"သြော် ... ဟိုဒင်းပါ။ အလကားပါ၊ အဆောင်ပိုင်ရှင်ရဲ့ ဒရိုင်ဘာပါ"

ဖြိုးကိုသည် အကြီးအကျယ် ဒေါသထွက်သွားပါ သည်။ လတ်လတ်ကလည်း အဆောင်ပိုင်ရှင်သားတို့ တခြားတစ် ခုခုတို့ ပြောနေရင် ဘယ်လိုပတ်သက်ပြီး ဘယ်လောက်ရင်းနှီးနေ လဲဆိုတာ မြတ်က စိတ်ဝင်စားပြီး တစ်မျိုးတွေးနေဦးမှာစိုးတာ မန္တလေးက လူသိတစ်ယောက်ယောက်နဲ့ဆုံရင် အင်မတန်မှစကား များလွန်းလှတဲ့ မြတ်က အိတ်သွန်ဖာမှောက် လျှောက်ပြောရင် မဟုတ်ကဟုတ်က သတင်းတွေ မန္တလေး ရောက်သွားမှာလည်း ကြောက်လို့ပင်။

"အာ ... မဖြစ်နိုင်တာ"

"ဘာလို့မဖြစ်နိုင်တာလဲ"





"ခါးမှာ ဟန်းဒ်ဖုန်းကြီးနဲ့ဟာ"

"သြော် ... ဒါက အဲဒီအဆောင်ရှင်က အချိန်မရွေးဖုန်း ဆက်ပြီး ဘယ်ရောက်နေသလဲ၊ ဘာလုပ်နေသလဲ၊ ဘာဖြစ် လို့ ကြာနေလဲ၊ ဘလက်ခ်တက္ကစီ လုပ်နေလား၊ ဆီနိုး ရောင်းနေလား လှမ်း Chack နိုင်အောင် အမြဲဖုန်းထည့် ပေးထားတာ"

"သြော် ... အဲဒါကြောင့် ဒရိုင်ဘာက ဖုန်းနဲ့ ဘာနဲ့ကြွာ နေတာ"

"ကဲ ...ဒရိုင်ဘာကို ထားစမ်းပါ၊ အရေးမပါပါဘူး"

ဖြိုးကိုသည် လတ်လတ်ကို အတော်ဒေါပွကာ နောက် ...နေ တစ်ခုခု ဝင်ပြောရကောင်းမလား စဉ်းစားသည်။ ဘာဝင်ပြော ...န်းလဲ မသိ။ ဟိုကောင်မလေးကိုလည်း မသိတဲ့အပြင် ဟိုကောင် ...လေးရဲ့ သက်ဆိုင်သူ အမျိုးသားက မလှမ်းမကမ်းမှာ ရပ်နေ၍ ...ဝါးဝူးဝါးလည်း လုပ်မကောင်းကာ ရင်ထဲနင့်ပြီး အင်တင်တင် ...ဖြစ်နေသည်။

"ဟဲ့ ... လတ်လတ်၊ နင် ကားဂိတ်ရောက်တော့ စာရေး ဆရာကို တွေ့လား"

မြတ်ရဲ့ စကားတစ်ပိုင်းတစ်စတွင်ပင် လတ်လတ် ...သည် မြတ်ရဲ့လက်မောင်းကိုဆွဲကာ ခပ်လှမ်းလှမ်းကို ခေါ်သွား ...ိုက်ပါသည်။ ဖြိုးကိုသည် ရင်ထဲအင့်နေတာပင် သတိမရနိုင်...



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်မလေး စကားထဲက "စာရေးဆရာကို တွေ့လား" ဆို အကြောင်းအရာကိုပဲ အံ့အားတသင့်ကြီး ဖြစ်နေမိလေသည်။

ဟိုကောင်မလေးက လတ်လတ်ရဲ့ ကိစ္စတွေကို နေပါလား။ စာရေးဆရာ လာကြိုနေမယ်ဆိုတာ အထိတော ဒီကောင်မလေးက သိခွင့်ရထားသည်။ ဒါတောင် လတ်လတ် သူအခု အဲဒီအိမ်မှာရောက်ပြီး နေနေတယ်ဆိုတာ ဘာကြော မပြောတာလဲ။ စကားပြောမြန်မြန်နှင့် လေသံစာစာနှင့် စကာ လည်းများပုံရတဲ့ ကောင်မလေးဟာ အသံနှိမ့်ပြောတာတော သိပ်တိုးသွားတာမဟုတ်။

ဒါကြောင့် လတ်လတ်က အဝေးကု ဆွဲသွားတာ အဲသလို ဆွဲသွားတာဟာ ဖြိုးကိုကို မကြားစေချင်လို့ပေါ့။ မကြာ စေချင်တဲ့ စကားရှိရအောင် လတ်လတ်မှာ ဘာလျှို့ဝှက်ချက်တွေ ရှိသလဲ။ လျှို့ဝှက်ချက်ဟာ တော်လင်းတိုးနဲ့လည်း ပတ်သက်နေ ရမည်။

"ဘာလဲဟဲ့ ... ဘာလဲ"

"နင်ကလည်း အသံကျယ်ကြီးနဲ့ မြတ်ရယ်"

"ဘာဖြစ်လို့လဲ"

"စာရေးဆရာ ... စာရေးဆရာနဲ့ တစ်ခါထဲ၊ ဘေးကလူက စာရေးဆရာတော်လင်းတိုးနဲ့ သိတယ်"

"ဟုတ်လား"





မြတ်က အလန့်တကြားနှင့် ဖြိုးကိုဘက် ပြူးတူး လှည့်ကြည့်ပြန်သည်။

"အာ ... နင်က သိမ်သရုပ်ပျက်တာပဲ၊ သူ့ကို သွားကြည့် မနေနဲ့လေ၊ သူ ရိပ်မိတော့မှာပဲ"

"ဒရိုင်ဘာက စာရေးဆရာတော်လင်းတိုးနဲ့ ဘယ်လိုသိ နေလဲ"

"ဘယ်လိုသိသိပေါ့။ နင်ကလည်း ကိုတော်လင်းတိုးအိမ် မှာလည်း ဒရိုင်ဘာလုပ်ခဲ့ရဖူးရင် လုပ်ခဲ့ဖူးမှာပေါ့"

"မဟုတ်ပါဘူး ထင်ပါတယ်၊ သူက သူ့သူငယ်ချင်းနှစ် ယောက်နဲ့ ထမင်းချက်ကျွေးတဲ့ အဘွားကြီးတစ်ယောက် နဲ့ပဲ နေတာပါ၊ ယောက်ျားလေး တစ်ယောက်က ကိုယ် တိုင် ကားမောင်းတတ်သားနဲ့ ဒရိုင်ဘာ ထားပါ့မလား"

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ မြတ်ရယ်၊ သူနဲ့ ကိုတော်လင်းတိုး က သိနေတော့ ငါတို့ စကားတွေထဲမှာ မသက်ာစရာပါနေ ရင် သွားပြန်ပြောပြနေဦးမယ်၊ စကားတွေ ရှုပ်နေဦးမယ်၊ တော်ကြာ နင် အခု ရန်ကုန်မှာ ဘယ်မှာရှိနေတယ်ဆိုတာ သူကတစ်ဆင့် ကိုတော်လင်းတိုး၊ အဲဒီကတစ်ဆင့် ကိုတော် လင်းတိုးအမေ၊ တစ်ဆင့် တစ်ဆင့်နဲ့ နင့်အမေသိသွားဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ဟုတ်သားပဲ၊ နင် ဒီလူကို ငါနဲ့ပတ်သက်ပြီး အ
မှမပြောနဲ့နော် လတ်လတ်၊ ဟဲ့ ကိုတော်လင်းတိုး
ဘယ်လိုဖြစ်သွားသလဲ ငါ စိတ်ဝင်စားတယ်ဟဲ့၊ သိ
လိုက်တာ၊ အဲဒီနေ့က ကားဂိတ် လာကြိုနေမှာပဲ၊ သူ
ရုပ်လည်းမတွေ့ဖူးဘဲနဲ့ သူကြိုရမဲ့သူလည်း မတွေ့နဲ့ ခေါ
ချာစိုင်းနေမှာပဲ ...

ကြိုမဲ့သူ ပါမလာဘူးဆိုရင် သူ မန္တလေးကို လှ
မေးမှာပဲ၊ အဲဒါဆိုရင် မန္တလေးက သိပြီပေါ့၊ ငါ့အသိုင်း
အဝိုင်းတွေ အခြေအနေ ဘယ်လိုရှိလဲ ငါ အရမ်းသိ
တာပဲ၊ သြော် ... ပြီးတော့ နင့်ကို ပြောရဦးမယ်"

"ဘာလဲ"

"နင့်အစ်မကို ငါ တွေ့တယ်"

"ဟင် ... ဘယ်မှာလဲ"

"ရန်ကုန်မှာပဲ"

"ဟင်"

လတ်လတ်သည် ရင်ကလေးဖိကာ လန့်သွား
သည်။

"နင်နဲ့ ငါနဲ့သာ ဟိုမှာ ဘော်ဒီဖစ်ထ်နက်စ်တက်ရင်း ခ
သွားတာလေ၊ နင့်အစ်မကိုကျတော့ ငါက နင့်အစ်မလို့သ
သိထားတာ၊ ခင်မှမခင်တာ၊ ရင်းလည်းမရင်းနှီးတော့ သူ





သဘောထားလည်း မသိတော့ စကားသေချာမပြောရဲဘူး
ပေါ့၊ ဗိုလ်ချုပ်ဈေးထဲမှာတွေ့တာ လတ်လတ်ရဲ့၊ သူ့
ယောကျ်ားလည်း ပါတယ်"

"ငါ့ကိုများ ဆင်းရှာကြသလား မသိဘူး၊ မေမေက မမကို
ရန်ကုန်မှာ လိုက်ရှာခိုင်းမယ် ထင်တယ်"

"အေး ... အဲဒါပဲ ဖြစ်မှာပေါ့၊ ငါ့ကိုလည်း သူကသိရဲ့ပဲ
လေ၊ နှုတ်တော့ ဆက်တယ်၊ မန္တလေးက မဟုတ်လား
တဲ့၊ ငါကလည်း ဟုတ်ကဲ့လို့၊ မမရော ရန်ကုန်အလည်
လာတာလားလို့ မေးတော့ အလုပ်ကိစ္စနဲ့ ဆင်းလာတာတဲ့၊
ဒီလောက်ပဲ စကားပြောလိုက်ရတယ် ...

ကိုကိုကျော် ပါရင်တော့ ဒီထက် စကားပြောဖြစ်မှာ၊
ကိုကိုကျော်က မမယောကျ်ားနဲ့ ခင်တယ်ဟဲ့၊ ကျောက်လုပ်
ကြတဲ့သူချင်းဆိုတော့ သိတယ်၊ အဲဒီနေ့က ကိုကိုကျော်က
ရွှေဘုံသာလမ်းကို အလုပ်ကိစ္စနဲ့လာတာ၊ ငါကလမ်းကူး
ပြီး ဗိုလ်ချုပ်ဈေးထဲ ဝင်ပတ်နေတာဆိုတော့ ကိုကိုကျော်
ပါမလာဘူးပေါ့"

"ဟုတ်ပါတယ်၊ ငါ့ကို လာရှာတာပဲ နေမှာပါ၊ ငါခုလို
တလန်းလန်းနဲ့ အပြင်တွေ လျှောက်မသွားနေမှ၊ အဲဒီမမ
ကလည်း သူ့ယောကျ်ားနဲ့ မိုးကုတ်မှာပဲ လိုက်နေချင်တာ၊
မန္တလေးအိမ်က ကိစ္စတွေ သူ ခေါင်းရှုပ်လည်း မခံချင်၊



www.burmeseclassic.com

www.burmeseclassic.com



ပြေလည်းမရှင်းတတ်ဆိုတော့ ငါ့ကိုပဲ အဲဒီကို အမြန်
စေချင်နေမှာ၊ ငါတစ်ယောက်တည်းကိုပဲ ပြဿနာတွေ
ရင်ဆိုင်ခိုင်းထားချင်တာ၊ အတင်းပြန်ပို့လိမ့်မယ်၊ ငါ
ပြန်ကို မပြန်ချင်ဘူး၊ နင်လည်း မတော်တဆ မမနဲ့
တွေ့ရင် ငါရှိနေတာ နင်သိတဲ့အကြောင်း မပြောနဲ့နော်

မြတ်က စကားများသူဖြစ်၍ အလေးအနက် မှာ
သည်။

“မပြောပါဘူး၊ ပြောစရာလည်း အကြောင်းမရှိဘူး၊ နင်
တဲ့နေရာ ငါတောင် မသိသေးတာ၊ နင် အဆောင်ပြောင်
ရင် ငါ့ဆီဖုန်းဆက်နော်၊ အသိပေးဦး”

“အေးပါ”

“စာရေးဆရာ အကြောင်းလည်း စုံစမ်းကြည့်စမ်းပါ၊ မေ
မသာပေါ့”

“အေးပါဟာ”

“ဒါဖြင့် သွားတော့မယ်”

“အေး ... အေး”

“ဖုန်းဆက်နော်”

“ဆက်ပါ့မယ်”

လတ်လတ်နှင့် မြတ် လမ်းခွဲလိုက်ကြပါသည်
ကားဆီ ပြန်လျှောက်လာတဲ့ လတ်လတ်ကို ဖြိုးကိုက မျက်မှော





တ်၍ အကဲခတ်နေမိသည်။ လတ်လတ်က သူ့အိမ်ကကားနှယ်
နောက်ခန်းတံခါး ဆွဲဖွင့်ဝင်ထိုင်လိုက်၏။ လတ်လတ် ဝင်ထိုင်မှ
ကိုရော စိုးမင်းပါ ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ကြပါသည်။

လတ်လတ်က မျက်နှာခပ်တည်တည်နှင့် ကား
တင်းမှ အပြင်ဘက်ကိုကြည့်ရင်း တိတ်ဆိတ်စွာ လိုက်ပါလာ
သည်။ ဖြိုးကိုကလည်း နောက်ကြည့်မှန်မှသာ လတ်လတ်ကို
ခိုးကြည့်နေကာ စိုးမင်းရှိ၍ ဘာမှမပြောသေးပါ။ စမ်းချောင်း
လမ်းတစ်လမ်းထဲ စိုးမင်းကို ပြန်ပို့ပြီး နှုတ်ဆက်ထွက်လာ
တော့မှ ဖြိုးကိုက “အဟမ်း”ဟု ချောင်းတစ်ချက် အရင်ဟန့်
ပြီး...

“လတ်လတ်က ရန်ကုန်မှာ အသိမိတ်ဆွေရှိတယ်၊ ဟုတ်
လား”

“ဟုတ်ကဲ့”

“ဒီကောင်မလေးလည်း မန္တလေးကပဲ ထင်တယ်”

လတ်လတ်က ဖြိုးကို့ကို မှန်ထဲမှတစ်ဆင့်ကြည့်
ရင်း ...

“ကိုဖြိုးကိုက ဘာဖြစ်လို့ မေးနေတာလဲ၊ ဘာကို သိချင်လို့
လဲ”

အောင်မာ။ သူက ခပ်ပြတ်ပြတ်။ သူကတော
တ်မှတော့ ဖြိုးကိုကလည်း ခပ်ပြတ်ပြတ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ စကားတွေ ကြားနေရတာ နောက်ကွယ်မှာ တစ်ခုခု ရှိနေသလိုပဲ ထင်လာလို့၊ အဲဒါကြောင့် မေးကြည့်တာ"

"ဘယ်စကားမျိုးမဆို နောက်ကွယ်မှာ အကြောင်းအရာတစ်ခု အဖြစ်အပျက်တစ်ခု ရှိစမြဲပေါ့ ကိုဖြိုးကိုရဲ့၊ အဲဒီနောက်ကွယ်က အကြောင်းအရာ အဖြစ်အပျက် ဆိုတာကလည်း ကာယကံရှင်နဲ့ပဲ ဆိုင်ပါတယ်"

"ဒါပေမဲ့ ခင်ဗျားတို့က တိုးတိုး တိုးတိုးနဲ့ လျှို့လျှို့ဝှက်ဝှက် လုပ်နေကြတော့ စိတ်ထဲ သံသယမကင်း ဖြစ်စရာဖြစ်တာပေါ့"

"ကိုဖြိုးကို ဘာကို သံသယမကင်းတာလဲ"

"မသိဘူးလေ"

"ရှင် အပါအဝင် ကိုတော်လင်းတို့ တစ်အိမ်သားလုံးအတွက် ဘာမှ ပြဿနာဖြစ်စရာ ထိခိုက်စရာ အကြောင်းမရှိပါဘူး"

"နေပါဦး ... ခင်ဗျား အခုစကားပြောနေပုံကိုက တစ်ခုခုကို လျှို့ဝှက်ထားတယ်"

လတ်လတ်သည် စိတ်တိုလာကာ ...

"ကဲ ... အဲဒီတော့ ရှင် ဘာဖြစ်ချင်လဲ"





"ဘာမှ မဖြစ်ချင်ပါဘူး၊ ဘာလဲဆိုတာ သိချင်တာ တစ်ခုပါပဲ၊ ကျွန်တော်နဲ့တော့ မဆိုင်နိုင် မပတ်သက်နိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ တော်လင်းနဲ့တော့ ဒီကိစ္စဟာ သက်ဆိုင်မယ်ဆိုတာ ကျွန်တော် ရိပ်မိတယ်၊ တစ်ခုပဲ၊ အဲဒီကောင်မလေးက ကားဂိတ်မှာ ခင်ဗျားကို လာကြိုတဲ့ သူဟာ တော်လင်းတို့ ဆိုတဲ့ စာရေးဆရာမှန်း ဘာကြောင့် သိနေရတာလဲ"

"ကျွန်မ ပြောထားလို့ပေါ့"

လတ်လတ်က လျှပ်တစ်ပြက် ပြန်ဖြေလိုက်တဲ့အခါ ဖြိုးကိုက ဘာဆက်မေးရမှန်းမသိ။ သူက လတ်လတ် အဖြေခက်နေမယ် ထင်တာ။ ကဲ ... သူပြောထားတာ ဆိုတော့ ပြီးရောပေါ့။ ဘာသိစရာရှိသေးလဲ။

"ရှင်လည်း နည်းနည်းပါးပါး ကြားမှာပေါ့၊ သူက မန္တလေးကပါပဲ၊ ကျွန်မသူငယ်ချင်းပဲ၊ ဒီတော့ ကျွန်မ ပြောပြထားလို့ ကိုတော်လင်းကို သိတယ်၊ ကိုတော်လင်း လာကြိုမှာကို သိတယ်၊ ကဲ ... ဘာဖြစ်သေးလဲ၊ ဘာသိချင်သေးလဲ"

"ကိုယ့်သူငယ်ချင်းဆိုရင် ဘာဖြစ်လို့ ကိုယ့်နေရပ်လိပ်စာကို မပြောခဲ့ဘဲ လျှို့ဝှက်ထားပြီး အဆောင်မှာနေတယ်တို့ ဘာတို့ လိမ်ညာပြောလိုက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစတုန်းကတော့ ကျွန်မ တကယ်ပဲ အဆောင်မှာနေလို့ပဲလေ၊ သူလည်း ဒီတိုင်း သိထားတာ၊ ဒီရောက်မှ ဒေါ်ချွန်ကိုတွေ့လို့ ကျွန်မက ဒီအိမ်မှာပဲ နေတော့မယ်လို့ ဆုံးဖြတ်လိုက်တာလေ၊ ဒါပေမဲ့ လူတိုင်းကို အဲဒီစကား ပြောနေရမှာ မသင့်ဘူး၊ အရှည်တွေ ရှင်းပြနေရဦးမယ် တော်ကြာ စကားက ကားချင် ကားဦးမယ် ...

ကျွန်မဘာသာ ကိုတော်လင်းတို့ ရှင်တို့ကိုလည်း စိတ်ချလို့ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်လို့ ဒီအိမ်ခြံဝင်းထဲက ဆော့ဖင့်ကွာတာလေးမှာ တက်နေပေမဲ့ သူတစ်ပါးကြားရင် ကိုတော်လင်းဆီ အတူတူသွားနေတယ် ဖြစ်ဦးမယ်၊ ဒါကြောင့် မပြောချင်လို့ လိမ်ပြောတာ"

သူ ရှင်းပြတော့လည်း လုံခြုံနေတယ်။ ဘာကို အစ,ဆွဲထုတ်ပြီး သံသယဝင်ရမယ် မသိ။ ဒါပေမဲ့ သံသယဝင်စရာ တစ်ခုခုလို့တော့ (လှုနံ့မဟုတ်တဲ့) ဖြိုးကိုရဲ့ ခေါင်းထဲမှာ အချက်ပြမီး လင်းနေတာပင်။

"ခင်ဗျား ဒီကိုလာတဲ့ အခါက အကြောင်းရင်းက ကွန်ပျူတာတို့ စပီကင်တို့ အင်္ဂလိပ်ရှိသင်တန်းတချို့တွေ တက်ပြီး စာမေးပွဲ ဖြေဖို့ဆို"

"ဟုတ်တယ်လေ"





"အဲဒါ ဘာမှလဲ မတက်ဖြစ်ပါလား၊ တစ်လတောင်ရှိတော့မယ်"

"အဲဒါကို ပူရမှာက ကျွန်မအမေတို့ ကျွန်မတို့သာ ပူရမှာပါ၊ ဘာသင်တန်းမှ မတက်ဘဲ ပြန်သွားလည်းပဲ ရှင် စိတ်သောကရောက်ဖို့ မရှိပါဘူး"

ဖြိုးကို မျက်နှာ မည်းပုပ်သွားပြီး လတ်လတ်ထံ ချက်စောင်းလှမ်းရှယ်ကာ "ခွစားမ"လို့ စိတ်ထဲကကျိတ်ပြီး ရေရွတ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

တော်လင်းတိုး စာရေးတဲ့ အခန်းဟာ သီးသန့်တစ်ခန်းသတ်သတ်ဖြစ်ပြီး အဲဒီအခန်းထဲမှာ စာရေးစားပွဲ ကုလားထိုင်တစ်စုံရယ် နံဘေးမှာ စာအုပ်စင်ငယ်ငယ်ကလေး တစ်ခုသာရှိပါသည်။

စာရေးဖို့ စာရေးစားပွဲရှိရာ စာကြည့်ခန်းလေးဆီလာခဲ့တဲ့ တော်လင်းတိုးဟာ ဟစိလေး ဖြစ်နေတဲ့ သူ့စာကြည့်ခန်းတံခါးကို မျက်မှောင်ကုတ်ကုတ်လေးကြည့်ရင်း တံခါးအဟကြားက လှမ်းကြည့်လိုက်မိသည်။ သူ စာရေးတဲ့ စားပွဲရဲ့အနီးမှာ တကုန်းကုန်း တကွကွ ရှိနေတဲ့ လတ်လတ်ကို အံ့အားသင့်ပြီးငေးကြည့်နေမိပါသည်။

ဘာလုပ်နေပါလိမ့်။





ဟိုတစ်နေ့ကပဲ ဖြိုးကိုက လတ်လတ်ကို သူ့စိတ်ထဲ
ဘာ မသက်သာကြောင်း စီကာပတ်ကုံး ပြောနေတော့ တော်လင်းတိုးဘ ဟားတိုက်ရယ်ပေးလိုက်ရပါသေးသည်။ အဲဒီတုန်းက ဟားတိုက်ရယ်လိုက်တာဟာ ဖြိုးကို ပေါက်ကရတွေ အရှည်ဆက်လိုက်မှာစိုးလို့ တမင်တကာ သူ့ကို လှောင်သလို လုပ်လိုက်ရတာဖြစ်ပြီး တကယ်တမ်းတော့ တော်လင်းတိုး ကိုယ်တိုင်ပင် လတ်လတ်ကို တစ်မျိုးလေး သံသယဝင်နေမိတာပါ။

လတ်လတ် ရောက်ကတည်းက ...

"ရန်ကုန်ကို ချောချောမောမော ရောက်ကြောင်း အိမ်ကိုဖုန်းဆက်ဦးလေ လတ်လတ်"

လို့ သူကပြောတော့ ...

"အေးအေးဆေးဆေးမှ ဆက်တော့မယ်"

အရေးမကြီးသလိုဆိုကာ လတ်လတ်က သူ့အိမ်ကိုဆက်ပါ။ တော်လင်းတိုးကသာ မေမေ့ထံ အကျိုးအကြောင်းသွမ်းဆက်ဖြစ်သည်။ "မြတ်သုဝတီ ရောက်ပြီ၊ အဆောင်မှာမနေဘဲ ဆားဗုဲင်ကွာတာမှာ ဒေါ်ချွန်နှင့်ပဲ နေလိမ့်မည်"ဆိုတာ ပြောကတည်းက မေမေက အံ့အားသင့်နေခဲ့သည်။

"ဟုတ်လား၊ သူ့အမေကပြောတော့ အဆောင်မှာနေမယ်ပြောတဲ့ဟာ။ ဆားဗင့်ကွာတာမှာ သူ နေဖို့ အဆင်ပြေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား၊ အားနာစရာကြီးတွေ ဖြစ်နေဦးမယ်၊ နေပြီဆိုရင်လည်း ကိုယ့်ဘက်က လိုလေသေးမရှိအောင် ဂရုစိုက်ကြားလား သား၊ မင်း ဒီမိန်းကလေးကို ကြိုက်ကြိုက် မကြိုက်ကြိုက် သဘောကျကျ မကျကျ မိကောင်းဖခင် သားသမီး လူယဉ်ကျေးတော့ ပီသရမယ်နော် ...

မေမေက မိန်းကလေးနဲ့ သိပ်မခင်လှပါဘူး၊ သူ့အမေနဲ့ပဲ ခင်တာ၊ သူ့အမေက မေမေ့ဆီ မကြာမကြာလာပါတယ်၊ မေမေက ဘယ်မှမသွားနိုင်ဘူးမို့လား၊ သူချည်းပဲ လာတယ်၊ ခုလည်း နှစ်ရက် သုံးရက်နေရင် လာမှာပါ၊ အဲဒီကျတော့ မေးကြည့်ပြီး သူ့အမေ သဘော ဘယ်လိုရှိလဲ သိရတာပေါ့၊ ဒါပေမဲ့ မင်း ခြံထဲပဲ နေတယ်ဆိုရင်လည်း ညွန့်ညွန့်က သဘောကျမှာပါ ...

ဒေါ်ချွန်ကိုလည်း ညွန့်ညွန့်လည်း သိတာပဲဟာ၊ ဒေါ်ချွန်နဲ့ အတူနေတယ်ဆိုတော့ စိတ်ချလက်ချ ရှိရတာပေါ့၊ ကောင်မလေးက ကြည့်ရတာ မင်းကို မြင်မြင်ချင်း ခင်မင်နှစ်လိုတယ် ထင်ပါရဲ့၊ မင်းကကော သား၊ ဘယ့်နယ်တုံး"

"ဟိုလေ ... အင်း ...၊ ခင်မင်စရာတော့ ကောင်းပါတယ်၊ တစ်မျိုးလေးပဲ၊ သားလည်း မပြောတတ်ဘူး၊ မဆိုးပါဘူး"





သူ ကပေါက်တိ ကပေါက်ချာ ဖြေမိသည်။ မှတ်ချက်မချဟတ်။ သူ့စိတ်ထဲ လတ်လတ်ကို မနှစ်သက်ခြင်း၊ အလိုကျခြင်းမျိုး မရှိတာတော့ သေချာပါသည်။ ဒါဟာ နှစ်သက်တယ် သဘောကျတယ်လို့ အဓိပ္ပာယ်ကောက်ဖို့တော့ စောသေးသည်လို့ ထင်မိသည်။

လေး,ငါးရက်ကြာပြီးမှ တော်လင်းတိုး ထပ်ပြောခပ်သတိပေးမှ လတ်လတ်က မန္တလေးကို ဖုန်းဆက်ပါသည်။ ဆက်တော့လည်း တိုးတိုး တိုးတိုး။ အတော်ကြာကြာတော့ စကားပြောသည်။ ဘာမှတော့ မကြားရ။

"လတ်လတ်အမေက ဘာတဲ့လဲ"

တော်လင်းတိုး မေးမှ ...

"ဟင် ... ဘာကိုလဲ"

"ဒီအိမ်မှာပဲ နေတာကိုလေ"

"ဘာမှမဖြစ်ပါဘူး၊ ဒီလိုပဲပေါ့၊ အေး ... အေးတဲ့"

ဟင် ... တစ်မျိုးကြီးပဲလို့တောင် သူ တွေးမိသည်။ တော်လင်းတိုးကို သူတို့က သိနေပြီး ယုံကြည်စိတ်ချ လေးစားကြတယ်၊ သူ့သမီးနဲ့လည်း သဘောတွေ တူနေတယ်ဆိုရင်တောင်မှ "အေး ... အေး"ဆိုတာထက်တော့ ပိုပြီး လေးလေးနက်နက် စိတ်ဝင်စားကာ သမီးကို တစ်ခုခုတော့ ပြောဖို့သင့်တာပေါ့။ သူ့အမေ ပြောလျက်နှင့် လတ်လတ်က ပြန်မပြောချင်လို့ ဖြစ်ရင်လည်း ဖြစ်မှာလို့ တော်လင်းတိုး တွေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲလည်း မသက်ာစရာရယ်လို့ မဟုတ်ပေ
စိတ်ထဲ မတင်မကျ ဘဝင်မကျ ဖြစ်စရာတွေ ရှိခဲ့သည်။ ခုထိအ
သင်တန်းမှ အပြင်ထွက်ပြီး မတက်တာ။ အေးအေးဆေးဆေးနေ
သူ့အိမ် သူ့ရာနှယ် နေနေလိုက်တာ အပန်းဖြေခရီးသက်သ
ထွက်လာတာနှင့်တောင် တူသည်။

ဘာရယ်လို့ ပြောမပြတတ်လည်း တော်လင်းတို့
ရင်ထဲတွင် သူမအပေါ် မရေမရာ သံသယကလေးတော့ လွှမ်း
ရစ်ဖွဲ့မိတာပင်။ ဖြိုးကိုက အတည်ပေါက်နှင့် မသက်ာဘူး၊ အ
ဘူး ညာဘူးလုပ်တော့ သူက ဖြိုးကို အစိုးရိမ်ပိုသည်းနေသ
ဟားပြလိုက်မိပြန်သေးသည်။

တော်လင်းတို့သည် တံခါးကို တွန်းမဖွင့်ဝင်သေ
ဘဲ တံခါးကြားကပဲ အသာငြိမ်ရပ်ကာ ကြည့်နေဆဲ လတ်လ
က စားပွဲရဲ့ ဗီရိုကလေးတံခါးကို ဖွင့်ကာ အတွင်းက စာမူထ
ကို ဆွဲယူလိုက်ပါသည်။ မကြာခင်ထွက်မဲ့ တော်လင်းတို့ရဲ့
ကွန်ပျူတာကော်ပီကြမ်း။ Proof ဖတ်ဖို့အတွက် သူ ယူထားတ

ထိုစာမူကိုယူပြီး ဗီရိုတံခါးကို ပြန်ပိတ်ကာ အဲဒီဗ
ဗီရိုလေးနံဘေးကိုပဲ မှီလျှောထိုင်လိုက်ရင်း စာမူကို စိမ်ပြေနပြေ
သေသေချာချာ ဖတ်နေပါတော့သည်။ အမယ် ... လက်ထဲမှာလည်
မာလကာသီးမှည့် တစ်လုံးနှင့်။ အလုံးလိုက် ကိုက်ဝါးနေတာ
လက်စသတ်တော့ တော်လင်းတို့ရဲ့ စာမူကို သူက မာလကာသီးနဲ့
မြည်းနေတာကိုး။





တော်လင်းတို့က ပြုံးစိစိ ဖြစ်သွားမိပါသည်။

မှီထိုင်ကာ ဒူးနှစ်ဖက်ကိုထောင်ပြီး လျှောလျှောလေး
ထိုင်နေပုံလေးက ဘေးတိုက်မှာ ကြည့်လို့ အလွန်လှပ အဆင်ပြေ
နေသည်။ ဓာတ်ပုံရိုက်ခံဖို့ ပုံစံပေးနေတဲ့ အတိုင်းပါပဲ။

ခါတိုင်းနေ့တွေက တော်လင်းတို့က မနက်စောစော
စား Breakfast စားသောက်ပြီးလျှင် ခြံထဲခဏတဖြုတ် လျှောက်ရင်
လျှောက်။ ကိုးနာရီမထိုးခင် စာရေးတဲ့အခန်းထဲ ရောက်ပြီ။ စာ
ရေးပြီ။ ဒီနေ့တော့ ညက ဒီဗီဒီတစ်ကားကြည့်တာ အတော်ညဉ့်
နက်သွားပါသည်။ အခွေက နှစ်ခွေတွဲမို့ သန်းခေါင်ကျော် နှစ်နာရီ
နဲ့ သုံးနာရီကျမှ ပြီးတော့သည်။

ဒီတော့ သူ အိပ်ရေးမဝ။ မနက်ကတော့ ခါတိုင်း
အချိန်ပဲ ပုံမှန်ထကာ Breakfast စားသည်။ ပြီးတော့ ခြံထဲလည်း
မဆင်း၊ စာလည်းမရေးဘဲ အိပ်ရာထဲ ပြန်ထိုးအိပ်နေတာ။ ခုတော့
မနက်ဆယ့်တစ်နာရီလောက် ရှိနေပြီ။ ဒီအချိန်ထိအောင်မှ စာရေး
တဲ့အခန်းထဲ သူ မရောက်တော့။ ဒီနေ့အဖို့ သူစာလာမရေးတော့
ဘူးလို့ လတ်လတ် ယူဆပုံရသည်။

ဟိုးတစ်ရက်က သူ့ရဲ့ပတ်ဘလစ်ရှာက Proof
ဖတ်ဖို့ စာအုပ်လာပို့သွားတာလည်း သူမ တွေ့မြင်ထားရာ အဲဒီ
စာမူအုပ်ကို လိုက်ရှာပြီး ခိုမ်ကျကျ လာဖတ်နေတော့တာ။ တော်



www.burmeseclassic.com

www.burmeseclassic.com



လင်းတိုးသည် နှုတ်ခမ်းတွေ အလိုလိုပြုံးနေမိပြီး ခဏကြာ တံခါးကို လက်ဆစ်များဖြင့် တဂေါက်ဂေါက် ခေါက်လိုက် သည်။

"ဟင်"

မိုထိုင်နေရာက ဒီဘက်ကို လှည့်ကြည့်လိုက် လတ်လတ်က မျက်လုံးပြူးကလေးနှင့် ...

"ကိုတော်လင်း အိပ်နေတာ မဟုတ်ဘူးလားဟင်"

တော်လင်းတိုးက အခန်းထဲ ဝင်သွားလိုက်ရင်း ...

"နုနပဲ ထ,လာတာ လတ်လတ်ရဲ့"

"ကိုနေထိုက်က ကိုတော်လင်း အိပ်နေတယ်၊ ညက ည နက်တယ်ဆိုတာနဲ့ လတ်လတ်က စာလာရေးတော့မှ မဟုတ်ဘူးဆိုပြီး၊ အဟင်း ... လတ်လတ် ဒီဟာယူဖတ်တာ ရပါတယ်နော်"

"ရပါတယ် လတ်လတ်ရဲ့ ဖတ်ပါ"

တော်လင်းတိုးက အပြုံးရိပ်နှင့်ပြောကာ ကုလားထိုင် ဆွဲ၍ ထိုင်လိုက်ပါသည်။ အခန်းထဲမှာ တခြားခုံလည်း မရှိတော့ ကော်ဇောခင်းပေါ်မှာ ထိုင်နေဆဲ လတ်လတ်က ဒူးလေးနှစ်ဖက် ပိုက်ကာ သူ့လက်ထဲက စာမူကို လက်ညှိုးညှပ်ပိတ်ပြီး ကိုင်ထား ရင်း ...





"ကိုတော်လင်း ဝတ္ထုတွေက တစ်လခွဲလောက်နေမှ တစ်ခါ ထွက်တယ်၊ ကြာတာပေါ့၊ လတ်လတ်က တစ်ပတ်တစ်အုပ် ဖတ်ချင်တာ"

"ဟောဗျာ လတ်လတ်ရယ်၊ အဲလောက် ထွက်နိုင်ဖို့တော့ စာရေးဆရာလည်း ဘယ်တတ်နိုင်ပါတော့မလဲ"

"လတ်လတ် ရန်ကုန်မလာခင် တစ်အုပ်ထွက်တယ်၊ ပြီးတော့ ဟိုတစ်နေ့က ပတ်ဘလစ်ရှာ လာပေးသွားတဲ့ စာအုပ်သစ်၊ အဲဒါက ဒီတစ်ပတ်မှ ထွက်မယ်ဆိုတာလေ၊ လတ်လတ်က အဲဒီညကပဲ ဖတ်လိုက်ပြီ၊ Proof ဖတ်ဖို့ဆိုပြီး စာမူတစ်ခု ပေးသွားတာ သတိရတာနဲ့ အခု လာရှာဖတ်ရတာ"

"ဝတ္ထုစာအုပ်နဲ့ မဟုတ်ဘဲ ဒီလိုစာရွက်ကြီးတွေနဲ့ ဖတ်ရ တော့ အရသာရှိပါ့မလား"

"ရှိပါတယ်၊ ကွန်ပျူတာရိုက်ထားတဲ့ စာလုံးပဲဟာ၊ ဒီမှာ ကိုတော်လင်း မင်နီနဲ့ Proof ပြင်ထားတာလေးတွေ တွေ့ တယ်၊ အဲဒီပုံစံအတိုင်း လတ်လတ်လည်း ပြင်တတ်တယ်၊ ရှေ့က မပြင်ရသေးတာတွေ လတ်လတ် ဖတ်ရင်းနဲ့ ပြင် ပေးသွားရမလားဟင်၊ ပြီးရင်တော့ ကိုတော်လင်း တစ်ထပ် ပြန်စစ်ကြည့်လိုက်ပေါ့၊ လတ်လတ် အမှားစင်အောင်ပြင် ပါ့မယ်၊ ပြင်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တော်လင်းတိုးက လတ်လတ်ရဲ့ ကြည်လင်တော… တဲ့ မျက်ဝန်းရွှန်းရွှန်းတို့ကို စိုက်ကြည့်ငေးမောနေမိပါသည်။ ပြော… ပြောတဲ့စကားကို သတိရမိသည်။

"အဲဒီ လတ်လတ်က မင်းကိုကြည့်တဲ့ မျက်လုံးများ… တောက်ပရွှန်းလဲ့ပြီး အရည်ယိုမလိုဘဲ၊ မင်းကိုပြော… စကားသံများဆိုရင် နူးညံ့ပြီး မှိုမှိုခိုခို ကြည်ကြည်သိ… လေးကိုဖြစ်လို့၊ မင်းအတွက်များဆိုရင် ထမင်းပွဲပြင်ပေး… ပုံကအစ ငါတို့ဖို့ ပြင်ပေးတာတွေနဲ့ ကွာခြားတယ်… စေတနာကိုပိုလို့၊ ငါတို့ကိုများ စကားပြောရင် မကြည်မသာ… နဲ့ ခွစာမ၊ မျက်နှာကြီးက မာရေကျောရေ၊ အချိုးကိုမပြေ… ဘူး၊ အမြင်ကတ်ဖို့ ကောင်းတယ်"

"ပင်ပန်းပါတယ် လတ်လတ်ရယ်၊ အရသာခံပြီးတော့… ဖတ်သွားပါ၊ ကျွန်တော့်ဘာသာ ပြီးမှပြင်ပါ့မယ်"

"ဒါဆိုလည်း ပြီးရော၊ လတ်လတ်က ကိုတော်လင်း… ကူညီလုပ်ကိုင်ပေးချင်လို့ပါ၊ တော်ကြာ ကိုယ်က ကူညီ… တာ နှောင့်ယှက်ရာ ကျနေမှာလည်း စိုးရသေးတယ်နော်"

"အနှောင့်အယှက် ဖြစ်ရမှာမို့ မပြင်ခိုင်းတာ မဟုတ်ဘူး… လတ်လတ် အေးအေးဆေးဆေး ဖတ်ရအောင်လို့ပါ… ကျွန်တော့်စာအုပ်တွေကို ကြိုက်တာချည်းပဲလားဗျာ။ ပေး… ချင်တာရော မရှိဘူးလား"





လတ်လတ်က နှုတ်ခမ်းလေးကိုစုပြီး ခေါင်းကလေး …လိုက်ပြီးမှ …

"ဒါဖြင့် တစ်ခုတော့ ပြောမယ်"

"ပြောလေ"

"ရှင့်ဝတ္ထုထဲက ဇာတ်လိုက်တွေက တစ်ဆိတ် သဘောကောင်းလွန်းအားကြီးတယ် ကိုတော်လင်းရဲ့၊ သူများကို လိုက်လျောတယ်၊ သည်းခံတယ်၊ ခွင့်လွှတ်တယ်၊ အဲဒါမျိုးတွေကပဲ များနေတယ်၊ တစ်ခါတစ်ရံ သူများကို ကိုယ်က အနိုင်ရဗိုလ်ကျတဲ့ ဇာတ်လိုက်လေးများ ရေးစမ်းပါဦး … လတ်လတ်တော့လေ ကိုယ့်ကို ဗိုလ်ကျနေရင် သိသိနဲ့ ငုံ့မခံနေချင်ပါဘူး၊ ခွင့်လည်း မလွှတ်နိုင်ဘူး၊ ကိုယ်က ပြန်မလုပ်နိုင်တောင်မှ မကြိုက်ဘူး ဆိုတာကို သိအောင်တော့ ပြရဦးမှပေါ့၊ ငြိမ်ခံနေမှာ မဟုတ်ဘူး ဆိုတာ သိမှလည်း သိပ်မဗိုလ်ကျနိုင်ရဲမှာပေါ့၊ နို့မို့ရင် သိပ်အကျင့်ပါတာ၊ ကိုတော်လင်းကတော့ အပြင်မှာနေတာလည်း သဘောကောင်းလွန်းပါတယ်၊ အေးချမ်းလွန်းတယ်"

တော်လင်းတိုးက မျက်ခုံးလေး မြင့်တက်ရင်း …

"အေးချမ်းရတာ မကောင်းဘူးလား လတ်လတ်ရယ်"

"အေးချမ်းရတာ ကောင်းတာပေါ့၊ ဒါပေမဲ့ သူများက ကိုယ့်ကို ထင်သလို ခြယ်လှယ်နေတာ တင်စီးနေတာကို



www.burmeseclassic.com

www.burmeseclassic.com



မသိချင်ယောင် ဆောင်နေတာက အေးချမ်းတာမို့လို့
လတ်လတ် ဆိုရင်တော့ အဲဒါမျိုးကို မသိချင်ယောင်ဆော
ပြီး နေနေရရင် ရင်ထဲမှာကျပ်ပြီး အသက်ရှူမရအော
မွန်းပြီး နင့်လာတယ်၊ မချိမဆန့် အလုံးဆို့လာတ
အောင့်အည်းမနေနိုင်တဲ့အဆုံး ပေါက်ကွဲရော ...

ဒါကြောင့် လတ်လတ်က ကြိတ်မှိတ်မျိုချပြီး မ
မဆန့် ပေါက်ကွဲရတဲ့နည်းကို မရွေးဘူး၊ ရင်ထဲအော
မထားဘဲ ဘွင်းဘွင်း ကန့်ကွက်ဆန့်ကျင်လိုက်တဲ့ နည်း
ပဲ ရွေးတယ်"

တော်လင်းတို့က တဖိတ်ဖိတ် လက်လာ
လတ်လတ် မျက်လုံးလေးတွေကိုကြည့်ရင်း ဘယ်လိုဖျောင်းဖျရမ
မသိဘဲ ဖြစ်ရသည်။

"ဥပမာ နီးနီးစပ်စပ် ပြတာပါ နော်"

"အင်း"

"ဟိုအပတ်က ဂျီအက်စ်အမ်ဖုန်းရဲ့ ဘစ်လ်လာတယ်လေ
တစ်သောင်းခြောက်ထောင်ကျတယ်၊ ဒီဖုန်းက ကိုဖြိုး
ချည်းပဲ အပြင်ကိုယူသွားနေတာ၊ ကိုတော်လင်းက တစ်ပတ်
မှ တစ်ရက်လောက် အပြင်သွားတာ၊ အိမ်မှာဆက်ရင်လည်း
လိုင်းဖုန်းပဲ ဆက်ဖြစ်တာလေ၊ ကိုဖြိုးကိုပဲ သူ့အလုပ်ကိစ္စ
သုံးနေတာ အားလုံးသိတယ် ...





အဲဒါ သူဟာ သူ့ဟာသူ တာဝန်သိသိနဲ့ ဖုန်းဘစ်လ်
ကိုယူသွားပြီး သူ့ပိုက်ဆံနဲ့ဆောင်ခဲ့ဖို့ မသင့်ဘူးလား၊ လူ
မှန်တစ်ယောက်ဆိုရင် ပြောပါတယ်၊ ခုအဲလိုမဟုတ်ဘူး၊
တော်လင်းရေ ဘစ်လ်လာပြီဟေ့ ... ရော့၊ ဆိုပြီး ရှင့်ကို
ပေးသွားတယ်၊ ရှင်ကလည်း အေးအေးပဲ ...

ဟိုတစ်နေ့ကမှ ကိုတော်လင်းပဲ နေ့လယ်ဘက်သွား
ထွက်ဆောင်တယ်လေ၊ အဲလိုကိစ္စမျိုးမှာ ကိုတော်လင်းလို
လတ်လတ်က သဘောမကောင်းဘူး၊ အဲဒါ စီးတာ၊
ကြောတာ၊ လိုးစားတာ၊ မကြိုက်ဘူး၊ လာမလုပ်နဲ့"

တော်လင်းက အပြုံးမပျက် သက်ပြင်းတစ်ချက်သာ
ချရင်း ...

"ဖြိုးကို စရိုက်က အဲသလိုပဲ ရှိတယ်၊ ဒါ သူ့အကျင့်ပဲ
လတ်လတ်ရဲ့၊ ကျွန်တော်က ဟော့ကောင် မင်းဟာမင်းပဲ
ဆောင်လိုက် ဆိုရင်တော့ သူ့ဟာသူ ဆောင်လိုက်မဲ့သူ
ပါပဲ။ ဒါပေမဲ့ ရသလောက် အခွင့်အရေးကို ယူတယ်၊
ကျွန်တော်က သူငယ်ချင်းတွေကို အနွံတာခံ ပေါင်းတယ်
ဆိုတဲ့အပေါ်မှာ သူ အခွင့်အရေး ယူလိုက်တာပါ"

"ဟုတ်တယ်၊ အခွင့်အရေးသမား"

"အဲဒါကို သိပေမဲ့ ကျွန်တော်က ခွင့်လွှတ်နိုင်တာပါ၊
သူငယ်ချင်းကိုချစ်တဲ့ သံယောဇဉ်ပေါ့၊ အဲလို သည်းခံအနွံ
တာခံ အနစ်နာခံတဲ့ ကျွန်တော့် အားနည်းချက်ကို အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းယူတာပါပဲ၊ ကျွန်တော်ကလည်း သူငယ်ချင်းကိုခ တော့ ဒီအပေါ်မှာ ဖွေမယူတာပါ၊ တစ်ခါ တစ်ခါတော အောင့်သက်သက် ဖြစ်သွားတာမျိုးလည်း ကြုံဖူးပါတယ် ဒါပေမဲ့ ရှားပါတယ်၊ ဒီလိုဖြစ်ခဲ့တော့ တစ်ခါတလေ ကျွန်တော် တင်းသွားရင် ဖြိုးကိုရော နေထိုက်ရောခရှ ပျာနေတာပါပဲ"

"ဟွန်း ... ဒါလေးကို ပြန်သနားပြန်ရောပေါ့"

"သူတို့က ကိုယ့်လောက် မပြည့်စုံဘူးဆိုတော့ ပိုလျှံတဲ့ သူက နည်းနည်း တစ်ဖက်ကို ဖြည့်ပေးတာပါပဲ"

"ဟင် ... ကိုတော်လင်းကလည်း အမြဲတမ်းတော့ ကောင်း ပါ့မလား၊ သိပ်အကျင့်ပါတတ်တာ"

"ကိုယ့်ရဲ့ သည်းမခံနိုင်တဲ့ အတိုင်းအတာ တစ်ခုအထိပေါ့၊ ကျွန်တော်က တော်ရုံနဲ့ စိတ်လည်းမတိုတတ်ဘူး၊ ဒေါသ မထွက်တတ်ဘူး၊ မခံချင်တာတွေ အမြင်ကတ်တာ မုန်းတီး တာတွေ စတဲ့ မကောင်းတဲ့ ခံစားမှုတွေ ကျွန်တော့်ရင် ထဲမှာ ဘယ်တော့မှ အလွယ်တကူ အလျှင်စလို မဖြစ်ထွန်း ဘူးဗျ"

"အွန်း ... ကြည်ညိုချင်စရာပဲ ကောင်းနေတော့ပြီ"

လတ်လတ်ရဲ့ ပြောပုံလေးကို တော်လင်းက ချစ်စနိုး ရယ်မောရသည်။ ရုမ့်မှုနှင့် ကလေးတစ်ယောက်ရဲ့ အမူအရာလို ချစ်စရာကောင်းလှပါသည်။





"လတ်လတ်က မဆိုမဆိုင် ကိုတော်လင်းတို့ သူငယ်ချင်း တွေကြားမှာ ဝင်စွက်ဖက်တာ မဟုတ်ပါဘူး၊ ဥပမာပြဖို့ အနီးဆုံးမှာ ရှိနေလို့ ဥပမာပြောပြတာ၊ လတ်လတ်မှာ အဲဒီခံစားချက်က နက်နက်ရှိုင်းရှိုင်း ရှိနေလို့ပါ၊ ရင်ထဲအခံ ရှိတော့ ကိုဖြိုးကိုတို့ ကိုနေထိုက်တို့ကို တစ်ခါတလေ ကိုယ်နဲ့မဆိုင်ဘဲ ဝင်ပြီး အမြင်ကတ်မိတယ်၊ မကောင်းဘူး ပေါ့နော်။ လတ်လတ်နဲ့ မဆိုင်ပါဘူး၊ မပြောသင့်ဘူး ...

လတ်လတ်မှာ နားလည်တတ်တဲ့ အရွယ်ကတည်းက အဲဒီဗိုလ်ကျအနိုင်ကျင့်မှုတွေနဲ့ အနီးဆုံး ပတ်သက်ပြီး ကြီးပြင်းလာခဲ့ရတာ၊ သိပ်ခံပြင်းတယ်၊ မိသားစုထဲမှာလည်း အဲဒါကြောင့် ပွဲကြီးလို ဖြစ်ရတယ်၊ ရိုင်းတဲ့သူလို ဖြစ်ရ တယ်"

တော်လင်းက ခံစားချက်အပြည့်နှင့် မဲ့မဲ့ကလေး ပြောနေတဲ့ လတ်လတ်ကို စိတ်ဝင်တစား စိုက်ကြည့်နေမိသည်။

"မေမေ့အစ်ကို လတ်လတ်တို့ ဘကြီးပေါ့"

"ဪ"

"ဘဘကြီးဟာ မေမေ့အပေါ် သိပ်အနိုင်ကျင့် ဗိုလ်ကျ တယ်၊ နိုင်စားလွန်းတယ်၊ တစ်ဖက်သတ်တစ်ကိုယ်ကောင်း ဆန်လွန်းတယ်၊ ဖေဖေသာရှိရင်တော့ သူ နည်းနည်းလေး တော့ အဟန့်ဖြစ်ဦးမှာပေါ့၊ ခုတော့ ဖေဖေကလည်း လတ်လတ် ဆယ်တန်းအောင်တဲ့နှစ်က ဆုံးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် … လတ်လတ်မှာလည်း အဖေမရှိတော့ဘူးပေါ့”

“ဟုတ်တယ် … ဖေဖေ မရှိတော့ဘူး၊ ဖေဖေလည်း မ
တော့ရော ဘကြီးဟာ ဘာမှဂရုမစိုက်တော့ဘူး၊ မောင်နှ
ပိုင် အမွေအနှစ်ကိုသာမက လတ်လတ်တို့ မိသားစုသီးသ
ပိုင် စီးပွားရေးကိုပါ ထင်သလို ခြယ်လှယ်ပြီး သူ ချ
ကိုင်လာတာ၊ မေမေဟာ ဘဘကြီး ပေးသလောက်
လက်ဖြန့်ယူရရဲ့တာ ကိုတော်လင်းရဲ့၊ မေမေ့ကိုလေ တစ်ခ
တစ်ခါတော့လည်း အားမရ၊ တစ်ခါတစ်ခါတော့လည်း
သနား”

လတ်လတ်သည် ပြောရင်းက မေမေ့ကို သတိရကာ မျက်ရည်ပင် လည်လာပါသည်။

“လတ်လတ်တို့မှာ ညီအစ်မသုံးယောက် ရှိတယ်၊ အငယ်
လေးက ခုမှ ဆယ်တန်းဖြေမှာ၊ ပြင်ဦးလွင်မှာ ဘော်ဒ
ထားထားတယ်၊ အိမ်မှာဆိုရင် ပြဿနာတွေ ဆူညံဆူညံ
တွေနဲ့ စာကျက်လို့လည်း ရမှာမဟုတ်ဘူး”

“ဘာပြဿနာတွေလဲ လတ်လတ်ရဲ့”

“ဘဘကြီးရယ်၊ မေမေရယ်၊ လတ်လတ်ရယ် သုံးဦးသုံး
ဖလှယ် ပတ်ပြီးတက်နေတဲ့ ပြဿနာတွေပေါ့၊ မေမေက
ဘဘကြီး မကောင်းမှုန်း သိရက်နဲ့ သူ့အစ်ကို့ကို မပြော
ရက် မပြောရဲ၊ ကြောက်ကလည်း ကြောက်တော့ လတ်လတ်





ကိုပဲပြော၊ လတ်လတ်က မခံ၊ ဘဘကြီးနဲ့ ရန်တက်ဖြစ်၊ ဘဘကြီးက လတ်လတ်ကို မိုက်ရိုင်းတယ်ပေါ့ …

မိုက်မဲတာတော့ အမှန်ပဲ၊ မမ ဆိုရင် အိမ်ထောင်ကျပြီး အဝေးမှာ နေတယ်၊ ညီမလေးကလည်း ကလေးလို နေတယ်၊ မေမေကလည်း ငုံ့ခံနေတယ်၊ လတ်လတ် တစ်ယောက်ပဲ လူမိုက်လုပ်နေတာ၊ ဘယ်သူမှ အမုန်းမခံတာကို လတ်လတ် တစ်ယောက်ပဲ ဒိုင်ခံသိမ်းကျုံးပြီး အမုန်းခံနေတာ မိုက်တာပေါ့နော် ကိုတော်လင်းရယ် …

အဲဒါကြောင့်လည်း အခုလို …”

ပြောကောင်းကောင်းနှင့် ခံစားချက်တွေကို ရင်ဖွင့်နေတဲ့ လတ်လတ်သည် ဒီနေရာရောက်ကာမှပင် သူ့ကိုယ်သူ သတိရလာပါသည်။ ကြည့်စမ်း … ကိုယ့်မိသားစု အကြောင်းတွေ သူ့ကို လူရင်းတစ်ယောက်လို ကိုယ်က ဖွင့်ပြောနေမိလိုက်တာ။ တကယ်တော့ သူ့အသိမှာ ကိုယ်က “မြတ်သုဝတီ” လေ။ “မြတ်သုဝတီ” ရဲ့ အကြောင်းတွေ မိသားစုရေးရာတွေ သူ့အမေထံက သူ ကြားဖူးနားဝ ရှိနေရင်တော့ အားလုံး လွဲတော့မှာပဲ။

လတ်လတ်က တော်လင်းတိုးဘက် အလန့်တကြား လှည့်ကြည့်ကာ …

“ဟို … ဒီ … ဒီအကြောင်းတွေ ကိုတော်လင်း သိလား ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … မသိပါဘူး၊ ဘာဖြစ်လို့လဲ"

"ကိုတော်လင်း အမေက မြတ်သုဝတီမိသားစုအကြောင်း မပြောဖူးဘူးလားဟင်"

"ဟင့်အင်း … တစ်ခါမှ ဘာမှမပြောဖူးဘူး၊ အခု လတ်လတ်လာခါနီးမှ မေမေလည်း လှမ်းအကြောင်းကြားတာ၊ မနှစ်က မေမေနဲ့ တစ်လလာနေတုန်းကတောင်မှ လတ်လတ်နဲ့ ကျွန်တော် တွေ့ကြဆုံကြလို့လား၊ မေမေ့မိတ်ဆွေတွေ ဘာတွေကို ကျွန်တော် သိပ်မသိပါဘူး၊ စကားလည်း မစပ်မိကြဘူး"

တော်ပါသေးရဲ့။

"ဩော် … ဒါဖြင့် လတ်လတ်က ကြည့်ရတာ ဘကြီးနဲ့ မတည့်လို့ ရန်ကုန်ကို စတေးရှောင်လာတာနဲ့ တူပါတယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် သင်တန်းလေး ဘာလေးတက်မယ်ပေါ့၊ အဲလိုမျိုးလား"

"ဆိုပါတော့ ကိုတော်လင်းရယ်"

"ဒါကြောင့် သင်တန်းတက်ဖို့ကို ဦးစားပေးပြီး မတက်ကြွတာ"

"အင်းပေါ့"

"လတ်လတ် အမေကတော့ သူ့သမီး ကွန်ပျူတာတွေ အင်္ဂလိပ်ရှိတွေ တော်တော် တိုးတက်နေပြီ ထင်မှာပဲ၊





လတ်လတ်က အိမ်ကိုလည်း ဖုန်းမဆက်ဘူး၊ မကြာမကြာ ဆက်ပါ လတ်လတ်ရဲ့၊ လတ်လတ်အမေလည်း သမီးနဲ့ စကားပြောချင်မှာပေါ့၊ ဒီကိုလည်း သူတို့ မဆက်ပါလား"

"ဖုန်းနံပါတ်မှ မသိတာ"

"ဟာ … လတ်လတ်ကလည်း ပေးထားလေ၊ အန်တီတို့လည်း ဆက်ပါစေ၊ ဩော် … ခုမှပဲ သိတော့တယ်၊ ကျွန်တော်က အိမ်မှာ လူကြီးနဲ့ မတည့်လို့ ပြေးလာတဲ့ အိမ်ပြေးကလေးကို ကလေးထိန်းကျောင်းလုပ်ပြီး လက်ခံထားရတာကိုး"

ကိုတော်လင်း ပြောတဲ့စကားက တကယ့် လတ်လတ် အဖြစ်နဲ့ တိုက်ဆိုင်မှန်ကန်နေတာမို့ လတ်လတ်က ခေါင်းငုံ့ငြိမ်နေမိပါသည်။

ချစ်စနိုးပုံစံနှင့် ရယ်နေတဲ့ ကိုတော်လင်းကိုလည်း မော်မကြည့်ဘဲ ခေါင်းငုံ့ရက်သားကြီးကပင် မျက်စောင်းပျော့ပျော့ ထိုးမိသည်။

"မောင်တော်ရေ"

"ဗျာ … ဒေါ်ချိန်"

"ဖုန်းလာပါတယ်"

"ဘယ်သူလဲ"

"မမပါ"



www.burmeseclassic.com

www.burmeseclassic.com



တော်လင်းတိုးက ထိုင်ရာမှ ထ,ထွက်သွားပါသည်။ လတ်လတ်လည်း စာမူလေး လက်နှင့်ညှပ်ကိုင်ကာ အခန်းပြင် ထွက်လာခဲ့သည်။

"ဟဲလို ... မေမေ၊ တော်လင်းပါ ... သားပါ"

လတ်လတ်သည် မလှမ်းမကမ်း ဆက်တီမှာ ဝင်ထိုင်ရင်း သူမဘက်မကြည့်တဲ့ တော်လင်းတိုးကို စိမ်ပြေနပြေ ငေးမောစိုက်ကြည့်နေပါသည်။ သူ့ရဲ့စိတ်ဟာ ဒေါသတွေ မောဟတွေကင်းပြီး သိပ်အေးချမ်း ငြိမ်သက်တာပဲ။ စိတ်သဘောလည်း သိပ်ကောင်းတာပဲ။ ဟိုးအရင်ကတည်းက လတ်လတ် တွေ့ချင် မြင်ချင် သိချင် ခင်ချင်တဲ့ စာရေးဆရာ တော်လင်းတိုးနဲ့ အခုတော့ တွေ့ရ မြင်ရ သိရ ခင်ရ သူ့အနားမှာတောင် နေခွင့်ရနေတာ။

တစ်ခါတစ်ခါများ မန္တလေးက စိတ်ရှုပ်စရာများကို မေ့လျော့ကာ ... ဒီမှာပဲ ရှိနေရတဲ့ ကိုယ့်ဘဝကို ပျော်ရွှင်ကျေနပ်နေမိတတ်ပါသေးသည်။ သူ စာရေးနေတာလေးကို မသိမသာ ချောင်းချောင်းကြည့်ကာ ရင်တွေဘာတွေ တုန်ယင်ရသေးသည်။ သူ ရွှန်းရွှန်းစားစားပြုံးပြီး တောက်တောက်ပပ ငေးစိုက်ကြည့်လိုက်ရင် ခြေဖျားလက်ဖျား အေးစက်၍ မနေတတ်အောင် ကယောင်ချောက်ချားဖြစ်ရသေးသည်။

"သား နေကောင်းလား၊ အစစအရာရာ အဆင်ပြေလား"





"အားလုံးကောင်းပါတယ် မေမေ၊ မေမေရော နေကောင်းရဲ့လား ..."

"မေမေ နေကောင်းပါတယ်၊ သွားလာလှုပ်ရှားရ မလွယ်ကူတာကလွဲရင် လူကိုယ်ခန္ဓာတစ်ခုလုံးတော့ အားလုံးကျန်းမာတယ်၊ လန်းဆန်းတယ်၊ မေမေ့ကို ဘာမှ မပူနဲ့၊ မေမေ့နားမှာလည်း လုပ်ကိုင်ပြုစုမဲ့သူတွေကလည်း ပိုတောင်ပိုလျှံနေတာ၊ ဒါနဲ့ မြတ်သုဝတီရော အဆောင်ကို ရွှေ့သွားပြီလား ..."

"ဒီမှာပဲ မေမေ"

"ဟင် ... ခုထိ အဲဒီမှာပဲ နေနေသလား ..."

"ဟုတ်ကဲ့"

"ဩော် ... သူ ရောက်ကာစက သားက ပြောတော့ လောလောဆယ် ခဏတစ်ဖြုတ် အဲဒီအိမ်မှာပဲ နေဦးမယ်၊ နောက်မှ ရွှေ့မယ်ထင်တာ၊ သဘောက မန္တလေးမပြန်မချင်း ရန်ကုန်မှာနေသရွေ့ သားရဲ့အိမ်မှာပဲ နေတော့မယ်ဆိုတဲ့ သဘောမျိုးလား"

"အဲဒီလိုပဲ ထင်တယ် မေမေ"

"အခု မြတ်သုဝတီ သား ဖုန်းပြောတဲ့နားမှာ ရှိနေသလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သားက သူ မရိပ်မိသာအောင် အဲဒီဘက်က 'ဟုတ်ကဲ့'ချည်းပဲ လိုက်နေ၊ စကားပို မပြောနဲ့"

"ဟုတ်ကဲ့ ... ဘာများလဲ မေမေ"

"မေမေ့ စိတ်ထင် တစ်ခုခု ထူးနေတယ် သားရဲ့"

"ဟုတ်ကဲ့"

"မေမေ့တို့ နဂိုစီစဉ်ကြတာက သားတို့ချင်း မကြာမကြာ လေးတွေ့ဖြစ်ပြီး ရင်းနှီးခင်မင်ရုံလောက်ပဲ၊ အချင်းချင်း သဘောကျနိုင်ကြရင် စီမံချင်တယ်ဆိုတဲ့ သဘောမျိုးပေါ့ ဒါကလည်း မြတ်သုဝတီရဲ့အမေ ညွန့်ညွန့်ကိုက စကားစပြီး ကမ်းလှမ်းခဲ့တာ"

"ဟုတ်ကဲ့"

"ညွန့်ညွန့်နဲ့လည်း မေမေက ခင်တာရယ်၊ သူတို့တွေက လည်းပဲ မျက်နှာကြီးမျိုးတွေ ဖြစ်ကြတာရယ်၊ သူ့သမီး လေးကို အိမ်တစ်ခါခေါ်လာဖူးတော့ ချစ်စရာကလေး ချက်ချက်ချာချာနဲ့ သဘောမကျစရာ မမြင်တာရယ်၊ မေမေ ကိုယ်တိုင်ကလည်း သားကို အိမ်ထောင်ရက်သား ကျစေချင် ပြီဖြစ်တာရယ် အားလုံးပေါင်းပြီး မေမေက ညွန့်ညွန့်ကို လိုက်လိုက်လျောလျော ကြည်ကြည်ဖြူဖြူ လက်ခံလိုက်တာ ဒါကြောင့်သာ သားတို့ မြင်တွေ့ရင်းနှီးအောင် သားကို ကြိုခိုင်း အဆောင်ရှာခိုင်း လုပ်တာပေါ့"





"ခု ဘာဖြစ်လို့လဲ မေမေ"

"ခု ဘာဖြစ်လဲ ... မေမေလည်း မပြောတတ်အောင် ဖြစ်နေတယ်၊ အရင်က ညွန့်ညွန့်က မေမေ့ဆီ တစ်ပတ်တစ်ခါ လာတယ်၊ မေမေက သွားရလာရ ခက်တဲ့သူ ဆိုပြီး တစ်ခါတလေ သူတစ်ယောက်တည်း၊ တစ်ခါတလေလည်း နှစ်ယောက်လုံးနဲ့ ရင်းနှီးတဲ့ကြားက မိတ်ဆွေတစ်ယောက် နှစ်ယောက် ခေါ်လာတတ်ပြီး အဓိကတော့ မေမေ့ စကားလေး ဘာလေး ပြောရအောင် စိတ်ကြည်လင်အောင် သူ စီစဉ်ပေးတာပါ၊ မေမေ့အပေါ် သိပ်ကိုကောင်းရှာတာ၊ အခုတော့ မှတ်မှတ်ရရ သူ့သမီး မြတ်သုဝတီ ရန်ကုန်ကို သွားတဲ့နောက်ကစပြီး ဒီနေ့ထိ ဘယ်လောက်တောင်ကြာ သွားပြီလဲ မေမေ့ဆီကို လုံးဝ ပေါ်မလာတော့ဘူး"

"ဟုတ်လား ... ဘာဖြစ်လို့ပါလိမ့်"

"အဲဒါကိုပဲ မေမေ တွေးမရဘူး၊ မေမေနဲ့ ဘာအပုအထစ်မှ မရှိပါဘူး၊ သူ့သမီး ကိုယ်တိုင်လည်း မင်းအိမ်မှာ၊ သူ လုံးဝ ပေါ်မလာဘဲ နေစရာအကြောင်း မရှိဘူး၊ ပထမတစ်ပတ်လည်း မျှော်ရင်းမျှော်ရင်း ပေါ်မလာတော့ မေမေက ညွန့်ညွန့်ဆီ ဖုန်းဆက်တယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



“နှစ်ခါသုံးခါလောက်ကို သူနဲ့ မတွေ့ရဘူး၊ အန်တီ... နေမကောင်းဖြစ်နေပါတယ်၊ အိပ်နေပါတယ်ဆိုတဲ့ ပြော... ချည်းပဲရတာ၊ နောက်ဆုံး တော်တော်မကောင်းတတ်... ထင်ပါရဲ့၊ မေမေ ဖုန်းအဆက်မှာ သူ တစ်ခါတော့ ... ကိုင်တယ်၊ သူ တော်တော်နေမကောင်းလို့ပါတဲ့၊ နှ... ရောဂါထ,နေလို့တဲ့၊ ဖုန်းမဆက်နိုင် မရောက်နိုင်... တောင်းပန်ပါတယ်တဲ့၊ ဟယ် ... တောင်းပန်စရာ ... ဘူး ပြောရတာပေါ့၊ သူ နေမကောင်းတာကိုတောင် မေ... က သတင်းမေးလာမကြည့်နိုင်တာ စိတ်မကောင်းဘူး... သူကတော့ နေပဇေ မလာနဲ့ ရတယ်ပေါ့၊ သူနေကောင်း... မေမေ့ဆီ အေးဆေးဆေးဆေး လာမယ်တဲ့ ...

အဲဒါနဲ့ မေမေက သမီးဆီက ဖုန်းလာသေးလား... မေးလိုက်တာ၊ နောက်မှ အေးအေးဆေးဆေး ပြောမ... မမလင်းရယ်ဆိုပြီး ချက်ချင်းပဲ ဖုန်းချသွားတယ်”

“တစ်မျိုးကြီးပဲ၊ အဲဒါ ဘယ်လိုကြောင့်လဲ”

“အေး ... မေမေလည်း တစ်မျိုးကြီး ဖြစ်နေတယ်၊ သူ... သားအမိချင်းပဲ အဆင်မပြေသလား၊ သူ့သမီးက သူ... သလို မနေဘဲ ဒီမှာနေနေတယ်ဆိုတာကိုများ မကြိုက်... စိတ်ဆိုးနေတာလား၊ မေမေ့ အပေါ်တော့ ပြောတာဆိုတာ... အဆင်ပြေပြေ ချိုချိုသာသာပဲ ...





အမှန်ဆို သူ့သမီးအကြောင်း ရွှန်းရွှန်းဝေပြောနေရမဲ့အချိန်ပေါ့၊ သူ့သမီးကရော သူ့အမေဆီ ဖုန်းတွေဘာတွေဆက်လား၊ သူတို့ သားအမိ ဖုန်းအဆက်အသွယ်တွေ လုပ်ကြရဲ့လား ...”

“သိပ်မရှိဘူး မေမေ”

တော်လင်းတိုးက စကားပြောနေရာက ပတ်ဝန်းကျင်... လတ်လတ်ကို လှည့်ပတ်ကြည့်လိုက်လျှင် လတ်လတ်... အနားၐ ရှိမနေတော့ပါ။ ခြံထဲကို ဆင်းသွားတာ လှမ်းမြင်လိုက်... ဘာမို့ ...

“သူ ရောက်လာစက တစ်ခါပဲ သူ့အမေဆီ ဆက်တယ်၊ ဒါတောင် သားက ပြောလွန်းလို့၊ ရောက်ရောက်ချင်း မဆက်သေးဘဲနေတာ၊ သားက ဆက်နိုင်းမှ ဝတ္တရားကျေဆက်တဲ့ပုံမျိုး”

“ညွန့်ညွန့်က ဘာပြောသလဲ”

“သူ စကားပြောတာလည်း ကိုယ် ကြားရတာမဟုတ်ဘူး၊ ဘာမှ မသိဘူး မေမေ၊ ဒီအိမ်မှာပဲနေတယ်ဆိုတော့ ဘာပြောသေးလဲ မေးကြည့်တော့ ဘာမှ မပြောဘူးတဲ့၊ အေးအေး ... တဲ့၊ စိတ်မဝင်စားသလိုပဲ၊ တစ်မျိုးတော့ တစ်မျိုးကြီးပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မေမေလည်း တစ်မျိုးကြီး ဖြစ်နေတယ် ခါတိုင်း သူ့သမီးအကြောင်း အမြုပ်ထွက်မလို တတွတ်တွတ် ပြောလိုက်ရတာအမော၊ ခုမှ စကားတောင် ဖြစ်သွားတယ် ဘယ်လိုတွေလဲ မသိပါဘူး၊ တစ်ခုခုတော့ထူးတာ အမှန်ပဲ"

"သူတို့ မိသားစုထဲမှာ မိသားစုပြဿနာတွေတော့ ရှိတယ် မေမေ"

"ဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒါတော့ မေမေ မသိဘူး၊ မကြားဖူးဘူး"

"သူ့ဘကြီးတစ်ယောက်ဟာ အရမ်းဒုက္ခပေး ပြဿနာရှာတယ်ပေါ့၊ သူနဲ့ လုံးဝ မတည့်ဘူးတဲ့"

"ဟုတ်လား၊ ဘကြီးဆိုတော့ ... ။"

"သူ့အမေရဲ့အစ်ကိုတဲ့"

"ဦးဉာဏ်မြင့်ပေါ့၊ ဦးဉာဏ်မြင့်က အေးပါတယ် မေမေ သိသလောက်၊ ဘာတွေဒုက္ခပေးပါလိမ့်"

"သူ ပြောသလောက်ကတော့ အတော်ဆိုးတာပဲ၊ သူ့အမေကလည်း သူ့အစ်ကိုကို သိပ်ကြောက်ရတာတဲ့"

"ဟုတ်လား၊ အေးလေ ...၊ မေမေကလည်း ညွှန့်ညွှန့်ကိုသာ ရင်းနှီးတာ၊ သူတို့မိသားစုအတွင်းရေးအထိတော့သိပ်သေချာ မသိပါဘူး၊ သူ ပြောပြတယ်ဆိုတော့ ဟုတ်မှာပေါ့





ကြည့်ရတာ မြတ်သုဝတီ ရန်ကုန်သွားခါနီး အိမ်တွင်းရေး ပြဿနာတစ်ခုခုပဲ တက်သွားသလား၊ ဘာမှန်း စဉ်းစားမရပါဘူး ...

ညွှန့်ညွှန့်က နေမကောင်းဘူးဆိုတာလည်း မေမေ့ကို ကြည့်ကောင်းအောင် လုပ်ပြောတာထင်တယ်၊ အိမ်က တင့်တင့်တို့ ဈေးသွားတာ ညွှန့်ညွှန့်ကို ဈေးမှာ တွေ့တယ်၊ ဈေးလာဝယ်တယ်ပေါ့၊ မေမေ့ဆီ မရောက်လာနိုင်လောက်အောင် ဖြစ်နေပုံမရပါဘူးပေါ့ ...

ဒါပေမဲ့ ခုထိ မေမေ့ဆီ ဖုန်းလည်း ထပ်မဆက်၊ လူလည်း ရောက်မလာ၊ ပျောက်ချက်သား တိတ်ချက်သား ကောင်းနေတာ၊ ဒါကြောင့် သားရဲ့ အိမ်မှာရော ဘာများ ထူးသေးလဲလို့ သိချင်နေတာ"

"ဘာမှတော့ မထူးပါဘူး မေမေ၊ သူ ပြောတဲ့ ဟိုသင်တန်း ဒီသင်တန်းတွေမတက်ဘူး၊ အိမ်ထဲမှာပဲ နေတယ်၊ တစ်ကြိမ်ပဲ အပြင်သွားသေးတယ်၊ မန္တလေးကိုလည်း တစ်ကြိမ်ကလွဲရင် ဖုန်းထပ်မဆက်ဘူး"

"အေး ... အဲဒါ ထူးမနေဘူးလား၊ သူကသင်တန်းလည်း တက်စရာမရှိဘူးဆိုရင် သူ့အမေဆီ မပြန်ဘဲ သားအိမ်မှာ ဘာလုပ်ဖို့ ဆက်နေနေဦးမှာလဲ၊ သူက မိန်းကလေးတစ်ယောက်၊ ပြီးတော့ ခုမှ စသိဖူးကြတာလေ၊ ခိုင်လုံတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခုခုမရှိဘူးဆိုရင် သူဘာမှ မတက်ချင် ဆိုရင် အမေအိမ် ပြန်ဖို့ပဲရှိတာ၊ မဟုတ်သေးပါ မေမေ့ စိတ်ထဲမှာ ဖြစ်နေတဲ့ အခြေအနေကို မနှစ်မြို့ ဖြစ်နေတယ်၊ ဘဝင်မကျဘူး ...

သူ ဒီဘက်က အိမ်မကြီးပေါ်တော့ လာမနေပါ နော်"

တော်လင်းတိုး မေမေ့စကားထဲက အသွားအ အရိပ်အမြွက်ကို ရိပ်မိ၍ တဟားဟား ရယ်မောလိုက်မိပါသည်

"အောင်မယ်၊ မင်းက ဘာရယ်တာလဲ"

"မေမေ့ကို ရယ်ချင်လို့ပါ၊ မေမေပဲ သဘောတူတယ်ဆို ကြိုခိုင်းတဲ့ မိန်းကလေးပဲလေ မေမေရဲ့"

"သဘောတူတယ်ဆိုတာကလည်း ညွှန့်ညွှန့် သမီးလေးဆို သံယာဇဉ်ရယ်၊ မင်းကို မိန်းမယူစေချင်တာရယ် ဆန္ဒ ပေါင်းဆုံပြီးဖြစ်လာတဲ့ သဘောထား၊ ခုဟာက ဘာကို မသိ စိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်လာတော့ မထင်မှ ဘဲနဲ့ မတော်တဆ တစ်ခုခုဖြစ်သွားတယ်ဆိုတာမျိုး မဖြ စေချင်ဘူး ...

သူ့ကို သား သဘောကျပြီး နှစ်သက်သွားတယ် ချစ်သွားတယ် ဆိုရင် သဘောတူပြီးသားပါ၊ ကိစ္စမရှိဘူး ဒါပေမဲ့ ..."





မေမေ ပြောရခက်နေတာကို တော်လင်းတိုးက နားလည်စွာ ...

"မေမေ ... မေမေ့သားကလည်း စည်းနဲ့ကမ်းနဲ့ လူကြီးလူ ကောင်းပါ၊ သူကလည်း အောက်အိမ်မှာပဲ နေပါတယ် မေမေ၊ သူ မန္တလေးမှာ ပြဿနာတစ်ခုခု ရှိရင်လည်း ရှိခဲ့ မယ်၊ မရှိရင်လည်း မရှိဘူးပေါ့လေ၊ အဲဒီကကိစ္စ သား မသိပေမဲ့ သားရဲ့ မျက်စိရှေ့မှာတော့ လတ်လတ်က ဣန္ဒြေရှိပါတယ်၊ ကိုယ့်ကိုယ်ကျင့်တရား ကိုယ်ထိန်းသိမ်း တတ်မဲ့ မိန်းမကောင်းတစ်ယောက်ပါ၊ သားလည်း လူကဲ ခတ်မည့်ပါဘူး ...

သူ ဘာကြောင့် အဆောင်မနေတော့ဘူးဆိုပြီး သား ဆီမှာပဲ နေလိုက်သလဲ သေချာတော့ မသိဘူး၊ သား အနီးကပ် အကဲခတ်ချင်တာမျိုးလည်း ဖြစ်ရင်ဖြစ်မယ် ဒါပေမဲ့ လတ်လတ်က ခပ်ရဲရဲ ခပ်ကဲကဲ လျှပ်ပေါ်လော် တဲ့ အစားထဲက မဟုတ်ဘူး၊ တည်ငြိမ်ဣန္ဒြေရတဲ့ မိန်း ကလေး ဖြစ်တာ သေချာပါတယ်"

"ဘယ်သူ ... !"

"ဘာကိုလဲ မေမေ"

"သား ခုနစကားထဲ ထည့်သုံးလိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... လတ်လတ်လို့ခေါ်တာ၊ သူက သူ့ရဲ့ လတ်လတ် လို့ခေါ်ပါလို့ ပြောတယ် မေမေ၊ သူ့… ညီအစ်မတွေထဲမှာ အလတ်တဲ့"

"ဟင် ... ညွှန့်ညွှန့်က တစ်ဦးတည်းသောသမီးလေး… မွေးထားတာ၊ သမီးတွေ အများကြီးမှ မဟုတ်ဘဲ"

မေမေ့ စကားကြောင့် တော်လင်းတိုး ကြေ… တက်တက်ပင် ဖြစ်သွားရသည်။

"ဩော် ... ဒါပေမဲ့ မပြောတတ်ဘူး၊ အိမ်ပေါ်မှ… အမျိုးတွေရှိတော့ ညွှန့်ညွှန့်ရဲ့ အတူနေ တူမတွေလည်း ရှိတယ် သားရဲ့၊ မြတ်သုဝတီနဲ့ဆိုရင် တစ်ဝမ်းကွဲ ညီအစ်… တွေပေါ့၊ အဲဒါတွေကိုပြောတာ ဖြစ်ရင်ဖြစ်မယ်၊ လတ်လတ် တဲ့လား၊ သူ့အမေကတော့ သူ့သမီးကို 'မြတ်သု'ပဲခေါ်တာ ကြားဖူးတယ် ...

ခေါ်တာဝေါ်တာ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ သူတို့သား… အမိမှာ အကြောင်းတစ်ခုခုတော့ ရှိနေမယ်ထင်တယ် ဒီတော့ အဲဒီမှာ သူနဲ့ ဆက်ဆံတာ နေတာထိုင်တာတွေ သတိနဲ့ နေထိုင်ဆက်ဆံပေါ့ သားရယ်၊ တကယ်တော့ မေမေက သားကို အိမ်ထောင်ကျစေချင်နေပြီ၊ သူ့ကို အခု တွေ့တော့ သား သဘောထား ဘယ်လိုရှိလဲ"





တော်လင်းတိုးက မေမေ့ မေးခွန်းအတွက် ရှက်ကိုးရှက်ကန်းဖြစ်ကာ တဟားဟား ရယ်မောနေမိပါသည်။

"ဟဲ့ ... ဘာရယ်နေတာတုံး သားရဲ့"

"ဘာမှ မဟုတ်ပါဘူး၊ မေမေက လျှောက်မေးနေတာကိုး"

"ဟဲ့ ... ဒါမေးရမှာပေါ့၊ မေးရမဲ့စကားပဲလေ၊ မင်းက ဘာဖြစ်နေတာလဲ၊ ရှက်နေတာလိုလို၊ ဘာလိုလိုနဲ့၊ စကန္တဝါသားကြည့်ရတာ မြတ်သုဝတီကို သဘောကျတယ်နဲ့ တူပါတယ်"

"အဟင်း ဟင်း၊ သူက ချစ်ဖို့တော့ကောင်းတယ် မေမေ၊ မိန်းမလည်း ပီသတယ်၊ အိမ်မှာ ဒေါ်ချွန်ကြီးကိုပါ စိမ်ခန့်ခွဲနေတာပဲ၊ အကွက်ကိုစေ့နေတာပဲ"

"အင်း ... ဟိုတစ်နေ့က မေမေ ဖုန်းဆက်တော့ သား ဓာတ်ဆီ သွားထည့်တယ်ဆိုတာနဲ့ ဒေါ်ချွန်နဲ့ပဲ စကားပြောလိုက်ရသေးတယ်၊ ဒေါ်ချွန်လည်း သား ပြောသလိုပဲ ပြောပါတယ်၊ မိန်းကလေးက အိမ်ထောင်မှုလည်း နိုင်နင်းသတဲ့၊ သား ဘာမှမပြောဘဲ ပစားပေးထားတဲ့ ဖြီးတိုနဲ့ နေထိုက်ကိုတောင် မမှန်ကန်ဘူးထင်ရင် အမြင်မတော်… ပက်ခနဲ ပြောပစ်တာတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးကိုဆိုရင် အနေအထိုင်တွေ ဆင်ခြင်ကျဉ်းကျုံ့ ရလို့ သူ့ကို ကြည်တောင်သိပ်မကြည်ဘူးဆို၊ သူ သား အပေါ် လိုးတာတွေ စီးတာတွေကို သားကလည်း အနွံ တာခံ၊ ဒေါ်ချွန်လည်း မပြောရဲ၊ မပါရဲ၊ အကျင့်တွေပါနေ သမျှ ခုတော့ အချိုးလေးတွေ မသိမသာပြင်ပြီး ဆင်ဆင် ခြင်ခြင် ကြည့်ကျက်နေကြရတယ်ဆို၊ စိတ်ထဲကတော့ ကျေနပ်ကြပုံမပေါ်ဘူးတဲ့၊ ဒေါ်ချွန်ကတော့ ကောင်မလေး ကို အင်မတန် အားရကျေနပ်နေတာပဲ ...

ငါ သားက သဘောကောင်းလွန်းအားကြီးသည်းခံ လွန်းအားကြီးတော့ ဒီလို မိန်းကလေးမျိုးနဲ့မှလည်း ဖြစ်မှာ ကြားရသမျှကို မေမေက သဘောတွေကျနေတာ၊ ဒါဖြင့် မြတ်သုဝတီက တကယ်မဆိုးဘူးပဲ"

"ဟုတ်တယ်လေ မေမေ အဟင်း၊ မဆိုးဘူး၊ ရုပ်ကလည်း အချောကြီးရယ်လို့ မဟုတ်ဘဲနဲ့ အထရက်က်တစ်ဖ် ဖြစ် တာမျိုး"

"အင်း ... အင်း၊ သဘောပေါက်ပြီ၊ သဘောပေါက်ပြီ၊ ငါ့သား အတော်ကို သဘောကျနေတာပဲ၊ ဒါဆိုရင်လည်း ညွန့်ညွန့်ကို နည်းနည်းပါးပါး စကားပြောပြောထားရမယ်၊ သူ့သမီးနဲ့ တစ်ခြံဝင်းထဲ နေနေရက်နဲ့ သားဆီက ဘာ စကားသံမှ ထွက်မလာရင် သိပ်သဘောမတွေ့ဘူးလို့ သူ





ထွက်နေမှာပဲ၊ မေမေ ဘာပြောလာမလဲကို သူ စောင့်နေတာ များလား မသိဘူး ...

ကဲ ... ကဲ ... ဒါပဲ သားရေ၊ အဆင်ပြေရင် ပြီးတာ ပဲကွယ်"

"ဟုတ်ကဲ့ မေမေ"

တော်လင်းတိုးက ဖုန်းကို ချလိုက်ပါသည်။ စာရေးဖို့ စာကြည့်ခန်းထဲ တန်းမဝင်သေးဘဲ ခြံထဲကို မြင်ရတဲ့ ပြတင်းပေါက် ဘက်ခုဆီ လာရပ်ပြီး ခြံထဲမှာရှိနေမဲ့ လတ်လတ်ကို ရှာသည်။ လတ်လတ်က ပန်းချုံကုံးကလေးအောက်က ဒန်းကလေးမှာ ထိုင် ကာ တော်လင်းတိုးရဲ့ ဝတ္ထုစာမူကို စိတ်ဝင်တစား ငုံ့ဖတ်နေပါ သည်။

ပါးနံဘေး သွယ်ကျလာတဲ့ ဆံပင်စလေးတွေကို နောက်ဘက်ပို့လိုက်၊ မာလကာသီးကို ကိုက်ဝါးလိုက်၊ စာရွက် လှန်လိုက် တစ်ယောက်တည်း ငြိမ်းချမ်းမှုထဲ နစ်မြုပ်နေတဲ့ လတ်လတ်ရဲ့ မျက်နှာလေးက ကြည်လင်အေးချမ်းနေသည်။ တော်လင်းတိုး လက်ပိုက်ပြီး စိမ်ပြေနပြေ ငေးကြည့်နေမိရင်းက ရင်ထဲမှာ တစ်ကြိမ်တစ်ခါမှ မခံစားဘူးတဲ့ ပူနွေးလှုပ်ခတ်ခြင်း တစ်မျိုးကို ခံစားလာရပါသည်။

နှလုံးသားနေရာကို ဗဟိုပြုပြီး ရင်တစ်ခွင်လုံးနွေး ဖြာလိုက်ဖို့သွားရအောင် ငြိမ့်ငြိမ့်ကလေး ခံစားနေရတဲ့ ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



၌ သူ နစ်မျောမိန်းမောနေသည်။ ဒီခံစားချက်ဟာ အချစ်ဆိုတာ လားလို့ သူ နားမလည်နိုင်။ သူ့တစ်သက်မှာ ဒီခံစားချက်မျိုးကို လည်း တစ်ကြိမ်မှ မခံစားရဖူးခဲ့ရ။

'လတ်လတ်' 'လတ်လတ်'လို့သာ တမြတ်တနိုး အသံတိတ်ရေရွတ် ခေါ်ငင်နေမိတော့သည်။





# ၇

မြတ်သည် သူ့ရဲ့ ကိုကိုကျော်နှင့် ညွှန်သည့်ကို အစ်ချက်ကြည့်ကာ လက်ပတ်နာရီကိုလည်း တစ်ချက်ငုံ့ကြည့် သည်။ ရန်ကုန်မှာ ကိုကိုနှင့်ခင်သော အဆက်အသွယ်တစ်ဦးက ခွတ်လိုက်၍ ငှားထားတဲ့အိမ်ကို ကျောက်ထုပ်လာကြည့်နေတဲ့ ညွှန်သည်က မြတ် အမူအရာကို ရိပ်မိကာ ကိုင်းပြီး ကြည့်နေတဲ့ မျှကိုယ်ကို မတ်လိုက်ရင်း ...

"ကဲ ... ဒီအထုပ် ကျွန်တော် ယူလိုက်ပါ့မယ် ကိုကျော်ဓော"

"ဟုတ်ကဲ့ ... ယူလိုက်ပါ၊ ကိုဆွေ့သူငယ်ချင်း ဆိုတော့ ကောင်းတာလေး ရသွားစေချင်ပါတယ်၊ တကယ်တန်ပါ တယ်ဗျ"

"ဟုတ်ပါတယ်"

"ခင်ဗျားကကော ကိုဆွေ့လိုပဲ အထည်ပြန်ခေတ်တာလား"

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် အထည်လည်း ခတ်ပါတယ် ဒီအတိုင်း အပွင့်လိုက် ပြန်ရောင်းတာလည်း ရှိပါတယ် ဒါပေမဲ့ ကျွန်တော်က နယ်ဘက်မှာ ပြန်ရောင်းတယ် ရန်ကုန်မှာ မရောင်းဘူး"

"ဪ ... နယ်သမားပေါ့၊ ဘယ်လိုနေလဲဗျ၊ အရောင်းအဝယ်ကောင်းလား"

"ကောင်းပါတယ်၊ မဆိုးပါဘူးဗျာ၊ ဒီလိုပဲ ကိုယ်နဲ့ ချိတ်ဆက်ပြီး မိတ်လုပ်ထားရတဲ့မြို့တွေ ရှိတာပေါ့၊ ကြွေးလေးဘာလေးလည်း ချန်ပေးရတယ်၊ ဒီလိုပဲ ကြည့်လုပ်ရတာပါပဲ၊ မိဘက ဒါပဲလုပ်လာတော့ ကိုယ်လည်း ငယ်ငယ်က တည်းက သိနေတာနဲ့၊ ခရီးတော့ သွားနေရတာပေါ့"

"ဪ ... နေတော့ ဘယ်မှာနေလဲဗျ"

"ရန်ကုန်မှာလည်း တိုက်ခန်းရှိတယ်၊ တစ်ခါတစ်ရံနေတယ်၊ မိဘတွေက ဟင်္သာတမှာဆိုတော့ အဲဒီမှာလည်းနေတယ်၊ တစ်လှည့်စီပေါ့"

ကျော်ဇောက 'မိုးကျော်ကျော်'ဆိုတဲ့သူ ထုတ်ပေးတဲ့ ငွေကို ရေရင်း ...

"ဖိုက်ဆာပြီလား မြတ်၊ ဒါပြီးရင် သွားမယ်လေ"

"ဪ ... အပြင်သွားကြမလို့လား၊ အားနာစရာကြီးဗျာ ကျွန်တော်က သွားခါနီး အချိန်ကိုက် ရောက်လာတာ ထင်တယ်"





"ကျွန်တော်တို့က လင်မယား နှစ်ယောက်တည်းဆိုတော့ အိမ်မှာ ချက်စားမနေဘဲ အပြင်မှာပဲ ဝယ်ဝယ် စားလိုက်တာ၊ တစ်ခါတလေလည်း ထွက်စားတယ်၊ တစ်ခါတလေလည်း ဝယ်လာပြီး အိမ်မှာစားတယ်"

မိုးကျော်ကျော်က မြတ်ကို တစ်ချက်ကြည့်ရင်း ...

"အိမ်ထောင်ကျတာလည်း မကြာသေးဘူးထင်တယ်"

"ဟုတ်တယ်ဗျ၊ မကြာသေးဘူး"

မိုးကျော်ကျော်ကို ဖြေရင်း ကျော်ဇောက မြတ်ဘက် လှည့်ကြည့်ကာ ရယ်မောလိုက်ပါသည်။ လပိုင်းပဲ ရှိသေးတာကို ဆက်ပြောမနေဖြစ်တော့ပါ။

"မန္တလေးကလား"

မိုးကျော်ကျော်က ထပ်မေးပြန်တာမို့ ...

"ဟုတ်တယ်၊ ကျွန်တော်တို့နှစ်ယောက်လုံး မန္တလေးကပဲ၊ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"မြင်ဖူးတယ်ထင်လို့ပါ"

"မန္တလေးမှာ မြင်ဖူးတာလား"

မြတ်က မိုးကျော်ကျော်ဆိုတဲ့သူကို အကဲခတ်သည်။ သူ ရောက်လာကတည်းက မြတ်လည်းပဲ မြင်ဖူးနေတယ် ထင်နေမိတာ။ ဘယ်မှာ မြင်ဖူးမှန်းကိုတော့ စဉ်းစားအဖြေထုတ်လို့မရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ။ မိုးကျော်ကျော်က မြတ်ကို ကြည့်နေတာမို့ ကျော်ဇေ ကလည်း မြတ်ကို တစ်လှည့် မိုးကျော်ကျော်ကိုတစ်လှည့် အ ခတ်လေရာ မြတ်က ...

"ဟုတ်တယ်၊ ကျွန်မလည်း ရှင့်ကို မြင်ဖူးသလိုပဲ ဖြစ်နေ တယ်၊ ရှင် အိမ်ထဲ ဝင်လာကတည်းက မြင်ဖူးတယ် ထင်တာ၊ ဘယ်မှာ မြင်ဖူးမှန်းသာ စဉ်းစားလို့မရလို့"

"မန္တလေး-ရန်ကုန် ကားပေါ်မှာလေ"

"ဟယ် ..."

မြတ်က မိုးကျော်ကျော်ကို လက်ညှိုးကလေး ညွှန် ကာ ချက်ချင်းပင် အမှတ်ရသွားပါသည်။ မှတ်မိပြီ။ ဟုတ်တယ်။ ဒီလူဟာ ကြားဖြတ်တစ်နေရာရာက တက်လာတဲ့သူ။ ခရီးစက တည်းက အတူပါလာရတဲ့လူတွေအားလုံးကိုသာ ခေအောင်မမှတ် မိဘဲနေရင်နေမည်။ ကြားက ဖောက်လာတဲ့ ဒီတစ်ယောက်တည်း ကိုတော့ မှတ်မိနေပါသည်။

"ရှင် ... လမ်းတစ်ဝက်က တက်လာတဲ့သူ"

"ဟုတ်တယ်ဗျ"

"မြတ် ရန်ကုန်ကို စီးလာတဲ့ကားနဲ့ သူလည်း ပါလာတာ လေ ကိုကိုကျော်"

"ဩော် ..."





"ရှင် (......) ထမင်းဆိုင်ကနေ တက်လိုက်လာတာ"

"ဟုတ်တယ်၊ ပုံမှန်ဆိုရင်တော့ အဲသလို ကြားခုလတ်က လူတင်လေ့ မရှိပါဘူး၊ ကျွန်တော်လည်း ရန်ကုန်ပြန်ဖို့ အရေးကြီးနေတာနဲ့ ဒရိုင်ဘာကိုရော စပယ်ယာကိုရော မနည်းတောင်းတောင်းပန်ပန်ပြောပြီး အကြံအဖန်လုပ်ပြီး တက်လိုက်လာတာပေါ့၊ ပစ္စည်းတွေ ရောင်းထားတဲ့ ငွေတွေ လည်းပါတော့ ဒီမှာပဲ ကျွန်တော်ကလည်း ညဆက်မအိပ် ချင်တော့ဘူး၊ တတ်နိုင်သမျှ မြန်မြန် ရန်ကုန် ပြန်ချင်နေ တာ"

"ဟုတ်ပြီ၊ မှတ်မိပြီ"

"ခင်ဗျားက ပဲခူးမှာ ဆင်းသွားတယ် မဟုတ်လား"

မြတ်နှင့် ကျော်ဇောက တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်မောလိုက်ကြပါသည်။ ကျော်ဇောက ရယ်သံ အရောရောနှင့် ...

"ဟား ဟား ... ခင်ဗျားက သိနေတာကိုး၊ အမှန်တိုင်း ပြောရရင် ကျွန်တော်တို့နှစ်ယောက် ခိုးရာလိုက်ကြတာပါ"

"ဩော် ... လက်စသတ်တော့ ထင်တဲ့အတိုင်းပဲကိုး၊ ကျွန်တော်လည်းပဲ အဲသလိုပဲ ထင်လိုက်တယ်ဗျ၊ ခင်ဗျား ကို ခင်ဗျား ကားရပ်ခိုင်းတဲ့နေရာမှာ ဒီအစ်ကို လာစောင့် ကြိုနေတာလည်း မြင်လိုက်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တော်တော်မျက်စိလျင်တာပဲ"

မိုးကျော်ကျော်က ရယ်နေပါသည်။

"ကျွန်တော်ရော သူရော မန္တလေးကပဲ၊ လူကြီးတွေ သဘောမကျဘူးဆိုပါတော့ဗျာ၊ သူ့အိမ်ကလည်း ယောက် ပေးစားမယ်လုပ်နေတာနဲ့ ကျွန်တော်က အရင်ထွက်သွား ပြီး ပဲခူးက ဆင်းစောင့်နေတာ၊ သူက နောက်မှ လိုက် တာပေါ့၊ လူကြီးတွေကို နည်းနည်း မျက်စိလှည့်လိုက် ပေါ့ဗျာ"

"ရှင်က မြင်ပြီး ရိပ်မိနေတယ်ပေါ့နော်၊ သေသေချာ ကို လိုက်ကြည့်နေတာကျနေတာပဲ"

"ဟုတ်တယ်၊ လိုက်ကြည့်နေသလို ဖြစ်နေတယ်၊ ဘာဖြစ် လဲဆိုတော့ ကျွန်တော်က ခင်ဗျား ဘေးက မိန်းက ကို တစ်ချိန်လုံး ကြည့်နေမိတာကိုး"

မြတ် မျက်ခုံးများ မြင့်တက်သွားကာ ...

"သြော် ... ဒီလိုကိုး"

"ဟုတ်တယ်ဗျ၊ ကျွန်တော်က သူ့ကို သတိထားကြည့် မိလို့ ခင်ဗျားကိုပါ တစ်တွဲတည်း မြင်နေတာပါ၊ အဲ ခင်ဗျား သူငယ်ချင်းလား၊ ဒါမှမဟုတ် ကားပေါ်က တွေ့ကြတာလား"

မြတ်က မိုးကျော်ကျော်ကို ရယ်ပြဟန်နှင့် ...





"ဟင်း ဟင်း ... ရှင်က အဲသလိုကိုး၊ ကျွန်မတို့က ကိုယ့် အာရုံနဲ့ကိုယ်၊ ကိုယ့်စိတ်ဝင်စားစရာနဲ့ကိုယ် ပြောစရာတွေ အများကြီးရှိနေကြတာ ရှင့်ကို ကောင်းကောင်းသတိမထား မိဘူးပေါ့"

"မြင်ပါတယ်ဗျာ၊ တစ်လမ်းလုံး မရပ်တမ်း စကားပြော လာတာ၊ ဒါပေမဲ့ ကျွန်တော့်အမြင်တော့ တစ်ချိန်လုံး ဦးဆောင်နေတာ ခင်ဗျားပဲ"

မြတ်က ဟက်ဟက်ပက်ပက်ကလေး ရယ်နေမိပါ သည်။

"ဟိုတစ်ယောက်ကလည်း ထောက်ပေးတယ်၊ မေးခွန်းတွေ ထုတ်ပေးတယ်၊ နှစ်ယောက်သား မရပ်မနား ဟုတ်နေကြ တာပဲ"

"လတ်လတ်ကလည်း မန္တလေးကပဲရှင့်"

"သြော် ... မန္တလေးကပဲလား၊ လတ်လတ်တဲ့လား"

"ဟုတ်တယ်၊ ဒါပေမဲ့ ချိန်းလာခဲ့ကြတာတော့ မဟုတ်ပါဘူး၊ ကိုယ့်ကိစ္စနဲ့ကိုယ် လာခဲ့ကြတာပါ၊ ကားပေါ်မှာ ချိန်းထား သလို လာဆုံနေတော့ စကားလက်ဆုံပြောမကုန်ဖြစ်နေတာ ပေါ့၊ ရန်ကုန်အထိ သူ ဆက်ပါသွားတယ်လေ၊ သူကလည်း သူ့ကိစ္စနဲ့သူဆိုပါတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သူ့ကို စကားပြောဖို့ မိတ်ဖွဲ့ဖို့ကြိုး... သေးတယ်"

"ဟုတ်လား၊ အဲဒီတော့"

"ခင်ဗျား သူငယ်ချင်းက သူ့ကို အနောက်အယှက်ဖြ... လို့ ယူဆသွားပုံရတယ်၊ ကျွန်တော်က တကယ့်ကို ... သားသား အေးအေးဆေးဆေးနဲ့ သူ့ကို ခင်မင်သိ... ချင်ရုံသက်သက်ပါဗျာ၊ ခင်ဗျား ပဲခူးမှာ ဆင်းသွား... ခုံလွတ်သွားတော့ ကျွန်တော်က ခွင့်တောင်းပြီး သွား... တယ်၊ ဒီတော့ သူက ခွင့်ပြုပါတယ် ...

အဲဒီနောက် စကားပြောတာကိုကျတော့ သူက ... မျိုးထင်သွားတယ်ဗျာ၊ ခရီးသွားတုန်း တွေ့တုန်း တွေ့... ခဏတစ်ဖြုတ်လေးမှာ အခွင့်အရေးယူတယ်ပေါ့ဗျာ"

မြတ်က သဘောတကျ ရယ်မောကာ ...

"သူက အဲလိုပဲ ပြောလား၊ ဟုတ်တယ်ရှင့်၊ လတ်လ... မဟုတ်မခံ၊ စွာတယ်၊ သူ မကျေနပ်ရင် မကျေနပ်သ... တအားပြောထွက်တာ၊ ရှင့်ကို သူက သက်သက်နော... ပြောင်နှောင့်ယှက်နေတယ်ပဲ ထင်လို့နေပါလိမ့်မယ်"

"အေးဗျာ ... ကျွန်တော် ညံ့တာပဲထားပါ၊ ကျွန်တော်... တော့ ရိုးရိုးလေးပဲ သူ့ကို မြင်မြင်ချင်း သဘောကျမိ...





ပါ၊ အဲဒါကြောင့် သူ့နာမည်တို့ အခုသွားမဲ့လိပ်စာတို့ ဖုန်းနံပါတ်တို့ မေးမိတာ၊ ကျွန်တော့်ဘက်ကလည်း ပညာသားမပါဘဲ ကိုယ်လိုချင်တာကို နားညည်းအောင် အနှောင့်အယှက်ဖြစ်အောင် တတွတ်တွတ် သွားလုပ်နေမိသလိုဖြစ်သွားတယ် ထင်ပါတယ် ...

ကားပေါ်ကလည်းဆင်းရော ကျွန်တော်ကို သူက သူ့အိတ်နဲ့တောင်မှ ဘုန်းခနဲ ပိတ်ရိုက်သွားတာ"

"ဟယ် ... ဟုတ်လား၊ ဟား ဟား ... လတ်လတ်က အဲလိုပဲရှင့်၊ မန္တလေးမှာလည်းပဲ သူ့ကို ဘယ်ယောကျ်ားလေးမှ ကပ်လို့မရဘူး၊ ကျောင်းတုန်းကလည်း ဒီတိုင်းပဲ၊ ကျောင်းပြီးသွားလည်း ငယ်စိတ်ပဲ၊ သူ့စိတ်ထဲ ဖွတ်နှောင့်ယှက်တယ်ထင်လာရင် တွေ့ရာနဲ့ ဆွဲလွှဲပေါက်၊ ဆွဲရိုက်တော့တာပဲ၊ ရှင်လည်း ခံလိုက်ရတာပေါ့"

"အေးဗျာ၊ ကျွန်တော် ဒေါသတောင် ထောင်းခနဲ ဖြစ်သွားမိတယ်၊ ကိုယ်က နှောင့်ယှက်တဲ့စိတ်နဲ့ ပြောနေတာမဟုတ်တာ ကိုယ်ပဲ အသိဆုံးကိုး၊ မြင်မြင်ချင်း စိတ်ဝင်စားမိလို့ ကားပေါ်က ဆင်းသွားပြီးရင်လည်း ထပ်တွေ့ဖို့ဆိုတာ မလွယ်တော့ဘူးလေ၊ ဒါကြောင့် လိပ်စာလေး ဖုန်းလေး တောင်းမိတာပါ၊ သူက ကလေကချေတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံသလို ဆက်ဆံတော့ ရင်ထဲ အောင့်တာ
ကားအောက်မှာ အခြေအတင်တွေ ဖြစ်ကြရသေးတ
သူ့ကို လာကြိုတဲ့လူတွေ ပြေးကပ်လာတာနဲ့ ကျွန်
လည်း ရှောင်ထွက်ခဲ့ရတာပေါ့"

"သူ့ကို လာကြိုတဲ့သူတွေ ... !"

"ဟုတ်တယ်"

"သူ့ကို ဘယ်သူတွေက လာကြိုလို့လဲ၊ သူက သူ့ဟာ
ကောက်ကာငင်ကာ ထွက်လာတာမျိုးပါ"

"မဟုတ်ပါဘူးဗျ၊ လာကြိုပါတယ်၊ သူ့ကိုလည်း လာ
တဲ့ သူက နာမည်တစ်ခု ခေါ်ပြီး နှုတ်ဆက်လိုက်တ
ကျွန်တော်ကတော့ သူ လုပ်ထားလို့ လူတွေကြည့်
ကြားထဲ ရှက်ပြီး ထူပူနေတဲ့အချိန်မို့ ဒီလောက်ထိ သိ
နေတဲ့ သူ့နာမည်ကို သေချာမကြားလိုက်ရဘူး၊
ခေါ်လိုက်တာတော့ အမှန်ပဲ ...

သူကလည်း အဲဒီလူကို နာမည်တပ်ခေါ်ပြီး ပြန်
ဆက်တာပဲဗျ၊ သိကြပြီးသားမို့လို့ပေါ့၊ ဘာဖြစ်လို့
ခင်ဗျားကို သူက ဘယ်သူမှ လာကြိုမှာ မဟုတ်ဘူး
ပြောထားခဲ့လို့လား"

မြတ်က ဘာပြောရမှန်း မသိဘဲ ...





"နေပါဦး၊ လာကြိုတဲ့သူတွေက ယောကျ်ားတွေပေါ့၊ ဟုတ်လား"

"ယောကျ်ားသုံးယောက်၊ အဲဒီထဲက အသားဖြူဖြူ အရပ်ပြတ်ပြတ် ဆံပင်က လိမ်ကောက်ကောက်နဲ့ ဟန်းချိန်းကြီးတွေဘာတွေနဲ့ ရှိုးခပ်များများ လူတစ်ယောက်က ကျွန်တော့်ပခုံးကိုတောင် ဆရာကြီးလုပ်ပြီး ပုတ်လွှတ်လိုက်သေးတယ်၊ ကျွန်တော်လည်း ရန်ရှောင်ပြီး လှည့်ထွက်ခဲ့ပါတယ် ...

ဒါပေမဲ့ အဟင်းဟင်း ... ဘယ်ရမလဲဗျာ၊ ကျွန်တော် သိချင်တာကို သိရဖို့တော့ လုပ်ရမှာပဲ၊ အဲဒါနဲ့ ကျွန်တော်လည်း ကားကမန်းကတန်းငှားပြီး သူတို့ ကားနောက်က နေ လိုက်သွားတာပေါ့၊ သူ့ကို ဘယ်ကို ပို့ပေးတာလဲ သိရအောင်"

"ဟင် ... ဒါဖြင့် သူ သွားတဲ့နေရာထိ ရှင် ပါသွားတယ်ပေါ့"

"ဟုတ်ကဲ့"

"အဆောင်တစ်ခုမှာ မဟုတ်လား"

"ဘယ်က ဟုတ်ရမှာလဲဗျ၊ ခြံတစ်ခြံပါ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မြတ်က မျက်လုံးလေးဝိုင်းအောင် အံ့အားသင့်
ပါသည်။

"အဲဒီနေ့ကတော့ ကားနဲ့ နောက်ယောင်ခံလိုက်ပြီး အဲ
ခြံပဲ မှတ်ပြီး ပြန်လာခဲ့တာပေါ့၊ နောက်သုံးရက်လော
ကြာတော့ မယောင်မလည်နဲ့ တစ်ခါသွားထပ်ကြည့်သေ
တယ်၊ သူ့ကို အဲဒီခြံထဲမှာပဲ တွေ့ခဲ့တယ်"

"ဩော် ..."

"အဲဒီမှာပဲ သူ နေနေတယ်ဗျ"

"နောက်ပိုင်းကျမှ အဆောင်ပြောင်းရင်ပြောင်းသွားမှာပေ
ကျွန်မနဲ့ ရန်ကုန်မှာ တစ်ခါထပ်တွေ့ပါတယ်၊ သူ အဆော
မှာ နေနေတယ်လို့ သူ ပြောတယ်"

"မဟုတ်ဘူး၊ သူ အဲဒီအိမ်မှာပဲ ခုထိ နေနေပါတယ်
ကျွန်တော်က တွေ့ချင်တဲ့သူဆိုတော့ အားရင်အားသလို
တစ်ပတ်နှစ်ကြိမ်လောက် အဲဒီရှေ့ကို ဖြတ်ပြီး ရောက်
တယ်၊ မနေ့တစ်နေ့က နောက်ဆုံးရောက်တာ၊ အဲဒီအထိ
အဲဒီအိမ်မှာပဲ သူ ရှိနေတယ်"

"ဟင် ..."

မြတ်က သူ့ကိုကိုကျော်ကို လှမ်းကြည့်ရင်း ...

"လတ်လတ်တော့ မြတ်ကို တစ်ပတ်ရိုက်ပြီ တွေ့လား
သူလည်း ကြည့်ရတာ မြတ်တို့လိုပဲများလားမှ မသိဘဲနော်
ကိုကိုကျော်"





"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ သူ့အကြောင်းနဲ့သူပေါ့
မြတ်ရယ်"

"မြတ်ကို လျှိုတယ်တွေ့လား၊ မြတ်ကတော့ သူ့ကို မြတ်
အကြောင်း အမှန်အတိုင်းပြောပြတာ၊ အကုန်ဆို အကုန်
လျှောက်ပြောပြတာ၊ သူကကျတော့ လျှိုသွားတယ်ကြည့်
စမ်း၊ တွေ့မယ် မိလတ်လတ်တော့"

"ဩော် ... သူ ဘယ်မှာတည်းမယ်ဆိုတာ ခင်ဗျားက
မသိဘူးလား"

"ဟင့်အင်း ... သူက ကြိုမဲ့သူနဲ့ ချိန်းထားတာလည်း
မပြောဘူး၊ အဆောင်မှာ နေမယ်ပဲ ပြောတာ"

"သူရှိနေတဲ့ အိမ်ကလည်း သူ့ကို လာကြိုသွားတဲ့ အိမ်ပဲဗျ"

"ဟင် ..."

"တစ်နေ့ကဆိုရင် အဲဒီလူနဲ့ သူ့ကို ခြံထဲမှာ အတူတူတွဲ
ပြီး တွေ့ခဲ့တယ်၊ အဲဒါကြောင့် ကျွန်တော်လည်း ခင်ဗျား
တွက်သလိုပဲ တွက်မိပါတယ်၊ ရန်ကုန်ကို ရည်းစားဆီ
ထွက်ပြေးလာတာမျိုး၊ ခိုးရာလိုက်လာတာမျိုး ထင်ပါရဲ့လို့၊
ဒါကြောင့် နောက်ထပ်တော့ အဲဒီခြံကို သွားကြည့်မတော့
ပါဘူးဗျာ၊ ကိုယ်က ရိုးရိုးလေး သူ့ကို သဘောကျမိတာပါ၊
တော်ကြာ မသိဘဲနဲ့ ဒုသနသော ကျူးလွန်နေမိသလို
ဖြစ်နေပါဦးမယ်၊ တစ်နေ့ကပဲ ဆုံးဖြတ်ချက်ချပြီး စိတ်
လျှော့လိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က စိတ်လျှော့လိုက်ပြီး မသွားတော့ပေမဲ့ ကျွန်မ
တော့ အဲဒီလိပ်စာလေး ကျေးဇူးပြုပြီးပေးပါဦး"

"အာ ... ဘာသွားလုပ်ဦးမလို့လဲ မြတ်ရာ၊ သူ့ဟာ
ဘာလုပ်တာပဲဖြစ်ဖြစ် ထားလိုက်စမ်းပါ"

ကျော်ဇောက မြတ်ကို တားပါသည်။

"ကိုကိုကျော်ကလည်း၊ ဘာမှ မလုပ်ပါဘူး၊ ငါ သိတ
ဆိုပြီး သူ့ကို မြတ်က ဘွားခနဲ သွားခြောက်ရုံလေး
နို့မို့ မြတ်အကြောင်းတော့ သူက သိပြီး သူ့အကြော
တော့ ပိရိလှပြီထင်နေဦးမယ်၊ အတူတူနဲ့ အနူနူကို သူ
ကျ ကျိတ်ဖွက်ထားတာ၊ မရပါဘူး ...

ဟိုးတစ်နေ့က ဒဂုံစင်တာမှာတွေ့တော့ သူ
ဒရိုင်ဘာပါ ဘာညာပြောနေတဲ့ သူတွေပဲဖြစ်မှာပေါ့၊ အဲဒီ
က အခုနက ကိုမိုးကျော်ကျော်ပြောတဲ့ အရပ်ပြတ်ပြ
ဆံပင်ကောက်ကောက် အသားဖြူဖြူနဲ့ ရှိုးများများလှ
ဟန်းဖုန်းတွေ ဟန်းချိန်းတွေ တပြပြနဲ့"

"ဟုတ်တယ်၊ အဲဒီပုံစံတစ်ယောက် လာကြိုတဲ့ထဲပါတယ်
ဒါပေမဲ့ သူနဲ့ တကယ်ပတ်သက်တာကတော့ အဲဒီ
ဟုတ်ပုံမရဘူး၊ ရုပ်ဖြောင့်ဖြောင့်ပဲ၊ အဲဒီတစ်ယောက်
ကားမောင်းပြီး သူက ဘေးကထိုင်ပြီး ကားကိုတ်က
ပါသွားတာ၊ သူ့အိတ်တွေ ဘာတွေ ဝင်သယ်တာလည်း
အဲဒီ ခပ်ဖြောင့်ဖြောင့်လူပဲ ...





တစ်နေ့က အဲဒီခြံထဲမှာ တွဲတွေ့ခဲ့ရတယ်ဆိုတာ
လည်း အဲဒီလူပဲ"

"မိတ်ဆွေတို့ အမျိုးတို့ရော မဖြစ်နိုင်ဘူးလား"

"အင်း ... အတိအကျတော့ မပြောနိုင်ဘူးပေါ့လေ၊ ဒါပေ
မဲ့ သူတို့ချင်း ရယ်တာမောတာ ကြည့်တာရှုတာတွေက
အမျိုးတော့ မဟုတ်တာ သေချာတယ်၊ သက်ဆိုင်သူ
မဟုတ်ဘူးဆိုရင်တောင် မိတ်ဆွေထက်တော့ ခံစားချက်
ပိုနေကြတဲ့ သက်ဆိုင်ရတော့မဲ့သူပဲ"

"ရှင်ကလည်း အသေအချာကို ကောက်ချက်ချနိုင်နေ
တော့တာပဲ"

"တကယ်ပါဗျာ၊ ကျွန်တော်က သူ့ကို မြင်မြင်ချင်း စိတ်
ဝင်တစား စွဲလမ်းမိတာကိုး၊ တစ်ခါမှလည်း မဖြစ်ဖူးပါဘူး၊
ဒါကြောင့် သံယောဇဉ် တလည်လည်နဲ့ကို သူရှိတဲ့အိမ်
ကို အပင်ပန်းခံ သွားသွားချောင်းကြည့်မိတာပါ၊ ပထမ
ဟိုလူပဲ ခြံထဲမှာ ရှိနေတာ။ နောက်ခဏနေမှ သူ ဆင်း
လာတာ၊ သူတို့ပုံစံက ညားကာစစုံတွဲလို မဟုတ်တောင်
ချစ်သူရည်းစားအတွဲတော့ ဟုတ်ကိုဟုတ်မယ်၊ မျက်နှာထား
တွေ မျက်လုံးတွေက ဖုံးမရပါဘူးဗျာ ...

ဒါကြောင့်လည်း ကျွန်တော် လက်လျှော့ဖို့ ဆုံးဖြတ်
လိုက်တာပေါ့၊ နို့မဟုတ်ရင် မျှော်လင့်ချက်ထားဦးမှာပေါ့
ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့် ကျွန်မကို အဲဒီလိပ်စာပေး"

"ခြောက်မိုင်ခွဲမှာ၊ (......)လမ်း၊ ခြံနံပါတ်က (......) ခြံတံခါးက အပြာရောင်ဗျ၊ သူတို့ခြံနဲ့ တိုက်က ကုန်းမြင့်လေးလို ဖြစ်နေတယ်"

"အင်း ... အဲဒီမှာ သူတို့နှစ်ယောက်တည်းနေတာလား"

"အား ... မဟုတ်ဘူးဗျ၊ အဘွားကြီးတစ်ယောက်လည်း တွေ့တယ်၊ ကြည့်ရတာ အလုပ်လုပ်ကိုင်ပေးတဲ့ အဘွားကြီး ဖြစ်ပါလိမ့်မယ်၊ လာကြိုတဲ့ထဲမှာပါတဲ့ လူနှစ်ယောက်ကိုလည်း အိမ်ထဲက ထွက်လာတာတွေ့ဖူးတယ်၊ အတူနေတာလား လာလည်တာလားတော့ ကျွန်တော်လည်း မသိဘူး"

ကျော်ဇော ငွေရေတွက်ပြီးသွားချိန်မှာတော့ စကားဖြတ်ကြကာ တိုက်ခန်းတံခါးပိတ်ပြီး သုံးယောက်အတူ အပြင်ထွက်လာခဲ့ကြပါသည်။ မိုးကျော်ကျော်က သူ့ဟာသူ ပြန်ကာ မြတ်တို့လင်မယားက ထမင်းဆိုင်ရှိရာသို့ လမ်းခွဲကြသည်။





## ၈

"ကိုနေထိုက် ... ရော့ ... ထမင်းဘူး"

"ဟာ ... မထည့်ပေးပါနဲ့တော့ဆို မလတ်လတ်ရာ၊ ထမင်းဘူး ထည့်ထည့်ပေးနေတာ အားနာစရာကြီးဗျာ"

နေထိုက်သည် အိုင်တီကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေပြီဖြစ်ပါသည်။ အလုပ်စဝင်တာ လေးရက်ပဲ ရှိသေးသည်။ သူက လတ်လတ်ကိုတောင် ကျေးဇူးတွေတင်နေပါသေးသည်။ ပထမအလုပ်က အဆင်မပြေဘဲ ထွက်ရပြီးတဲ့နောက် နေစရာစားစရာ အသင့်ဖြစ်နေကာ အားလည်းမနာရလေရာ လူက အလိုလို ပေါ့ဆသွားလျက် အလုပ်ကိုလည်း ဖိဖိစီးစီးကို ပြန်မရှာဖြစ်။

သက်သာသလိုနေဖြစ်နေတာ။ လတ်လတ် ရောက်ပြီးတဲ့နောက်တော့ ဘာပဲဖြစ်ဖြစ် သူတို့ နည်းနည်းပါးပါးတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူ ရှက်လာပါသည်။ သူငယ်ချင်းက ဘာမှမပြောဘဲ ကြည်ဖြူ ပေမဲ့ ကိုယ်တွေဟာလည်း အရွယ်ရောက် ယောကျ်ားတွေပဲ။ ကိုယ့်တာဝန်ကိုယ်ယူတာကတော့ ရှိရဦးမည်။

ဖြိုးကိုကတော့ ကားရောင်းဝယ်ကာ ဝင်ငွေပုံမှန်လေး ရှိနေပေမဲ့ သူ သုံးစွဲချင်ပုံနဲ့ မလောက်ငတဲ့အတွက် တော်လင်း အပေါ် မှီခိုအခွင့်ထူးခံနေတာ။ နေထိုက်ကတော့ နေဖို့စားဖို့ ဘာမှ မပူရတဲ့ ဘဝမှာ အပျင်းတစ်ကာ ကလေလုပ်နေတာ။ အိမ် မှာ မိန်းမပျိုငယ်တစ်ယောက် ရှိလာကာ သူကလည်း မြင်တတ် ကြည့်တတ်လွန်းလျက် အိမ့်အရေးကိစ္စတွေမှာ ဝင်စီမံခန့်ခွဲနေပြီ ဆိုတဲ့အခါ ကြာတော့ ကိုယ့်ဟာနဲ့ကိုယ် အနေခက်ကာ ရှက်တော့ ရှက်လာရတာပင်။

အောင့်သက်သက် ဖြစ်နေတာလည်းဟုတ်ရဲ့။ ဘာပဲ ဖြစ်ဖြစ် အဲဒါကြောင့်လည်း အလုပ်တစ်ခုကို ကမန်းကတန်း မြန်မြန်ပြန်ထွက်ရှာဖြစ်တော့တာ။ နေထိုက် ရုံးစ,တက်ကတည်း က လတ်လတ်က နံနက်ပိုင်း ထမင်းဘူး ထည့်ပေးသည်။ နေထိုက်က နေပါစေလို့ငြင်းလည်းမရ။

"အို ... ထမင်းဘူးက ယူရမှာပေါ့ ကိုနေထိုက်ကလည်း။ နို့မို့ ဒီမနက်တစ်နပ်ကို အပြင်မှာ ဝယ်စားနေရမှာ၊ အခု ဈေးတွေနဲ့ တွက်ကြည့်ဦး၊ နှမြောစရာကြီး၊ ထမင်းဘူးက ထည့်ကိုထည့်ရမှာ"





လတ်လတ် လက်သုတ်ပဝါနှင့် ပတ်ချည်ပြီးသွား သော ထမင်းဘူးကို နေထိုက်က လှမ်းယူရင်း ...

"ကျွန်တော်က တော်လင်းကို ထမင်းဖိုးထည့်ပါ့မယ်ပြော တော့လည်း တော်လင်းက လက်မခံဘူးဗျ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က သူ့ထမင်းတက်စားနေကြတာ ကြာပါပြီ၊ ကြာတော့လည်း သူငယ်ချင်းပေမဲ့ မကောင်းတတ်ဘူးပေါ့ ဗျာ၊ ဒါကြောင့် တစ်လ ဘယ်လောက် ထမင်းစရိတ်ယူပါ ဆိုတော့ သူက လုံးဝ ပေးမရဘူး ...

အခု ကျွန်တော်လည်း အလုပ်ရ၊ လခရ ဝင်ငွေ ရှိနေပြီပဲ၊ အဲဒါ ... ..."

လတ်လတ်က သူ့ပန်းကန်ထဲက ပဲပြုတ်ထမင်းကြော် ကို ပြုံးပြုံးလေး ခပ်စားနေပါသည်။ ဘာမှ မပြော။

"အဲဒါ ကျွန်တော် စိတ်ကူးလိုက်တာ ... ဟို ... ကျွန်တော် မီတာဘစ်လ်ကို တာဝန်ယူလိုက်မယ်နော် လတ်လတ်၊ လတိုင်း မီတာဘစ်လ် ကျွန်တော် ဆောင်လိုက်မယ်နော်"

လတ်လတ်က ပြုံးပြုံးကလေး ...

"ကိုနေထိုက် သဘောပေါ့၊ ကောင်းသားပဲ"

"ဟုတ်ကဲ့"

နေထိုက်က ထမင်းဘူး ဆွဲကာ စောင်းငန်းစောင်းငန်း ရှက်ကိုးရှက်ကန်းနှင့် ထွက်သွားပါတော့သည်။ လမ်းထိပ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖယ်ရှိအမှိ စောင့်စီးရမှာဖြစ်သည်။ ထမင်းစားပွဲမှာ အတူရှိ သော တော်လင်းတို့က နေထိုက် အိမ်ပြင်ရောက်သွားလျှင်

"သနားတော့သနားပါတယ်ဗျ၊ နေထိုက် လခနဲ့ မီတာဘစ်လ် ဆောင်ပေးတာ လက်ခံလိုက်ရင် သူ အ များကျပ်မလား မသိဘူး"

"အဲဒါ ကိုတော်လင်းက ခက်နေတာ၊ ကိုတော်လင်း စိတ်သဘောကောင်းတွေ သူငယ်ချင်းတွေကို ချစ်တဲ့စိတ် က အဲဒီသူငယ်ချင်းတွေကို ပြန်ဖျက်ဆီးနေတာ ကိုတော် လင်း မသိဘူး"

စာရေးဆရာခများ သူ့ထက် ငါးနှစ်ငယ်တဲ့ မိန်း ငယ်ရဲ့ ဩဝါဒတွင် စောဒက မတက်တတ်ဘဲ ရှိနေရှာသည်

"ကိုနေထိုက် လစာရင်းက ငါးသောင်း၊ မီတာဘစ်လ် တစ်သောင်းကျော်နဲ့ တစ်သောင်းခွဲကြားထဲမှာ၊ သူ ဆော နိုင်သားပဲ၊ သူ့ဘာသာ အဆောင်နေပြီး သူ့ဟာ စားရင် ဒီတစ်သောင်းခွဲနဲ့ လောက်မလား၊ ဒါပေမဲ့ ငွေ ကျန်အောင် သူ ခြိုးခြံပြီး ဖြစ်အောင် စားသောက်ရမှာ ကိုတော်လင်းရဲ့ ...

ကိုတော်လင်းက ငွေကြေးအင်အားအရရော စေတ အရရော သူတို့ကို ကျွေးထားနိုင်တာမှန်တယ်၊ ဒါပေ အဲဒါ ဘယ်တော့ထိလဲ၊ ကိုတော်လင်း အိမ်ထောင်တွေ





တွေပြုရင် ရှင့်မိန်းမက လက်သင့်ခံပါ့မလား၊ သူတို့ကို ကိုယ့်တာဝန်ကိုယ်မယူဖြစ်အောင် ရှင်က စေတနာနဲ့ အကျင့် ဖျက်နေသလို ဖြစ်နေတာ ...

အခု မီတာဘစ်လ်ပေးခွင့်ရတာ ကိုနေထိုက်မှာလည်း ကျေနပ်မှုတစ်မျိုး ရတာပေါ့၊ သူများပစ္စည်း ကပ်သုံးရ တယ်၊ ကပ်စားရတယ်ဆိုတာဟာ ပိုင်ရှင်ဥစ္စာရှင်က ဘာမှ မပြောဘဲ ကြည်ဖြူတောင်မှ ကိုယ့်ကိုယ်စောင့်နတ်ဆီ ကိုယ် မျက်နှာငယ်ရတယ် ကိုတော်လင်းရဲ့ ...

အလကားကြီး သူများထမင်း စားနေရတဲ့အရသာနဲ့ ကိုယ်ကပါ စရိတ်စက စိုက်ခံပြီး စားရတဲ့ထမင်း ဘယ် ထမင်း ပိုမြိန်သလဲ ကိုနေထိုက် သိသွားမှာပေါ့၊ သူ့စိတ် သူ လုံလုံခြုံခြုံနဲ့ သူငယ်ချင်းဆီ လာပေါင်းနေရတဲ့ အရ သာကို သူ ဒီငွေပမာဏလောက်နဲ့ ခံစားနိုင်မှာ တန်တာပေါ့ ဟုတ်ဘူးလား"

တော်လင်းတို့က လတ်လတ်ကို ရွှန်းရွှန်းစားစား သားလေးနက်နက် စိုက်ကြည့်နေမိပါသည်။

"ရှင်က မိတ်ဆွေကောင်းဆိုရင် အဆင်မပြေတဲ့ သူကိုသာ ကူညီရမှာဖြစ်တယ် ကိုတော်လင်းရဲ့၊ အဆင်ပြေရက်နဲ့ ကိုယ့်အသက်ကိုယ်မွေးတဲ့ အကျင့်ကို ပျက်သွားအောင် ကူဖျက်ပေးရမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တော်လင်းတိုးက ခေါင်းတညိတ်ညိတ်နှင့်လတ်[...] စကားကို သဘောတူပေးလိုက်ပါသည်။

"လတ်လတ်တို့ရဲ့ ဘဘကြီးဆိုရင် အကျင့်ပျက်သွား[...] အရိုးစွဲသွားပြီ၊ တစ်သက်လုံး သူ့အကျင့်ကို ပြင်မရနိုင်[...] ဘူး၊ လူတစ်ယောက်ဟာ တစ်ကိုယ်ကောင်းဆန်[...] ဗိုလ်ကျတယ်ဆိုရင် အဲဒီလူကို ပတ်ဝန်းကျင်က ဗိုလ်ကျ[...] တစ်ကိုယ်ကောင်းဆန်ခွင့် ပြုထားသေးလို့ပဲ၊ ပတ်ဝန်း[...] က ဝိုင်းပြီး ခွင့်မပြုရင် သူ ဗိုလ်ကျခွင့် တစ်ကိုယ်ကော[...] ဆန်ခွင့် မရနိုင်ဘူး၊ အဲဒီကျ ဗိုလ်ကျရတယ်ဆိုတဲ့ အ[...] လည်း စွဲလာစရာအကြောင်း မရှိတော့ဘူး ...

လတ်လတ်တို့ မေမေက သူ့အစ်ကိုကို ချစ်တဲ့[...] ကြောက်တဲ့စိတ်နဲ့ တစ်သက်လုံး ဘာမှ ပြန်မပြောတဲ့[...] နဲ့ အကျင့်ဖျက်ဆီးလာခဲ့တာပေါ့၊ ခုတော့ ဘယ်သူ့အတွ[...] မှ မကောင်းတဲ့ ပြဿနာတွေနဲ့ ကြုံရတယ်၊ ငယ်ငယ်တုန်း[...] မိဘကဖျက်၊ ဘာမှ မလုပ် ပေါလားဝါးလားနဲ့ ဖြုန်း[...] တဲ့အတတ်ပဲတတ်တယ်၊ ကိုယ့်တာဝန်ကိုယ်ယူတဲ့အတ[...] မတတ်ခဲ့ဘူးလေ၊ မိဘတွေ မရှိတော့ ညီမက ဆက်ဖျက်[...] တစ်ကိုယ်ကောင်းကျင့်ခွင့်ပြုထားတော့ ကိုယ့်ဆွေမျိုးရင်[...] ချာအတွက်တောင်မှ ရန်သူ ဖြစ်လာတယ်"





"လတ်လတ်က အသက်ငယ်ပေမဲ့ ကိုယ်ပိုင်အတွေးအခေါ်တွေ အများကြီး ရှိတာပဲနော်၊ လတ်လတ်က တော်တယ်"

တော်လင်းတိုးက လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက် ချီးကျူးမိပါသည်။

"မန္တလေးအိမ်မှာတော့ လတ်လတ်က ရိုင်းတယ်၊ လတ်လတ်က စကားပြောရင့်တယ်၊ လတ်လတ်က မသိမ်မွေ့ဘူးဆိုတဲ့ စကားမျိုးပဲ ကြားရတာ"

ဒေါ်ချွန်သည် ပန်းကန်တွေ လာသိမ်းရင်း ...

"အောင်မယ် ... အဲဒါ မလိုတဲ့သူမို့ပြောတာ၊ ဒေါ်ချွန့်အမြင်မှာတော့ လတ်လတ်က အရွယ်နဲ့ မမျှအောင် ရင့်လည်းရင့်ကျက်၊ တော်လည်းတော်တဲ့ မိန်းကလေး၊ အိမ်ထောင်မှုလည်းနိုင်၊ စေ့စေ့စပ်စပ်လည်းမြင်တတ်၊ နေတတ်ထိုင်တတ်တော်၊ မောင်တော့် အမေ ဖုန်းဆက်ရင် ဒေါ်ချွန်ကတော့ အဲသလိုချည်းပဲ ပြောတာပဲ၊ အင်မတန် တန်ဖိုးရှိတဲ့ မိန်းကလေးလို့"

"အို ... ဒေါ်ချွန်ကလည်းနော်၊ ကိုတော်လင်း အမေကို ဘာလို့ လျှောက်ပြောနေတာလဲ"

"မမကလည်း မိန်းကလေး အဆင်ပြေရဲ့လား၊ ဘယ်လိုနေလဲ သတင်းမေးတာကိုး၊ ကိုယ် မြင်တာ ပြောရတာပေါ့၊ ခုဆို ကြည့်စမ်း ... လတ်လတ်က ခပ်တင်းတင်း စည်း



www.burmeseclassic.com

www.burmeseclassic.com



ကမ်းလုပ်တော့လည်း မောင်ဖြိုးကိုတို့ လိုက်နာကြရတာ... အိမ်မှာ အရက်ဝိုင်းကြီးနဲ့ တဟေးဟေး တဟားဟား... သန်းခေါင်ညဥ့်နက် ဆူညံမူးရူးနေတာမျိုး မရှိတာ ဘ... လောက်ကြာခဲ့ပြီလဲ၊ အရင်ကဆို တစ်လကို နှစ်ကြိမ်လော... အနည်းဆုံးပဲ”

“ဟုတ်တယ်နော် ဒေါ်ချွန်၊ အဲဒါ လတ်လတ် စည်းကမ်း...”

လတ်လတ်က မနေတတ်တဲ့ မျက်နှာလေးပင်ဖြ... ကာ ...

“ကိုတော်လင်းရဲ့ မေမေက အဲဒါတွေကို လုံးဝ မကြိုက်ဘူး”

“ကျွန်တော် သိပါတယ်၊ လတ်လတ်ကိုကော မေမေ... ပြောလား ဟုတ်လား”

“ဟို ... လတ်လတ်ကိုတော့ မပြောပါဘူး၊ ဒီလိုပဲ သိ... တာ”

“လတ်လတ် အမေက တစ်ဆင့် သိတာထင်တယ်၊ မေ... မကြိုက်မှန်းသိပေမဲ့ ကျွန်တော်ကိုယ်တိုင်လည်း သဘောမ... ပေမဲ့ ကျွန်တော်ကလည်း အားနာတော့ မတားမြစ်မိ... ဗျာ”

“ခုတော့ မောင်ဖြိုးကိုတို့လည်း ဟိုးအရင်ကထက်စာ... တော့ အများကြီး သိတတ်လာပြီပေါ့၊ အရင်ကတော... ဟင်းတွေ ရှိတာတောင် ဟိုဟာ သွားဝယ်ခိုင်း၊ ဒီဟာသွား...





ထပ်ဝယ်ခိုင်း၊ ခုတော့ မောင်တော်ရေ ... ဟိုမှာကြည့်၊ ဟိုမှာ ထောင်ထားတဲ့ ဆန်အိတ်နဲ့ ဆီပုံးက မောင်ဖြိုးကို ဝယ်လာပေးတာတော့၊ ဝယ်လာဖို့ မမှာရပါဘူး၊ သူ့ဟာသူ ဝယ်ပေးသင့်တယ်ယူဆလို့ ဝယ်လာတာပဲလေ၊ ဆန်က တစ်တင်းခွဲ၊ ဆီက ငါးပိဿာ၊ တစ်လစာပဲ”

ဒေါ်ချွန်က ကျေကျေနပ်နပ်ကြီးပြောကာ ပန်းကန် ...သယ်ပြီး နောက်ထဲ ဝင်သွားပါသည်။

“ဟား ဟား ... ဒီကောင်တော့ လတ်လတ်နဲ့မှ ကျွတ်တော့တာပဲ”

“လတ်လတ် သူ့ကို တစ်ခွန်းမှ ဘာမှ မပြောပါဘူးနော်၊ အမြင်မတော်တာတွေ ကိုတော်လင်းကိုသာ လတ်လတ်က မကျေမချမ်း ပြောပြောနေတာ၊ ကိုဖြိုးကိုတို့ကိုတော့ ဟိုလိုလုပ်သင့်တယ်၊ ဒီလိုလုပ်သင့်တယ် ဆရာမလုပ်ပါဘူး”

“ကျွန်တော် သိပါတယ်၊ သူတို့ဘာသာ သူတို့ကို အနေရအထိုင်ရ ခက်လာတာပါ၊ လတ်လတ် ပြောသလိုပဲ အထင်သေးမခံ၊ သိက္ခာကျမခံတော့တာပါ၊ အဲဒါလည်း လတ်လတ်ကြောင့်ပါ၊ ကျွန်တော့်လောက်တော့ သူတို့က ဘာမှ ဂရုစိုက်တာ မဟုတ်ဘူးဗျ၊ ကျွန်တော်က အထင်သေးမယ်ဆိုလည်း သူတို့ ဘာမှမဖြစ်ဘူး၊ ကျွန်တော့်ဆီမှာ သိက္ခာကျစရာ မရှိဘူးပဲ သဘောထားတာ”



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်က ခပ်ငေးငေးကလေး ဖြစ်သွားရင်း ...

"အင်း ... ဟိုမှာ ဘာဘကြီးနဲ့ မေမေလည်း ဘယ်လိုမှာ ဖြစ်နေကြမယ် မသိဘူး၊ မေမေတော့ ငုံ့ခံနေရတော့မှာပဲ"

သူ့အမေကို လွမ်းဆွတ်သွားပုံပေါ်တဲ့ လတ်လတ်ကို ကြည့်ကာ တော်လင်းတိုးက ခုမှ သတိတရရှိလျက် ...

"သြော် ... ဟိုတလောကတော့ လတ်လတ် မေမေ သိပ် နေမကောင်းဘူးတဲ့"

"လတ်လတ် မေမေ !! ... ရှင်က ဘယ်လိုသိလဲ"

"ကျွန်တော့်မေမေ ပြောတာလေ၊ ညွှန့်ညွှန့် သိပ်နေမကောင်း ဘူးပြောတယ်တဲ့"

"သြော် ..."

လတ်လတ်က သက်ပြင်းလေးတစ်ချက် ချလိုက်ပါ သည်။ ညွှန့်ညွှန့်ဆိုတော့ ...။

"ဘာဖြစ်တာတဲ့လဲဟင် ကိုတော်လင်း"

"နှလုံးရောဂါ နည်းနည်းထ,တယ်ဆိုလားပဲ၊ ဖုန်းဆက် သတင်းမေးပါဦးလား၊ အိမ်မှာ ဘာပဲ ပြဿနာ ဖြစ်ခဲ့ ဖြစ်ခဲ့ပေါ့၊ ကိုယ့်မေမေပဲ မဟုတ်လား"

သူ့ကို တစ်မျိုးထင်နေပုံရတဲ့ တော်လင်းတိုးရဲ့ ချော့မော့ဆုံးမစကားကြောင့် လတ်လတ်က ပြုံးပြုံးကလေးနှင့် ...

"ဟုတ်ကဲ့ပါ"





ခေါင်းလေး မငုံ့တဲ့ နှုတ်ခမ်းလေး မစူ့တစူ နာခံ လေးသည် တော်လင်းတိုး နှလုံးသားကို လှုပ်ရှားတုန်ယင်စေ သည်။

"လတ်လတ်"

"ရှင်"

"ရန်ကုန်ကို လာဖို့ စိစဉ်တုန်းက လတ်လတ် မေမေက လတ်လတ်ကို ဘာမှာလိုက်သလဲ"

လတ်လတ်က တော်လင်းတိုးကို အကဲခတ်သလို ကြည့်နေကာ ...

"ဘာကို ပြောတာလဲ၊ လတ်လတ် နားမလည်ဘူး၊ မေမေ နဲ့ ပြောတဲ့ စကားတွေကတော့ အများကြီးပေါ့"

"အင်း ... အဲဒီအများကြီးထဲကမှ ကျွန်တော်နဲ့ ပတ်သက် ပြီး ဘာပြောလဲ"

"ဘာမှ မပြောဘူး"

"အာ ... လတ်လတ်ကလည်း ဟုတ်လို့လား"

"ဟုတ်တယ်"

"မဟုတ်သေးဘူးလေ၊ ကျွန်တော့် မေမေကဆို ဖုန်းလှမ်း ဆက်တယ်၊ သားတဲ့ မေမေနဲ့ သိပ်ခင်တဲ့မိတ်ဆွေ ညွှန့်ညွှန့် ရဲ့ သမီးလေး မြတ်သုဝတီ ရန်ကုန်ကို လာလိမ့်မယ်တဲ့၊ သွားကြိုပေးပါ၊ အဆောင်မှာနေဖို့ အဆင်တပြေ ရှာဖွေစီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါတဲ့၊ အနည်းဆုံး တစ်ပတ်ကို နှစ်ရက်လောက်
တွေ့ပြီး ဂရုစိုက်စောင့်ရှောက်ပါတဲ့၊ တစ်ယောက်နဲ့
ယောက် ရင်းနှီးခင်မင်ပါစေတဲ့"

လတ်လတ်သည် တော်လင်းတိုး၏ ရည်ရွယ်
ရိပ်မိကာ ခေါင်းကလေး အသာငုံ့ချထားမိပါသည်။

"အဲဒီမိန်းကလေးနဲ့ ..."

"လတ်လတ်ရေ ... အိမ်ရှေ့မှာ ညှော်သည် ရောက်နေတ

"ဟင် ..."

တော်လင်းတိုး စကားသံထဲ နှစ်မျောမျောဝင်
လတ်လတ်သည် ဒေါ်ချွန် လာပြောလိုက်တဲ့ စကား
စည်းချက်ကျနေသော ရင်ခုန်သံများ ဖရိုဖရဲ ပြန့်ကျဲကုန်
အလန့်တကြား ခေါင်းကလေး မတ်သွားပါသည်။

"လတ်လတ်ရဲ့ ညှော်သည် !! ..."

"အေး ..."

"လတ်လတ်လို့ မေးလား"

"မေးတယ်ကွယ့်"

"ဟင် ... လတ်လတ် ဒီအိမ်မှာနေတာ ရန်ကုန်မှာ သိ
လူ ဘယ်သူရှိတာမို့လဲ၊ နာမည် ဘယ်သူလို့ပြော
ဒေါ်ချွန်"

"မြတ်တဲ့"





"ဟင် ..."

လတ်လတ်က ဂုန်းခနဲနေအောင် ထိုင်ရာမှ ထ,ရပ်
လိုက်မိပါသည်။ တော်လင်းတိုးပင် လန့်ဖျပ်သွားကာ လတ်လတ်
ကို မော့ကြည့်လျက်သား။ လတ်လတ်ရဲ့ အထိတ်တလန့် အမူအရာ
ကြောင့် အံ့အားသင့်နေမိပါသည်။ လတ်လတ်သည် အိမ်ရှေ့ထွက်
လို၊ နောက်ဖေးထဲ ဝင်ပြေးမလို ဟိုလှည့် ဒီလှည့် ပျာယာခတ်
ချိတုံချတုံ ဖြစ်နေပြီးလျှင် ...

"ကိုတော်လင်း"

"ဗျာ"

"ဟို ... ဟိုလေ၊ စာကြည့်ခန်းထဲမှာ သွားနေပေးပါလား"

"ဗျာ ... ဘာဖြစ်လို့လဲ"

"လတ်လတ်ရဲ့ ညှော်သည် မတွေ့စေချင်လို့ပါ"

"တွေ့တော့ ဘာဖြစ်လို့လဲ လတ်လတ်ရဲ့"

"ဟိုလေ ... လတ်လတ်က အဆောင်မှာမနေဘဲ ခုလို
သူစိမ်းယောကျ်ားလေးတစ်ယောက်အိမ်မှာ နေနေတယ်
ဆိုတာ သူများတွေ မသိစေချင်လို့ပါ၊ သတင်းတွေ
လျှောက်ပွကုန်မှာစိုးလို့၊ နော် ... ကိုတော်လင်း၊ ပုန်းနေပေး
နော်၊ ထွက်မလာနဲ့၊ အဲဒါမှ လတ်လတ်က အမျိုးအိမ်လိုလို
ဘာလိုလို ညာပြောလို့ဖြစ်မယ်၊ နော် ... နော်လို့၊ သွား
တော့"



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်သည် စိတ်လှုပ်လှုပ်ရှားရှားနှင့် တော်လင်းတို့လက်မောင်းကိုပါ ဆွဲကိုင်ထူမ,မိသည်။ မတ်တတ်ရပ်မိလျှင် မျက်နှာချင်းဆိုင် ဖြစ်သွားတဲ့ တော်လင်းတို့တို့ကို ရင်ပတ်ကကော ပခုံးကကော တွန်းကာ ထမင်းစားခန်းရဲ့ တစ်ဖက်စကြံဆီ တွန်းလွှတ်လိုက်ပါသည်။

ညှော်ခန်း ထမင်းစားခန်းတစ်ဝိုက် ဘယ်သူမှ မရှိတော့မှ လတ်လတ် ကမန်းကတန်း အိမ်ရှေ့ကို အပြေးထွက်ကာ...

"ဟိတ် ... မြတ်"

မြတ်သည် ပေါ်တီကိုအောက်က တက္ကဆီကားနံဘေးမှာ အူကြောင်ကြောင် မှုန်ကုပ်ကုပ်လေး ရပ်နေရာမှ လတ်လတ်ကို မြင်လျှင် ...

"ဟဲ့ ... လတ်လတ်၊ ငါက အိမ်များ မှားလာသလားလို့၊ ခုန မိန်းမကြီးကလည်း ဘာမှ သေချာမပြောဘဲ ပြန်ဝင်သွားတော့ ဇဝေဇဝါ ဖြစ်နေတာပေါ့၊ ကဲ ... တံခါးဖွင့်"

လတ်လတ်က သံတံခါးကို ဖွင့်ပြီးလျှင် အပြင်ဘက် ကမန်းကတန်း ထွက်ပြီး တံခါးကို နောက်ပြန်ဆွဲပိတ်လိုက်ပါသည်။ အိမ်ထဲဝင်မည် ပြင်နေသော မြတ်မှာ လတ်လတ်နှင့် တိုက်မိမလို ဘရိတ်အုပ်လိုက်ရရင်း ...

"ငါက အိမ်ထဲ မဝင်ရဘူးလား"



"အမလေး ... မဝင်နဲ့၊ စိတ်ရှုပ်လွန်းလို့၊ လာ ... အပြင်မှာပဲ စကားပြောမယ်"

မြတ် လက်ကို ဆွဲကာ ပန်းကုံးကလေးအောက်က ဆို ဆွဲခေါ်လာလျှင် မြတ်က မျက်လုံးပြူးနှင့် ကြောင်တက်တက် လာရင်း ...

"ဘာဖြစ်လို့လဲ၊ နင် ဘာဖြစ်နေတာလဲ၊ ပျာယီးပျာယာနဲ့"

"နောက်မှ ပြောမယ်၊ နင် ဒီလိပ်စာ ဘယ်လိုသိလာသလဲ ဆိုတာအရင်ပြောစမ်းပါ"

"ဟီး ဟီး ... ရယ်ရတယ်ဟဲ့၊ ငါတို့ အဝေးပြေးကားဂိတ်မှာ လမ်းက ဖြတ်တက်လာတဲ့လူ သိတယ် မဟုတ်လား"

"သိတာပေါ့၊ တောက် ... ငါ့ကိုတောင် လာကြောင်နေသေးတယ်၊ အတင်းပဲ နာမည်တွေ လိပ်စာတွေ ဖုန်းနံပါတ်တွေ လိုက်တောင်းနေတာ၊ ငါလည်း အမြင်ကတ်ကတ်နဲ့ အိတ်နဲ့ ပိတ်ထုလာသေးတာ"

"အေး အေး... ပြောပါတယ်၊ သူ ပြောပြတယ် ဟား ဟား"

"သူနဲ့ နင်က !..."

"သူက ကိုကိုကျော့်ဆီက ကျောက်ထုပ်တချို့ ဝယ်တယ်၊ ကြားလူအဆက်အသွယ်နဲ့ပေါ့ဟယ်၊ သူက အထည်ခံတော်ပြီး နယ်ပိုင်းမှာ ပြန်ရောင်းတာဟ၊ ကိုကိုကျော့်ဆီ လာဝယ်ရင်း ငါ့ကို တွေ့တော့ သူက မှတ်မိပြီး ဒါတွေပြောပြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

"သူက အဲဒီနေ့ကတည်းက နင် ပါသွားတဲ့ ကားနောက်ထ ပါလာတာ ဒီအထိ၊ ဒီအိမ်မှာ နင် နေတယ်ဆိုတာ သူ သိ တယ်"

"ဟင် ... သူက ဘာလို့ လိုက်ရတာလဲ"

"နင့်လိပ်စာ သိချင်လို့ပေါ့၊ နင့်ကို သူ တကယ်ကြွေတာတဲ့ ဟဲ့၊ ဒီရေ့နားလည်း ခဏခဏလာပြီး နင့်ကို ချောင်းတယ် တဲ့၊ အခု သူက နင့်ကို တစ်မျိုးထင်နေတယ်"

"ဘယ်လိုလဲ"

"ငါတို့ ခိုးရာလိုက်တာလည်း သူ ရိပ်မိတယ်ဟ၊ ကိုကိုကျော် က ပြောပြတော့ သူက အဲသလိုပဲ ထင်တာတဲ့။ ပဲခူးမှာ ငါ ဆင်းသွားကတည်းက သူက စပ်စပ်စုစု ကြည့်ထားတာ နင့်ကိုလည်း ငါ့လိုပဲ ခိုးရာလိုက် ... အဲ ... ခိုးမဲ့ဆီ ပြေး လာတဲ့သဘောပေါ့ဟာ၊ အဲလိုပဲ သူက ထင်နေတယ် အဲဒါ ဟုတ်သလား"

"အောင်မာ ... သူက ငါ့ကို ဘာလို့ ဒီလို ထင်ရတာလဲ"

"နင့်ကို ယောကျ်ားသုံးယောက် လာစောင့်ကြိုနေတယ် ခပ်ချောချောတစ်ယောက်က အဓိက ဆီးကြိုတယ်၊ သူ့ဆား မှာ နင် ထိုင်ပြီး ပါသွားတယ်၊ ဟိုနေ့က သူ လာချောင်း ကြည့်တော့ နင်နဲ့ အဲဒီလူကို ခြံထဲမှာ ပြုံးပြုံးပျော်ပျော် ကြည်ကြည်နူးနူး တွေ့ရတယ်၊ ကဲ ... နင် ဘာပြောင်းမလဲ"





"အို ... မဟုတ်ဘူး"

"ပြောင်ပြောင်းလိုက်တော့ ပြီးရောပေါ့ ဟုတ်လား၊ ဒါဖြင့် နင် ငါ့ကို ဒဂုံစင်တာမှာတွေ့တုန်းက ဘာလို့ ညာပြော သွားလဲ"

"မညာပါဘူးဟာ"

"ညာတယ်လေ၊ နင် အဆောင်မှာနေတယ်ဆို၊ ငါ့ကို လိပ်စာလည်း မပေး၊ ဖုန်းလည်းမပေး၊ တမင်လျှို့ဝှက် ဖုံးကွယ်ထားတဲ့သဘောပဲ၊ ဒီတော့ ငါကလည်း နင့်ကို ခိုးရာလိုက်လာတယ်ပဲ ထင်လိုက်ပြီ၊ တမင်တကာ ငါ သိတယ်ဆိုတာကို ဘွားခနဲ လာပြတာ၊ ကဲ ... ပြော အမှန်အတိုင်း"

"ဟဲ့ ... ဒါ ... ငါ့အမျိုးအိမ်ဟဲ့"

"ဒါဖြင့် ခေါ်လိုက်၊ နင့်အမျိုးကို ကြည့်ရအောင်"

"အာ ... နင်ကလည်း အဘွားဝမ်းကွဲဟဲ့၊ အဲဒီအဘွားကြီး က အင်မတန် အပေါက်ဆိုးပြီး ဘုကျတာ၊ ငါတောင် ပြေးမရလို့ ဒီမှာနေနေရတာ၊ လစ်တာနဲ့ အဆောင်ကို ပြေးမှာ၊ အချိန်ပြည့် အော်ဟစ်ပူညံနေတာ၊ ဧည့်သည်လာရင် လည်း အော်ပြီ၊ အဲဒါ အခု ..."

"အော်စမ်းပါစေ၊ လာပါ ခေါ်လိုက်ပါ၊ နင့်အဘွားအစ ရှိလို့ကတော့ အော်ရုံမကလို့ ရိုက်ရိုက် ခံလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် လုံးဝ အယုံအကြည်မရှိတဲ့ မြတ် လတ်လတ်က အကြဲအိုက်အိုက်နှင့် ခေါင်းကုတ်ရင်း ကြည့် ပါသည်။ 'မြတ်သုဝတီ'ဆိုတဲ့ မြတ်နဲ့ လူကြီးချင်း သဘောတူထား တော်လင်းတိုးရဲ့ အိမ်ပေါ်ကိုမှ လတ်လတ်က ဆိုက်ဆိုက်မြ မြိုက် တက်ပြီး နေနေမိတာကို မြတ် သိမှာ အသေအလဲ ရှက် မျက်နှာပူလှသည်။

သူ့ချစ်သူ ကိုကိုကျော်နဲ့တောင် ခိုးပြေးပေါင်းသ နေထိုင်ပြီဖြစ်တဲ့ မြတ်ဟာ လတ်လတ်နှင့် တော်လင်းတိုး ဘယ် ပတ်သက်ပတ်သက် ဘယ်လိုမှ နေမှာ မဟုတ်ပေမဲ့ လတ်လတ် ရှက်စွံ့သိမ်ငယ်နေမိတာ။ ပြီးတော့ 'တော်လင်းတိုး'ဆိုတဲ့ စာ ဆရာဟာ မြတ်နဲ့ လတ်လတ်တောင် စ,မခင်သေးခင် ဟိုလွန် တဲ့ လေးနှစ်လောက်က ပေါ်လာတာစကစပြီး လတ်လတ် အသည်းစွဲ နှစ်သက်ကြည်ညိုခဲ့ပါတယ်ဆိုတာကို မြတ် လုံး သိမှာမဟုတ်။

မြတ်အသိမှာတော့ မန္တလေး ရန်ကုန် အဝေးပြေး ကားကြီးပေါ်မှာ အာချောင်ချောင်နဲ့ မြတ် ပြောပြသမျှ သူ့အကြောင် တွေအပေါ် နင်းပြီး အခွင့်ကောင်းယူလိုက်တဲ့ အဖြစ်ကိုပဲ သိမှာ။ သူ့ချစ်သူနှင့် သူ့အမေက လုံးဝ သဘောမတူတာ တော်လင်းတိုးနှင့် မိခင်နှစ်ယောက် ပြောဆိုသဘောတူကြတာ မြတ်က ကိုကိုကျော်နှင့် အဆက်ပြတ်သယောင် ဟန်ဆောင်နေပြီ





အမေ ယုံလောက်မှ ရန်ကုန်မှာ သင်တန်းတွေ သွားတက်ချင်သည် ဆိုသည့် အကြောင်းပြချက်နှင့် ရန်ကုန်သွားရဖို့ ပူဆာရာ မြတ်ရဲ့ အမေက သူ့အကြိုက်နှင့် အံကိုက်ကျပြီး ကိုယ်တိုင် လိုက်တောင်မပို့၊ လူငယ်ချင်း ပတ်သက်ရင်းနှီးရလေအောင် မြတ်ကို ကားနဲ့ လွှတ်လိုက်ပြီး တော်လင်းတိုးကို လာကြိုခိုင်းတာ။

မြတ်က ထွက်လာကတည်းက သူ့အိပ်ရာပေါ်မှာ 'ချစ်သူ ကိုကိုကျော်နောက်ကိုပဲ လိုက်သွားပြီဖြစ်တဲ့အကြောင်း' စာရေးပြီး တင်ထားရစ်ခဲ့တာ။ မြတ်က တော်ရုံနှင့် မန္တလေး မပြန်သေးဘဲနေဦးမှာ။ စသဖြင့် မြတ်နှင့် ပတ်သက်လို့ အားလုံး သိခွင့်ရသွားတဲ့ လတ်လတ်က မြတ်ရဲ့ နေရာကို အလွယ်ကလေး အစားထိုးဝင်နေလိုက်တာကို မြတ် သိမှာ ရှက်ပါသည်။

"ကဲ ... ဘယ်လိုလဲ"

"ဘာကို ဘယ်လိုလဲလဲ မြတ်ရယ်၊ နင်ဟာ အတော်စပ်စု ပါလား"

"စပ်စုရတာပေါ့ဟဲ့၊ ပွင့်ပွင့်လင်းလင်းမရှိတဲ့ သူကို အတင်း စပ်စုမှပဲ အကြောင်းစုံ သိရမှာပေါ့၊ ငါကတော့ဖြင့် ငါ့ အကြောင်းတွေ အိတ်သွန်ဖာမှောက် ပြောပြလိုက်ရတာ၊ သူကကျတော့ လျှိုလျှိုလေး၊ ပိပိရိရိနဲ့ အိမ်က စိတ်ဆိုးပြီး ထွက်လာတာလေးပဲ ပြောပြပြီး ရန်ကုန်မှာ ဘဲနဲ့ ချိန်းထား တာကျ မပြောပြဘူးပေါ့လေ ...



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ တွေ့တာတောင်မှ အဆောင်မှာ နေနေပါတယ်လို့ လိမ်လိုက်သေးတယ်၊ နင် ပြောတဲ့ အဆောင်ပိုင်ရှင်ရဲ့ ကားဒရိုင်ဘာဆိုတာလည်း နင့်ကို ကြိုကတည်းက ပါလာတဲ့လူတစ်ယောက်ဆိုတာ ငါ သိပြီးပြီ၊ နင် တကယ်အမျိုးအိမ်နေနေတာဆိုရင် ငါ့ကို အိမ်ထဲခေါ် ဒါပဲ”

လတ်လတ်သည် အကျပ်ရိုက် စိတ်ရှုပ်လာကာ —

“နင် ဒါကိုသိရတော့ ဘာဖြစ်သွားမှာလဲ၊ မသိရတော့ရော ဘာဖြစ်သွားမှာလဲ”

“ဘာမှ မဖြစ်ဘူး၊ ငါ့ကို ညာသွားလို့ အသည်းယားလို့ ဘွားခနဲ လာဖော်တာသက်သက်ပဲ၊ အမှန်တိုင်း သိရရင် ပြန်ရုံပဲ၊ အိမ်ထဲတောင် မဝင်ဘူး စိတ်ချ”

အဲဒီတုန်းမှာ လတ်လတ် ရပ်နေရာဘက်ကသာ လှမ်းမြင်ရတဲ့ အိမ်ရဲ့ ဘေးဘက်ခြမ်း အခန်းတစ်ခုရဲ့ ပြတင်းပေါက်က ပွင့်လာသည်။ အဲဒါဟာ ကိုဖြိုးကို အိပ်တဲ့ အခန်း၊ ကာလနဂါးကိုဖြိုးကို နိုးလာပြီ။ လတ်လတ်ရဲ့ စည်းကမ်းအတိုင်း အဲကွန်းပိတ်ကာ ပြတင်းပေါက်ကို ဖွင့်လိုက်ပြီ။ မကြာခင် ထွက်လာတော့မည်။

စားဖို့ သောက်ဖို့ ထမင်းစားခန်းဆီအလာ ဧည့်ခန်းကို ဖြတ်လျှင် တံခါးအပြင်ဘက်က လတ်လတ်နှင့် မြတ်ကို မြင်မှာ။ မြတ်ကို မှတ်မိမှာ။ သူနှင့် မဆိုင်သလို မနေလိုက်ဘဲ





ပ်စုစုနဲ့ကို အပြင်ထွက်လာပြီး စွက်စွက်ဖက်ဖက် စကားတွေ ပြောဦးမှာ။ သူ့ကိုက လတ်လတ်ကို မယုံသင်္ကာရှိနေတာ။

ကိုတော်လင်းကို ပုန်းနေပါလို့ ဇွတ်တရွတ် လုပ်ခိုင်းရပေမဲ့ ကိုဖြိုးကိုကိုတော့ ရမှာ မဟုတ်တာ သေချာသည်။

“ဟဲ့ … လတ်လတ် နင် ဘာတွေဒီလောက် အကျပ်ရိုက်နေရသလဲဟင်”

လတ်လတ်က သက်ပြင်းကြီးတစ်ချက် ချလိုက်မိသည်။ ဖြိုးကို အခန်းဘက်ဆီကလည်း ရေသံတွေ ဘာတွေ ကြားနေရပြီ။

“နင့်အကြောင်း ဘယ်သူမှ မသိကြဘူးပေါ့နော်၊ မန္တလေးက ဘယ်သူနဲ့မှလဲ နင် အဆက်အသွယ် မရှိဘူးလား”

“ငါ ရီထွေးနဲ့တော့ ဖုန်းပြောပါတယ်၊ ငါ့အကြောင်း ရီထွေး သိပါတယ်”

“ငါ့ကျ မပြောဘူးပေါ့၊ နင်က ရီထွေးမှ သူငယ်ချင်းပေါ့”

“မဟုတ်ပါဘူး မြတ်ရာ”

“ငါလည်း ခိုးပြေးလာတဲ့သူပါပဲဟာ၊ နင်လည်း ဟုတ်ရင် ဟုတ်တယ်ပေါ့၊ အတူတူချင်းကို ရှက်စရာ လျှို့စရာ ဂုဏ်ငယ်စရာရှိလို့လား၊ ဘာဖြစ်နေမှန်းကို မသိပါဘူး၊ ဟဲ့ … ဟိုအဘွားကြီးက လာလာချောင်းနေတယ် သိလား၊ အဲဒါကကော ဘယ်သူတုံး”



www.burmeseclassic.com

www.burmeseclassic.com



မြတ်က အိမ်တံခါးအတွင်းဘက်က အရိပ်အ... လာလာကြည့်နေတဲ့ ဒေါ်ချွန်ကို လှမ်းမြင်ကာမေးလျှင် ...

"အဲဒါက ချက်ပြုတ်ပေးတဲ့ မိန်းမကြီးပါ"

"ဒီမိန်းမကြီးကိုလည်း ငါ မြင်ဖူးသလိုပဲ"

"ကဲ ... နင်ကလည်း ဇာတ်လမ်းဆင်လွန်းတယ်၊ ... ကဲ... ငါ ဝန်ခံပါတယ်ဟာ၊ ငါလည်း ငါ့ချစ်သူနော... လိုက်လာတာ၊ နင် ပြန်တော့နော် မြတ်"

"ဟင် ... ဖွက်ပဲ ပြန်နိုင်းနေတာ၊ နင် ဘာဖြစ်နေဘာ... ပြန်မှာပါ၊ ငါကလည်း ကိုကိုကျော် အပြင်သွားတု... အသည်းယားလွန်းလို့ သိချင်လို့ ခဏလေး လစ်ထွက်... တာ၊ အကြာကြီးလည်း အချိန်မရပါဘူး၊ နင် ဘာဖြစ်... လျှို့လျှို့ဝှက်ဝှက် ဖြစ်နေတာလဲ"

"ငါ့အကြောင်းနဲ့ငါပါ မြတ်ရယ်၊ နောက်တော့ ... အားလုံး ရှင်းသွားမှာပါ၊ အခုတော့ နင့်ကို အထဲခေါ်... လုံးဝမရလို့ပါ၊ ငါ ညှို့ဝတ်မကျေနိုင်တာကို ခွင့်လွှ... နော်၊ အခု ကြားချင်နေတဲ့အတိုင်း ကြားရပြီပဲ၊ နင် ပြ... တော့နော်"

မြတ်က လတ်လတ်ကို မျက်စောင်းကြီး ရွယ်... ခဏစိုက်ကြည့်နေသေးသည်။





"နောက်တော့ နင့်ကို ငါ အစုံအလင်လာပြောပြမယ်၊ သွားတော့နော်၊ သွားလေဟာ၊ ပြန်ပါတော့ဆို"

"သွားမှာပါ ... သွားမှာပါ"

မြတ်က စိတ်တိုတို စူအောင့်အောင့်နှင့် စောင့်နေတဲ့ ...နောက်ခန်းကို ဝင်ထိုင်လိုက်ပါသည်။

"နင့်ကို ကြည့်ရတာ စိတ်ကို မရှင်းဘူး၊ သူများ ပြန်ပေး ဆွဲတာခံထားရတာကျနေတာပဲ၊ တစ်ခုခုဆိုရင် ငါ့ဆီ ဖုန်းဆက်ဦး၊ ဆက်ဆက်ဖုန်းဆက်နော်၊ ဖုန်းမလာဘဲ အသံတိတ်နေရင် ငါ နောက်တစ်ခါ ထပ်လာခဲ့ဦးမှာ၊ ခုတော့ ငါလည်း အချိန်မရလို့ပြန်မယ်"

မြတ်ရဲ့ကား ထွက်သွားတော့မှပင် လက်လေး ...ပြ ကျန်ရစ်တဲ့ လတ်လတ်က အိမ်ထဲ ပြန်ဝင်လာပါသည်။ ...ကို ထွက်မလာသေးပေမဲ့ ဒေါ်ချွန်က လတ်လတ်ကို ...တခတ်နေသလို စိတ်က ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၉

လတ်လတ်က တစ်ပတ်လျှင် သတင်းဂျာနယ် နှစ်စောင်၊ အားကစားက နှစ်စောင်၊ ပေါ့ပ်ဂျာနယ်ကနှစ်စောင် စုစုပေါင်း ခြောက်စောင်ထက် ပိုမယူရဘူးမှာထား၍ သူ အလိုချင်ဆုံး နှစ်စောင်စီကို ရွေးချယ်ကာ ဒါတွေအပြင် ပိုမ ရပါ။

ဒီနေ့လည်း သတင်းစာသမား လာချိန်ကျတော့ ကိုနေထိုက်က ရုံးသွားပြီ။ ကိုတော်လင်းက စာရေးပြီ။ ကိုဖြိုး တစ်ယောက်သာ အိပ်ရာက ထကာစ အားနေကာ ဒီနေ့ ပါလာတဲ့ ဂျာနယ်ကို အရင်ကောက်ယူသွားဖတ်နေရာ၊ လတ်လတ်က သတင်းစာကို မီးဖိုနံဘေး လှေကားအုတ်ခုံမှာ လာဖတ်နေလိုက်ပါသည်။

“ဟင် ...”





ထုံးစံအတိုင်း ကြော်ငြာစာမျက်နှာတွေပဲ အရင်လှန်ကာ သီးသန့်အချပ်ပိုပါသော ကြော်ငြာစာမျက်နှာ၌ ကြော်ငြာတစ်ပုဒ် ဖတ်လိုက်ရ၍ အလန့်တကြား ဖြစ်သွားရပါသည်။

“သမီး မြတ်သုဝတီ ...

ခွင့်လွှတ်သည်။ ပြန်လာပါ။ မေမေ စိတ်ဆင်းရဲနေသည်။ မေမေ သိပ်နေမကောင်းပါ။

မေမေ”

ဒီကြော်ငြာဟာ ကိုယ်နှင့် မဆိုင်ဘူးဆိုပေမဲ့ ဒီကြော်ငြာကို တွေ့သွားကြရင်တော့ အမေးအမြန်း အရှုပ်အရှင်း ပြဿနာတွေ ဖြစ်လာနိုင်သည်။ လတ်လတ်က စာမျက်နှာနှစ်ရွက်ပူး တစ်တွဲလုံးကြီးကို သတင်းစာထဲကထုတ်၊ အထပ်ထပ်ခေါက်ကာ ဝတ်ထားတဲ့ အင်္ကျီရဲ့ ခါးနား ဘေးထိုးအိတ်လေးထဲ ထိုးထည့်လိုက်ပါသည်။

သတင်းစာကိုင်ကာ အိမ်ထဲ ပြန်ဝင်လာခဲ့ပြီး တယ်လီဖုန်းဆီ သွား၍ မြတ် ပေးထားတဲ့ ဖုန်းနံပါတ်နှင့် ဖုန်းခေါ်လိုက်ပါသည်။

“ဟယ်လို”

“ကိုကျော်ဇောလား”

“ဟုတ်ပါတယ်”

“ကိုကျော်ဇော ... လတ်လတ်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... လတ်လတ်၊ ပြော"

"မြတ်ကော"

"သူ အောက်ခဏဆင်းသွားတယ်၊ ကော်မီမစ်စ်ထုပ် က
နေလို့ ဒီနားမှာပဲ သွားဝယ်တယ်၊ ခဏနေ ပြန်ရောက်
ပြန်ဆက်မလား"

"ဟင့်အင်း၊ ပြန်မဆက်တော့ဘူး၊ ကိုကျော်ဇောပဲ
လိုက်တော့"

"ဘာပြောပေးရမလဲ"

"ဒီနေ့သတင်းစာ ဖတ်ပြီးပြီလား။ ကြေးမုံလေ"

"ဟင့်အင်း ... သတင်းစာ မယူထားဘူးလေ၊ ရန်ကုန်
ခဏတစ်ဖြုတ်ပဲ နေမှာဆိုတော့ ယူမနေတော့ဘူး၊ ဘာဖြ
လို့လဲ"

"မဖတ်ရသေးရင် သူများဆီက ငှားပြီးဖြစ်ဖြစ် ရှာဖတ်
လိုက်၊ ကြော်ငြာပါတယ်"

လတ်လတ်က ထမင်းစားခန်းထဲက ထွက်
အနားရောက်လာတဲ့ ကိုဖြိုးကိုကြောင့် ကြာကြာ ဆက်ပြောမ
တော့ဘဲ ...

"ဒါပဲနော် ကိုကျော်ဇော"

"အရေးကြီးလို့လား၊ ဘာပါလို့လဲ"

"ရှာဖတ်လိုက်ပါ၊ ဒါပဲ ... ဒါပဲ"





ဖြိုးကိုက လတ်လတ်ကို အကဲခတ်ရင်း နံဘေးမှာ
လတ်ချထားတဲ့ သတင်းစာကို ဆွဲကောက်ကိုင်လိုက်ပါသည်။
လတ် စကားကို ကြားလိုက်တာမို့ သတင်းစာထဲ ကမျ
သလဲသိရအောင် ကြော်ငြာ စာမျက်နှာဆီ မြန်မြန်လှန်သည်။
ချပ်ပိုမဟုတ်တဲ့ ရိုးရိုးကြော်ငြာ မျက်နှာမှာ ငွေကာ ဝဲကာ
သွက်သွက်ရှာသည်။

လတ်လတ်သည် ဖြိုးကိုရဲ့ အပြုအမူကြောင့် စိတ်
နှင့်အယှက်လည်းဖြစ်ကာ ရယ်လည်းရယ်ချင်သည်။ မသိမသာ
င်မရှာဘဲ ပေါ်တင်ကြီးပင်။ လတ်လတ်ကို မယုံသင်္ကာဖြစ်မှန်း
ဝှက်မထားဘဲ လတ်လတ်သိစေသည်။ အချပ်ပိုဆိုတာကလည်း
ဒ္ဒေါ်ပါတာမဟုတ်တာ ထိုနေ့အပို ပါမပါ ဖြိုးကိုလည်းမသိ။

လတ်လတ်က ဖြိုးကိုကို ရှောင်ကွေ့ လျှောက်သွား
ရင် ...

"ဘာကြော်ငြာတွေ အရေးကြီးနေလို့ ဘယ်သူ့ကို ရှာဖတ်
ခိုင်းနေတာလဲ"

"ကြော်ငြာတွေကို ဖြိုးကို အခုတွေ့သားပဲမလား၊ ဘာမှ
အရေးကြီးတာ မပါဘူးမို့လား.. တမင်သက်သက် သူငယ်
ချင်းကို နောက်တာ"

"သူငယ်ချင်းက ရန်ကုန်ကလား"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျား သူငယ်ချင်းပေါ့"

"အင်း ..."

ဖြိုးကိုသည် တမင်နောက်တာဆိုတဲ့ လတ် စကားကို မယုံ။ စကားကလည်း ယုံစရာမှ မကောင်း သတင်းစာကို အသေးစိတ် ကြည့်ရှုရှာဖွေပါသော်လည်း မတွေ့။

ထိုစဉ် တံခါးဟဟကလေး ရှိနေသည့် စာကြည့် ထဲက တော်လင်းတိုး ထွက်လာပါသည်။ တော်လင်းတိုး ဖြိုးကိုနှင့် လတ်လတ် ဘယ်တော့မှ မကျေလည်ကြတာကို သူတို့နှစ်ယောက် တစ်ခုခု ပြောဆိုနေသံကြားတိုင်း အ ရောက်အောင် သွားပါသည်။ တစ်ဖက်က သူငယ်ချင်း၊ တစ် က မြတ်နိုးမိတဲ့ မိန်းကလေး။ ပြဿနာဖြစ်မှာကို မလိုလ

စကားသံတချို့ ပျံ့လွင့်လာတာနှင့် စာရေးလ ကို ရပ်ကာ ထွက်လာတာဖြစ်သည်။

"ဘာသတင်းတွေ ထူးလို့လဲ ဖြိုးကိုရ"

"မဆိုင်တဲ့ သူတွေအတွက် မထူးပေမဲ့ ဆိုင်တဲ့သူတွေအ ထူးနေမှာပေါ့ကွာ၊ ငါတို့အတွက်တော့ မထူးပါ လတ်လတ်ကတော့ သတင်းထူးနေလို့ ကိုကျော်အေးဆို လူတစ်ယောက်ကို လှမ်းပြီး သတင်းစာဖတ်ခိုင်းနေတာ

"ဘာတွေထူးလို့လဲ လတ်လတ်ရဲ့"





လတ်လတ်က တော်လင်းတိုး မေးခွန်းကို မဖြေ။ သူ့ကိုတော့ လတ်လတ် စိတ်ကိုက အလွယ်တကူ မညာချင်ပေ။ ဖြိုးကိုကပင် ...

"ဘာမှ မဟုတ်ဘူးတဲ့၊ လှမ်းနောက်တာတဲ့၊ လူတစ်ယောက်ကို နောက်ချင် ပြောင်ချင်ရင်လည်း ဒီထက်ကောင်းတဲ့နည်းလမ်းတွေ ဟာသတွေ အများကြီးပဲ ရှိပါတယ်၊ ခုဟာက ရယ်စရာလည်း မကောင်းဘူး၊ ရယ်တောင် ရယ်ချင်လာပြီ၊ ဟား ဟား ဟား"

"မင်းကလည်းကွာ"

တော်လင်းတိုးက ကြားက ဝင်အားနာသည်။

"ဟုတ်တယ်လေ၊ ဘာကို ရယ်စရာကောင်းမှန်း နားမလည်နိုင်တာကိုက ရယ်စရာပဲ"

လတ်လတ်က မျက်နှာတည်တည်လေးနှင့် ...

"ကိုတော်လင်း ခဏနေရင် လတ်လတ် မန္တလေးကို ဖုန်းခေါ်ချင်တယ်"

"ဆက်လေ လတ်လတ်ရဲ့၊ ဆက်ပါ၊ ခွင့်တောင်းနေဖို့ မလိုပါဘူး၊ မန္တလေးဆက်တိုင်း လတ်လတ်က ဖုန်းဆက်ခွင့် လာလာတောင်းတယ်၊ အဟင်း ကျွန်တော်က ပိုတောင် ဆက်စေချင်တာ၊ အခုလည်း ဖုန်းအားသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ နောက်မှဆက်မယ်၊ ကိုဖြိုးကို အပြင်သွားမှစဲ သူ ရှိရင် လိုက်နားထောင်ပြီး စပ်စုပြန်ရော၊ အိမ်ပေါ် ရာဇဝတ်ကောင်တစ်ကောင် ရောက်နေသလို သက်ာမကင်း နဲ့ စေ့စေ့စပ်စပ်လိုက် ချက်ကိနေတာ၊ စကားပြောရတာ မလွတ်လပ်တော့ဘူးပေါ့"

"ကျွန်တော်က အလကားနေရင်း မသင်္ကာနေတာ မဟုတ်ပါဘူး၊ ခင်ဗျားက စိတ်ဝင်စားလာအောင် ရှေ့က လှုံ့ဆော်ပြနေတာ"

တော်လင်းတိုးက ဖြိုးကိုကို ပခုံးကို ဆတ်ခနဲတို့ကာ 'တော်ပါတော့ကွာ'လို့ ပါးစပ်လှုပ်ရုံပြောလိုက်သည်။

"ကျွန်မ လှုံ့ဆော်ချက်ရယ်လို့ ရှိခဲ့ရင်လည်း ရှင်တို့ ယောက်ျားသားကြီးသုံးယောက်အပေါ် ဘယ်လိုမှ ဒုက္ခပေး နိုင်မဲ့ လှုံ့ဆော်ချက်မျိုး မရှိနိုင်ပါဘူး၊ အလွန်ဆုံး ကိုတော် လင်းက ကျွန်မကို ထမင်း အလားတင်ကျွေးထားလိုက် ရတဲ့ နစ်နာမှုမျိုးအပြင် တခြားဘာများ နစ်နာစရာဖြစ်နိုင် ဖြစ်နိုင်တာမို့လို့လဲ၊ ရှင်တို့ကို ကျွန်မ အန္တရာယ်လည်း မပြုနိုင်ဘူး၊ ဒီအိမ်ပေါ်က ဘာကိုမှ မခိုးပါဘူးလို့ ကတိပေး တယ်"

လတ်လတ် အသံလေးက စိတ်ရှုပ်လက်ရှုပ် စိတ် ပျက်လက်ပျက်နှင့်ပင်။ တော်လင်းတိုးက နှုတ်ခမ်းရှေ့ လက်ညှိုးတစ်





ာင်း ဖြတ်ပိတ်ပြီး ဖြိုးကိုကို 'တော်ပါတော့၊ တိတ်တိတ်နေ တော့' ဆိုတဲ့ အဓိပ္ပာယ်လုပ်ပြ၍ ဖြိုးကိုက မျက်စောင်းကြီးတစ် က်နှင့် ထထွက်သွားပါသည်။ သူလည်း ကားပွဲစားတန်းသွားရဖို့ ချိန်နီးနေပြီ။ လတ်လတ်ကို ဆက်ရစ်နေဖို့ အချိန်မရှိတော့။

"ဖုန်းဆက်လေ လတ်လတ်၊ ဟိုကောင် ရေသွားချိုးနေပါပြီ"

"သူ ထွက်သွားပြီးမှပဲ ဆက်ပါတော့မယ်"

"ဖြိုးကိုကြောင့် စိတ်နှောင့်အယှက် မဖြစ်ပါနဲ့ လတ်လတ်ရဲ့၊ ဒီကောင်က ဒီလိုပဲ ရစ်တတ်ပါတယ်၊ ဒါပေမဲ့ အလကားပါ၊ ရစ်လိုက်ရရင် ကျေနပ်ပြီး သူက ပြီးသွားတာပဲ"

လတ်လတ်က သက်ပြင်းလေးတစ်ချက်ချရင်း ...

"လူတိုင်း လူတိုင်းက ကိုယ့်အကြောင်းနဲ့ကိုယ်၊ အကြောင်း အမျိုးမျိုး ရှိတတ်ကြတာပါ ကိုတော်လင်းရယ်၊ ဖုန်းကို တိုးတိုးတိတ်တိတ်ပြောတာ၊ သူငယ်ချင်း လာလည်တာကို အိမ်ကလူတွေနဲ့ ပေးမတွေ့တာ၊ ဒါတွေဟာ လတ်လတ် အကြောင်းနဲ့လတ်လတ်မို့ပါ၊ ဒီအိမ်သားတွေကို တမင် တကာ လှည့်ဖြားလိမ်ညာချင်တာ မရှိပါဘူး"

"ကျွန်တော် ယုံပါတယ် လတ်လတ်ရဲ့"

"လတ်လတ် ဒီက ပြန်သွားတဲ့အခါကျရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူး၊ ဘာပစ္စည်းမှာလဲ ခိုးဝှက်သွားမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ မှားပြီ။

လတ်လတ် ပြန်သွားပြီဆိုတာနဲ့ လတ်လ ကျွန်တော့်ကို ဒုက္ခပေးသွားပြီပဲပေါ့။ လတ်လတ်ကို ကျွန်တေ လွမ်းကျန်ရစ်ရမှာလေ။ တမ်းတပြီး ကျန်ရမှာလေ။ နေလို့ ထိုင်လို့မရ ဒုက္ခရောက်ပြီး ကျန်ရစ်ခဲ့ရမှာပါ။ ဘာမှ ခိုးသွား မဟုတ်ဘူးဆိုတဲ့ စကားကလည်း အမှားပဲ။ ကျွန်တော့် အသည် နှလုံးကို လတ်လတ် ခိုးယူသွားမှာ။

"ဘာပဲဖြစ်ဖြစ် မပြန်သေးပါနဲ့ဦးနော် လတ်လတ်"

တော်လင်းတိုးက ခပ်တိုးတိုး ပြောသည်။ လတ်လ က ဖြည်းဖြည်းကလေး ခေါင်းကလေးကို ယမ်းနေမိပါသည် ပြန်ရတော့မယ် ထင်တယ် ကိုတော်လင်းရယ်။ မြတ်ကို သူ့အ က ပြန်ခေါ်နေပြီ။ သူ့အမေ နေမကောင်းဘူးဆိုတော့ မြတ်ကလည် ပြန်မှာပဲ။ မြတ် မန္တလေးကို ရောက်လာပြီဆိုရင် ပြန်ရောက်လာ တာကို ကိုတော်လင်း မေမေက မသိဘဲနေမလား။

အခုတောင်မှ ကိုတော်လင်း မေမေ ဘာမ မသိတာဟာ မြတ် မေမေက ဘာမှ ပွင့်ပွင့်လင်းလင်း ဝန်မခံ ဖွင့်မပြောဘဲနေလို့ သူ့သမီး ယောကျ်ားနောက် လိုက်ပြေးသွား တာကို ကိုတော်လင်း အမေထံ (မျက်နှာပူအားနာလို့ ဖြစ်ခေ ဖွင့်မပြောပြလို့သာ ကိုတော်လင်း မေမေ မသိတာပေါ့။ နို့မို့ရ ငါ့သားအိမ်ပေါ် ဘယ်ကမိန်းမတစ်ယောက် ရောက်နေသလဲလို့ ပျာယာခတ်ပြီပေါ့။





မြတ် မန္တလေးကို ပြန်သွားပြီဆိုရင် သိကြပြီ။ ဒီကျ အကြောင်းရိုက်ပြီး ချော်လဲရောထိုင်နဲ့ မြတ်သုဝတီ သောင်ဆောင်ထားတဲ့ မိလတ်လတ်တစ်ယောက် မန္တလေးပြန်ဖို့က ပြီး ဘာရှိဦးမှာလဲ။

လတ်လတ်သည် ကိုယ့်အတွေးနှင့်ကိုယ် ဝမ်းနည်း ပါသည်။ မိသားစုအိမ်တွင်းရေးကိစ္စကြောင့် အိမ်မှာ မနေဘူး ပြီး အိမ်ပြေးလုပ်လာခဲ့တဲ့ လတ်လတ်တစ်ယောက် မမျှော်လင့် တခြားအရပ်ဒေသတစ်ခုမှာ အချစ်ဆိုတာကို ရှာဖွေတွေ့ရှိ ပြီလေ။ တွေ့မဲ့တွေ့တော့ သူငယ်ချင်းနဲ့ (မယူဖြစ်တော့တာ ောင်မှ) လူကြီးချင်း သဘောတူထားတဲ့သူ။ သူ့အိမ်ကို ကိုယ် ောက်နေရတာလည်း အလိမ်အညာ ဓာတ်ရှပ်တစ်ခု အဖြစ်နဲ့။

ကိုဖြိုးကို အပြင်ထွက်သွားလျှင် လတ်လတ်သည် ရီထွေးထံ ဖုန်းခေါ်လိုက်ပါသည်။ ဒီရောက်ပြီးမှ ရီထွေးထံကို ဖုန်းဆက်တာ လေးခါရှိပြီ။ ကိုယ့်အကျိုးအကြောင်းတွေ ပြောပြ ာ မန္တလေးက အကျိုးအကြောင်းတွေကို မေးရမည်။ ခုတစ်ခါ ကိုင်တာ ရီထွေး မေမေ ဖြစ်နေ၍ လတ်လတ်က နှာခေါင်း ပိတ်ကာ အသံဖျက်ပြီး ...

"မရီရီထွေးနဲ့ တွေ့ချင်လို့ပါ အန်တီ"

"ရီထွေး မရှိဘူးကွယ်၊ အပြင်သွားတယ်"

"ဘယ်သွားတာပါလဲ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"Family Clnicကို သွားတယ်ကွယ့်၊ ခုပြောတာ ဘယ်သူလဲ ဘာပြောပေးရမလဲ"

"ရပါတယ် အန်တီ၊ နောက်မှ ဆက်တော့မယ်"

လတ်လတ်က ဖုန်းကို ချကာ သူတို့ ဆေးခန်းကြီးရဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်ပြန်ပါသည်။ ရီထွေးက လတ်လတ်တို့ ဆေးခန်းကို ဘာသွားလုပ်ပါလိမ့်။ ဖုန်းဝင်သွားတဲ့အခါ ဆေးခန်းက ရီဆက်ပ်ရှင်မှ မမတူးရဲ့ အသံနှင့် ...

"ဟဲလို ... မင်္ဂလာပါ၊ ဖယ်မလီကလင်းနစ်ကပါရှင်"

လတ်လတ်သည် တစ်ချိန်လုံး သူနှင့် တတွဲတွဲနေခဲ့တဲ့ မမတူး သူ့အသံ ရိပ်မိသွားမှာ စိုးရပြန်ကာ နှာခေါင်းကို ညှစ်ပိတ်ပြန်လျက် ...

"ဟယ်လို အဲဒီမှာ မရီရီထွေး ရှိနေတယ်ဆိုလို့၊ ရှိရင် တစ်ဆိတ်လောက် စကားပြောပါရစေ"

"လိုင်းခွဲပြောင်းပေးမယ်နော်"

လတ်လတ် ဖုန်းပြောနေတာကို ဒေါ်ချွန် အံ့အားတသင့်ကြီးကို လှမ်းစိုက်ကြည့်နေ၍ ဘာများပါလိမ့်ရယ်လို့ ဇဝေဇဝါ ဖြစ်ရပြီးမှ လတ်လတ် ခုထိနှာခေါင်းကြီး ပိတ်ထားမိဆဲဖြစ်တာ သတိပြုမိပြီး ကမန်းကတန်း နှာခေါင်းကို လွှတ်လျက် ဒေါ်ချွန်ကို ပြုံးစိစိလုပ်ပြလိုက်ရသည်။

"ဟယ်လို"





ရီထွေး အသံပေါ်လာ၍ ,...

"ဟဲ့ ... ရီထွေးလား"

"ဟဲ့ ..."

"အားမှာ မေမေ ရှိရင် မအော်နဲ့နော်၊ နင့်ကို ပြောင်းချိတ်ပေးတဲ့ လိုင်းခွဲက ရုံးခန်းလိုင်းခွဲ မဟုတ်လား၊ နင် ရုံးခန်းထဲ ရောက်နေလား"

"အေး .. အန်တီ မရှိပါဘူး၊ အောက်ကဆေးဆိုင် ခဏသွားတယ်"

"ဟုတ်လား ... ဟဲ့ ... ရီထွေး ဒီနေ့ သတင်းစာထဲမှာ မြတ်ကို သူ့အဖေက ပြန်ခေါ်ထားတာ တွေ့တယ်၊ သူ့အမေ နေမကောင်းဘူးဆို"

"အေး ... ကောင်းလိုက် မကောင်းလိုက်ပေါ့ဟယ်၊ ဒီဆေးခန်းကိုလည်း၊ ခဏခဏလာတယ်၊ နှလုံးနည်းနည်းဖောက်ချင်သလိုဖြစ်နေတာ၊ ငါတော့ သတင်းစာ မရောက်သေးလို့ သတင်းစာထဲပါတာ မသိသေးဘူး"

"နင် လိပ်စာ မှတ်လိုက်၊ ကိုကျော်ဇော ဖုန်းကိုပါ မှတ်လိုက်"

လတ်လတ်က မြတ် လိပ်စာကို ရွတ်ပြလိုက်ရင်း ...

"လိုအပ်ရင် သူ့အိမ်ကို ဒီလိပ်စာတွေသာ ပေးလိုက်ပေ ရွတ် ပြန်ခေါ်ပစေ၊ အဲဒီ မြတ်တစ်ယောက် ဒီမှာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်တယ်၊ ငါ လျှို့ဝှက်ထားရက်နဲ့ သိဖြစ်အောင်သိပြီး ဒီအိမ်ကို ရောက်ချတော်မူလာတယ်တော်”

“ဟယ် ... ကိုတော်လင်းတိုးနဲ့ တွေ့သွားတာပေါ့”

“ဘယ်တွေ့မလဲ၊ ငါက ကိုတော်လင်းကို ဖွက်ထားရတာပေါ့”

“အောင်မယ်လေး ... နင် ပြောပုံကလည်း ကိုတော်လင်းတိုးက အရုပ်လေးကျနေတာပဲ၊ ဖွက်ထားရတယ်လို့”

“အေး ... တွေ့မရသွားဘူး၊ တော်သေးတာပေါ့၊ သူ သိရင် သူက စကားများများနဲ့ လျှောက်အာချောင်မှာကြောက်ရတာ”

“အမယ် ... မြတ်က လည်တယ်နော် မီလတ်ရဲ့၊ ကိုတော်လင်းတိုး လိပ်စာ သူ မသိဘဲနေပါ့မလား၊ သူ သိရင် သိမှာပေါ့”

“သိပုံမရဘူးဟဲ့၊ ဒါပေမဲ့ နင် ပြောမှ ငါတောင် ဇဝေဇဝါဖြစ်လာပြီ”

“နင်နဲ့ စာရေးဆရာနဲ့ ဘယ်လိုလဲ”

“ဒီလိုပါပဲဟာ”

“အမယ် ... လေသံက အိုသြောင့်သြောင့်ပဲ ကျန်တော့တယ်၊ တစ်နေ့တစ်နေ့ မျက်နှာတော် မော်ဖူးပြီး သည်းကြွေလှ





ဘနုန်း ဖြစ်နေမှာ၊ မပြောလိုက်ချင်ဘူး၊ နင် သိပ်ပြီး လွတ်လပ်ပျော်မြူးမနေနဲ့၊ ပြန်လာဖို့ ကြံစည်တော့”

“အေးဟာ ... ငါ လာလည်းလာချင်၊ လာလဲမလာချင်၊ သိပ်စိတ်ရှုပ်တာပဲ၊ မေမေ နေကောင်းရဲ့လား”

“နေကောင်းတယ်၊ ဒီမယ် ... ဒီမှာလည်း အနေအထားပေါ့ ပြောင်းလဲနေပြီ၊ နင့်အမေက နင်လည်း မရှိ၊ မမလည်း ရန်ကုန်သွားနေတော့ ဘယ်သူမှလဲ ရင်ဆိုင်ပေးမဲ့သူလည်း မရှိတော့ ဘဘကြီးကို သူ ကိုယ်တိုင် ရင်တွေဆိုင်နေတာ”

“ဟုတ်လား”

“အေး ... အန်တီလည်း သိပ်စိတ်မရှည်တော့ဘူးနဲ့ ထင်ပါရဲ့ဟာ၊ ဟိုတစ်နေ့ကတော့ အဘကြီးနဲ့ အန်တီနဲ့ တော်တော်အကြီးအကျယ် ပြဿနာဖြစ်ကြတယ်၊ အဲဒါလည်းပြီးရော အခု အန်တီက ငါ့ကို ရုံးခန်းမှာ ခဏ လာကူလုပ်ပေးဖို့ ခေါ်ထားတာ၊ အန်တီရော ငါရော နေ့တိုင်း ဆေးရုံလာကြတယ်”

“ဟုတ်လား၊ မေမေ တော်တော်ပြောင်းလဲသွားပါလား”

“ငါကလည်း နည်းနည်းခြောက်ပြောထားတာပေါ့ဟာ၊ လတ်လတ်ဟာ ဘဘကြီး ခြယ်လှယ်နေသရွေ့ ပြန်ကိုလာမှာ မဟုတ်ဘူးလို့၊ အရမ်းစိတ်ပျက်သွားတာလို့၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းကျတော့ နင့်အမေလည်း ဘဘကြီးကို စိတ်ပျက်နေပြီ
ငယ်ကြောက်မိုလို့ ပြန်မလှန့်ဝံ့တာဘဲရှိတာ၊ အခု မ
လည်း ပြန်ရောက်လာပြီ၊ နင့်ကို ရှာမတွေ့ဘူး၊ သတင်း
ကြားဘူး ပြောတယ် ဆိုတော့ အန်တီ စိတ်ပူတာ
ဘဘကြီးကြောင့် ဆိုပြီး နည်းနည်းပေါက်ကွဲလာတာ
ပြီးတော့ မမကလည်း ဆေးရုံမှာ ဝင်ကူပါဆိုတာ မကူ
တဲ့၊ ဘဘကြီးနဲ့ မျက်နှာချင်းကို မဆိုင်ချင်တာ ဆို
မလာဘူး၊ ဘဘကြီး ခြယ်လှယ်ပြီး ရှုပ်နေသရွေ့ သူ့သ
တွေ သူ့အနားက ခွာနေကြတော့မှာပဲ ဆိုတာလည်း အန်
တုန်လှုပ်တာပေါ့”

“အင်း ...”

“နောက်ပြီး နင့်အမေကို မြှောက်ပေးတာ ဘယ်သူ
သိလား”

“ဘယ်သူလဲ”

“စာရေးဆရာရဲ့ အမေဟဲ့”

“ဟင် ... မေမေနဲ့ သူက !...”

“သိပ်ကြီး မရင်းနှီးပေမဲ့ သိကြတယ်ဟဲ့၊ ဘာလို့သိလဲ
တော့ ဘဘကြီးနဲ့ အဲဒီအန်တီနဲ့က ငယ်သူငယ်ချင်းတွေ
ဘဘကြီးက အဲဒီ အန်တီကိုတောင် ကြိုက်ဖူးတယ်
ဟိုက ပြန်မကြိုက်တာ၊ အဲဒီ အန်တီက နင့်အမေနဲ့သ





သိရုံသိတာ၊ ဘဘကြီးကိုတော့ အသေနိုင်တာတဲ့၊ ‘နင်’နဲ့ ‘ငါ’နဲ့ စကားပြောတာ၊ သူက ပြောတယ်၊ အောင်ကျော်ဟာ နိုင်လို့ရတဲ့သူအပေါ်ဆို သိပ်နိုင်တာတဲ့၊ တကယ်တမ်းကျ ရင်မဆိုင်ရဲဘူးတဲ့၊ လုံးဝ မခံဘဲ ပြန်ပြီးတော့သာ ဖိနှိပ်တဲ့၊ ခဏနေရင် သူ အချိုးပြောင်းလာလိမ့်မယ်တဲ့ ...

သူလည်း အပြင်ကနေ နင်တို့အမျိုးတွေဆီကပဲဖြစ်ဖြစ် သတင်းတွေ ကြားထားပြီးသားနဲ့ တူပါတယ်၊ ဘဘကြီးဆိုတာ အနိုင်ကျင့်တာတွေ တော်တော်များများ သိနေတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်းဖျက်၊ မိသားစုဆွေမျိုးကိုလည်းဖျက် လုပ်နေတာကိုတော့ လက်ပိုက်ငုံ့ခံကြည့်မနေဘူး၊ ပြန်ဆန့်ကျင်ရမယ်၊ လိုအပ်ရင် သူပါ ဝင်ပြောဦးမယ်လို့ကို ပြောတာ”

“သြော် ...”

လတ်လတ်သည် ရင်လေးဖိကာ အံ့အားတွေ သင့်နေသည်။

“အဘွားကြီးက ခုတလော ဆေးခန်းကို လာလာနေရတယ်ဟ”

“ဟုတ်လား၊ သူ ဘာဖြစ်လို့လဲ”

“သူက မျက်စိလာပြတာ၊ ရိုးရိုးနေမကောင်းတာမျိုးဆိုရင်တော့ သူက တော်ရုံ အပြင်မထွက်ဘူးပေါ့၊ ဆရာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



Home visit ခေါ်တာ၊ အိမ်ပဲ ခေါ်ပြတာဟာ၊ အခုရက်
တွေ မျက်စိလာစစ်တယ်၊ တစ်ဖက်က ခွဲရမယ်၊
ကြောင့် ဒီကို ရောက်နေတာ၊ တစ်ခါလေလည်း တံ
ဆစ်မှာ စွပ်ပြီး ထောက်တဲ့ စတီးတုတ်ကောက်နဲ့၊ တ
တလေလည်း ဝှီးချဲလေးနဲ့ လာကာပေါ့ဟယ်"

"ဟိုးအရင်ကလည်း သူ့ဆေးခန်းကို သုံးလေး
လာဖူးတာ ငါနဲ့ ဆုံဖူးသေးတယ်"

"သူက ပြောပါတယ်၊ အရင်က ဒီရိုဆက်ပ်ရှင်န
တွေ့လိုက်၊ သွေးစစ်မဲ့နားမှာ တွေ့လိုက်၊ ဆေးရုံထဲ
လျှောက်သွားပြီး စိမ်ခန့်ခွဲနေတဲ့ အရပ်မြင့်မြင့်ကောင်မ
က သမီးပေါ့ ဆိုပြီး နှင့်အမေကို မေးတာ၊ နှင်နဲ့နှင့်အ
မျက်နှာချင်း အရမ်းဆင်တာကိုး၊ သူ တွေ့ဖူးကတည်
နှင့်အမေ ငယ်ငယ်က မျက်နှာပဲဆိုပြီး မိသားစုဖြစ်
ဆိုတာ ရိပ်မိတယ်တဲ့ ...

နှင့်ကို မှတ်မှတ်မိမိကို သိတာဟဲ့၊ နှင့်အမေ
ပြောပြလိုက်တယ်၊ သမီးအလတ်ပါတဲ့၊ သူ့ဘဘကြ
မပြေလည်ဖြစ်ပြီး ရန်ကုန် ထွက်သွားတယ်တဲ့၊ နှင်လ
ကံဇာတာတွေ တက်လာပြီထင်တယ် လတ်လတ်၊ နှင
ဟိုမှာ စာရေးဆရာနဲ့ ဆုံစည်းနေရချိန်မှာ နှင့်အမေ
ဒီမှာ စာရေးဆရာ အမေနဲ့ ပြေလည်နေတယ်"





အဲဒီနေ့က ရီထွေးနဲ့ ဖုန်းချလိုက်ပြီးတဲ့အခါ နေ့လယ်
ခင်းစားရင်း ကိုတော်လင်းကိုတောင် သူ့အမေအကြောင်း
ပြောပြလိုက်ပါသေးသည်။

"လတ်လတ် သူငယ်ချင်းက ကိုတော်လင်း အမေကို သိတယ်၊ မရင်းနှီးပေမဲ့ ဒီလိုပဲသိတာ၊ ကိုတော်လင်း အမေတောင် ဘယ်တော့လဲမသိဘူး မျက်စိခွဲဖို့ရှိတယ်၊ ဆေးခန်း လာပြတာတွေ့ကယ်တဲ့"

"ဟုတ်လား၊ ဘယ်ဆေးခန်းမှာ တွေ့တယ်တဲ့လဲ"

"Family Clinic မှာ တွေ့တာတဲ့၊ အဲဒီမှာ မျက်စိဆရာဝန်နဲ့ လာပြနေတယ်"

"ဒါဖြင့် မေမေ့ဆီ ဖုန်းဆက်ပြီး သတင်းလှမ်းမေးဦးမှပဲ၊ မေမေနဲ့တောင် ဖုန်းမပြောဖြစ်တာကြာပြီ၊ မေါ်ချွန်နဲ့မှ မေမေက ဖုန်းပိုပြောဖြစ်သေးတယ်"

သို့သော် အမေကို သတင်းမေးမည့် တော်လင်းတိုး
ည့် ထိုနေ့ ညနေမှာပင် သူ ကိုယ်တိုင် ဖျားလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒီတစ်ခါပဲ ဒေါ်ခင်လင်း ဖုန်းဆက်ချိန်၌ ဒေါ်ချ... နှင့်သာ ပြောရပြန်ပါသည်။

"မောင်တော် မရှိဘူး မမ"

"ဘယ်သွားလဲ"

"မောင်တော် မနေ့ညနေက ဖျားလာလို့လေ၊ အဲဒါက... ဒီမနက်တော့ ဗိုက်ပါအောင့်လာတယ်၊ ဗိုက်အောင့်... ဖျားတယ်ဆိုတော့ လတ်လတ်ကတော့ အရည်ပဲ သော... မယ်ပြောပြီး အရည်ပဲ တိုက်တာပဲ မမ၊ နေ့လယ်... ဆေးခန်းကို ဖုန်းဆက် ဘွတ်ကင်လုပ်ပြီး အခုတော့ ဆေး... ခန်းသွားကြတာ မမ"

ဒေါ်ခင်လင်းက သက်ပြင်းတစ်ချက် ရှိုက်လှုက်...

"ကောင်မလေး ပါသွားတာလား"





"ဟုတ်တဲ့၊ သူတို့နှစ်ယောက် သွားကြတာပဲ မမ၊ မောင်တော်ကတောင် မနေ့ညက မမဆီ ဖုန်းဆက်သတင်းမေးဖို့ပဲ၊ သူ ဖျားသွားတာနဲ့ မဆက်လိုက်ရဘူး"

"ဘာကို သတင်းမေးမှာလဲ"

"မမ မျက်စိခွဲရမယ်ဆို"

"ဟင် ..."

ဒေါ်ခင်လင်းက အံ့အားတသင့်နှင့် ...

"အဲဒါ ဘယ်သူက ပြောလို့ သိရတာလဲ"

"လတ်လတ် ပြောတာပဲ မမရဲ့၊ သူ မန္တလေးကို ဖုန်းလှမ်းဆက်တယ်၊ သူ့သူငယ်ချင်းတစ်ယောက်ဆီ ဆက်နေတာပဲ၊ အဲဒီဖုန်းပြောအပြီးမှာ မမ မျက်စိခွဲမှာ သူ သိနေတာ၊ ဟိုဘက်က ပြောပြတာနေမှာပေါ့"

"သူ ဘယ်သူ့ဆီ ဆက်တာလဲ"

"အဲဒါတော့ ကျွန်မလည်း မသိရဘူး၊ မိန်းကလေးသူငယ်ချင်းတစ်ယောက်ဆီပဲ"

"ငါ မျက်စိခွဲမယ်ဆိုတဲ့ကိစ္စက ဒီမှာတောင် ဘယ်သူမှ မသိသေးဘူး၊ ခွဲရမယ်လို့သာ ဆရာဝန်က ပြောပြီး ဘယ်နေ့ ဘယ်ရက် ရက်ချိန်း အတိအကျလည်း မသိရသေးတော့ ငါလည်း ဘယ်သူ့မှ မပြောရသေးဘူးဟော့၊ ရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် အဲဒီဆေးခန်းက လူတွေကလွဲရင် တခြားဘယ်[illegible]
မှုကို မသိနိုင်သေးတာ”

“လတ်လတ်ကတော့ ပြောတာပဲ”

“အဲဒီ လတ်လတ်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း သိ[illegible] တာတွေ အများကြီးရှိလာတယ် ဒေါ်ချွန်ရေ၊ ဘယ်[illegible] ဘယ်လို စပြောရမယ်မှန်းတောင် မသိဘူး”

“ကျွန်မလည်း မမကို ပြောချင်တာတွေ ရှိသေးတ[illegible] မမရဲ့”

“ကဲ ... ဒါဖြင့် သူနဲ့ တော်လင်းတိုးရဲ့ ဆက်ဆံ[illegible] အခြေအနေကစပြီး ပြောပြစမ်းပါ၊ သူတို့နှစ်ယော[illegible] ကြည့်ရတာ ဘယ်လိုလဲ”

“ကောင်မလေးက မောင်တော့်ကို အတော်ဂရုစိုက်တာ[illegible] မမ၊ မောင်တော်ကလည်း သူ့ကို အင်မတန် နှစ်လိုတ[illegible] လတ်လတ် ပြောသမျှ နားထောင်တယ်၊ လတ်လတ် [illegible] ခန့်ခွဲတာလည်း တပြုံးပြုံး ကျေနပ်နေတာပဲ၊ သူ စိမ်သ[illegible] ကလည်း မကောင်းတာ တစ်ခုမှ မပါဘူးလေ [illegible] မောင်တော့် အကျိုးချည်းပဲလေ၊ ငြင်းစရာကို မရှိတ[illegible] တဖြည်းဖြည်းတော့ သူတို့နှစ်ယောက်ကို ကြည့်ရ[illegible] သံယောဇဉ်ပိုပိုလာကြတယ်”





“သူတို့နှစ်ယောက်က ဒီမိန်းကလေး အိမ်ရောက်လာမှ သိကြတာ ဟုတ်ရဲ့လား၊ အစကတည်းက သိကျွမ်းပြီး ကြတဲ့ပုံပေါ်လား”

“ဒီရောက်မှ သိကြတာပါ၊ သွားကြိုလာကတစ နှစ်ရက် သုံးရက်ကဆို အစိမ်းသက်သက် ရှိသေးတာပဲ၊ [illegible] ကတည်းက သိကျွမ်းပြီးပုံတော့ မပေါ်ဘူး မမရဲ့၊ [illegible] လို့လဲ”

“ဒီကောင်မလေးကို ကျွန်မ သံသယ ဖြစ်လာလို့ [illegible]”

“ဘယ်လိုသံသယလဲ မမ”

“ဒီကောင်မလေးဟာ မြတ်သုဝတီတော့ [illegible] တော့ဘူး”

“ဟင် ...”

“အဲဒါ သေချာသွားပြီ၊ မြတ်သုဝတီက ဒီက ထွက်သွား[illegible] တည်းက သူ့ချစ်သူနောက်ကို လိုက်သွားတာ၊ သူ့[illegible] မျက်နှာတွေ ပူပြီး လာပြောမပြဘဲ ရုံးထားလို့ ကျွ[illegible] မသိရတာ၊ အခု ပြန်ခေါ်ပြီ မြတ်သုဝတီတို့ [illegible] ပေးဘောင် ပေးစားတော့မယ်၊ မန္တလေး [illegible] တယ်”

“ဟုတ်ပါပြီ၊ အဲဒါကြောင့် ကျွန်မလည်း တဖြ[illegible] လတ်လတ်ကို သံသယ ဝင်ပင်လာမိတာ မမရဲ့၊ [illegible] မလေးကလေ မိန်းမကောင်းလေးပါ၊ အနေအထိုင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘာတစ်ခုမှ ပြောစရာမရှိပါဘူး မမရဲ့၊ ဒါပေမဲ့ လှို့လှို့ဝှက်ဝှက်နဲ့၊ ဟိုတလောကဆိုလည်း သူ့သူငယ်ချင်း တစ်ယောက် အိမ်လာလည်တာ သူက အထဲလည်း မဝင်ခိုင်း၊ မောင်တော့်ကိုလည်း ပုန်းနေခိုင်း၊ ဘာအဓိပ္ပါယ် တွေနဲ့ ဘာလုပ်မှန်းကို မသိတာ ...

အဲဒီ လာလည်တဲ့ ကောင်မလေးကိုလည်း ကျွန်မ သိပ်မြင်ဖူးတာပဲ၊ မန္တလေးကပဲ ဖြစ်မှာပေါ့၊ ဘယ်သူမှန်း စဉ်းစားမရဘူး၊ ကျွန်မတောင် သူ့တို့ ဘာတွေ ပြောနေ ကြမလဲ ချောင်းသေးတယ်၊ ဘာမှတော့ သေသေချာချာ မသိရပေမဲ့ မသက်သာစရာလိုတော့ ဖြစ်နေတာ၊ မမဆီကို ဖုန်းဆက်ပြောရကောင်းမလား ချီတုံချတုံ ဖြစ်နေတာ မမရဲ့"

"ဒေါ်ချွန်ရယ် ... ချီတုံချတုံများ ဖြစ်နေရသေးတယ် အန္တရာယ်ပေးမဲ့သူဆိုရင် အားလုံး သေကုန်ပြီ"

"ဘာအန္တရာယ်လောက်မှတော့ မပေးလောက်ပါဘူး မမ ဒါပေမဲ့ မြတ်သုဝတီ မဟုတ်တာတော့ လုံးဝ သေချာတယ် ဆိုရင် ဘာပဲဖြစ်ဖြစ် လူလိမ်ပဲပေါ့၊ ဘာလုပ်ရမလဲ မမ ရဲတိုင်ရမလား၊ နှင်ထုတ်ရမလား"

"ဒေါ်ချွန် ပြောသလို အနေအထိုင်ကျတော့ ပိပိပြားပြား ဣန္ဒြေရရ တော်တဲ့ မိန်းကလေးတစ်ယောက်ဆိုတော့ လည်း ရဲတိုင်တာမျိုးထိတော့ မလုပ်ရက်သလိုပါပဲ၊ ဒီနေ့ထိ





လည်း ကောင်းကောင်းတော့ နေတာပဲမို့လား၊ ကိုယ်က မသွားမလာနိုင်လို့သာ၊ ကျွန်မ ကိုယ်တိုင်သာ ပြေးလာပြီး အကဲခတ်ကြည့်လိုက်ချင်တာ ...

ဒီအတိုင်းဆိုရင် သူ့ဟာသူ သူ့အခက်အခဲတစ်ခု ကြောင့် ခိုလှုံနေတဲ့သဘောမျိုးပဲ ဖြစ်မှာပဲ၊ သူ့ကို မျက်ချည် မပြတ် အရိပ်အကဲစောင့်ကြည့်နေပါ ဒေါ်ချွန်၊ ဘာမှတော့ မလုပ်နဲ့ဦး၊ နောက်သုံးလေးရက်နေရင် ကျွန်မ ဖုန်းပြန် ဆက်ပြီး ဘာလုပ်ရင် ကောင်းမယ်ဆိုတာ ညွှန်ကြားမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"သားနဲ့ ဒီမိန်းကလေးက ကြိုက်များနေပြီလား"

"အဲဒီလိုတော့ မဖြစ်သေးဘူး မမ၊ ဒါပေမဲ့ နှစ်ယောက်လုံး သံယောဇဉ်တော့ရှိကြတာ သိပ်သိသာတာပဲ မမ၊ မောင်တော် ကလည်း ကောင်မလေးကို မတွေ့ရင် ဟိုရှာဒီရှာ၊ ကောင်မ လေးကလည်း မောင်တော် လိုအပ်တာ အရိပ်တကြည့်ကြည့် နဲ့၊ ဒီကောင်မလေးဟာ မောင်တော့်တိုတော့ သိပ်ရိုသေလေး စားတာ၊ မောင်တော့် စာအုပ်ကလေးများဆိုရင် ကိုင်တာ တွယ်တာတောင် မြတ်မြတ်နိုးနိုး"

"အင်း ... ဒုက္ခပါပဲ၊ ဘယ်က ကောင်မလေးများပါလိမ့် မလဲ၊ သားလုပ်တဲ့သူကလည်း တစ်ခါမှ ရည်းစားသနာ ထားဖူးတဲ့သူမဟုတ်၊ အတွေ့အကြုံက မရှိ၊ အင်း... ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိဘမျိုးရိုးသာ မသိရပေမဲ့ ဒီကောင်မလေးမျိုးကတော့ အိမ်ရှင်မကောင်းဖြစ်လာခဲ့ မိန်းကလေးမျိုးပါ မေရယ်"

"အင်း ... ဒေါ်ချွန်နဲ့ ဒီကောင်မလေးဘက်သား လုံးလုံး ဖြစ်နေတာပဲ"

ဒေါ်ခင်လင်း တွေးကြည့်မိနိုင်သည်မှာ ဒီကောင်မလေးဟာ မြတ်သုဝတီပါလာမည့် ကားနှင့်ပဲ မန္တလေးမှ ပါလာသည်။ မြတ်သုဝတီက သူ့ချစ်သူနောက် လိုက်မည့်အကြံနှင့်မို့ မန္တလေးမှ ပါလာခဲ့ရော။

ဒီအခါ သားတော်မောင်ဟာ တစ်ယောက်တည်း အဖော်မဲ့ ကားနဲ့ပါလာတဲ့ ဒီကောင်မလေးကို 'မြတ်သုဝတီ'ဟု သင်္ကာ သွား ရောက်ခွတ်ခက်ခေါ်ခင်သည်။

ထိုအခါ ကောင်မလေးဟာ ချော်လဲရောဟိုင်နှင့် မြတ်သုဝတီ မဟောင်ဆောင်ပြီး အိမ်ကို ပါလာသည်။ အဲသလို ချော်လဲရောထိုင် အယောင်ဆောင်ခဲ့မှာ သူကိုယ်တိုင်မှာလည်း နေစရာ ပျောက်ရော အဆင်ပြေလို့ပဲ ဖြစ်နိုင်သည်။ ကိုယ့်အလုပ် ကိုယ်နှင့်ကိုယ်လာလျှင် ကိုယ်နေထိုင်ဖို့ စီစဉ်ပြီးသားဖြစ်ရမည်။ သည်းခိုရာ တွေ့ရ အိမ်ပေါ်လည်းကောင်း၊ ခိုခါနွေအိမ်သော် ပည်းကောင်း ရှိတဲ့ အနည်းဆုံး ပေါ်ညှိမပေးမှုတော့ ရှိရ လိမ့်မည်။





အခု သူမမှာ လာကြိုသူလည်း မရှိခဲ့။ နေစရာလည်း ကြိုတင်စီစဉ်ထားခြင်း မရှိဘဲသား သူစိမ်းအိမ်ကို အယောင်ဆောင် ခြီးပါလာတာ။ ဒီကတည်းက ထိုကောင်မလေးဟာ နေဖို့ထိုင်ဖို့ လုပ်ဖို့ကိုင်ဖို့တွေ ကြိုတင်စီစဉ်လာခြင်း မရှိဘဲ အစီအစဉ်မရှိ ကောက်ကက်ထွက်လာခဲ့သူ။ တစ်နည်းပြောရရင် အိမ်ပြေးပဲ။

အိမ်က ထွက်ပြေးလာတဲ့ မိန်းကလေးတစ်ယောက်။ ယောကျာ်းလေးတွေ ရှိတဲ့ အိမ်တစ်အိမ်မှာ (တစ်အိမ်တည်း ဟုတ်တောင် တစ်ဝင်းထဲ) အကြောက်အလန့်မရှိ တက်ပြီး နေ့ခဲ့သည်မှာ ဘော်ရုံသတ္တိမျိုး၊ ရဲဟင်းမှုမျိုး၊ မိုက်ရူးရဲမှုမျိုး ဟုတ်။ ပေတိပေကတ်၊ ဖွတ်တရွတ် ထင်ရာစိုင်းဆိုတဲ့ အစားထဲက သာလျှင် ဖြစ်ဖို့များပါသည်။

ဒေါ်ချွန်လို ရှေးရိုးကျတဲ့ မိန်းမကြီးတစ်ယောက် ရက်စီထဲတောင် ဝင်တယ်ဆိုသဖြင့် လျှပ်ပေါ်လော်လီသော ကဲကဲ ဲတော့ ဖြစ်မှာမဟုတ်။ သားကိုလည်း သတိပေးရမည်။ ကိုယ့်ကို ဒုက္ခရာယ်ပေးနိုင်တဲ့ အခွင့်အလမ်းနည်းသည် ထင်ရပေမဲ့ ဘာမှ ဆရာသေ ပြောလို့ရတာမဟုတ်။ ပြီးတော့ သားက နာမည်တစ်လုံး ်ငံ ထင်ပေါ်ကျော်ကြား ရပ်တည်နေရတဲ့ သူတစ်ယောက်။

"ကဲ ... ကဲ ... ဒေါ်ချွန် ... ကျွန်မ နောက်မှ ဖုန်းပြန် ဆက်မယ်၊ သတိဝိရိယနဲ့သာ ကောင်မလေးကို စောင့်ကြည့် ထား၊ မျက်ချည်မပြတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မလည်း ကြည့်နေတာကြာပါပြီ မမ
မောင်တော့်ကို ဒါဟာ မြတ်သုဝတီ မဟုတ်ကြောင်း ပြော
ပြလိုက်ရမလား မမ"

"သူ့တစ်ယောက်ကို ပြောရင်ပြော၊ ကောင်မလေးတော့
မကြားစေနဲ့၊ မသိစေနဲ့၊ တော်ကြာ ကိုယ်က ဘာမှ မသိ
လိုက်ရဘဲ သူက ထွက်ပြေးသွားဦးမယ်"

"ဟုတ်ကဲ့"

"ဘာပဲဖြစ်ဖြစ် အိမ်ပေါ်ရောက်နေမှတော့ ဘာကြောင့်
ရောက်လာလဲ၊ ဘာရည်ရွယ်ချက်ရှိလဲ၊ ဘယ်သူလဲဆိုတာ
တွေ သိချင်သေးတယ်လေ၊ ဒီမှာလည်း စုံစမ်းကြည့်ဦးမယ်
ဒေါ်ချွန်တို့လည်း သူ့ကို မသိမသာလေး အကဲခတ်ထား"

"ဟုတ်ကဲ့"

"ဆေးခန်းက ပြန်လာကြရင် အကြောင်းထူးရင်တော့
ဖုန်းပြန်ဆက်၊ သား နေသာသလိုနေပါစေ ဒေါ်ချွန်၊ ဂရု
စိုက်နော်"

"ဟုတ်ကဲ့ မမ"





"တိုက်ဖွိုက်ဆိုတာ အဖတ်ကလေးနည်းနည်းတောင် စားလို့
မရဘူး၊ အရည်ပဲ သောက်ရမယ်၊ အဖတ်မာမာ စားလိုက်မိ
ရင် သေတောင်သေသွားနိုင်တယ် သိလား"

"သြော် ... ဟုတ်ကဲ့၊ ဗဟုသုတဖြစ်အောင် ပြောပြပါဦး
မလတ်လတ်ရယ်၊ ပညာဆည်းပူးရတာပေါ့"

ဖြိုးကိုရဲ့ အော့က်ကလိအာသံကို လတ်လတ်က
ကျက်စောင်းတစ်ချက် လှည့်ထိုးလိုက်ကာ ...

"ရှင် မရိန့်လေ ကိုဖြိုးကိုရဲ့၊ ကျွန်မက အကောင်းနဲ့
စေတနာထားပြီး ပြောနေတာ၊ တော်ကြာ ရှင်တို့က
ဘာသိ ဘာမသိနဲ့၊ ကိုတော်လင်းက ဆာလိုက်တာကွာဆိုရင်
ဘာမှ မဖြစ်စလောက်ပါဘူးထင်ပြီး ကြက်သားပြုတ်ဖတ်
တို့ ဘီစကစ်တို့ ကျွေးမိနေမှာစိုးလို့ ပြောနေရတာ"

"ဒါတော့ သိပါတယ်၊ ဒီထဲမှာ ဘယ်သူမှ ဆရာဝန်လည်း
မပါသလို နုလပိန်းတုံးလည်း ဘယ်သူမှ မပါပါဘူး"

"ဆရာဝန် မပါပေမဲ့ ကျွန်မက စာအရမ်းဖတ်တာ၊ ကျန်း
မာရေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ရောဂါတွေဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလို့ သိချင်လို့ကို လိုက်ရှာဖွေဖတ်တာ၊ ရှင်ဆို ဘာစာမှ ဖတ်တာ မတွေ့ရဘူး၊ ကျွန်မကတော့ ဆေးပညာ ဗဟုသုတပိုမှာ အမှန်ပဲ"

"ဟင် ... ဇွတ်ကြီးပဲ၊ သူ့ကိုယ်သူ ပိုတော်နေပြန်ပြီ"

"ဟုတ်တယ် ဇွတ်ကြီးပဲ"

"သူ့ကိုယ်သူ ဇွတ်ပိုတော်ရုံမကဘူး သူများကိုပါ ဇွတ်ကြီး လုပ်ဦး"

"အင်းလေ ... ရှင်မှ စာမဖတ်ဘဲ"

"စာသိပ်မဖတ်ပေမဲ့ ... ကျွင်းထဲ ကုပ်အောင်းနေတာ မဟုတ်ဘူး၊ အပြင်လောကမှာ နေရာအနှံ့ ရောက်နေတာ ဟိုလူပြောတာ ဒီလူပြောတာ အားလုံး နားလျှံအောင် အမျိုးမုံ အကြောင်းစုံ ကြားနေရတာ ..."

"ပြောစကားဆိုတာတွေက ခပ်ကားကားရယ်၊ အပိုတွေ ပလွှတ်ချွတ်တောက်တွေ အများကြီး၊ စာအုပ်စာပေဆိုတာ က စိစစ်ပြီးမှ ခွင့်ပြုလို့ ထုတ်ဝေထားရတာ၊ ပေါက်လွှတ် ပဲ့စားတွေ မပါဘူး၊ နှုတ်တစ်ရာ စာတစ်လုံးဆိုတာလည်း ရှိတော့ စာနဲ့ ပေနဲ့ အကွရာနဲ့ ရေးပြီဆိုကတည်းက ကိုယ့်ကလောင်သိက္ခာနဲ့ကိုယ် မရေမရာ မသေမချာတွေကို ရေးလို့မရတော့ဘူး၊ မဟုတ်တာတွေ ရေးလို့မရတော့ဘူး—





နှုတ်က ပြောတာကကျတော့ ပြောချင်ရာ ဘာဖြစ် ဖြစ် လျှောက်ပြောလို့ရတာ၊ စာဖတ်တဲ့သူက အသိဉာဏ် ဗဟုသုတပိုတယ်"

"အဲဒါကြောင့် ဆက်ပြောပြပါဦးလို့ ပြောတာပေါ့၊ သော်... တယ်မောရပါလားနော်"

တော်လင်းတိုးသည် ရယ်မောနေရာမှ ဝင်ပါရပါ တော့သည်။

"ကဲ ... တော်ပါတော့ကွာ ဖြိုးကိုရာ၊ မင်းနဲ့ လတ်လတ်က တော့ နှစ်ယောက်တွေ့ ... ရင် စံပဲကွာ"

"မင်းက တော်ပါတော့ဆိုတာတောင် ငါ့ကိုပဲ ပြောတယ်၊ လတ်လတ်ကျ မပြောဘူး၊ နေကွာ၊ အတော်ဝမ်းရည်စပ်တဲ့ သူငယ်ချင်း"

... ခပြောကြောင့် အားလုံး တအုံးအုံးနေအောင် ရယ်ကြပါသည်။ ဒေါ်ချွန်ပင် မျက်ရည်တွေ ဘာတွေ ထွက်တဲ့ ထိ။

"မောင်ဖြိုးကိုရယ် ... ပြောတော့မယ်"

"တွေ့လား ဒေါ်ချွန်၊ တလွဲကြီး"

"အောင်မာ ... ဒါ အားလုံးရယ်ရအောင် ကျွန်တော်က ဟာသလုပ်ပေးတာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်က ဖန်ခွက်ကလေးကို မွှေရင်း ထမင်းစားပွဲမှ ညှော်ခန်းဆီ လျှောက်လာခဲ့ပါသည်။ တော်လင်းတို့ ဆက်တီနံဘေးကပ်ရက်က ဆက်တီပေါ် ဝင်ထိုင်ရင်း ...

"ရော့ ... ဒါလေး သောက်လိုက်၊ လိမ္မော်သီးအမြှာ ညှစ်ထားတာ၊ ဒီလောက် Pure ဖြစ်တဲ့၊ Fresh ဖြစ် လိမ္မော်ရည်တော့ မရှိတော့ဘူး"

"ဆားမထည့်ဘူး မဟုတ်လား"

ဖြိုးကို အမေးကို လတ်လတ်က 'ဟင့်အင်း' ရိုးရိုး ဖြေလိုက်ပြီးမှ ဘာကို ရည်ရွယ်ပြောတယ်ဆိုတာ သတိ သွားကာ စူပုပ်ပုပ်နှင့် ဖြိုးကိုကို လှည့်ကြည့်သည်။

"ဒါလေးက မဆိုးပါဘူး၊ ညနေက ဆေးခန်းက ပြန်လာ ချင်း သောက်ရတဲ့ ဟောလစ်ကြီးတော့ မသောက်ပါရစေ လတ်လတ်ရယ်"

ဆေးခန်းက ပြန်လာကတည်းက တော်လင်း တိုက်ဖွိုက် (အူရောင်ငန်းဖျား) ဖြစ်တယ်ဆိုပြီး လတ်လတ် ယောက် ပျာယာခတ်တော့တာပင်။ လွန်ခဲ့တဲ့ သုံးလေးရက် တော်လင်းတို့က ဗိုက်နည်းနည်းအောင့်လိုက်ပြီး သူ့ဟာသူ ပျောက်သွားခဲ့သည်။ အဲဒီနောက် သုံးရက်မှာ ဘာမှ မမှာ တော်လင်းတို့ ဖျားလာကတည်းက လတ်လတ်က ဟိုးတစ်ရ က ဗိုက်အအောင့်နဲ့ ဆက်စပ်မလား ထင်ခဲ့တာအမှန်ပင်။





သို့ပေမဲ့ စဖျားချိန်မှာ ဗိုက်နာတာက ငုပ်နေပြီး နောက်ရက်ကျမှ ပြန်နာလာတာ။ လတ်လတ် မဖြစ်ဖူးသော်လည်း ယ်ငယ် အသက်ဆယ့်နှစ်နှစ်လောက်က ဖြစ်ဖူးပါသည်။ ဘာမှန်း ဘာမှန်း မသိနှင့် ငယ်ငယ်ကိုချစ်တဲ့ အိမ်က ထမင်းချက် အဘွား ကြီးက အစာနည်းနည်း ခိုးကျွေး၍ ဖျားတာရှည်ကာ နောက်ဆုံး ဆေးရုံတောင် တင်လိုက်ရတာ မှတ်မိနေပါသည်။

ဒါကြောင့် လတ်လတ်က မပြောမိဘူး မရှိရလေ အောင် နှိုးဆော်နေရတာ။ ဒါကို အသည်းပိုတယ် ထင်ချင်လည်း ထင်ကြမည်။ အသည်းပိုမိတာလည်း အမှန်တော့ အမှန်ပင်။ ကိုယ်ချစ်တဲ့သူကို နေထိုင်မကောင်း ဖျားနာမဖြစ်စေချင်ဘူးပေါ့။ နားမိတာပေါ့။

"အဲဒါကြီး သောက်မှပဲ အန်ချင်လာပြီး အန်ရော"

ဟော်လစ် သောက်အပြီး တော်လင်းတို့က တချို့ အစ်ဝက် ပျို့အန်ထွက်သည်။

"တိုက်ဖွိုက်တို့ သွေးလွန်တုပ်ကွေးတို့လိုဟာမျိုးတွေဆို အရည်ညို မတိုက်ရဘူး ကိုတော်လင်းရဲ့၊ ကော်ဖီတို့ အိုဗယ်လ်တင်းတို့လို ညိုညိုအရည် တိုက်ရင် ပြန်အန်ထွက် တဲ့အခါ ကိုယ် သောက်တာက ညိုတာလား၊ အစာအိမ်က သွေးစိမ့်တာလား မသိရဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဟောလစ်ကြီးကတော့ ညှီလွန်းလို့ပါ"

ကလေးလို ပြောနေတဲ့ တော်လင်းတိုးကို လတ်လတ်က ငြင်ငြင်သာသာ ရယ်ရင်း ...

"အဲဒီတုန်းက လတ်လတ်က ကြက်စွပ်ပြုတ်လေး မြန်မြန် ပြေးပြုတ်တုန်းမို့ပါ၊ ဆေးတစ်ခွက်သောက်ဖို့ ဗိုက်ထဲ ဘာမှ မရှိမှာစိုးတော့ မြန်တာလေးဖျော်ပြီး တိုက်ရတာပါ ကိုတော်လင်းရဲ့"

မျက်ခုံးလေးကို ပင့်ကာ ပင့်ကာ ကလေးကို ချော့ သလို ပြောနေတဲ့ လတ်လတ် မျက်နှာကို အားလုံးပဲ ဝိုင်းပြုံး ငေးကြည့်နေမိကြပါသည်။ အရည်လဲ့နေတဲ့ မျက်ဝန်းထဲမှာ ဖြစ် နိုင်ရင် တော်လင်းတိုး နဖူးဆံစပ်ကိုပင် သပ်ကာ သပ်ကာ ချော့ မြှူချင်သလို အရိပ်အယောင်တို့က ဝဲကာဝေ့ကာနေသည်။

ဒေါ်ချွန်သည် သက်ပြင်းတစ်ချက်ကို တိတ်တိတ် ချရပါသည်။ ဒီကောင်မလေးခမျာ မောင်တော့်ကို မေတ္တာစေတနာ ရှိရှာပါတယ်။ သူ တိုက်တဲ့ ဟော်လစ်တစ်ခွက်ကြောင့် တော်လင်း တိုး အန်တဲ့အခါ သူ့ခမျာ စိတ်မကောင်းတွေဖြစ်ကာ ကြက်စွပ် ပြုတ်ရင်း မျက်ရည်ကျနေပါသေးသည်။ သူ အန်ရသလို ရှုံ့မဲ့မဲ့ တရိ ဖြစ်နေပါသေးသည်။





"ဒေါ်ချွန်ရေ မနက်ကျ ထမင်းရည်လေး ခံထားပါဦး၊ ထမင်းရည်ထဲကို Coffee mateနို့မှုန့်ထည့်ပြီး ဖျော်ပြီးတော့ ကိုတော်လင်းကို တိုက်မယ်၊ ဟောလစ်လောက်တော့ မညှီဘူးပေါ့ ကိုတော်လင်းရဲ့ နော်"

"ဟော့ကောင် တော်လင်း ... နည်းနည်း နားကလောတယ် ကွာ၊ အဟုတ်ပဲ"

"အဲဒါ ကိုဖြိုးကိုက စိတ်ကို ပုပ်ချင်တာ၊ နေမကောင်းဖြစ် တဲ့သူကို ဒီလိုပဲ ဝိုင်းဝန်းဂရုစိုက်ရမှာပေါ့၊ ရှင် ဖြစ်ရင် လည်း ရှင် ဂရုစိုက်ခံချင်မှာပဲ မဟုတ်လား"

"ဒါပေါ့၊ အဲဒီတော့ ဂရုစိုက် မစိုက် ကြည့်ရဦးမယ်၊ ဟော့ကောင် နေထိုက်၊ တော်လင်း ပြီးရင် မင်း တစ်ခုခု ဖြစ်ကြည့်စမ်းကွာ၊ အသည်းလေးဘာလေး ရောင်ချင်ရောင်၊ အူအတက်တွေ ဘာတွေ ပေါက်ချင်ပေါက်"

"မင်း ဘိုးအေ၊ မင်း ဖြစ်ပါလားကွာ"

"ငါဖြစ်ရင်တော့ မြန်မြန်ရှောအောင် လတ်လတ်က အဖတ် ချည်း ကျွေးမှာ သေချာတယ်"

"အမယ် ... လတ်လတ် အဲလို စိတ်ထားမရှိဘူးနော် ကိုဖြိုးကို၊ ဘာပဲဖြစ်ဖြစ် ဒီလူ ဒီလူတွေဟာ လတ်လတ် အစ်ကိုတွေပဲလို့ သဘောထားတယ်၊ ပါးစပ်ဖျားက ဘယ် လောက်ဘုပြောကြပြီး မတည့် မတည့် လတ်လတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နှမတစ်ယောက်လို သဘောထားစောင့်ရှောက်တဲ့ စိတ်ရင်းခံတွေကိုတော့ အတိုင်းသားကြီး မြင်နေရပြီး လတ်လတ်က ကြည်ညိုလေးစားပြီးသားပါနော် ...

အဲဒါကြောင့် အစ်ကိုတွေလိုပဲ သဘောထားထားတယ်၊ နေမကောင်းဖြစ်လာရင် ပြုစုရမှာပေါ့၊ ကိုဖြိုးကိုက လတ်လတ်ကို အထင်လွဲနေတာ၊ လတ်လတ်က တစ်သက်လုံး နေထိုင်ကြီးပြင်းလာရတဲ့ ပတ်ဝန်းကျင်မှာ ကိုယ်ကြုံတွေ့ခံစားလာရတဲ့ ခံစားချက်တွေ ရိုက်ခတ်ပြီး အမြင်မတော်ရင် မခံချင်တာ၊ ဝင်ပါတာတွေ ရှိပေမယ်လို့ အဲဒါ မုန်းပြီးပြောနေတာ မဟုတ်ပါဘူး ...

လတ်လတ်မှာ ဝသီပါနေတာ၊ မဆိုင်သလို မနေနိုင်ဘဲ ဖြစ်ဖြစ်သွားတယ်၊ အဲလိုပြောဆိုငြင်းခုန်နေရပေ ကိုဖြိုးကိုကိုလည်း လတ်လတ်က မုန်းတီးမနေဘူး၊ ... ဆိုတာ အဆိုးအကောင်း ဒွန်တွဲနေတာပဲ၊ လတ်လတ်မှာလည်း အဆိုးရော အကောင်းရော ရှိတာပဲ၊ ကိုဖြိုးကိုမှာလည်း ဒီလိုပဲ ...

ကိုဖြိုးကိုရဲ့ စိတ်ရင်းကောင်းကကျတော့ မိန်းကလေးတစ်ယောက်ကို ရောတောနှောတော လုပ်တာ အသားယူတာ အခွင့်အရေးယူတာ အဲလိုစိတ်ထားမျိုး အပြုအမူမျိုး လုံးမရှိဘဲ ရိုးသားသန့်ရှင်းတာ ...





ကိုနေထိုက်ကောအတူတူပဲ၊ အဲဒါကြောင့် လတ်လတ်က အပြင်က ဘုပြောပေမဲ့ စိတ်ထဲက အစ်ကိုတွေလို ချစ်ခင်ပြီးသား”

လတ်လတ်က စကားကောင်း စပြောလာတဲ့အခါ ဖြိုးကိုမှာ ဘယ်လို ဘုတောရ ရစ်ရမလဲ မသိအောင် အီလည်လည် အကြောင်ကြောင် ဖြစ်သွားပြီး ရင်ထဲမှာ တစ်မျိုးလေး ခံစားလိုက်ရသလိုတောင် ဖြစ်ရပါသည်။ လတ်လတ်လည်း ရင်ထဲက စကားကို ပြောတာဖြစ်မှာပဲ။ သူကိုယ်တိုင်လည်း ဒီဟာမလေးကို အမြင်ကတ်ကတ်နဲ့ပင် မြင်ပါများ အတူနေတာကြာလာတော့ ညီမငယ်တစ်ယောက်လို သံယောဇဉ်မျိုး ဖြစ်လာသေးတာပဲ။

ဖွင့်ပြောနေရင် ကမ်းတက်မှာစိုးလို့ ဖွင့်တော့မပြော။

“ဟော့ကောင် တော်လင်း ကြားလား”

“ဘာလဲကွ နေထိုက်ရ”

“ကိုဖြိုးကိုက ရိုးသားသန့်ရှင်းတယ်တဲ့၊ ကိုနေထိုက်ရော တူတူပဲတဲ့၊ မင်း မပါဘူး ဟော့ကောင်၊ မင်းက ရိုးမှမရိုးသားပဲ၊ သန့်လည်းမသန့်ဘူး”

“အောင်မာ”

တော်လင်းတို့ အောင့်သက်သက်နှင့် ရယ်မောရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၁

ကျော်ဇောနှင့် မြတ်သုဝတီတို့ရဲ့ မင်္ဂလာဆွမ်းကျွေး
ကို မမတို့လင်မယား ရောက်လာရပါသည်။ မမရဲ့ ယောက်ျားသည်
သည် ကျော်ဇောတို့မိသားစုနှင့် သိကျွမ်းသူ ကျောက်လုပ်ငန်းချင်း
ဆက်စပ်နေသူဖြစ်ရာ မင်္ဂလာဆောင်ကို ရောက်ခဲ့ရသည်။

"ကျွန်တော်တို့က ပြီးခဲ့တဲ့ တစ်ပတ်ကမှ ပြန်ရောက်လာတာ
အစ်ကိုရ၊ ဟိုမှာ နေဖို့ အိမ်ခန်းက သုံးလတောင် ငှာ
ထားတယ်၊ ဒီလောက်နဲ့ ပြန်အဆင်မပြေဘူးထင်တာ
ခိုနေရဦးမယ် ထင်တာလေ၊ အခု သူ့အမေက နေသိ
မကောင်းဘူးဆိုပြီး ပြန်ခေါ်လို့သာ ခုလောက်မြန်မြ
ပြန်အပ်ပြီး ပွဲလုပ်ဖြစ်သွားတာ"

"ဒီလိုပါပဲကွာ၊ လူကြီးတွေက၊ ငါတို့တုန်းကလည်း သိ
သဘောမတူကြသလိုလို ဖြစ်တာပါပဲ၊ သူက သမီးဦး





တော့ သူ့အမေက မပေးစားချင်သေးဘူး၊ အားကိုးချင်သေး
တယ်၊ ခုလည်း မြတ်က တစ်ဦးတည်းသော သမီးမို့
သူ့အမေက နှမြောနေသေးတာ ဖြစ်မှာပါ"

"နှမြောတာထက် ကျွန်တော့်ကိုလည်း ကြည့်မရတာ၊
သူ့ကို တခြားနဲ့ ပေးစားမယ်ပြုမယ် စီစဉ်လာလို့ ခိုးပြေး
ရတာဗျ၊ အေးအေးဆေးဆေးဆိုရင် ကျွန်တော်က အလုပ်
လုပ် ငွေစုဦးမှာပါ"

မြတ်သည် စားပွဲဝိုင်းမှာ ခပ်ဆိတ်ဆိတ်ပဲ ထောပတ်
ထမင်းငုံ့စားနေသည့် မမ ပန်းကန်ထဲသို့ ကြက်သားဆီပြန်ဟင်း
တစ်တုံး ခပ်ထည့်ပေးလိုက်သည်။ မမက လက်ကာရင်း ...

"နေ ... ညီမလေး၊ တော်ပြီ၊ မမက အသားတွေ သိပ်
မကြိုက်လို့"

"ဒါဖြင့် ငါးပိကြော်စားလေ"

မြတ်က ငါးပိကြော် ခပ်ထည့်ပေးပြန်သည်။ မြတ်
သည် မရင်းနှီးလှတဲ့ မမကို စကားရောဖွဲ့ရော လုပ်နေတာဖြစ်
သည်။ သူကိုယ်တိုင်သည် ခိုးပြေးပြီးနောက် ကျော်ဇောတို့ဘက်က
မိဘထံ ပြန်အပ်နံတာတွေ ဘာတွေပြီးစီးလို့ အခု ဆွမ်းကျွေး
ဆောင် ကျွေးနေပြီ။ ဘာပဲဖြစ်ဖြစ် အဆင်တပြေ ဖြစ်သွားပြီ။

လတ်လတ်ကိုလည်း မြတ်က ကိုယ့်လိုပဲ အဆင်
တပြေ ဖြစ်စေချင်ပါသည်။ ခုတော့ လတ်လတ်ဟာ ကျီးလန့်စာစား



www.burmeseclassic.com

www.burmeseclassic.com



ခိုးကြောင်ခိုးဝှက်နှင့် ဘာတွေ ဖြစ်နေမှန်းကိုမသိ။ လတ်လတ်ဟာ ခပ်ရိုးရိုးရှင်းရှင်း မိန်းကလေးမှန်း မြတ် သိထားသည်။ အရှုပ်အထွေး မဟုတ်။ ခုတော့ ဘာတွေ ဇာတ်ရှုပ်ဖြစ်နေတယ် မသိ။

မြတ်ကိုလည်း လိမ်ညာကာ သူ ရောက်နေတဲ့အိမ်မှာ မြတ်ကိုလည်း အိမ်ထဲ မသွင်းရဲ၊ အိမ်ထဲက လူကိုလည်း အပြင်မခေါ်ရဲ တွေ့မပေးရဲ။

ဘယ်လို အခက်အခဲ အကျပ်အတည်းနဲ့ ကြုံနေတယ် မသိနိုင်။

"အစ်ကိုတို့ လင်မယားလည်း ရန်ကုန် သွားသေးတယ် မဟုတ်လား"

"အေးကွ"

"အလုပ်ကိစ္စပဲပေါ့"

မင်္ဂလာဆွမ်းကျွေးမှာ လူနည်းနေပါပြီ။ မမတို့ လင်မယား ရောက်တာနောက်ကျ၍ တခြားဝိုင်းတွေမှာ နောက်ဆုံးမှ စားကြတဲ့ ဆွေမျိုးရင်းတွေနှင့် အရင်းချာဆုံး မိတ်ဆွေညီ သည်မျိုးတွေသာ ကျန်ရာ ကျော်ဇောက ဒီဝိုင်းမှာပဲ ဝင်ထိုင်ချ လိုက်၍ မြတ်လည်း ဝင်ထိုင်နေဖြစ်တာ။

"အင်း ... အလုပ်ကိစ္စပေါ့လေ၊ အလုပ်ချည်းပဲတော့ မဟုတ်ဘူး၊ သူ့ကိစ္စလည်း ပါသေးတယ်"





မမသည် မြတ်နှင့် စကော့ဈေးထဲ တွေ့တုန်းကတော့ မပြောဖြစ်သော်လည်း ခုတော့ သတင်းရလိုရငြား ပြောချင် မေးချင်လာသည်။ မြတ်သုဝတီတို့လည်း ရန်ကုန်က ပြန်လာကြတာ။ ကိုယ်ကတော့ လတ်လတ်ကို တွေ့အောင် မရှာနိုင် မစုံစမ်းနိုင်ခဲ့ပြီ။ သူတို့များ မတော်တဆ မတွေ့နိုင်ဘူးလားလို့ ဖုံးကွယ်မနေတော့ဘဲ ...

"မြတ် ... လတ်လတ်နဲ့ တွေ့သေးလား"

"ဟုတ်ကဲ့"

အလွန်ပြောချင်နေတဲ့ မြတ်ရဲ့ ဟုတ်ကဲ့ဟာ လျှာနဲ့သွား ခလုတ်တိုက်မတတ် ဖြစ်သည်။

"ဟင် ... တွေ့တယ် ဟုတ်လား"

"ဟုတ်"

"ဘယ်မှာတွေ့တာလဲ"

"ဟိုဟာလေ မမ၊ မန္တလေးကနေ ရန်ကုန်ကို လစ်ကြကတည်းက မြတ်နဲ့ လတ်လတ်က ကားတစ်စီးထဲ ဖြစ်နေတာ"

"ဟင် ..."

"ဟုတ်တယ် မမရဲ့၊ တစ်လမ်းလုံး အတူတူလေ၊ နောက်မှ မြတ်က ကိုကိုကျော်နဲ့ ပဲခူးမှာ ချိန်းထားကြတာဆိုတော့ ပဲခူးမှာ ဆင်းလိုက်တယ်၊ လတ်လတ်က ရန်ကုန်ကို ဆက်လိုက်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ … ဒါဖြင့် လတ်လတ် အိမ်က စိတ်ဆိုးပြီး ထွက်သွားတာ မြတ် သိတာပေါ့"

"သိတာပေါ့၊ သူ ပြောပြတာပေါ့၊ မြတ်ကလည်း မြတ်ကိစ္စတွေ အိတ်သွန်ဖာမှောက် ပြောတာပဲ၊ လတ်လတ်ကတော့ ခပ်လျှိုလျှိုလေး ပြောပြတာ"

"အိမ်က ထွက်ပြေးတယ်လို့ ပြောတယ်မို့လား"

"ဟုတ်"

"ဒါဖြင့် ဘယ်လျှို့မလဲ၊ ဖွင့်ပြောသားပဲ"

"မဟုတ်ဘူး မမ၊ တခြားဟာတွေ မပြောဘူး"

"ဘာတခြားဟာတွေလဲ"

"တခြားဟာတွေ ရှိသေးတယ်လေ၊ သူ့ရဲ့ ဟိုဒင်း … တခြား အချိန်းအချက်တွေ"

"ဟင် … အဲဒါတွေက ဘာတွေလဲ၊ အဲဒါတွေ မမ မသိပါဘူး၊ သူက ရန်ကုန်မှာ ဘယ်သူနဲ့ ချိန်းထားတယ်တဲ့လဲ"

"အဲဒါကို မပြောတာပေါ့ မမရဲ့၊ လျှို့ထားတာ"

"ဟယ် … မဟုတ်ဘူး ထင်တယ်၊ ရန်ကုန်မှာ သူ့မှာ ရင်းရင်းနှီးနှီးထဲကမှ မရှိတာ"

"သြော် … မမကလဲ"

ကျော်ဇောက မြတ်ရဲ့ လက်မောင်းကို တံတောင်နှင့်တွက်ကာ …





"ဟိုတ် … မြတ်ဟာတွေက သေချာလို့လားကွာ"

"သြော် … သေချာလို့ တွေ့ခဲ့ပြီပဲ"

"ဘယ်မှာတွေ့တာလဲ မြတ်၊ ရန်ကုန်ကျတော့ ထပ်တွေ့တယ်ပေါ့ ဟုတ်လား"

"ဟုတ် … ပထမတစ်ခါ ဒဂုံစင်တာမှာ တွေ့တယ်၊ ကိုကိုကျော်လည်းပါတယ်၊ သူကလည်း ဝယ်ခြမ်းပြီးထွက် မြတ်တို့က ဝင်ခါနီး ပေါ်တီကိုနားမှာ ရပ်နှုတ်ဆက်ကြတာ၊ အဲဒီတုန်းက သူက မြတ်ကို သူ အဆောင်မှာနေနေတယ်လို့ ပြောတယ်"

"ဟုတ်တယ်လေ … အဆောင်ပဲ နေရမှာပဲ"

"ဟင့်အင်း … အဲဒါ ညာတာ"

"ဟင်"

"အဲဒီနေ့ကလည်း သူ့ကိုလာကြိုတဲ့ကား ရှိတယ်၊ သူကတော့ အဲဒါ အဆောင်က ဒရိုင်ဘာလို့ ပြောတယ်၊ ဒါပေမဲ့ အဲဒါ မဖြစ်နိုင်ဘူး၊ ဒရိုင်ဘာဆိုရင်တောင် သူသွားနေတဲ့ အိမ်က ဒရိုင်ဘာ ဖြစ်ချင်ဖြစ်မယ်၊ ဒရိုင်ဘာလည်း ဟုတ်ချင်မှ ဟုတ်မယ်"

"အို … မမ နားတွေရှုပ်နေပြီ၊ ရှင်းအောင် ပြောပါဦး"

"မမ ဖြည်းဖြည်းနားထောင်၊ ကားပေါ်တုန်းက လမ်းမှာ လတ်လတ်ကို သဘောကျလာတဲ့ လူတစ်ယောက် ပါတာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူက လတ်လတ်ကို ရန်ကုန်ဝင်တော့ လိပ်စာတွေ ဘာတွေတောင်း၊ မိတ်ဖွဲ့တော့ လတ်လတ်က မပြောပြဘူး ပေါ့၊ ဒါနဲ့ ဒီလူက လတ်လတ်ကို လာကြိုသွားတဲ့ ကား နောက်က လိုက်သွားတာ၊ လတ်လတ် နေတဲ့အိမ်ကို သိခဲ့ တယ်"

"လတ်လတ်ကို လာကြိုတဲ့ကား"

"ဟုတ်၊ ယောက်ျားသုံးယောက် လာကြိုတယ်"

"ဟင် ... သေချာရဲ့လား မြတ်ရယ်"

"သေချာတယ် မမရဲ့၊ အဲဒီလူက အိမ်သိအောင်တောင် နောက်ယောင်ခံ လိုက်သွားသေးတာပဲ၊ အဲဒီလူက ကျောက် ကိစ္စနဲ့ ကိုကိုကျော်နဲ့ လာဆုံနေပြန်ရော၊ အဲဒီမှာ မြတ်ကို သူက ကားပေါ်မှာ လတ်လတ်နဲ့ တူတူထိုင်တဲ့ သူငယ်ချင်း မှန်း မှတ်မိပြီး ပြောပြတာ၊ သူ ပြောလို့ လတ်လတ်ရှိတဲ့ လိပ်စာကို မြတ် သွားတွေ့နိုင်တာ"

"လတ်လတ်ကို တကယ်တွေ့လား"

"တွေ့တာပေါ့ မမကလည်း၊ လတ်လတ်က တကယ် အချိန်းအချက်နဲ့ သွားတာပါဆို"

မမသည် သူ့ယောက်ျားဘက်လှည့်ကာ ...

"ဟင် ... အဲဒါ ဘာသဘောလဲ"

"မြတ် ထင်တာ ပြောရမလား"





"မြတ် ကြည့်ပြောကွာ၊ သေချာမှ ပြောလေကွာ ... ကျွတ်"

ကျော်ဇောက မြတ် စကားများမှာစိုး၍ ကာကွယ် နေပါသည်။

"ဘာပဲဖြစ်ဖြစ် ပြောပါစေ ကိုကျော်ဇော၊ ကျွန်မ ဘာပဲ သိရ သိရ"

"လတ်လတ်လည်း မြတ်တို့လိုပဲ ခိုးရာလိုက်သွားတဲ့ သဘော ပဲ မမရဲ့၊ အဲ ... သူက လိုက်လာတာပေါ့နော်၊ ဒီက သူ့ ချစ်သူက စောင့်နေတာပေါ့"

"ဘုရား ... ဘုရား၊ ဟုတ်ရဲ့လား မြတ်ရယ်"

"မြတ်က အဲလိုထင်လို့ သူ့ကို အတင်းအကျပ် မေးတာ သူကလည်း ဝန်ခံလိုက်ပါတယ်"

"ဟင်"

မမ မျက်နှာမှာ အံ့သြခြင်း၊ စိတ်တိုခြင်းတို့နှင့် မြန်းနေပါသည်။

"မြတ်က ကိုကိုကျော် အလုပ်ကိစ္စ အပြင်ထွက်ရတဲ့တစ် နေ့ လတ်လတ် ရှိနေတယ်လို့ သိရတဲ့ လိပ်စာအတိုင်း ကားငှားပြီး လိုက်သွားတာ၊ ဟိုမှာ လတ်လတ်ကို ဆိုက် ဆိုက်မြိုက်မြိုက် တွေ့ပါတယ် မမရဲ့၊ ပထမတော့ သူ ဖုံး ကွယ်သေးတယ်၊ ဒါအမျိုးအိမ်ပါ ဘာညာနဲ့ ပြောသေး တယ် ...



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကလည်း အမျိုးအိမ်ဆိုရင် အိမ်ထဲခေါ်ပေါ့၊ ဝင်ထိုင်မယ်၊ အမျိုးနဲ့တွေ့မယ် မွတ်လုပ်မှ ဟုတ်ပါတယ် သူလည်း ခိုးရာလိုက်လာတာပါလို့ ဝန်ခံပြီး မြတ်ကိုမြန်မြန်ကြီး ပြန်လွှတ်တာ"

"ဘာဖြစ်လို့လဲ"

"အဲဒါကို မြတ် စဉ်းစားနေတာ၊ သူ့ဆီ အသိမိတ်ဆွေ လာလည်တယ် ဝင်ထွက်တယ် ဆိုတဲ့ အဖြစ်အပျက်မျိုးကို အဲဒီအိမ်က မကြိုက်ဘူးလား မသိဘူး"

"ဘာဖြစ်လို့ မကြိုက်ရမှာလဲ"

"မသိဘူး မမ၊ လတ်လတ် ပုံစံကြည့်ရတာ တစ်ယောက်ယောက် ထွက်လာရင် သူ အဆူအကြိမ်း ခံရမှာ ကြောက်နေသလိုပဲ၊ ထမင်းချက်တဲ့ မိန်းမကြီးကလည်း လတ်လတ်နဲ့ မြတ် စကားရပ်ပြောနေတာကို လာလာချောင်းချောင်းကြည့်တယ်၊ အဲဒီမှာ လတ်လတ်က မြတ်ကို အတင်းတွန်းလွှတ်ပြီး ပြန်ခိုင်းတာပဲ"

"ဘယ်လိုကြီးလဲ မြတ်ရယ်"

"မြတ်လည်း နင့်ပုံစံက တစ်မျိုးကြီးပဲလို့ ပြောသေးတယ်၊ လတ်လတ်ကလေ ငါ့အကြောင်းနဲ့ ငါပါ မြတ်ရယ်တဲ့၊ နောက်ကြုံမှပဲ အကြောင်းစုံ ပြောပြတော့မယ်တဲ့"

"သူက သူ ခိုးရာလိုက်လာတာလို့ တကယ်ပြောလို့လား"





"တကယ်ပြောတာပါ မမရဲ့၊ ဘုရားစူးစေရဲ့၊ သူ့ချစ်သူနောက် လိုက်လာတာတဲ့"

"ဒါဖြင့် လတ်လတ် အိမ်ထောင်ကျသွားပြီပေါ့နော်"

မမသည် သူ့ညီမလေးကို ရတ်တရက်မို့ နှမြောမိ...ာ မျက်ရည်ပင် လည်လာပါသည်။ မေမေကတော့ မမက ...တ်လတ်ကို တွေ့လာမည်အထင်နှင့် လတ်လတ် ပြန်လာလျှင် ...အမိ ဘယ်လိုလက်တွဲပြီး ဘဘကြီးကို ဘယ်လိုရင်ဆိုင် ...ခံလိုက်ပါတော့မည်ရယ်လို့ ကြိမ်းဝါး အစီအစဉ်တွေ ဆွဲထား...။

မမ ပြန်လာတော့ လတ်လတ် ပါမလာဘူး၊ တွေ့...ဘူး ဆိုတော့ လတ်လတ် သူငယ်ချင်း ရီထွေးကို ကုမန်း...န်းခေါ်ကာ အကူညီ တောင်းရသည်၊ လတ်လတ် နေရာမှာ ...ဝင်ကူလုပ်ပေးဖို့ စီစဉ်ရသည်။ ဒီပုံအတိုင်းသာ တကယ်ဆို...တော့ လတ်လတ်ဟာ မန္တလေးကိုတောင် ပြန်ချင်မှ ပြန်လာ...မှာပေါ့။

မမ အိမ်ထောင်ကျတော့ ကိုကိုက မိုးကုတ်ကမို့ ...သွားမြို့သားပေမဲ့ မိုးကုတ်နဲ့ မန္တလေးက အိမ်ဦးနဲ့ကြမ်းပြင်လို ...ပဲဖြစ်ဖြစ် ရောက်ဖြစ်သေးသည်။ ရန်ကုန်နဲ့ မန္တလေးကတော့ ...ကြာမကြာ ရောက်ဖို့မလွယ်။ ကြိုးစားတင်တောင့်ထားတဲ့ မေမေ...လတ်လတ် သတင်းကြားရင် သူ့ခံတပ်ကြီး ဝုန်းခနဲပြိုကျ... စိတ်ပျက်အားလျော့ကာ ခွေကျသွားတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"လတ်လတ်က သူ့ဘဘကြီးကိုလည်း သိပ်စိတ်နာ

မမ"

"အဲဒီ ဘဘကြီး ဂြိုဟ်မွှေတာ ငါ့ညီမလေး အချိန်မ

သေးဘဲ ဖြုန်းခနဲ အိမ်ထောင်ကျရပြီ ... တောက်"

မမသည် မျက်ရည်တွေဝဲကာ ပါးပေါ်ကျလုမတ

နှင့် ...

"သူ့ယောကျ်ား ... အဲ ... သူ့ရဲ့ချစ်သူဆိုတာကော

ဖွဲ့ရဲ့လား မြတ်"

"မတွေ့ခဲ့ရဘူးလေ၊ သူ အတင်းတွန်းလွှတ်လို့ ပြန်ခဲ့ရ

သူ့ကြည့်ရတာ ယောကျ်ားတို့ ယောက္ခမတို့ ဒီအိ

အိမ်ကြီးရှင်တွေကို ကြောက်ရမဲ့ပုံ ပေါ်ပါတယ်"

"သူ့ချစ်သူ ဘယ်သူ့ပါလိမ့်၊ မမလည်း နည်းနည်းက

မှ မသိဘူး မြတ်ရယ်၊ မမကလည်း မန္တလေးမှာ သိ

တော့ သူ့ကိစ္စတွေ မသိတာ အမှန်ပဲ"

"ရီထွေး သိတယ်လေ မမ"

"ရီထွေးလည်း ဘာမှသေချာမသိဘူး"

"အိုး ... ဘာလို့ မသိရမှာလဲ၊ လတ်လတ်က ရန်ကု

နေ ရီထွေး တစ်ယောက်တည်းကိုပဲ အဆက်အသွယ်

တာ၊ သူ့အကြောင်းတွေ ရီထွေး အကုန်သိတယ်

ရီထွေးနဲ့တော့ သူ လှမ်းပြီး ပြောဆိုတိုင်ပင်နေကျ"





"ဟုတ်လား"

"ဟုတ်ပါတယ်ဆို မမကလည်း"

မမသည် စိတ်လောတကြီးနှင့် ဘမန်းကတန်းပင်

သောက်ရေသန့်ဖန်ခွက် ကောက်ယူမော့ချလိုက်ကာ ...

"လာ ... ကိုကို၊ သွားစို့"

"ဟ ... ဘယ်တုံး၊ ကောက်ကာငင်ကာ"

"ရီထွေးကို သွားမေးရမယ်၊ သူ့မေးလိုက်တိုင်း ဘူးချည်း ခံနေတာ၊ တွေ့ဦးမယ်၊ ဒီမှာ အမေတွေ အစ်မတွေ ဒီလောက် ပူနေတာ ကိုယ်ချင်းမစာဘူး၊ အဲရေးထဲ ရွှေနှုတ်တော်က လုံနေတယ်၊ မရမက သွားမေးရမယ်"

✿ ♡ ✿

ရီထွေးသည် မမရှေ့၌ ခေါင်းလေးငုံ့ငုံ့ မျက်နှာ

က်ပျက်နှင့် ငြိမ်နေပါသည်။

"ရီထွေး စဉ်းစားကြည့်စမ်း၊ မမ ဆိုရင် ရန်ကုန်ထိကို သူ့ကို ဆင်းရှာတာ၊ မမတို့ ဒီလောက် ခေါင်းမီးတောက်နေတာ ရီထွေး သိသမျှ ပြောပြသင့်ပါတယ်၊ ခုတော့ ရီထွေးက လျှို့ထားတော့ ဖုံးဖိထားတော့ နီးရက်နဲ့ဝေးပြီး မမတို့မှာ အကျိုးမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မမတို့ အမေသည် အေးအေးပျော့ပျော့သမား ဖြစ်သည့်အတိုင်း ...

"ကဲပါ မမရယ်၊ ရီထွေးကို ဖိပြောမနေပါနဲ့၊ အဓိကက ညည်းညီမက ဖုံးခိုင်းထားလို့ပေါ့"

"လတ်လတ်က ဖုံးခိုင်းထားလည်း ရီထွေးရယ်၊ စိတ်မ သက်သာအောင် ရီထွေးနဲ့ အဆက်အသွယ် ရှိပါတယ်ဆို တာလောက် ပြောပါဦး"

"ကဲ ... တော်ပါတော့ဆို၊ အခုသိရင် ပြီးတာပဲ"

"မပြီးလို့ပေါ့ မေမေရဲ့"

"ဟင်"

မေမေက အံ့အားသင့်သွားကာ မမကို နားမလည်သလို ကြည့်သည်။

"အစောကြီးကသိရင် အုပ်မိကောင်း အုပ်မိနိုင်သေးတာ ပေါ့"

"ဘာကိုလဲ"

"အားလုံးကိုပေါ့၊ ခုတော့ လွန်ပြီ"

"ဘာလွန်တာလဲ"

ရီထွေးကပါ မမကို မျက်လုံးဝိုင်းနှင့် ကြည့်လာပါသည်။

"ကဲ ... ရီထွေး၊ နင် သိတယ် မဟုတ်လား၊ ပြောလိုက်"





"ရီထွေး မသိပါဘူး၊ ဘာကိုလဲ"

"နင့်သူငယ်ချင်း ဘာသွားလုပ်တယ် ဆိုတာလေ၊ ဘာတွေ လွန်ကုန်ပြီဆိုတာ"

"လတ်လတ် ဘာသွားလုပ်လို့လဲ၊ လတ်လတ်က ဘဘကြီးကို စိတ်တိုပြီး အိမ်ကထွက်သွားတာပဲလေ၊ ဘာကလွန်ကုန်ပြီလဲ"

"ရီထွေးနော် ... နင် ခုထိ မုန်လာဥ လာလုပ်တုန်း"

"ရီထွေး တကယ်မသိပါဘူးဆို မမကလည်း၊ မမ ဘာတွေ ပြောနေမှန်း တကယ်မသိတာ"

"နင်နဲ့ အဆက်အသွယ် ရှိတယ်ဆို"

"အဲဒါ ဘယ်သူပြောတာလဲ"

"မြတ် ... မြတ် ... မြတ်သုဝတီ ပြောတာ"

မမက စိတ်တိုကိုနှင့် ဆောင့်အော်သည်။ ရီထွေးနှင့် …က ငယ်ကတည်းက ညီအစ်မရင်းချာတွေလို နေလာတာဖြစ်၍ …ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲ။ ပေါင်တွေ ပခုံးတွေကိုပင် လက်ဖဝါး …နှင့် တဖတ်ဖတ် ရိုက်ပစ်ချင်လာသည်။

"ဟုတ် ... အဆက်အသွယ် ရှိတာတော့ ဟုတ်တယ်၊ ဟုတ်တယ် ဆိုတာလည်း သူကသာ ရီထွေးဆီ ဖုန်းဆက်တာပါ၊ ရီထွေး တကယ် ဟုတ်ရင် ဝန်ခံပါတယ်၊ မမ ပြောတာကိုတော့ သိကို မသိဘူး၊ လတ်လတ် စိတ်ညစ်ပြီး ထွက်သွားတယ်၊ ဒါပဲ သိတာ၊ အဲဒါ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခု မဟုတ်လို့ပေါ့"

မေမေသည် ရင်ဘတ်ကိုဖိကာ ...

"ဘုရား ... ဘုရား ... ဘာတွေလဲ၊ ရင်တုန်စရာတွေလား မမရယ်၊ မေမေ စိတ်ဆင်းရဲလိုက်တာ၊ ဘာတွေ အကျိုး အကြောင်း ရှိပြန်လို့လဲ၊ ကဲပါ ... ပြောစမ်းပါ၊ မြို့စိစိလုပ် မနေပါနဲ့ မမရဲ့"

"မမလည်း ပြောမထွက်လို့ပေါ့၊ ပြောရင် မေမေက ငိုဦး မှာ"

"ငိုကာမှ ငိုရပါစေတော့အေ၊ ပြောစမ်းပါ၊ လတ်လတ် ဘာဖြစ်တာလဲ"

"မေမေ့သမီးက သူ့ချစ်သူနောက် လိုက်သွားတာ"

"ဟင်"

"ဟယ်"

မေမေပါမက ရီထွေးပါ အလန့်တကြား တအံ့တဩ ဖြစ်သွားပုံကိုကြည့်ကာ မမက သွားစေ့ထားတဲ့ အသံကြီးဖြင့် ...

"နင် ဒါကို မသိတာ ဖြစ်နိုင်ပါ့မလား ရီထွေးရဲ့၊ နင်တို့ နှစ်ယောက် တစ်ယောက်ကိစ္စ တစ်ယောက် အကုန်သိကြ တာပဲ"

"အို ... ရီထွေး မသိရပါဘူး မမရယ်၊ လုံးဝမသိဘူး လတ်လတ်ကလည်း အဲသလို လုံးဝပြောမသွားဘူး၊ ခု





တစ်နေ့တစ်နေ့ စိတ်ညစ် စိတ်တို ဒေါသဖြစ်တာတွေပဲ ပြောပြပြီး သူ ထွက်သွားတော့မယ် ပြောတာတောင် ရီထွေးက ယုံခဲ့တာ မဟုတ်ဘူး၊ စိတ်ပြေလက်ပျောက် လျှောက်ပြောတယ် ထင်နေတာ"

"တကယ်ဟဲ့ ... တကယ်၊ နင် မသိတာကို ငါမယုံဘူး"

မမ စကားကြောင့် ရီထွေးက မျက်နှာကို လက်ဝါး လေးနှင့်အုပ်ကာ ငိုပါတော့သည်။ သူ့ကို မမက မယုံတာကိုလည်း ခံရခက်။ သူ့ချစ်သူငယ်ချင်း သူ့ကိုတောင် အသိမပေးဘဲ ယောကျ်ားနောက် လိုက်သွားတယ်ဆိုတာ ဟုတ်ကော ဟုတ်ရဲ့ လားလို့ မယုံတစ်ဝက်ကြားက ဟုတ်နေမလားလို့ နမြောဝမ်းနည်း တာကလည်း တစ်မျိုး။

"ဟုတ်လို့လား ... အီး ... ဟီး"

"ဘာဟုတ်လို့လားလဲ၊ နင်နဲ့ ဖုန်းဆက်တော့ မပြောဘူး လား"

"မပြောပါဘူး၊ ဒီကအကြောင်းတွေမေး၊ မေမေ နေကောင်း လား၊ မေမေ ငိုသေးလားနဲ့ အန်တီ့အကြောင်းပဲ မေးတာ၊ ဘဘကြီးလာလား၊ ဘာပြောသံကြားလဲ၊ ဒါတွေပဲ ပြောတာ ပါ မမရဲ့၊ သူ ယောကျ်ားနောက်လိုက်တယ်ဆိုတာ ရီထွေး သိကိုမသိဘူး၊ အဲဒါ ဘယ်သူပြောတာလဲ ... အီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … တိတ်စမ်းပါ၊ နင်က ရှေ့ကငိုတော့ ဟိုမှာ မေမေ
က နားနပ်ရဦးမယ်၊ ခုမှ ငိုမနေနဲ့၊ စောစောကတော့
လူကြီးတွေကို သတင်းမပေးဘဲနဲ့"

"သမီးရယ် … လတ်လတ် သူ့ချစ်သူနောက်လိုက်ပါတယ်
လို့ ဘယ်သူ ပြောတာလဲ"

"မြတ် ပြောတာ၊ သူကလည်း ယောကျ်ားနောက်လိုက်တာ
တစ်နေ့တည်း တစ်ရက်တည်း ကားတစ်စီးတည်း မတိုး
ပင်ဘဲ ဆုံနေကြတာ၊ မြတ်က သူ့ကောင်လေး ကျော်အေး
က ပဲခူးမှာ စောင့်နေတော့ ပဲခူးမှာ ဆင်းတယ်၊ လတ်လတ်
က ရန်ကုန် ဆက်ပါသွားတယ်၊ ကားပေါ်မှာ လတ်လတ်
မျက်စိကျတဲ့ အကောင်တစ်ကောင်က လိပ်စာသိချင်
လတ်လတ်ကို လာကြိုတဲ့ကားနောက်က လိုက်တာ၊ အ
ကိုသိရော …

အဲဒီကောင်လေးက တစ်ခါ ကျော်အေးနဲ့ ကျော
အရောင်းအဝယ်လုပ်ရင်း မြတ်ကိုပြောပြတာ၊ လတ်လ
ဘယ်အိမ်မှာ ရှိတယ်ဆိုတာ၊ ဒါနဲ့ မြတ်ကလည်း သူ့
အဆောင်မှာနေတယ်လို့ လိမ်ပြောသွားတယ်ဆိုပြီး အ
လိပ်စာကို လိုက်သွားတာ"

"တွေ့လား"

"တွေ့တာပေါ့"





"အဲဒါနဲ့ပဲ ယောကျ်ားရနေပြီလို့ မြတ်က ဘယ်လိုလုပ် !!"

"သြော် … မေမေ့သမီးကိုယ်တိုင် ပြောပြဝန်ခံလိုက်တာ မေမေရေ့၊ လတ်လတ် ကိုယ်တိုင် ပါးစပ်က ပြောလိုက်တာတဲ့၊ မြတ်သုဝတီက စကားများပေမဲ့ ဒီလောက်အရေးကြီးတဲ့ ကိစ္စတစ်ခုကိုတော့ လတ်လတ် မပြောဘဲနဲ့ ကျိန်တွယ်ပြီး အလကားသက်သက် ညာပြောမှာတော့ မဟုတ်ဘူး"

ရီထွေးသည် ကြားရတဲ့နားကို မယုံနိုင်အောင် ဖြစ်နေပါသည်။ မြတ်က မမ ပြောသလိုပင် စကားများပေမဲ့ ညာမပြောတတ်။ ခုလိုကိစ္စမျိုးကို ပိုတောင်ညာမှာ မဟုတ်။ ပြန်မတွေ့မဲ့သူတွေ၊ ပြန်မေးလို့ မရတဲ့သူတွေလည်း မဟုတ်၍ တမင်တကာ ညာပြောနေဖို့ အကြောင်းလည်း မရှိ။

လတ်လတ် …။ ဘယ်လိုများလဲ …။ ဘယ်လိုများလုပ်လိုက်ပါလိမ့်။ အဲဒီ လတ်လတ်ဟာ စာရေးဆရာတော်လင်းတိုးကို သည်းသည်းလှုပ် မြတ်နိုးနှစ်သက်တာ ရီထွေး အသိဆုံး။ ရီထွေးလည်း ကြိုက်နှစ်သက်တာပင်။ ဒါပေမဲ့ မနှစ်က တော်လင်းတိုး မန္တလေးလာတော့ အဝေးက လှမ်းမြင်ရုံနှင့် လတ်လတ် ရင်တုန်ခုန်ဆွဲနေသလိုတော့ ရီထွေးက မဖြစ်။ ဒါတောင်မှ လတ်လတ်ဟာ ရန်ကုန်ကနေ ဖုန်းလှမ်းဆက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရီထွေး ... ကျန်ရစ်မ၊ ငါ့အခု ဘယ်သူ့အိမ်ရောက်နေလဲ သိလား၊ ကိုတော်လင်း အိမ်လေ၊ ငါ့ကိုကိုတော်လင်းတို့ရဲ့အိမ် ... ဟဲ ဟဲ ဟဲ ... မနာလိုနေပြီလား မိရီထွေးဟင် !!"

အဲလို ပြောတုန်းက ရီထွေးလည်း မနာလိုတွေ ဖြစ်လိုက်သေးတာပဲ။ "ခွေးမ ... နင် တစ်နေ့ တစ်နေ့ အသားတွေပွဲ့ပါအောင် စိုက်စိုက်ကြည့်မနေနဲ့ဦး"လို့တောင် သဝန်တိုတိုတားမြစ်လိုက်ပါသေးသည်။ လတ်လတ်ကတော့ ရီထွေးထက် အဆဆသာအောင် ကြိုက်ကာ၊ မျက်နှာလှမ်းမြင်ရတာတောင် တဆတ်ဆတ်တုန်နေတဲ့သူ ဆိုတော့ တော်လင်းတို့ အိမ်ပေါ် မတော်တဆ ရောက်သွားပြီးမှပဲ မအောင့်နိုင် မအည်းနိုင် အချစ်တွေပိုပြီး ဘယ်လို ဘယ်လိုတွေ ဖြစ်ကုန်တာမျိုးလဲ။

ဒါမှမဟုတ်ရင်လည်း ရီထွေး လုံးဝမသိလိုက်ရဘဲ တော်လင်းတို့ထံ သူက စာရေးဆက်သွယ် မိတ်ဖွဲ့ပြီး လာကြိုခိုင်းတာလား။ ဒါမှမဟုတ် ရည်းစားကို ဖြစ်နေခဲ့ကြပြီးသားလား။ ရုတ်တရက် တစ်ထိုင်တည်းအတွင်း ရီထွေး ဘာမှအဖြေမထုတ်တတ်တော့ပါ။ မဟုတ်ဘဲနဲ့တော့ လတ်လတ်ကလည်း ပြောလိမ့်မည် မဟုတ်တာကြောင့် ယေဘုယျ တွက်ရရင်ဖြင့် လတ်လတ်တစ်ယောက် ရန်ကုန်မှာ စာရေးဆရာနဲ့ နှစ်ပါးကြည်သွားပြီပေါ့။





အဲဒါကျတော့လည်း နင်က လွယ်လိုက်မြန်လိုက်တာလို့ မှတ်ချက်ချစရာ ဖြစ်ရော။ ရီထွေးသည် မတင်မကျနှင့် ဘယ်လိုကြီးလဲ မသိ၊ ရင်ထဲဇလုံးခုနှင့် နင်နေဆဲ ...

"ကဲ ... ရီထွေး"

"ရှင်"

ရီထွေး အသံက လိမ်ညှစ်ထားတဲ့ ရေစိုဝတ်လို ရှုံ့ကာ တွကာ ရှိသည်။

"မသွားခင်က နင် ဘာမှမသိပါဘူး ဆိုတာထား"

"ဟုတ်ကဲ့"

"ဟိုကနေ ဖုန်းဆက်တော့လည်း နင့်ကို အဖြစ်မှန်တွေ ဘာမှမပြောပါဘူး ဆိုတာထား"

"ဟုတ်ကဲ့"

"ဒါပေမဲ့ နင် သိကိုသိရမှာကတော့ သူ ဘယ်သူ့အိမ် ရောက်နေတာလဲ ဆိုတာပဲ၊ အဲဒါဟာ သူ ဘယ်သူ့နောက် လိုက်သွားတာလဲ ဆိုတာရဲ့ အဖြေပဲ"

ရီထွေးသည် သက်ပြင်းကြီးတစ်ချက်ချပြီး မမကို ခေါင်းညိတ်ပြသည်။

"ဘာလဲ"

"ရီထွေး ပြောပြပါ့မယ်လို့"

"ပြောမှာဖြင့် မြန်မြန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲဒါ စာရေးဆရာ တော်လင်းတိုးရဲ့အိမ်"

"ဘာရယ် ... ဘယ်သူ"

"စာရေးဆရာ တော်လင်းတိုးပါ၊ အဲဒါ အန်တီနဲ့လည်းခင်တဲ့၊ ဟို ... ဟို ... ဘဘကြီးရဲ့ ငယ်ငယ်က သူငယ်ချင်းဟောင်းဆိုတဲ့ ဒေါ်ခင်လင်းရဲ့ သားပါ"

"ဟင်"

မမရော မေမေပါ မျက်လုံးတွေ ဝိုင်းကျယ်ကာ ငြိမ်သွားပါသည်။

❀ ❀ ❀





# အခန်း ၁၂ နှင်း

"မင်းအမေ ဖုန်းဆက်လိမ့်မယ်ကွ၊ နေ့လယ်က မင်းဟဲန်းဒ်ဖုန်းကို ခေါ်တော့ ငါနဲ့ တိုးနေတာနဲ့ ညမှ ဖုန်းပြန်ခေါ်မယ်တဲ့"

"ဟုတ်လား ... အိမ်ဖုန်းဆက်လိုက်လည်း ရတာပဲဟာ"

တော်လင်းက ပြောလျှင် မျက်နှာတစ်မျိုး ဖြစ်နေတဲ့ဖြိုးကိုက ...

"အေး ... ငါလည်း ပြောပါတယ်၊ အန်တီလို့ တော်လင်းအိမ်မှာ ရှိပါတယ်၊ အိမ်ဖုန်းကို ခေါ်မရလို့လားလို့ ဆိုတော့ အရေးကြီးတဲ့စကား ပြောချင်လို့ ဘေးလူလည်း မကြားစေချင်လို့တဲ့၊ ဟဲန်းဒ်ဖုန်းဆိုတော့ ခြံထဲဆင်းပြောနေလည်း ရတာပေါ့တဲ့"

ဖြိုးကို စကားကြောင့် တော်လင်းက အံ့အားတသင့်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေက သူများ မကြားစေချင်တာ ဘာပြောစရာရှိမှာမို့လို့လဲ"

"လတ်လတ်နဲ့ ပတ်သက်တယ်ကွ တော်လင်း"

"ဟုတ်လား"

"မင်းအမေက ငါ့ကို မေးတယ်ကွ၊ မင်းတို့အိမ် ရောက်နေတဲ့ ကောင်မလေး ဘယ်လိုအခြေအနေ ရှိလဲတဲ့၊ ဘယ်လိုနေလဲတဲ့၊ ငါကလည်း လတ်လတ်က တော်ပါတယ်လို့၊ ကျွန်တော်တို့ကိုတောင် စည်းကမ်းတွေ ဘာတွေ ကိုင်ထားလို့ ကျွန်တော်တို့တောင် အိပ်ရာထချိန် စားချိန် သောက်ချိန်ကအစ မီးဖွင့်တာ အဲကွန်းဖွင့်တာအဆုံး သူ့စည်းကမ်းထဲမှာ နေရတော့ တော်တော် စည်းကမ်းရှိလာကြပြီလို့ ရယ်ပြီး ပြောတာပေါ့"

"အင်း"

"မင်းအမေက ပြောတယ်ကွ၊ မင်းတို့ သူ့ကို စိတ်ချလက်ချ လွှတ်ပြီး ထားမနေနဲ့တဲ့၊ သတိဝီရိယ ရှိဦးတဲ့၊ မင်းတို့ ယောကျ်ားသုံးယောက်ကို ဒီနုနုနယ်နယ် မိန်းကလေးတစ်ယောက်က လက်ထဲကိုင်လှည့်သွားနိုင်တယ် ဆိုရင် မင်းတို့ ဘယ်လောက် ရှက်ဖို့ကောင်းသလဲတဲ့၊ သူနဲ့ပတ်သက်ပြီး ဘယ်သူမှ ဘာသံသယမှ မဝင်ကြဘူးလားတဲ့"

တော်လင်းတို့က မျက်နှာမကောင်းဘဲ ငြိမ်နားထောင်နေသည်။





"လတ်လတ်ကို ငါ မသင်္ကာဖြစ်တယ်ဆိုတာ မင်းသိပါတယ်၊ ငါ တစ်ချိန်လုံး ပြောနေခဲ့တာပဲ၊ မင်းလည်းပါးစပ်က ဘာမှမပြောပေမဲ့ မင်းစိတ်ထဲမှာ ကသိကအောက်နဲ့ သံသယရှိတယ် ဆိုတာလည်း ငါသိတယ် တော်လင်း"

"အင်း"

"ဒါပေမဲ့ လတ်လတ် အပေါ် နှစ်လိုတဲ့ သဘောထားနဲ့ အကောင်းမြင်စရာ အရည်အချင်းတွေလည်း တွေ့နေရတော့၊ ပြီးတော့ ... မင်းသံယောဇဉ်လည်း ငြိနေတော့ ဘာမှဖွင့်မပြောရက်ဘဲ နေလာတာ၊ စိတ်ထဲတော့ မရှင်းဘူးဆိုတာ ငါရိပ်မိပါတယ်"

"ဟုတ်တယ် ဖြိုးကို၊ ငါ ဝန်ခံပါတယ်"

"ငါလည်း တော်တော်ကို တစ်မျိုးကြီး မယုံကြည်တာကွ၊ ဒါပေမဲ့ ဘာကိုတော့ ယုံကြည်သလဲဆိုတော့ ငါတို့ကိုဒုက္ခပေးမှာ မဟုတ်ဘူးလို့တော့ ယုံကြည်တယ်၊ သူ့မှာ သံသယဝင်စရာ နောက်ကြောင်းတစ်ခုခု ရှိပေမဲ့ ဒါ သူ့အကြောင်းနဲ့သူပေါ့နော်၊ ငါတို့အပေါ်တော့ သူ စိတ်ကောင်း စေတနာကောင်းနဲ့ပဲ ဆက်ဆံနေပါတယ်လို့ မြင်တာ၊ ယုံတာ၊ ပြီးတော့ ခင်လည်း ခင်လာတာ"

"ဟုတ်တယ် ဖြိုးကို၊ ဒီအတိုင်းပါပဲ၊ အခု မေမေက ဘာတွေ ဘယ်လို သိသွားသလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေမေးတော့ ငါက ဟာ ... ငါတို့လည်း သံသယ ဝင်ကြတယ် ဘာညာနဲ့ မပြောလိုက်ပါဘူး၊ ဘာလို့မပြော လိုက်လဲ ငါ့ဟာငါ မသိဘူး၊ အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ ငါ့စိတ်အခြေအနေအရပဲ၊ လတ်လတ် အပေါ် အပြစ်တစ်စုံ တစ်ရာမြင်အောင် ချပြီးမပြောရက်၊ မပြောနိုင်သလို ဖြစ်နေ ပြီးတော့ လတ်လတ်က ကျွန်တော်တို့အပေါ် ကောင်းပါ တယ် တော်ပါတယ် အန်တီ လို့ပဲ ပြောလိုက်တယ်"

တော်လင်းတို့ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက် ပါသည်။ သူ့ရင်ထဲ လေးပင်မောကျပ်လာပြီ။ သူ လတ်လတ်ကို ချစ်မိနေပြီ။ မချစ်မိစဖူး အရူးအမူးလို့ ပြောရမလောက် ချစ်နေ မိပါပြီ။ မိုးလင်းက မိုးချုပ် သူမရဲ့ အရိပ်အငွေ့ အပြုအမူလေး တွေ စကားသံလေးတွေနဲ့ နာရီပိုင်းပင် ကင်းကွာပြီး မနေနိုင် တော့ပါ။

အခု မေမေ့မှာ လတ်လတ်အပေါ် မယုံကြည်စရာ သံသယဖြစ်စရာ အကြောင်းကို အနိုင်အမာ ရသွားပြီထင်သည်။ လတ်လတ်ရဲ့ ဇာတ်မြစ်ကို မေမေ သိနေပြီ ထင်ပါသည်။ လတ်လတ်ဟာ ဘယ်လိုမိန်းကလေးမျိုးပင် ဖြစ်ပါစေ။ ဘာတွေ ဖြစ်ခဲ့ လုပ်ခဲ့ပါစေ၊ သူ့ရင်ထဲက ချည်နှောင်ခိုင်မာနေပြီဖြစ်တဲ့ ကြိုးကို သူ ရုတ်တရက် ဖြတ်ဖို့ရာ အလွန်ခက်ခဲနေပါပြီ။

"ဟူး ... ငါ စိတ်ညစ်လိုက်တာ ဖြိုးကိုရာ"





ဖြိုးကိုက တော်လင်းကို ကိုယ်ချင်းစာ ကရုဏာသက် သလို ကြည့်ပြီး ...

"မင်းအမေ ဘာပြောလဲ နားထောင်လိုက်ပါဦး၊ ပြီးမှ စိတ်ညစ်စရာရှိလည်း ညစ်ကြတာပေါ့"

"လတ်လတ်က ပစ်စလက်ခတ် မိန်းကလေးမျိုးတော့ မဖြစ်နိုင်ပါဘူး ဖြိုးကိုရာ"

"လတ်လတ်ဟာ သူ့တစ်ကိုယ်ရည် မိန်းမကောင်းလေး ဆိုတာတော့ ဘာမှ ငြင်းစရာ မရှိပါဘူး၊ မင်းအမေလည်း မဆုံဖူးသေးလို့ပါ။ သူ ဒေါ်ချွန်ကို မေးကြည့်ရင်လည်း ဒီလိုပဲ ဒေါ်ချွန် ပြောမှာပါ။ ငါတို့ နေထိုက်တို့လည်း ကိုယ့်မျက်မြင်ကို အာမခံပေးနိုင်တယ်၊ မင်းအမေ ဘာပြော မှာလဲ ဆိုတာက အရေးကြီးတာ၊ မင်းအမေ ဘာတွေသိခွင့် ရသွားသလဲ ဆိုတာပဲ၊ နောက်ကြောင်းက ဘယ်လောက် ဆိုးသလဲဆိုတာပဲ အရေးကြီးတာ"

"ဒေါက် ... ဒေါက်"

တော်လင်းတို့ အခန်းကို တံခါးခေါက်သံ ပေါ်လာ ဖြိုးကိုက နီးနီးနားနားကနေ တံခါးထဖွင့်လိုက်လျှင် ...

"သြော် ... ကိုဖြိုးကိုက ဒီမှာကိုး၊ လတ်လတ်က ကိုတော် လင်း အိပ်ပျော်နေလားလို့၊ ဆေးသောက်ရမဲ့ အချိန်နော် ကိုတော်လင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

တော်လင်းတိုးသည် ဟန်မဆောင်နိုင်အောင် ရှ
ပျက်ဆင်းပျက် ဖြစ်နေပါသည်။ လူရိုးကြီးဖြစ်၍လည်း သူ့
အရှိကို အရှိအတိုင်း ပေါ်လွင်မနေအောင် အပေါ်ယံတစ်ထ
မဖုံးကာတတ်ပါ။

"ကိုတော်လင်း ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လားဟင်"

လတ်လတ်က တော်လင်းတိုး မျက်နှာပေါ်က ခေ
တရိ အရိပ်အကဲကို ချက်ချင်းပဲ အကဲခတ်နိုင်ကာ ပျာပျာသ
မေးသည်။

"နေကောင်းပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

ဖြိုးကိုက သူ့ဘက်လှည့်လာမည်စိုး၍ ခေါင်း
ဖက်လိမ်ပြီး ဟိုဘက်လှည့်ထားသည်။

"ကိုဖြိုးကိုဆီက စိတ်မကောင်းစရာ တစ်ခုခု ကြားရတ
ထင်တယ်၊ ဟင် ... ကိုဖြိုးကို"

အင်း ... ဒက်ခနဲ သိနိုင်စွမ်းမှာလည်း အံ့မခန်း
ပဲ။ လည်ဝယ်ပါးနပ်တာသာဖြစ်ပြီး လူလည်မတော့ မဖြစ်ပါ
နဲ့။

"မဟုတ်ပါဘူး လတ်လတ်ရယ်"





"ဟင်း ... တစ်ခုခုတော့ တစ်ခုခုပါနော်၊ ဒါပေမဲ့ လတ်လတ်
သိဖို့ မသင့်လို့ မပြောကြတာ ဖြစ်မှာပေါ့၊ ကဲ ... ကဲ ...
ဆေးသောက်ရအောင်လေ"

လတ်လတ်က တံခါးပေါက်ဝနှင့်နီးတဲ့ စားပွဲပေါ်
တင်ထားတဲ့ ဆေးထုပ်ကလေးကို ဆွဲယူသည်။ တော်လင်းတိုး
အလွတ်မရသေးသော်လည်း လတ်လတ်ကတော့ ဘယ်အချိန်
ဘာနဲ့ဘာ တွဲသောက်ကို အလွတ်ရနေတာမို့ ဆေးတွေကို ကတ်
ထဲကဖောက်ကာဖောက်ကာ စားပွဲပေါ်မှာ အစုလိုက်ကလေး
တင်ထားလိုက်ပြီး ...

"ဒေါ်ချွန့်ကို နည်းနည်းပူပြီးမှ ယူခဲ့လို့ ပြောထားတာ၊
ဒီညနေက ငါးရံ့ဆန်ပြုတ်လေ၊ လတ်လတ် ကိုယ်တိုင်
အရိုးသေချာနွှင်ထားတာ၊ လုံးဝစိတ်ချသောက်၊ သိလား
ကိုတော်လင်း၊ အရိုးလုံးဝမပါဘူး"

ဖြိုးကိုက လတ်လတ်ကို ဘာမှမဖြစ်သလို ငဲ့ကြည့်
ရင်း ...

"ဒီကောင် ထမင်းမစားရသေးဘူးလား"

"နက်ဖြန် ဆရာဝန် ပြန်ချိန်းထားတယ်လေ ကိုဖြိုးကိုရဲ့၊
နက်ဖြန်ကျမှ သူက အဖတ်ပြည့်ပြည့် စားတော့ဆိုရင်
စားပေါ့၊ ခုတော့ တစ်နေ့က ဆင်မီဆောလစ်ဒ်ပဲ စားပြီး



www.burmeseclassic.com

www.burmeseclassic.com



မယ် ပြောလိုက်တာ၊ နက်ဖြန်ညနေ ကိုဖြိုးကို စောစောပြ
လာနော်၊ ကိုတော်လင်း ဆေးခန်းသွားရမယ်"

"နက်ဖြန် ကျွန်တော် အပြင်တောင် သွားချင်မှသွားမှာ
ကားကိစ္စ ချိန်းထားတာ မရှိဘူး လတ်လတ်ရဲ့"

"ကိုဖြိုးကို ဟိုတစ်နေ့က ပြောနေတာ နယ်သွားဖို့ ရှိတယ်
ဆို"

"ဟုတ်တယ်၊ ရေ့တစ်ပတ်။ မန္တလေး စစ်ကိုင်းဘက်
ကားဝယ်ထွက်မှာ၊ ကျွန်တော်တို့ ကားအုပ်စု ငါးယောက်
ခြောက်ယောက်ပေါ့၊ ကားတွေ့ရင် ဈေးတန်ရင် ဝယ်ပြ
ရင် မောင်းပြန်လာပေါ့၊ ဒီကျမှသ,၊ ပြီးမှ ပြန်ထု"

"ဘယ်နှစီးလောက်တောင် ဝယ်မှာလဲ"

"ရသလောက်ပဲ၊ ဈေးကြိုက်တာ ကားတော်တာတွေ့ရင်
ဝယ်မှာပဲ၊ ကျွန်တော်တို့ထဲမှာ ဘော့စ်တစ်ယောက်ပါယ
ကားအကြောင်းတော့ သူ မသိဘူး၊ ဒါပေမဲ့ ဝယ်ရ
သလောက်ဝယ် ငွေထုတ်မယ်၊ ကျွန်တော်လည်း ပြီးခဲ့
တစ်စီးက တစ်လအတွင်း ဈေးအရမ်းခုန်မြောက်သွား
တော်တော်မြတ်တယ်၊ ကားတန်တန်တွေ့ရင် ဝမ်းတွင်း
အမေ့အိမ် ပိုက်ဆံလှမ်းတောင်းပြီး ကိုယ့်ဟာနဲ့ကိုယ်
စီး ဝယ်ဖြစ်ရင်လည်း ဝယ်ဖြစ်မယ်"





ဘာစကားမှ မပြောဖြစ်ဘဲ အငိုင်သား ဖြစ်နေတဲ့
ဘော်လင်းတို့က ဝင်ကာ ...

"ဖြိုးကိုအဖေအမေက ဝမ်းတွင်းမှာ တကယ့်သူဌေးတွေ
လတ်လတ်ရဲ့၊ သူတို့ ရက်ကန်းလုပ်ငန်း ပုဆိုးလုပ်ငန်းကို
ပဲ ဒီကောင့်ကို လုပ်စေချင်တာ၊ ဒီကောင်က ဝါသနာမပါ
ဘူးဆိုပြီး ရန်ကုန်လာလေနေတာ"

"အလုပ်လုပ်နေတာပါကွာ၊ မလေနေပါဘူး၊ မင်းကလည်း"

"ဒါပေမဲ့ ဝမ်းတွင်းသာ ပြန်လိုက်ရင် မိဘလုပ်ငန်းဆက်ခံ
ပြီး သူဌေးဘွဲ့လေးခံပြီး နပ်နေရုံပဲ"

ဖြိုးကိုက သက်ပြင်းတစ်ချက်ချရင်း ...

"ဒါပေမဲ့ လူဆိုတာ ကိုယ်ပျော်တဲ့ နေရာ၊ စိတ်ချမ်းသာ
နေတဲ့ နေရာတစ်ခုကနေ အလွယ်နဲ့ မခွာချင် မပြန်ချင်
ဘူးဗျ"

လတ်လတ် မျက်နှာသည် ဖျတ်ခနဲ တစ်မျိုးပြောင်း
သွားကာ ...

"ကိုဖြိုးကို ပြောတာ သိပ်မှန်တာပဲနော်၊ ကိုယ်ပျော်နေတဲ့
နေရာတစ်ခုကို ကျောခိုင်းသွားနိုင်ဖို့ဆိုတာ ခက်ပါတယ်"

စကားဝိုင်းက ရုတ်တရက် တစ်မျိုးလေး မှိုင်းညို့
ငြိမ်သက်သွားရခိုက် ဒေါ်ချွန် ရောက်လာပါသည်။

"ဆန်ပြုတ်ရပြီ လတ်လတ်ရေ"



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်က ဒေါ်ချွန့် လက်ထဲမှဇွန်းကို လက်ပြောင်းကာ ယူလိုက်ပြီးမှ စားပွဲလေးပေါ် ချလိုက်ပါသည်။

"ကိုတော်လင်း ပူပူလေး သောက်လိုက်ရအောင်"

တော်လင်းတိုးထံ လှမ်းပြောရင်း ကြည့်လိုက်တဲ့ မျက်ဝန်းလေးကို ဖြိုးကိုက တိတ်တဆိတ် အကဲခတ်နေမိသည်။ လိုက်လှဲတဲ့ ခံစားချက်များနှင့် ကြည်ညိုခြင်း လေးစားခြင်း၊ တွယ်တာခြင်း၊ မြတ်နိုးခြင်းတွေ ရစ်ပတ်နှောင်ဖွဲ့နေတဲ့ ရွှန်းလဲ့တောက်ပသော မျက်ဝန်းများမှာ ချစ်မေတ္တာတွေ အရည်အဖြစ် ပျော်ပြီး စီးကျထွက်ကျလာတော့မလား ထင်ရသည်။

တော်လင်းတိုးက ဘာမှမပြောဘဲ ထိုင်နေရာကထ လာသည်။ စားပွဲလေးက ကုလားထိုင်မှာ လာထိုင်လိုက်ပါသည်။ ဘာမှမပြောသည်မှာ ပြောနိုင်အားလည်း မရှိတဲ့ပုံ ဖြစ်နေသည်။ သူ့အမေ ဖုန်းဆက်မည့်ကိစ္စအတွက် တောင်လင်းတိုးမှာ သိသိသာသာ မှုပျက်နေပါသည်။

သောက်ဆိုတဲ့အတိုင်း ငုတ်တုတ်ကြီးထိုင်ကာ ဆန်ပြုတ်ကို ငုံ့မွှေခပ်သောက်နေပြီး ဘာစကားမှ မပြောနိုင်ဘဲရှိ လတ်လတ် ခမျာလည်း မျက်နှာပျက်ပျက်နှင့်သာ အကဲခတ်နေ ရှာသည်။

"တူ ... တူ ... တူ"

ဟော ... လာပြီ။





ဖုန်းမြည်သံကြောင့် တော်လင်းတိုးက ဆတ်ခနဲ တုန်သလိုတောင် ဖြစ်သွားရပါသည်။ ငြိမ်ပြီး ဆက်ထိုင်နေ၍ ဖြိုးကိုပဲ နေရာကထပြီး တော်လင်းတိုးရဲ့ ခုတင်နံဘေး ပီရိုအံဆွဲ ပုလေးပေါ် တင်ထားတဲ့ဖုန်းကို သွားကောက်ယူ နားထောင်လိုက် ပါသည်။

"ဟယ်လို ... ဩော် ... ဟုတ်ကဲ့ အန်တီ၊ ဟုတ်ကဲ့ပါ အန်တီ၊ ရှိတယ်ခင်ဗျ၊ မအိပ်ဘူး၊ ဆန်ပြုတ်သောက်နေတာ ပါ၊ ဟုတ်ကဲ့။ ထမင်းမစားရသေးဘူး အန်တီ၊ ဆရာဝန်က မစားခိုင်းသေးဘူး၊ ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်တောင် ခုန ပြောထားပါတယ်၊ အန်တီ ဆက်မယ်လို့"

လတ်လတ်သည် ချက်ချင်းပဲ တစ်စုံတစ်ရာကို သဘောပေါက်လိုက်ပါသည်။ အိမ်ကလိုင်းဖုန်းကို ခါတိုင်းဆက်နေကျ ဖြစ်ပါလျက် မဆက်ဘဲ ဟဲန်းဒ်ဖုန်းကိုခေါ်တာ တစ်ချက်။ ခုလို ဒီညနေ ဖုန်းခေါ်မည်ဆိုတာ နေ့လယ်က (ဖြိုးကိုလက်ထဲ ဖုန်းရှိစဉ်) တစ်ခေါက် ဆက်ပြောထားပြီးသားဖြစ်တာ တစ်ချက်။

ဘာရယ်မဟုတ် သားထံ သတိတရ ဖုန်းကောက် ဆက်လိုက်တာမျိုး မဟုတ်ဘဲ တကူးတက ပြောစရာရှိလို့ကို ဆက်တာဖြစ်ပြီး ဘာအကြောင်းဆိုတာ ဖြိုးကိုလည်း အရိပ်အမြွက် ရိပ်မိပြီး ဖြစ်နေသည်။ ဒါကို တော်လင်းတိုးထံ ပြန်ပြောပြထား တာမို့ တော်လင်းတိုးဟာ ရှမ်ပျက်ဆင်းပျက် စိတ်ဆင်းရဲပုံပေါက် နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံးကို လတ်လတ် ဦးနှောက်မှ တစ်ချက်ချက် စဉ်းစားတွေးတောနေမိဆဲ ဖြိုးကိုက တော်လင်းတိုး လက်ထဲ ဖုန်းကလေး လာထည့်လိုက်တဲ့အခါ တောင်လင်းတိုးသည် ဖုန်းကို ယူပြီး စားလက်စကို ရပ်ထားခဲ့ရစ်၍ အခန်းပြင်သို့၊ အဲဒီက တစ်ဆင့် အိမ်ပြင် ခြံထဲအထိ တောက်လျှောက် ဆင်းသွားပါ သည်။

လတ်လတ်သည် နောက်က လိုက်ထွက်သွားတဲ့ ဖြိုးကို,ကိုပါ အကဲခတ်ကြည့်ရင်း ဘာကိစ္စဆိုတာ ယေဘုယျအား ဖြင့် သိနေသလို ဖြစ်နေသည်။ သူတို့နှစ်ယောက်လုံး လတ်လတ် မျက်နှာကို မကြည့်မိအောင် လတ်လတ်နဲ့ မျက်လုံးချင်း မဆုံမိ အောင် တမင်ရှောင်ရှားပြီး နေကြသည်။ လတ်လတ်ကို မျက်နှာ ပူနေကြတဲ့သဘော၊ တစ်စုံတစ်ရာ အပြောခက်နေကြတဲ့သဘော ဖြစ်သည်။

လတ်လတ်သည် ရင်ထဲက တဒိတ်ဒိတ်မြည်သံ ပြင်းထန်တုန်ခါလာကာ လက်ဖျားကလေးများပင် အေးစက်လာ သည်။ တော်လင်းတိုး စားလက်စ ဆန်ပြုတ်ကြွေအုပ်ကလေးပေါ် သို့ အဖုံးကလေး ပြန်အုပ်ပေးခဲ့ပြီး တော်လင်းတိုး အခန်းထဲမှ ထွက်လာခဲ့ပါသည်။ တော်လင်းတိုးက ခြံရဲ့ရှေ့ဘက်ထဲ မြက်ခင်း မှာ၊ ဖြိုးကိုက ဂိတ်ကဝင်တဲ့ လမ်းတစ်လျှောက် လမ်းလျှောက်နေ သည်။





ညှော်ခန်းထဲက ပြတင်းပေါက်မှတစ်ဆင့် လတ်လတ် ဘခဏ ရပ်ငေးကြည့်နေပါသည်။ တော်လင်းတိုးက ခြေစုံရပ်ကာ မြေပြင်မြက်ခင်းကို ငုံ့စိုက်ကြည့်နေပြီး တစ်ဖက်က စကားကို အာရုံစိုက်နေသည်။

"သား ဘယ်လိုနေလဲ၊ နေကောင်းရဲ့လား"

"ကောင်းပါတယ် မေမေ၊ အခန့်မသင့်လို့ ဖြစ်သွားတာ မျိုးပါ၊ အဖျားလည်း ကျပါပြီ၊ မေမေ ပြောစရာရှိတာ ပြောပါ"

"အေး ... မေမေ နေ့လယ်က မောင်ဖြိုးကိုနဲ့ တွေ့တယ်"

"သူ ပြောပြသွားပြီးပါပြီ မေမေ"

"မင်းအိမ်က မိန်းကလေးနဲ့ ပတ်သက်ပြီးတော့လေ"

"ဟုတ်ကဲ့ ... မေမေ ပြောစရာရှိတဲ့ အကြောင်းကို ပြော ပါ"

"သူဟာ မြတ်သုဝတီ မဟုတ်ဘူးဆိုတာ မင်းတို့ မရိပ်မိ ကြဘူးလား"

တော်လင်းတိုး တိတ်နေမိသည်။ ရိပ်မိပါတယ်ဆို ရင် ဘာကြောင့် အဖြစ်မှန်ကိုဖော်ပြီး ပြန်မလွှတ်လဲ ဖြေရခက် သည်။ မရိပ်မိဘူး ဆိုတော့လည်း ညံ့ရာကျသည်။ တကယ်တော့ စိတ်ထဲ သံသယဝင်ချင်ကာနဲ့ တစ်ပြိုင်နက် စွဲလမ်းခြင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာနေပြီဖြစ်လေရာ ကိုယ့်ရဲ့ သံသယကိုပေါ်အောင် မဖော် ထုတ်ချင်တော့တာပါ။

"ပြောလေသား၊ လုံးလုံးမရိပ်မိတာလား"

"ခုတော့ နည်းနည်းသံသယဝင်လာပါတယ် မေမေ၊ သူက ဘယ်သူလဲ၊ အရေးကြီးတာကို ပြောပါ မေမေရာ၊ မေမေ ကကော ဘယ်လိုသိသလဲ"

တော်လင်းတိုးက မေမေ့မေးခွန်းကို ဖြတ်ချ၍ စကား ရှေ့ဆက်ဖို့ လောရသည်။

"မြတ်သုဝတီ အစစ်က အခု မန္တလေး ပြန်ရောက်နေပြီ"

"သူက ဘာဖြစ်လို့ ရန်ကုန်ကို ရောက်မလာတာလဲ"

"သူက သူ့ချစ်သူနောက် လိုက်သွားတာ သားရေ"

"ဟုတ်လား"

တော်လင်းတိုး အသံက လွတ်လပ်ပေါ့ပါးသွား သယောင်နှင့် စိတ်ရှုပ်စိတ်ညစ်စရာကြားမှာ စိတ်သက်သာရာ ရစရာတစ်ခု တွေ့လိုက်ရသလို ခပ်သွက်သွက် ထွက်လာသည်။ မြတ်သုဝတီက ချစ်သူနောက် လိုက်သွားတယ်ဆိုတော့ သူ့အိမ် ထောင်ရေးကို မေမေ စီစဉ်စရာ မရှိတော့ဘူးပေါ့။ ဒီတစ်ပြဿနာ ကို သူ့မှာ ဖြေရှင်းနေစရာ မလိုတော့ဘူးပေါ့။

"မင်းကြည့်ရတာ ပျော်တောင်သွားသလားလို့ သား"





"မဟုတ်ဘူးလေ မေမေ၊ တစ်တောရှင်းသွားတာပေါ့၊ ကိစ္စတစ်ခု မဖြေရှင်းရတော့ဘူးပေါ့"

"မြတ်သုဝတီက ပဲခူးကတည်းက ဆင်းသွားတယ်၊ မင်းတို့ အိမ်ရောက်နေတာက အဲဒီကားနဲ့ တစ်ကားတည်းပါလာတဲ့ မိန်းကလေး တစ်ယောက်ပဲပေါ့"

"သူက ဘယ်သူလဲ"

"အပ်ချမတ်ချတော့ မပြောနိုင်ပေမဲ့ သူ့အပြုအမူတွေကို စဉ်းစားကြည့်လိုက်တော့ သူဟာ ဘယ်မှ မသွားမလာ မထွက်၊ အိမ်ထဲအောင်းပြီး ပုန်းလျှိုးကွယ်လျှိုး ဓာတ်မြှုပ် နေချင်တဲ့ သဘောမျိုးကို တွေ့ရတယ် မဟုတ်လား၊ မေမေ ခေါ်ချွန်ကို မေးကြည့်ပြီးပြီ"

"ဟုတ်ပါတယ်၊ လျှို့ဝှက်ပြီး နေချင်တဲ့ပုံစံ ရပါတယ်"

"အဲဒီတော့ မန္တလေးကနေ ရန်ကုန်ကို ထွက်ခွာသွား လိမ့်မယ်လို့ ယူဆရတဲ့ မိန်းကလေးတစ်ယောက်၊ နောက် ကြောင်းလည်း မရှင်း၊ ဓာတ်လည်းမြှုပ်ထားချင်လိမ့်မယ် ဆိုတဲ့ အဖြစ်အပျက်နဲ့ တိုက်ဆိုင်နေတဲ့ တစ်ယောက်တော့ စုံစမ်းလို့ ရတယ်၊ စုံစမ်းတယ်တော့ မဟုတ်ပါဘူးလေ၊ မင်းအဖေ သူငယ်ချင်း ဦးအေးငွေ ဆိုတာ သိတယ်မို့ လား"

"ကြားဖူးပါတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"လတ်ဝတ်ရတနာ လုပ်ငန်း လုပ်တယ်၊ သူဌေးတွေပဲ သူတို့ဆိုင်မှာ မန်နေဂျာ မိန်းကလေးတစ်ယောက် ရှိတယ်၊ လဲ့လဲ့ဝေတဲ့၊ အဲဒီ လဲ့လဲ့ဝေ ဆိုတဲ့ မိန်းကလေးဟာ အဲဒီ ရက်မှာပဲ မန္တလေးမြို့ပေါ်ကနေ ပျောက်သွားတယ်၊ လက် ဝတ်လက်စား ရတနာတွေ စုစုပေါင်း ကာလတန်ဖိုး သိန်းသုံးရာထက်မနည်း သူ့ဆိုင်ကနေ ခိုးသွားတယ်"

"ဗျာ"

တော်လင်းတိုးမှာ ဖြုန်းခနဲ ခေါင်းတစ်ခုလုံး ကြီး ထွားကာ ထွက်လာသလို ထင်လိုက်မိသည်။ ဆံပင်တွေထောင် ကာ ဦးခေါင်းအရေပြားကြီးပါ တင်းလာသလို ခံစားလိုက်ရပါ သည်။

"စိန်ရွှေလတ်ဝတ်လက်စားတွေ ဘုံးပြေးတာပေါ့ သားရယ်၊ ဦးအေးဌေး ညီမဆီက သတင်းကြားရတာ၊ သူတို့က ရဲမ တိုင်ကြဘူးကွယ်၊ တစ်ချက်က ဦးအေးဌေးက ဒီကောင်မ လေးနဲ့ ငြိတိတိတဲ့၊ ကောင်မလေးကို သူဌေးကြီးဆိုတော့ ချိုင်ဖို့အတွက် မူယာမာယာနဲ့ ဖြားယောင်းမှာပေါ့၊ ရဲတိုင် လိုက်ရှာ ဖမ်းဆိုရင် ကောင်မလေးက အဲဒါတွေပါ ဖွင့်ချ လိုက်မှာလည်း စိုးရိမ်ကြတယ် ...

ပြီးတော့ ရဲတိုင်ရင် ပါသွားတာက ဘာပစ္စည်းတွေ ရှိပစ္စည်းတွေက ဘယ်လောက် ဘာညာနဲ့ စာရင်းဖော





တွေ တင်ရမှာမျိုးလည်း ဦးအေးဌေးတို့က မလုပ်လိုဘူး၊ သတင်းတွေလည်း မပျံ့စေချင်တော့ တိတ်တိတ်ကျိတ်ပြီး စုံစမ်းရှာဖွေနေကြတော့ အတွင်းလူ အသိုင်းအဝိုင်းလောက် ပဲ သိတယ်"

တော်လင်းတိုးက သက်ပြင်းကြီး တစ်ချက်ချရင်း ...

"မေမေ"

"အင်း ... ပြော"

"လတ်လတ်က အဲဒီ တစ်ယောက်တော့ မဟုတ်နိုင်ပါ ဘူး"

"သားက ဘယ်လိုလုပ်ပြီး သေချာနေရတာလဲ"

"လတ်လတ်က ... အင်း ... သက်သေမပြနိုင်ပေမဲ့ လတ်လတ် က သူတစ်ပါးဥစ္စာပစ္စည်းကို ခိုးပြေးမဲ့ မိန်းမစား၊ အလုပ် ရှင်နဲ့ ငြိနေမဲ့ မိန်းမစားတော့ မဟုတ်ဘူး မေမေရာ"

"သားက ဘယ်အချက်ကြောင့် အတပ်ပြောနိုင်သလဲ၊ မိန်းမတစ်ယောက်ဟာ လည်မွတ်နေပြီဆိုရင် သူ့ကို ပတ် ဝန်းကျင်က ဘာမှမသိတဲ့ အရိုးခံ နလပိန်းတုံးလေး ထင် အောင်လည်း ဟန်ဆောင်နေထိုင်တတ်တယ်၊ မင်းတို့မျက်စိ ထဲ အရိုးခံလေး ထင်ကြပေမဲ့ ဟုတ်ချင်မှ ဟုတ်မှာပေါ့ သားရယ်၊ မျက်စိမှိတ် မယုံပါနဲ့"

"ဒါပေမဲ့ ဟုတ်ကို မဟုတ်နိုင်တာ မေမေရ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား၊ ဒုက္ခပဲ၊ မေမေ အဲဒါကိုပဲ ပူတာ၊ ခု ဆိုရင် သားတို့အိမ်မှာ ဒီကောင်မလေး ရောက်နေမှာဟာ နှစ်လတောင် စွန်းသွားပြီ၊ အချိန်တွေ နည်းတာမဟုတ် ဘူး၊ ငါ့သား လူရိုးကြီး မိန်းမလည် သိန်းကြွယ်နဲ့ အတွေ့ အကြုံမရှိ သွားတွေ့ပြီး အရှုံးအမှုး စွဲမိမှာစိုးလို့ သဲလွန်စ သတင်းရရချင်း လှမ်းပြောတာပဲ ..."

မင်း ပြောနေပုံကို ကြည့်ရတာ မေမေ လှမ်းပြော တာ နောက်ကျနေပြီ ထင်တယ်၊ မင်းတို့ချင်းများ ငြိတွယ် နေပြီလား၊ ဘယ်လို အခြေအနေမှာလဲ၊ ပြောပါဦး၊ အမလေး ... ရင်တွေ ပူလိုက်တာ သားရယ်"

"သားတို့ ဘာမှ မဖြစ်သေးဘူး မေမေ"

"ယုံတယ်၊ သားပြောရင် မေမေ ယုံပါတယ်၊ ဘာမှအပြင် ပန်း မဖြစ်သေးပေမဲ့ ငါ့သား ရင်ထဲ အသည်းထဲမှာတော့ ဒီမိန်းကလေးကို စွဲနေပြီ မဟုတ်လားဟင်၊ သူ့ကိုမကောင်း ဘူးလို့ အပြစ်မမြင်ရက်လောက်အောင် သံယောဇဉ်တွေ ကရုဏာ အကြင်နာတွေ ကျရောက်နေပြီ မဟုတ်လား"

ဒေါ်ခင်လင်း အသံမှာ ပူပန်ခြင်းတို့နှင့် တုန်လှုပ် စိတ်ရှုပ်ထွေးနေသည်။

"မေမေ ... သူက လတ်လတ်ပါ၊ မေမေ ပြောတာ လဲ့လဲ့ ဆို"





"နာမည်က အရေးပါ နိုင်လုံသလား သား၊ နာမည်ကို ဘယ်လိုပြောထားပြောထား ရတာပဲ၊ မှတ်ပုံတင် မြင်ရတာ မှ မဟုတ်တာ၊ ဟိုတစ်ယောက်က လဲ့လဲ့ဝေ၊ နာမည်လွှဲ ပြောတော့ သူ့နာမည်နဲ့လည်း ခပ်ဆင်ဆင်၊ ခေါ်ရင် ကိုယ့်ကို ခေါ်မှန်း သတိပြုမိအောင် မတိမ်းမယိမ်း ပြောင်း ပေးထားတာ မဖြစ်နိုင်ဘူးလား"

"မေမေ ... ဒါပေမဲ့ လတ်လတ်က ဗရိုး အင်နီးဆဲင့်ပါ"

"အမလေး ... အဲလိုထင်ရတာက ပိုဆိုးတယ်၊ သား ဒီလောက် သူ့ဘက်က ကာကွယ်ရပ်တည် ရှေ့နေလိုက် နေကတည်းက သူ မင်းကို ဘယ်လိုဆွဲဆောင် ဖမ်းစား ထားနိုင်တယ်ဆိုတာ ပေါ်လွင်နေတာပဲ၊ အဲဒီကတည်းက ဒီမိန်းကလေးဟာ အလည်ပါ"

"မေမေ"

တော်လင်းတိုး အသံက တိုးတိတ် တုန်ယင်နေသည်။

"သား သူ့ကို စွဲလမ်းမိပါတယ်၊ မှန်ပါတယ်၊ သူ့ကို မြတ်မြတ်နိုးနိုး ချစ်လည်း ချစ်နေမိပါပြီ၊ အဲဒါ သူဘာမှ ဆွဲဆောင်လို့ ဖြားယောင်းလို့ ဖမ်းစားလို့ မဟုတ်ရပါဘူး၊ သားဟာသား ချစ်မိတာပါ၊ သူ့အပြစ် မပါပါဘူး၊ လွယ် လွယ်ကလေး ကျဆုံးတဲ့ သားအပြစ်ပါပဲ၊ သူ လူလည်မ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး သားရယ်၊ ငါ့သားရယ်၊ မေမေ ရင်တွေတအား ပူနေပါပြီ၊ မဖြစ်ပါဘူး၊ ဒီကောင်မလေးကို နှင်ထုတ်လိုက် ပါတော့၊ မေမေ့စကား နားထောင်ပါ"

"သားသူ့ကို ဘယ်လိုနှင်ရမှာလဲ မေမေရယ်"

ကိုယ့်ရင်အသည်း ကိုယ်တိုင်ခွဲသလို ရှိမှာပေါ့ ... တော်လင်းတိုး အသံက တိုးဆွတ်ညွတ်ခွေနေတော့သည်။

"မင်း မနှင်ချင်ရင် မေမေ ဒေါ်ချွန်ကို ပြောမယ်၊ ဖိုးကို ကို ပြောမယ်၊ နေထိုက်ကို ပြောမယ်၊ ဘယ်သူကနှင်နှ ဒီကောင်မလေး ဒီအိမ်က ထွက်သွားဖို့ လိုရင်းပဲ၊ မေ ဘယ်လောက် စိတ်ပူနေပြီလဲ သား သိရဲ့လား၊ ရှုပ်ရှု ယှက်ယှက်ထဲ မပါချင်ပါနဲ့ သား ...

မင်းကို ပူလွန်းလို့ ဖြစ်နိုင်ရင် ခုချက်ချင်း လေယာ စီးပြီး ရောက်ချလိုက်ချင်တယ်၊ မသွားနိုင် မလာနိုင်တဲ့ မေမေ့ အဖြစ်ကို မင်း သိပါတယ်၊ ပြီးတော့ မေမေ့ကို မျက်စိခွဲဖို့အတွက် နားနားနေနေ နေဖို့၊ လှုပ်လှုပ်ရှားရှ ခရီးတွေ ဘာတွေ သိပ်မသွားဖို့ ဆရာဝန်က နားခိုင်းထာ လို့ ...

နို့မို့ရင် ခုတောင် အပြေးကောက်ထလာလိုက်ချ ပါရဲ့၊ မေမေ့စကားကို ခေါင်းထဲထည့်ပြီး ဆင်ခြင်တွေ ပါသား၊ လှည့်စားပြီး အယောင်ဆောင်ပြီး ကိုယ့်အိမ်ပေ





တက်နေတဲ့ မိန်းကလေးတစ်ယောက်ကို လျှော့မတွက်ပါနဲ့၊ အကြောင်းတွေက တိုက်ဆိုင်လွန်းတော့ ရက်ကလည်း တစ်ထပ်တည်း ဖြစ်နေတော့ သူဟာ လဲ့လဲ့ဝေ ဖြစ်ဖို့ တော်တော် ရာနှုန်းများနေပါတယ် သား ...

မိန်းမတစ်ယောက်ကို မျက်စိမှိတ်ပြီး မယုံပါနဲ့ သားရယ်၊ မေမေလည်း မိန်းမတစ်ယောက်ပါ၊ မိန်းမတွေရဲ့ မူယာမာယာတွေကို မေမေ ပိုသိပါတယ်၊ အရိုးခံလေးလို့ ထင်ရတိုင်း မရိုးပါဘူး"

"လတ်လတ်ဟာ မိကောင်းဖခင် သမီးလေးပါ မေမေ၊ သေချာပါတယ်"

"ကဲ ... ဒါဖြင့် သူ့အဖေ ဘယ်သူလဲ၊ အမေ ဘယ်သူလဲ ပြော၊ မန္တလေးမှာ ငါမသိတဲ့သူ ရှားတယ် တော်လင်းတိုး၊ လူချင်းမသိတောင် သတင်းတော့ သိမှာ၊ ကဲ ... အဲသလို ပြောနိုင်အောင် မင်း သိလို့လား၊ မသိဘဲနဲ့ မိကောင်းဖခင် သမီးပါလို့ မင်း ဘယ်လိုပြောမှာလဲ"

"ပြီးတော့ သားအပေါ် ဒုက္ခပေးမဲ့သူ လုံးဝမဟုတ်ဘူး ဆိုတာကို သား ယုံတယ်"

"ဟဲ့ ... သူသာ လဲ့လဲ့ဝေ ဆိုရင် ခုကိုပဲ မင်းဟာ သူခိုး လက်ခံဖွက်ပေးတဲ့ အမှုနဲ့ ရဲမှုရဲခင်း ငြိနေပြီ၊ ဘယ်လိုလုပ် သွားတာကိုမှ ဒုက္ခပေးတယ် ခေါ်မှာလဲ၊ ဒုက္ခပေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာဟာ ကိုယ့်မှာ တကယ့်ဒုက္ခကြီးနဲ့ ကြုံရမှ သိရဲ့ ကိစ္စပါ တော်လင်းတိုးရဲ့။"

တော်လင်းတိုးသည် ရင်ထဲ တကယ် နာကျင်လာပါသည်။ ခေါင်းကြီးငိုက်စိုက်ကျကာ မေမေ့ကို ဘာမှ ဆက်ပြောနိုင်။ မေမေ ပူပန်နေမှာကိုလည်း နားလည်သနားကာ ဝမ်းနည်းနေမိသည်။

"မင်း ငါ့စကား နားမထောင်ဘူးလား တော်လင်းတိုး မင်း ပြောသလို လဲ့လဲ့ဝေ မဟုတ်နိုင်ဘူးလို့ပဲ ထားဦး ဘယ်ကလာမှန်းမသိ ဘယ်သူမှန်း မသိတဲ့ အယောင်ဆောင် မိန်းမတစ်ယောက်ကို ဘာမျှော်ကိုးချက်နဲ့ အိမ်မှာထားရ လဲ၊ ဘာဖြစ်လို့ အန္တရာယ်ကို စွန့်စားပြီး ဖိတ်ခေါ်ရ လဲ၊ မင်း မေမေ့ကို စိတ်ဆင်းရဲအောင် လုပ်နေတာလား တော်လင်းတိုး"

လတ်လတ်သည် ခြံထဲက တော်လင်းတိုးကို လှမ်းကြည့်နေမိဆဲ။ ခြံထဲမှာ မှောင်တောင် မှောင်စပြုလာပြီ။ ဒီအချိန်ဆို သူ့ကို ခြင်တွေ ဝိုင်းအုံကိုက်ခဲနေကြမှာ ဖြစ်သည်။ ခြင်ကိုက်ခံရချင်စရာ ကောင်းအောင်လည်း သူက မလှုပ်မယှက်ကြီး … ရပ် ခေါင်းငိုက်စိုက်ကျနေကာ ဖုန်းကိုင်မထားတဲ့လက်က တစ် တစ်ခါ မျက်နှာကို ပွတ်သပ်နေသည်မှာ သူ ငိုနေတာလားလို့တော လတ်လတ်ကို ထင်မိစေသည်။





ဖြစ်နိုင်တာတွေကို အားလုံး လတ်လတ် တွေးနိုင်ပါသည်။ သူ့အမေ သိသွားပြီ။ ဒီအကြောင်း ပြောပြကာ လတ်လတ်ကို နှင်ထုတ်ခိုင်းမှာကလွဲပြီး တခြားမရှိ။ တော်လင်းတိုး ပုံစံမှာ ဒါကို ငြင်းဆန်ခုခံ ကာကွယ်နေမည့်ပုံပင်။ ဘာကြောင့်များ အမေနဲ့ အတိုက်အခံ လုပ်နေရမှာလဲ ကိုတော်လင်းရယ်။

တစ်နေ့နေ့မှာတော့ အကြောင်းတစ်ခုခုနဲ့ လတ်လတ် ကိုယ့်အိမ် ကိုယ်ပြန်ရဖို့ဟာ ဖန်လာမှာပါပဲ။ မပြန်လို့ ဖြစ်နိုင်တာမှ မဟုတ်တာ။ အချိန်တစ်ခု ရွေးချယ်ဖို့သာ။

ခြံတံခါးဝမှ နေထိုက် ဝင်လာတာ တွေ့ရပါသည်။ ခြံဝင်းထဲ ရောက်လျှင် ကားအဝင်လမ်းမှာ လမ်းလျှောက်နေတဲ့ ဖိုးကိုနှင့် နှစ်ယောက်အတူရပ်ပြီး စကားပြောနေကြသည်။ ပြောရာမှ တစ်ချက် တစ်ချက် တော်လင်းတိုးထံကိုလည်း ငဲ့ကြည့်ကြသည်။ လတ်လတ်က သက်ပြင်းတစ်ချက်နှင့် အိမ်ထဲကိုဝင် ...။ သူမကို အကဲခတ်နေတဲ့ ဒေါ်ချွန်နဲ့ နံဘေးက ဖြတ်လျှောက်လာ၊ နောက်ဖေးပေါက်ကနေ ခြံထဲကိုဆင်းပြီး ဒေါ်ချွန်နှင့် အတူနေတဲ့ အိမ်ကလေးဆီ လာခဲ့ပါသည်။

အိမ်လေးရဲ့ လှေကားသုံးထစ်ထိပ်မှာ မီးမဖွင့်ဘဲ မှောင်ထဲမည်းထဲထိုင်ပြီး စဉ်းစားနေမိသည်။

ကိုတော်လင်း ဒီလောက်တောင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲပုံစံ ဖြစ်နေကာ သူ့အမေနှင့် ဖုန်းပြောတာလည်း ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကြာနေမှတော့ ဒီမှာ မြတ်သုဝတီ မဟုတ်တဲ့ မိန်းကလေး တစ်ယောက် ရောက်ရှိသောင်တင်နေခြင်းအပေါ် သူ့အမေ လက်သင့်မခံနိုင်ဘဲ ကန့်ကွက်နေတာကလွဲ၍ တခြားမရှိ။ ချက်ချင်းနှင်ထုတ်ဖို့ စသဖြင့် သူ့သားကို ခိုင်းစေမည်။

ဒါကို ကိုတော်လင်းက သူ့အမေနှင့် တစ်စုံတစ်ရာ အတိုက်အခံ ပြောဆိုနေတာသာ။ ထွက်လာစဉ်က ဘယ်လောက် ကြာအောင် အိမ်မှရှောင်ခွာနေမယ်ရယ်လို့ လတ်လတ်မှာ ကြိုတင် ရည်ရွယ်ချက်မရှိ။ ဒီကိုရောက်ပြီး ဒီအိမ်မှာ နေနေဖြစ်ချိန်မှာ တစ်ခါတစ်ရံ ကိုယ်ဟာ ဒီအိမ်က အိမ်သားတစ်ယောက်လိုတောင်မှ ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားထားမိသည်အထိ၊ ဒီအိမ်မှာ စိတ်ရော ကိုယ်ပါ ပျော်ပါး တစ်သားတည်း ကျနေခဲ့တာ။

မန္တလေးကိုတောင် မပြန်ချင်အောင် ငြိတွယ်နေတဲ့ ကြိုးတစ်ချောင်းကို ကိုယ်တိုင် အသာအယာ ဖြတ်ပါမှပဲ။





## ၁၃

ထမင်းစားခန်းထဲ ရောက်လာတဲ့ တော်လင်းတို့ကို ဒေါ်ချွန်က မရဲတရဲ အကဲခတ်ရင်း ...

"မောင်တော်ရေ ... လတ်လတ်က ဒီနေ့မနက် အစောစာကို သာကူ၊ နေ့လယ် ထမင်းချိန်ကျတော့ ညှပ်ခေါက်ဆွဲပြုတ် တိုက်ဖို့ ပြောသွားတယ်"

တော်လင်းတို့သည် နေမကောင်း စဖြစ်ကတည်း ... နံနက် ခုနစ်နာရီတွင် တံခါးခေါက်သံလေးနှင့် ...

"ကိုတော်လင်း ... ထတော့၊ ရှစ်နာရီ ဆေးသောက်ရှိတယ်"ဆိုတဲ့ နံနက်ချိန်ခါ တေးသံသာနှင့် နိုးထရတာ။ ...စ်ခါတစ်ရံ နိုးပါလျက်နှင့် အဲဒီအသံလေးကို စောင့်နေကာ ...ယ့်ဟာကိုယ် မထသေး။ ခဏနေလျှင် နောက်ထပ် တံခါးတစ် ...မ်ခေါက်လျက် ဒေါ်ချွန်ပါ ခေါ်လာပြီး Breakfast ကို အခန်း ...မှာ လာပြင်ပေးတတ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက် အလိုလိုနိုးကာ စိတ်လက်ဆင်းဆင်းရဲရဲ နှင့်ပင် အသံလေးကို မျှော်နေရင်း ရှစ်နာရီကျော်သွားခဲ့၍ ကိုယ့်ဟာကိုယ် ထ,သွားတိုက် မျက်နှာသစ်ပြီး ထွက်ခဲ့တာ။ အခု ဒေါ်ချွန် ပြောလိုက်တဲ့ စကားကို ကြားလျှင်တော့ ဇဝေဇဝါ ဖြစ်သွားရင်း ...

"ပြောသွားတယ် ဆိုတာက"

"ဟို ... လတ်လတ် မရှိတော့ဘူး မောင်တော်"

"ဟာ ... ဘယ်လိုမရှိတာလဲ၊ ဘယ်သွားတာလဲ"

တော်လင်းတိုးမှာ စကားလုံးတွေပင် ပလုံးပထွေး ရှုးရှုးဝါးဝါး။

"ဟို ... ဟိုဒင်း၊ ပြန်သွားပြီလို့ ပြောတယ် မောင်တော်"

"ဟာ ... အဲဒါ ဒေါ်ချွန်က ကျွန်တော့်ကို ဘာလို့ လာအသိမပေးတာလဲ၊ ကျွန်တော် ဒီအိမ်မှာ အိမ်ရှင်လေ၊ ဒီအိမ်ကနေ သွားတာ လာတာ ဝင်တာ ထွက်တာတွေ ကျွန်တော့်ကို အသိပေးရမယ်လေ"

"ဒါ ... ဒါပေမဲ့ ... လတ်လတ်က"

"မရဘူးလေ၊ သူ ဘာပြောပြော။ ဒေါ်ချွန့် အိမ်ရှင်ဟာ ကျွန်တော်၊ ကျွန်တော့်စကားကို ဒေါ်ချွန် နားထောင်ရမှာ လာကို အသိပေးရမှာ"





တော်လင်းတိုးရဲ့ ရုန်းရင်းဆန်ခတ် ခြေမကိုင်မိ လက်မကိုင်မိ ဒေါသက ဒေါ်ချွန့် အပေါ် ပုံကာကျသည်။

"ဘယ်အချိန်က သွားတာလဲ"

"ငါး ... ငါးနာရီခွဲ"

"ဟား ... အစောကြီး၊ မှောင်ကြီးမည်းကြီး၊ ဒေါ်ချွန် ဒီလိုပဲ လွှတ်လိုက်စရာလား၊ လုံခြုံအခိပ္ပာယ်မရှိတာ၊ မဟုတ်သေးဘူးဗျာ၊ ဘယ်ကိုသွားတာလဲ၊ ဘာပြောသွားလဲ၊ သူ့မှာ အိတ်တွေနဲ့ ... တောက်၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကျွန်တော်တော့ သိလိုက်ရမှာပေါ့"

"မောင်တော်ရယ် ... အိတ်တွေ ဘာတွေ ဒေါ်ကြီး စစ်လိုက်ရပါတယ်၊ လတ်လတ်က လေးနာရီခွဲလောက်ကတည်းက နိုးပြီး အိတ်ထဲပစ္စည်းတွေကို ဒေါ်ချွန့် ရှေ့မှာ ထည့်ပြတာပါ၊ ဒေါ်ချွန်က မကြည့်ပါဘူးကွယ် ဆိုတာတောင် ကြည့်ရမယ်ဆိုပြီး ဒေါ်ချွန့် မျက်စိရှေ့ တစ်ခုချင်း ထည့်တာပါ"

"အဲဒါ ဘာဖြစ်လဲ၊ အဲဒီတော့ ဘာဖြစ်လဲ"

တော်လင်းတိုးရဲ့ မဖြစ်စဖူး ထစ်ချုန်းပေါက်ကွဲသော အသံကျယ်ကြီးကြောင့် ဖြိုးကိုနှင့် နေထိုက် အလန့်တကြား းကာ အခန်းထဲက အပြေးထွက်လာကြသည်။

"ဘာတွေ လာပြောနေတာလဲ၊ ကျွန်တော်က သူ့အိတ်ထဲ ပစ္စည်းတွေ ခိုးသွားမှာ စိုးရိမ်နေတယ်လို့များ ထင်နေလား ခင်ဗျားကြီး တော်တော်တုံးသေးတာပဲ ဒေါ်ချွန်"

www.burmeseclassic.com



"နို့ ... မောင်တော်က အိတ်နှစ်လုံးနဲ့ ပြန်သွားတယ်ဆို တော့ ..."

"အဲဒါ မိုးမလင်းခင် မောင်ထဲမည်းထဲ သူ လေးပင်ပြီး ဒုက္ခရောက်မှာစိုးလို့ ပြောနေတာ၊ ကျွတ် ...၊ ဘာမှလဲ မခံ စားတတ်ဘူး၊ ဟာကွာ ... ဒေါ်ချွန့်ကို အတော်စိတ်တို တယ်ဗျာ၊ လတ်လတ် ထွက်သွားတာ ကျွန်တော့်ကို ပြော ရမှာပေါ့ ... တောက်၊ ခုလိုက်လည်း မမီတော့ဘူး၊ ရှစ် နာရီတောင် ခွဲတော့မယ်"

"ဟုတ်ပါတယ်၊ လိုက်မရှာနေနဲ့ အိမ်ပြန်မှာလို့လည်း ပြောသွားတယ်"

ဒေါ်ချွန်သည် မျက်ရည်လည်လာကာ ...

"ဒေါ်ကြီးကိုတောင် ကန်တော့သွားတယ်၊ ပြန်တွေ့ချင် လည်း တွေ့ကြရမှာပါတဲ့၊ ဒီတစ်အိမ်သားလုံးကို သူ ပြန် တွေ့ချင်တယ်တဲ့၊ တွေ့ခွင့်မကြုံရင်တောင် ဘယ်တော့မှ တစ်သက်လုံး မမေ့တော့ပါဘူးဆိုတာ မောင်တော့်ကိုလည်း ပြောပြပါတဲ့၊ သူ့မှာ အမှားတွေ အလွန်တွေ ရှိခဲ့မှာတွေ ကို အားလုံး ခွင့်လွှတ်ပေးပါတဲ့၊ သူ့ခမျာလည်း မျက်ရည် လည်ရွဲနဲ့ပဲ၊ ဒေါ်ကြီးလည်း စိတ်မကောင်းဘူးကွယ်"

အားလုံး ထမင်းစားပွဲမှာ ခပ်ငူငူ ထိုင်နေကြပါ သည်။





"အေးကွ၊ ညက မင်း ဖုန်းပြောနေကတည်းက သူ ရိပ်မိ နေပြီ၊ ငါတို့ ပြန်တက်လာကြတော့ သူ အိမ်ပေါ်မှာ မရှိ တော့တာ ကြည့်ပါလား"

"တောက် ... ခုဘယ်လိုလုပ်မလဲ ဖြိုးကိုရာ၊ သူနဲ့ပတ်သက် လို့ ဘာမှမသိ၊ ဘယ်လိုက်ရမယ် မသိ"

"သူ့အိမ်ကိုပဲ ပြန်မယ်လို့ ပြောသွားပါတယ်"

"လာပြန်ပြီ၊ ခင်ဗျား ဒီမနက် ဘာတွေ ဒီလောက်ညံ့နေ တာလဲ၊ ဘယ်မလဲ သူ့အိမ်က၊ ခင်ဗျား အတိအကျ သိလား ပြော"

"ဟင့်အင်း"

"မသိဘဲနဲ့ ဘာမှ မပြောနဲ့ဗျာ"

တော်လင်းတိုးရဲ့ တစ်သက်တစ်ခါ ဒေါသတွေ အကြီးအကျယ် ထွက်နေပုံကြောင့် အားလုံး နှုတ်ဆိတ်နေကြပါ သည်။

"တောက် ... အဲဒါ ဘယ်လိုက်ရှာမလဲကွာ ဖြိုးကို"

"သိပ်လည်း စိတ်မပူပါနဲ့ တော်လင်းရာ၊ လိပ်စာအတိအကျ မသိပေမဲ့ မန္တလေးလို့တော့ အကြမ်းဖျဉ်း မှန်းလို့ရနေ တာပဲ၊ မန္တလေးမြို့ကြီးရဲ့ တစ်နေရာရာမှာ ရှိကိုရှိမှာပါ၊ အဲဒီမှာ မင်းအမေလည်း ရှိနေတာပဲ၊ တစ်သက်လုံး ပြန် မတွေ့နိုင်လောက်အောင်တော့ ရှာရမခက်နိုင်ပါဘူး၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



သချာသိပါတယ်၊ မင်းတို့နှစ်ယောက် ပြန်တွေ့ရမှာပါ၊ မတွေ့ဘဲ မနေပါဘူး၊ မဖြစ်မနေကို ပြန်ဆုံကြရမှာ"

"မင်း သေချာလား"

"ဪ ... သေချာတယ်ကွာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ရမှာလဲ တော်လင်းရာ၊ မင်း သူ့ကိုချစ်တယ်လေ၊ မင်းဘဝတစ်လျှောက်မှာ ပထမဆုံးနဲ့ အပြင်းထန်ဆုံး မိန်းမတစ်ယောက်ကို ချစ်မိတာလေ၊ အဲဒီအချစ်တစ်ခုကို မင်းက အလွယ်လေး လက်လျှော့ ရေစုန်မျှောမှာမို့လို့လား"

တော်လင်းတိုးက ကယောင်ကတမ်းနှင့် ခေါင်းကို ခါယမ်းနေမိပါသည်။

"အေး ... မင်း ရှာမှာပဲလေ၊ ရှာရက်သားနဲ့ မတွေ့ဘူးဆိုတာ ရှိလား၊ ရှာရင် တွေ့မှာပေါ့၊ မတွေ့တော့ဘူးဆိုရင် ဒါ မရှိတော့လို့ပဲ၊ ရှိရင် တစ်နေ့ တွေ့မှာပဲ"

"ဟော့ကောင် ... မင်း ပါးစပ်ပုပ်ကြီးနဲ့ကွာ"

"အခြေအနေကို ပြောပြတာပါ၊ ရှေ့ဆက် ဘယ်လိုဖြစ်မယ်ဆိုတာသာ သေချာမသိနိုင်ပေမဲ့ မင်းတို့ ပြန်ကိုတွေ့ကြရမယ်ဆိုတာတော့ ငါ အတပ်ပြောလိုက်မယ်ကွာ"

ဖြိုးကို့ကို တော်လင်းတိုးက မျက်ခုံးတွန့်တွန့်နှင့် စိုက်ကြည့်နေရင်း ...





"မင်း နောက်တစ်ပတ် မန္တလေး သွားမယ်ဆိုတာ တစ်ပြိုင်နက်တည်း ငါပါလိုက်လာမယ်၊ မင်းက မင်းကိစ္စလုပ်၊ ငါက ငါ့ကိစ္စလုပ်မယ်"

"ဟော့ကောင် ... မင်း ခရီးသွားလို့ ရပါဦးမလား"

"ဘာမှ မဖြစ်ဘူး ဟော့ကောင်၊ ငါ ကောင်းနေပြီ၊ နောက်တစ်ပတ်မှ သွားမှာပဲဟာ"

"ဪ ... မောင်တော်၊ လတ်လတ် စာတစ်စောင် ပေးသွားသေးတယ်"

"ဟာ ... ပေးလေဗျာ၊ အရေးကြီးတာကို ဘာလို့ ခုမှပေးရတာလဲ၊ ခင်ဗျားတော့ ... အင်း ... ခင်ဗျားတော့ ဒီမနက် ဟုတ်ကို မဟုတ်သေးဘူးဗျာ"

တော်လင်းတိုးက ဒေါ်ချွန် ယူလာပေးသော စာရွက်ခေါက်လေးကို မျှော်လင့်စောတကြီး ဖွင့်ဖတ်လိုက်ပါသည်။

"Breakfast - သာကူ။

Lunch - ညှပ်ခေါက်ဆွဲထုပ်ပြုတ်။ အထဲက ငရုတ်သီးမှုန့်ထုပ်ကို ဖယ်ပစ်ရန်။

ဆေးခန်းမသွားခင် - နွားနို့ + Cake ။

ဒီညနေ ဆေးခန်းကို ပြဖြစ်အောင်ပြပါရန်။ ထမင်းစားလို့ ရ,မရ၊ သောက်ဆေး ဆက်သောက်ဖို့လို,မလို ထည့်မေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးသောက်ရန် လုံးဝမမေ့ပါနှင့်။ ဒီနေ့အတွက် ဆေးခန်းမသွားခင် နှစ်ကြိမ်စာပဲ ဆေးကျန်ပါသည်။ တစ်ကြိမ်သုံးမျိုး ဆင်တူဖြစ်ပါသည်။ အစာစားပြီးမှ သောက်ရန်ဖြစ်၍ အစားနှင့် အချိန်ညှိပါ”

စာရွက်ကို ကိုင်ထားသော တော်လင်းတိုး လက်များ တဆတ်ဆတ်တုန်၍ စာလုံးလေးတွေက မျက်ရည်ကြည်ကို ဖြတ်ကြည့်ရတဲ့ မြင်ကွင်းတွင် မှုန်ဝါးကုန်ကြပါသည်။

* * *

“မမက လတ်လတ်ကို မယုံဘူးလား”

လတ်လတ်က မျက်ရည်ပေါက်ပေါက်ကျကာ အော်ပစ်လိုက်ပါသည်။

“ဘယ်သိမလဲ၊ ယုံရမလား မယုံရဘူးလား မသိတော့ဘူး၊ ဒါဖြင့် နင် မြတ်သုဝတီကို ဘာဖြစ်လို့ အဲသလို ပြောလိုက်သေးလဲ”

“အဲဒီ မြတ်ကလည်း၊ အရမ်းကို သိချင် စပ်စုချင်နေတာ၊ မြတ်က လတ်လတ်လည်း ယောကျ်ားနောက် လိုက်ပြေးတယ်ပဲ ထင်နေတာ၊ ငြင်းနေတာပဲ တောက်လျှောက်၊ သူက မယုံဘူး၊ မယုံသရွေ့ မပြန်ဘူးကိုး”





“မပြန်နေပေါ့၊ မိုးချုပ်ရင် မပြန်ဘဲ နေလို့ရဦးမလား”

“အဲလောက်အကြာကြီး သူ့ကို အိမ်မှာလက်ခံထားလို့ကို မရဘူး၊ အိမ်ကလူတွေနဲ့ တွေ့သွားမှာ၊ အိမ်မှာလည်း ဦးစပ်စုတစ်ယောက်က ရှိသေးတာ”

မေမေသည် လတ်လတ်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်၍ ဇဝေဇဝါ စိတ်ရှုပ်သော မျက်နှာနှင့် ရှိနေသည်။

“အိမ်ရှင်နဲ့တွေ့တော့ ဘာဖြစ်သေးတုံး”

“ဟာ … အိမ်ရှင်က ဦးတော်လင်းတိုးလေ”

“အဲဒီတော့ ဘာဖြစ်လို့လဲ”

“ဟာ … မမတို့ မသိဘူးလား၊ ကိုတော်လင်းက မြတ်နဲ့ လူကြီးချင်း သဘောတူထားတာလေ”

ထိုအခါ မေမေနှင့် မမ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ အံ့အားတသင့် ဖြစ်သွားကြလျက် …

“ဟုတ်လား၊ အဲဒါ ငါတို့ မသိဘူး”

“မြတ်က သူနဲ့ သဘောတူထားတဲ့သူကို မြင်ဖူးရင် မြင်ဖူးမှာပေါ့၊ ဘွားခနဲတွေ့သွားရင် လတ်လတ် ဘယ်ကောင်းမလဲ၊ ရှက်စရာကြီး”

“ဘာရှက်ရမှာလဲ၊ သူလည်း ယောကျ်ားယူပြီးသွားပြီပဲ၊ နင့်ဟာနင် မလုံတာ၊ နင် အဲဒီလို မလုံကတည်းက ဒီ စာရေးဆရာကို ကြိုက်နေလို့ပဲ နေမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မမကလည်း"

လတ်လတ်က အော်ဟစ်ကာ ငိုမလို မျက်ရည်လည်လာသည်။

"နင်က သူနဲ့ ဘယ်တုန်းက ရင်းနှီးလို့ သူ့အိမ်ကို တ နေလိုက်ရတာလဲ၊ လုံးဝအဓိပ္ပာယ်မရှိဘူး၊ ဒါကြောင့် မယုံနိုင်သေးတာပေါ့၊ နင်နဲ့ အစကတည်းက ရည်းစားလား"

"ကျွတ်"

"စာအဆက်အသွယ်တွေ ဘာတွေ ရှိလား"

"ဟုတ်ရင် လတ်လတ်က ဘာဖုံးနေစရာရှိလဲ၊ ဖွင့်ပြောပြ ယောကျ်ားယူလိုက်ရုံပဲ၊ အေးရော၊ ခုလိုကော ပြန်လာ တော့မလား"

"နင်က ဖွတ်တရွတ်နဲ့၊ စိတ်ညစ်တုန်း ခဏထွက်သွား စိတ်ပြေလက်ပျောက်ရှိတော့ အမေ့အိမ် ပြန်တက်၊ သွား နေတာက ရည်းစားအိမ်၊ ဟိုက ရည်းစားကတော့ အ မရှိ အမြတ်တွေပိုက်ပြီး အကြိုက်တွေ ကျနေမှာ၊ ငါတို့ စိုးရိမ်လို့ ပြောနေတာ"

"ကိုတော်လင်းက အဲလိုလူစား မဟုတ်ဘူး၊ ရည်းစားပြ ထားရင်တောင် အခွင့်အရေးယူမဲ့လူစား မဟုတ်ဘူး"

"အောင်မာ ... ဘာမှမဟုတ်ဘူးသာ ဆိုတယ်၊ ခပ်သွ သွက်တော့ ကာကွယ်တတ်တယ်၊ ဟုတ်လား"





"သူက လူကောင်းတစ်ယောက်၊ အရမ်းအေးဆေး သိမ်မွေ့တာ၊ လတ်လတ်နဲ့ ဘယ်တုန်းကမှ မသိဘူး၊ ရန်ကုန်ရောက်မှ ကားပေါ်ကဆင်းမှ သူ လတ်လတ်ကို တွေ့ဖူးတာ"

"ကဲ ... ဒါဖြင့် သူ့အိမ် နင်က ဘာကြောင့် သွားနေရသလဲ"

"သူက မြတ်ကို လာကြိုတာ၊ မြတ်သုဝတီကို ကြိုမဲ့တာဝန်နဲ့လာတာ၊ မြတ်က ပဲခူးမှာ ဆင်းခဲ့ပြီ၊ လတ်လတ်က တစ်လမ်းလုံး မြတ်ပြောသမျှ နားထောင်ပြီး အကြောင်းစုံတွေ သိနေပြီ၊ သူ ကြိုနေမယ် ဆိုတာလည်း သိတယ်၊ ပြီးတော့ ... ပြီးတော့ ... သူကသာ လတ်လတ်ကို မသိတာ၊ လတ်လတ်က သူ့ကို သိတယ်၊ သူ့ပရိသတ်ပါ၊ သူ့ဝတ္ထုတွေ အရမ်းကြိုက်ပြီး မနှစ်က မန္တလေးလာတော့ မိတ်ဆက်ဖို့ ကြိုးစားမိသေးတယ်၊ သူ့အမေ နေမကောင်းလို့ လာတာမှန်းသိတော့ အားနာပြီး သွားမိတ်မဆက်ဖြစ်တော့တာ ..."

လတ်လတ် ရင်ထဲမှာ၊ လတ်လတ် စိတ်ထဲမှာတော့ သူ့ကို ကြိုတင်ရင်းနှီး ခင်မင်နေမိတော့ ကားပေါ်ကလည်း ဆင်းရော မိန်းကလေး တစ်ယောက်တည်း လာတာဆိုတော့ လတ်လတ် တစ်ယောက်ပဲပါတော့ သူက 'မြတ်သုဝတီ



www.burmeseclassic.com

www.burmeseclassic.com



လား’လို့ လာမေးလိုက်တဲ့အခါ လတ်လတ်လည်း ‘ဟုတ်တယ်’ဆိုတဲ့ သဘောနဲ့ ‘ရှင်က ကိုတော်လင်းတိုး မဟုတ်လား’ဆိုပြီး ဖွတ်မိုတ် လိုက်ချသွားခဲ့မိတာပါ ...

သူ့အိမ်မှာ ဒေါ်ချွန် ဆိုတဲ့ ထမင်းချက်မိန်းမကြီး ရှိနေတော့ လတ်လတ်လည်း အဆောင်တွေ ဘာတွေမနေ စဖူး ဘစ်ယောက်တည်း သွားမနေတော့ဘဲ အဲဒီ ဒေါ်ချွန်နဲ့တူတူ ခြံထဲက ဆားဖဲင့်ကွာတာမှာ နေခဲ့တာပါ၊ သူ့ခြံ သူ့အိမ်မှာ နေတယ်ဆိုတဲ့ နာမည်ပဲ ရှိပါတယ်၊ လတ်လတ်တို့ ဘာမှ မပတ်သက်ပါဘူး ...

မြတ် အိမ်ကိုလာတော့ သူ့စကားတွေပေါ်နင်းပြီး သူ့အယောင်ဆောင်ပြီး နေနေတာ သူ သိမှာရှက်လို့ မြန်မြန်ပြန်စေချင်တာနဲ့ သူထင်တာ ဟုတ်တယ်ဟာ ဆိုပြီး ရှဲ့ဖြေလိုက်တာပါ၊ လတ်လတ်တို့ ဘာမှ မဖြစ်ကြပါဘူး လတ်လတ် အိမ်ကထွက်သွားပြီး တခြားမှာ ခဏသွားနေခဲ့တယ် ဆိုတာကလွဲလို့ ဘာမှမဖြစ်ပျက်ဘူး ...

အခုတော့ သူ့ဆီမှာ လတ်လတ် လိမ်ညာပြီး အယောင်ဆောင်ပြီး နေနေရတာကို ကိုယ့်ဟာကိုယ် ရှက်လာတာနဲ့ လတ်လတ် ... လတ်လတ်”

လတ်လတ်က ပါးစပ်ကို လက်ဝါးလေးနှင့်အုပ်ကာ အသံမထွက်အောင် ဝမ်းပန်းတနည်းကြီးနှင့် တအစ်အစ် ငိုကြွေး





နေပါသည်။ မေမေရော မမပါ လတ်လတ် စကားဆုံးလျှင် ငိုင်ပြီး ငြိမ်သက်နေမိကြသည်။ လတ်လတ် စကားထဲမှာ လတ်လတ်ငင်ထဲက သံယောဇဉ် တစ်စွန်းတစ်စတို့ကို အမေရင်း အစ်မရင်းတွေမို့ ရှာဖွေရိပ်မိ တွေ့ရှိသလို ဝိုးတဝါး ခံစားရပါသည်။

“အဲဒီတော့ နင် အခုပြန်မယ်ဆိုတော့ သူက အေးဆေးပဲလား၊ ခုထိ နင့်ကို သူတို့က မြတ်သုဝတီပဲ ထင်နေကြတာလား”

“မြတ်သုဝတီ မဟုတ်ဘူးဆိုတာ သူ သိနေလောက်ပါပြီ၊ လတ်လတ် ပြန်မယ်ဆိုတာ သူ့ကို ခွင့်မတောင်းဘူး၊ မိုးမလင်းခင် သူ အိပ်ရာက မထခင် ကိုယ့်ဘာသာ ပြန်ချလာခဲ့တယ်”

“ဟယ် ... လုပ်ပြန်ပြီ၊ ထင်ရာ မြင်ရာ၊ နင်ဟာလေ ... ဟိုမှာလည်း စိတ်တွေပူနေကြဦးမှာပေါ့”

“လတ်လတ် ဒေါ်ချွန့်ကို ပြောခဲ့ပါတယ်၊ ဒေါ်ချွန်က သူ့ကို ပြောပြမှာပေါ့”

မမက မှုန်တေတေနှင့် လတ်လတ်ကို စိုက်ကြည့်နေသည်။ လတ်လတ်ကလည်း ဂျစ်ကန်ကန်ရုပ်နှင့်ပင်။

“အေးလေ ... နင်ပြောတာတွေ ငါတို့ ယုံလိုက်ပါတယ်၊ ဒါပေမဲ့ လတ်လတ်၊ နင် အဲဒီစာရေးဆရာကို သူ့ကို ... အင်း ... ပြောရခက်လိုက်တာ၊ မပြောတော့ပါဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ကိုတော်လင်းတိုးကကော ! ... အင်း ... ဒါလ...
မမေးတော့ပါဘူးလေ၊ နှင့်ဓာတ်ကို နင်နိုင်ရင် ပြီး...
ဒေါ်လတ်လတ်ရေ”

မမက ခပ်ရွဲ့ရွဲ့ ပြောကာ စကားဝိုင်းကို နိဂုံး... လိုက်သည်။





## ၁၄

လတ်လတ်က ရုံးခန်းထဲမှာ ထိုင်နေတာ မဟုတ်ဘဲ ရုံးခန်း၊ ဆေးအရောင်းဆိုင်နေရာ၊ ရီဆက်ပ်ရှင်၊ ဆေးခန်းပြဖို့ ဆရာဝန်တွေထိုင်တဲ့ အခန်းရှေ့၊ လူနာတွေ နားနေတဲ့ နေရာ စသဖြင့် တစ်ဆေးရုံလုံးကို (အပေါ်ထပ် ဆေးရုံတက်ဆောင်တွေ မှလွဲ၍) လှည့်ပတ်လိုက်ကြည့်နေတာ ဖြစ်သည်။ လိုအပ်တာကို ချက်ချင်း စီမံခန့်ခွဲနေတာဖြစ်သည်။ ရီတွေးက လတ်လတ် ပြန် လာပေမဲ့လည်း လတ်လတ်နှင့်အတူ အလုပ်လိုက်ဆင်းနေပါသည်။

မေမေကတော့ ရုံးခန်းထဲမှာ နေတာများ၍ တစ်ခါ တစ်ရံတော့ ဆရာဝန်တွေအခန်း ရှိရာဘက် ရောင်းဒ်လုပ်တတ် သည်။ ရီဆက်ပ်ရှင်မှ အပေါ်ထပ်သို့ လက်တွဲကာ တက်လာတဲ့ လတ်လတ်နှင့် ရီတွေး ဆေးရောင်းကောင်တာများ အနားသို့ အရောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … မိလတ်၊ ဟိုမှာ နင့်ယောက္ခမလောင်းကြီး"

"ဟင်"

လတ်လတ်က မျက်လုံးလေး ဝေ့ဝဲရှာလိုက်ပြီး ရှက်ရိပ်နှင့် …

"နင်ကလည်း … မပြောပါနဲ့ဟယ်၊ အဘွားကြီးက ငါ့ ကြည်တာ မဟုတ်ပါဘူး"

"ဘယ်တုန်းကလဲ"

"သူ့သားအိမ် သွားနေမိလို့လေ"

"အဲဒါ နင်မှန်းမှ မသိတာ"

"ခုမသိ တော်ကြာ သိမှာပဲဟာ"

ဒေါ်ခင်လင်းက လူနာတွေစောင့်တဲ့ ဖိုင်ဘာကုလား ထိုင်တစ်လုံးတွင် ထိုင်နေတာဖြစ်သည်။ သူနှင့် အဖော်ပါ တစ်ယောက် ဆေးသွားဝယ်နေတာမျိုး ဖြစ်နိုင်ပါသည်။ ဒူးရှေ့ စတီးတုတ်ကောက်ကို မှီထောင်ပြီး ကိုင်ထားကာ မျက်လုံးများ နေရာအနှံ့သို့ လေ့လာအကဲခတ်နေသည်။ ထိုစဉ် ဒေါ်ခင်လ နံဘေးမှ လတ်လတ်ရဲ့မေမေ လျှောက်သွားကာ …

"ဟော … မမ၊ ရောက်နေလား၊ ဆရာဝန်နဲ့ တွေ့ပြီး လား"

"တွေ့ပြီးပြီ ဆွေ၊ နောက်သုံးရက်နေရင် ခွဲမယ်၊ အ ဟိုမှာ တင့်တင့် ဆေးသွားဝယ်နေလို့ ခဏစောင့်နေတာ"





"နောက်သုံးရက်ဆိုတော့ ကြာသပတေးပေါ့နော် မမ၊ ဆွေလည်း လာခဲ့ဦးမယ်၊ မနက် မဟုတ်လား"

"အင်း … မနက် ကိုးနာရီခွဲတဲ့ ဆွေရဲ့၊ အခု ဘယ့်နှယ် လဲ ဆွေ၊ အခြေအနေတွေ အေးဆေးနေပြီလား၊ ဆွေ့အစ်ကို လာသေးလား"

"မလာဘူး မမ၊ အိမ်ကို ရိုးရိုးလာချင်ရင်တော့လာ၊ ဆေးရုံမှာတော့ ဘာမှ ဝင်မစီမံပါနဲ့လို့ ယတိပြတ် ပြော လိုက်တယ်၊ မမလည်း သူ့ဆီ ဖုန်းခေါ်သေးတယ်ဆို"

"အေး …၊ နင် ကြီးလှပြီ၊ အသက်နဲ့တူတူ မိုက်လုံးပါ လိုက်ကြီး မနေနဲ့လို့ ပြောပစ်လိုက်တယ်၊ နင်မတရားတာ တစ်ကိုယ်ကောင်း ဆန်နေတာတွေ၊ ဆွေမျိုးတွေလည်းသိ၊ မိတ်ဆွေတွေလည်းသိ တိုင်းသိပြည်သိ ဖြစ်နေတာ နင် မရှက်ဘူးလားလို့လည်း ပြောပစ်လိုက်တယ်၊ မမကျတော့ သူ နဂိုကတည်းက ပြန်ပြီးတော့ ခွန်းတုံ့ခွန်းလှယ် မပြော တတ်ဘူးလေ"

"မမတို့လည်း သူငယ်ချင်းတွေ ဝိုင်းဝန်းဆုံးမပေးတာ ကျေးဇူးတင်ပါတယ် မမရယ်၊ အစ်ကိုကြီးကို အိမ်ဦးခန်း မှာ တစ်သက်လုံး ဆီဥထောပတ် တင်ကျွေးသွားနိုင်ပါ တယ်၊ ဒါကတော့ သမီးတွေအတွက် စီးပွားရေးမို့သာ စိတ်မကောင်းကောင်းနဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ပြောရမှာပေါ့ ဆွေရယ်၊ ကိုယ့်အစ်ကိုပေမဲ့လည်း ကိုယ့်အပေါ် မငဲ့ဘူး မဟုတ်လား၊ ပြောရမှာပဲ၊ ဟောဟိုက မိန်းကလေးက ဆွေ့သမီး မဟုတ်လား"

"ဟုတ်ပါတယ် မမ"

"ဘယ်တစ်ယောက်လဲ၊ အကြီးလား အလတ်လား"

"အလတ်ပါ၊ အကြီးက ပုပုလေး၊ အလတ်နဲ့ အငယ်က အရပ်လေးတွေ ရှည်တယ်"

"ရုပ်ကလေးက တော်တော်ကျက်သရေရှိတာ၊ မမကြည့်နေတာကွယ့်၊ အရင်ကတည်းက ဒီဆေးရုံမှာ သူ့ကို တစ်ခါတစ်ရံတော့ တွေ့ပါတယ်၊ ဆွေနဲ့သာ မတွေ့တော့ စကားမစပ်ဖြစ်ဘဲ ဆွေ့သမီးရယ်လို့ မှတ်မှတ်ရရ မရှိတာ၊ ဆွေနဲ့တော့ တော်တော်တူတယ်၊ သူ့ရုပ်ရည်လေးက ချက်ချက်ချာချာ ရဲရဲဝံ့ဝံ့လေး၊ သဘောကျတယ် ...

သူက တစ်ဆေးရုံလုံးကို round လုပ်နေတာပဲ၊ လုပ်စရာရှိတာ ဖျတ်ဖျတ်လတ်လတ် ဒိုးဒိုးဒေါက်ဒေါက်နဲ့၊ ပြောဆို လုပ်ကိုင်သွားလိုက်တာ တော်တဲ့ ထက်တဲ့ အပြည့်"

"ဟုတ်တယ် မမ၊ လတ်လတ်က စိတ်ထက်တယ်၊ ဒါကြောင့်လည်း သူ့ဘကြီးနဲ့ အမြဲထိပ်တိုက်ပြဿနာ၊ အဲဒီကြားထဲ ဟိုတစ်လောက သူ့ဘကြီးက သူနဲ့ လောင်းကစားဖက်ပေါ





သူဌေးကလေးပါ၊ အဲဒီလူတစ်ယောက်နဲ့ ပေးစားမယ် ပြောလို့ ဒေါ်တွေပွပြီးတော့ ရန်ကုန် ခဏသွားနေတာ၊ ဆွေကပါ တစ်ခွန်းတလေ တိုက်တွန်းမိလို့ သူ့ကို ဒီလို စိစဉ်တိုက်တွန်းရပါ့မလားဆိုပြီး စိတ်တွေနာပြီးလေ သွားလိုက်တာ အကြာကြီး၊ ဟိုတလောလေးကမှ ပြန်ရောက်လာပါတယ်"

ပြောရင်းက ဒေါ်ဆွေဆွေသည် ဒေါ်ခင်လင်းကို ပြောသင့်မသင့်၊ အဖြစ်အပျက်တွေကို ဒေါ်ခင်လင်း သိ,မသိလည်း တွေးတတ်၍ ချီတုံချတုံ ဖြစ်နေဆဲ ...

"လူကြီးမိဘ စိစဉ်ရင် ဆွေ့သမီးက မကြိုက်ဘူးဆိုတဲ့ သဘောလား"

"သူတို့ လူငယ်တွေ ဘယ်လိုသဘောလဲ ဆွေလည်း မပြောတတ်ပါဘူး မမရယ်၊ သူ့ဘကြီးကိုတော့ သူက ကိုယ့်တူမကို သူနဲ့ ပုလင်းတူဘူးဆို့ လောင်းကစားသမားနဲ့ စိစဉ်သဘောတူရပါမို့လား ဆိုပြီး ရှုးရှုးရှဲရှဲဖြစ်တာ"

"အဟင်း ဟင်း ... မမကဖြင့် သူ့ကို အဝေးကကြည့်ကြည့်ပြီး ချွေးမတော်ချင်နေတာကွယ့်၊ သဘောတွေကျနေတာ၊ တော်ကြာ စိတ်များဆိုးနေဦးမလားပဲ ... ဟင်း ဟင်း"

ဒေါ်ဆွေဆွေသည် ဘာပြန်ပြောရမယ် မသိအောင် ..း စပ်အဟောင်းသားလေးနှင့် မှင်သက်မိသလို ရှိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



“အမှန်ပြောရရင် ဆွေရေ့၊ ဆွေတို့နဲ့ တစ်မြို့တည်းနေပြီး မတွေ့ဖြစ်ကြတော့ ခေါင်းထဲ မပေါ်ဘူးပေါ့၊ သားတို့ အိမ်ထောင်ချပေးချင်တာ၊ သားကလည်း အေးလိုက်တာ ရေခဲတုံး၊ ဒါနဲ့ ညွန့်ညွန့် သိတယ်မို့လား၊ သူ့အမျိုးသား ဆရာဝန်ကြီးလည်း ဒီမှာတောင် အခု ထိုင်သေးတယ်ထင်တယ်”

“ဟုတ်ပါတယ် မမ၊ မခင်ပေမဲ့ သိပါတယ်”

“ညွန့်ညွန့်ရဲ့ သမီးလေး မြင်မြင်နေတော့ ကိုယ်က စပ်မိပါသေးတယ်၊ ကလေးချင်းတော့ မတွေ့ဖူးကြဘူး၊ မအေချင်းပဲပေါ့ ပြောဆိုနေကြတာ၊ နောက်တော့ ညွန့်ညွန့်သမီးလေးကလည်း သူ့ဟာနဲ့သူ ချစ်သူရှိနေတော့ ခုတော့ လက်တောင်ထပ်သွားပါပြီ၊ မဖြစ်လိုက်ဘူးပေါ့လေ ...

ဟိုတလောလေးကမှ ဆွေနဲ့ ပြန်ဆုံကြတယ်မို့လား၊ ဆွေ့သမီးကလေးတွေရှိတာ သတိရမိတယ်၊ ဒီအလတ်မလေးကိုတော့ အရင်ကတည်းက ဆေးရုံမှာ တွေ့တွေ့နေကတည်းက ဘယ်သူ့သမီးသာ မသိတယ်၊ ချက်ချာသွက်လက်ထက်မြက်ပုံလေးကို ကြည့်ကြည့်ပြီး သဘောတွေကျနေတာ ...

ဝန်ခံတာပါ၊ တော်ကြာ ညွန့်ညွန့် သမီးနဲ့လည်း စပ်ဖူးတယ် ဖြစ်မှာစိုးလို့ပါ၊ မအေချင်းသာ ပြောဆိုဖြစ်





ကြတယ်၊ ကလေးချင်းက တွေ့တောင် မတွေ့ဆုံဖူးပါဘူး၊ အဲဒါ ဒီတစ်ခါတော့ လူငယ်ချင်းလည်း ဆုံစည်းတွေ့ပေးပြီး သူတို့ သဘောထား တီးခေါက်ကြည့်ရ ဘယ်လိုလဲလို့၊ ကိုယ်ကတော့ သားရှင်ဆိုတော့ နှုတ်သွက်သွက်ပဲ တောင်းပြီ၊ သမီးရှင်က ဘယ့်နှယ်လဲ ဟင်း ဟင်း”

“ဩော် ... မမရယ်၊ မမသား ဆိုတာနဲ့ ငြင်းစရာမရှိတဲ့ ထဲကပါ၊ သမီးလတ်ကလည်း ရည်းစားမထားသေးပါဘူး၊ မမ တွေ့ပေးချင် တွေ့ပေးကြည့်ပါ၊ သူတို့ဆန္ဒပေါ့ မမရယ်၊ ဆွေကတော့ ပြောစရာ မရှိဘူး၊ ပြောမဲ့သာပြောနေတာ သူတို့ချင်း တွေ့ဖူး သိဖူး ဖြစ်ကောင်းလည်း ဖြစ်နေမှာ၊ လတ်လတ်က မမသားရဲ့ ဝတ္ထုတွေ သိပ်ကြိုက်တာပဲ၊ အပိုင်ဝယ်တာ၊ သူ သိပ်လေးစား သိပ်သဘောကျတာ မမရဲ့၊ တွေ့ဖူးမလား ဘာလားတောင် မေးကြည့်ပါဦး မမရယ်”

“အေး အေး ... မမ မျက်စိလွဲပြီးရင် အစီအစဉ် လုပ်ရမယ်၊ ကလေးချင်းတွေ ဆုံပေးကြည့်တာပေါ့နော်”

“ဟုတ်ကဲ့ ... မမ”

မေမေနှင့် ဒေါ်ခင်လင်း စကားပြောနေတာကို အဝေးက မသိမသာ ကြည့်နေကြရင်း ရီဝေ့းက ...

“အနားသွားရအောင်လေ”



www.burmeseclassic.com

www.burmeseclassic.com



"ငါကြောက်တယ် ရီထွေးရဲ့"

"အမလေး ... နင်ကြောက်တဲ့လူ ကမ္ဘာမှာ ရှိသေးသားပဲ နော်၊ လာလေဟယ်"

"ဘာလုပ်ရမှာလဲ"

"သွားရယ်ပြမှာပေါ့ဟဲ့၊ နင့်အမေနဲ့လည်း စကားပြောနေတုန်း"

လတ်လတ်နှင့် ရီထွေး ဒေါ်ခင်လင်း ထိုင်နေရာ အနားဆီ မယောင်မလည် လျှောက်လာပါသည်။ ရီထွေးက ခြေလှမ်းသွက်။ လတ်လတ်က တုံ့ဆွဲ။ အိပဲ့ အိပဲ့နှင့် အနီးကိုရောက်လာသည်။

"ဟော ... သမီး လာ။ ဒါ မေမေ့မိတ်ဆွေ အစ်မကြီးပဲ၊ ဒေါ်ခင်လင်းတဲ့၊ သမီးဘဘကြီးနဲ့ သူငယ်ချင်း၊ သမီးဘဘကြီးကိုလည်း ဒီအန်တီက ပိုင်းပြောဆို ဆုံးမပေးတယ်၊ သမီးနဲ့ ဆုံဖူးသလား"

လတ်လတ်သည် မရဲတရဲနှင့် ...

"ဟိုးအရင်ကတော့ ဆေးခန်းကို အန်တီလာလာနေတာ မြင်ဖူးပါတယ်"

လတ်လတ် မျက်နှာမှာ ကိုယ့်အကြောင်းနှင့်ကိုယ် နီမြန်းရှက်ရိပ် သမ်းသမ်းကလေးနှင့် တစ်မျိုးချစ်စဖွယ် ဖြစ်နေပါသည်။ ဒေါ်ခင်လင်းက ဒီအမူအရာလေးကိုပဲ သဘောကျသလို ကြည့်နေရင်း ...





"အေးကွယ်၊ ဆွေဆွေ့သမီး အလတ်ကလေးက ချစ်စရာလေးကွယ်၊ နာမည်လေးကကော ဘယ်လိုခေါ်သလဲ သမီး"

"လတ်လတ်ပါ အန်တီ"

"ဘယ်လို"

"လတ်လတ်ပါ ရှင့် ..."

ခွဲတဲ့တစ်ရက်သာ ဆေးရုံမှာနေပြီး နောက်တစ်နေ့ ပြန်ဆင်းမည့် ဒေါ်ခင်လင်းမှာ ခွဲတဲ့နေ့ မွန်းလွဲပိုင်းမှာပဲ သူ့အခန်းတံခါး တွန်းဖွင့်ကာ ဝင်လာတဲ့ သားနှင့် သူငယ်ချင်းတို့ကိုမြင်ကာ အံ့အားတသင့်။

"အိမ်ရောက်တော့ မေမေ မျက်စိလာခွဲတယ်ဆိုလို့ လိုက်လာရတာ၊ မေမေက ဘာမှလဲ အကြောင်းမကြားဘူး"

"သားကကော ဘာလာလုပ်တာတုံး"

"ဒီလိုပဲ၊ မေမေ့ဆီ အလည်၊ ပြီးတော့ သီတင်းကျွတ်ကန်တော့ဖို့"

ဒေါ်ခင်လင်းက မဲ့လိုက်ရင်း ...

"ဖြူးကိုတို့ကကော"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးကိုက သူ့ကားကီစွနဲ့သူ၊ နေထိုက်က သိတင်းကျွတ်နှစ်ရက်နဲ့ စနေ တနင်္ဂနွေ ဆက်ပြီး လေးရက်ပိတ်ရက်ရလို့ လိုက်လာတာ မေမေ၊ နေထိုက်က အရင်ပြန်မှာပေါ့၊ ဖြိုးကိုနဲ့ သားနဲ့က ကိုယ့်ဟာကိုယ် အဆင်ပြေသလို ပြန်ကြမှာ"

"အန်တီ ... မျက်လုံးအခြေအနေ ကောင်းတယ်မို့လား၊ လူလည်း နေကောင်းတယ်မို့လား အန်တီ"

"ကောင်းပါတယ်ကွယ်၊ မင်းလာတာ အတော်ပဲ သား၊ မေမေလည်း မင်းကိုလာဖို့ခေါ်မလို့ပဲ၊ မင်းကို ဒီတိုင်းထားဖို့ စိတ်မချဘူး၊ အိမ်ထောင်ရေးကိစ္စ ခေါ်ပြောမလို့၊ မင်းက သဘောကကောင်းကောင်းနဲ့ လာချင်တဲ့လူလာ၊ အိမ်ပေါ်ခေါ်တင်တာ၊ မဟုတ်မဟတ်တွေနဲ့ ဖြစ်သွားမှာကြောက်လွန်းလို့၊ အလိမ်တွေ အလည်တွေ အရှုပ်တွေက ခုခေတ်မှာ များကများနဲ့"

"ဟာ ... မေမေကလည်း၊ တစ်ယောက်နဲ့ပျက်တော့ နောက်တစ်ယောက် လာပြန်ပြီလားဗျာ"

"လာမှာပဲ သား၊ ဟိုတစ်ကြိမ်ကတော့ ကောင်မလေးမှာ ချစ်သူရှိတာ မသိခဲ့ရလို့၊ ခုတော့ ကောင်မလေးကို သေချာကို မေးပြီးပြီ"





"ဘယ်သူလဲ မေမေရာ၊ မေမေ အိမ်ထောင်ပြုစေချင်ရင် သားရှာပါ့မယ်၊ သားကို ထပ်မပေးစားပါနဲ့တော့၊ သားစိတ်တိုင်းကျတဲ့ ကောင်မလေးကို ရှာပါရစေ"

"လုပ်မနေနဲ့တော့၊ ဒီဆေးခန်းကြီးပိုင်ရှင်ရဲ့ သမီးလေး၊ ခဏနေ မေမေ့ကို လာကြည့်လိမ့်မယ်"

ဒေါ်ခင်လင်းက ခပ်မြိန့်မြိန့် ပြုံး၍ ဆိုသည်။ တော်လင်းတိုးမှာတော့ မျက်နှာတစ်ခုလုံး ပျက်ယွင်း ရှုံ့မဲ့နေပြီးလျှင် ...

"မေမေ ... သားမှာ ချစ်သူရှိနေပြီ၊ အဲဒါလည်း မေမေ့ကို ပြောမလို့ လာခဲ့တာပါ၊ သူ့ကို သားရှာပါရစေ၊ တွေ့တဲ့အခါ သူဟာ အကျင့်စာရိတ္တကောင်းကောင်း နောက်ကြောင်းရှင်းရှင်းလေးဆိုရင် မေမေ သဘောတူပေးပါ၊ မေမေပြောတဲ့ ရွှေငွေတွေ ဘုံးပြေးတဲ့ မိန်းမတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး မေမေရယ်"

"အဲဒီမိန်းကလေးတောင် ဟိုတလောက မန္တလေး ပြန်လာတယ်၊ တစ်ပတ်လောက် ရှိပြီ"

မေမေ့ စကားကြောင့် တော်လင်းတိုးမှာ ခေါင်းနပန်းကြီးကာ ရင်ထဲ ပူလောင်လာရပြန်ပါသည်။ တစ်ပတ်လောက်ဆိုတော့ လတ်လတ် ပြန်လာတဲ့ အချိန်ပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"ခိုးသွားပြီးမှ နောင်တရပြီး ကြောက်လာတယ် ထင်ပါရဲ့ ပစ္စည်းတွေ လာပြန်အပ်ပြီး သူ့ကို အမှုမလုပ်ဖို့ တောင်းပန်တယ်တဲ့၊ ဦးအေးငွေတို့ကလည်း အခုကတည်းက တိုင်မထားတော့ ကျေအေးသွားကြတယ်၊ ငွေနည်းနည်းပေးပြီး အလုပ်ကတော့ ဖြုတ်လိုက်တာပေါ့၊ သူ့ဇာတိမြို့လေးဆီ ပြန်သွားပြီ ကြားတယ်"

လတ်လတ်ဟာ ဘယ်လိုနည်းနဲ့မှ ထိုမိန်းကလေး မဟုတ်နိုင်ဘူးလို့ ဘယ်လိုပင် ယုံကြည် ယုံကြည် တော်လင်းတိုး ရင်ထဲ လေးနင့်နင့်ကြီးတော့ အမောဆို့သေးသည်။

"မင်းက မင်းရဲ့လတ်လတ်ကိုရှာဖို့ လိုက်လာတာ မဟုတ်လား တော်လင်း၊ မအေကို ကန်တော့ဖို့တွေ ဘာတွေလုပ် မနေစမ်းပါနဲ့ သားရယ်"

"မေမေ သား လတ်လတ်ကို အရင်တွေ့အောင်ရှာပြီး သူ့အကြောင်း စုံစမ်းပြီးမှ မေမေလည်း လက်မခံနိုင်ဘူးဆိုရင်"

"မင်း လတ်လတ်ကို ရှာစရာ မလိုဘူး သား"

"မေမေ"

တော်လင်းတိုး ခေါ်သံက တောင်းပန်တိုးလျှိုး အက်ကွဲ၍ ပါနေသည်။ ဒေါ်ခင်လင်းက သားကို ချစ်စနိုးကြည့် ပြုံးလိုက်ရင်း ...





"မင်းကိုယ်စား မေမေက ရှာထားပေးပြီးပြီ သားရဲ့"

"ဗျာ"

"ခဏနေရင် လတ်လတ် လာလိမ့်မယ်"

"မင်းတို့ ရှုပ်တယ်ကွာ၊ အိမ်ပြန်နှင့်ကြတော့"လို့ ဘယ်လိုပြောပြော ဖိုးကိုရောနေထိုက်ပါ ဟီးဟီးဟဲဟဲနှင့် လုံးဝ မပြန်ကြ။ တမင်ပေကတ်ကာ လတ်လတ် လာမည့်အချိန်ထိ စောင့်ကြသည်။

တံခါးခေါက်သံကလေး ...။

ပြီးတော့ လူနာခန်းတံခါးကို ဖြည်းဖြည်း လှည့်ဖွင့်လို့ လည်သွားတဲ့ လက်ကိုင်ဘုကလေး။

တံခါးပွင့်ဟသွားတဲ့အခါ ဘွားခနဲ မမြော်လင့်ဘဲ ရင်ဆိုင်အတွေ့၊ အလန့်တကြား ရေရွတ်လိုက်တဲ့ အသံတိုးတိုးလေး။

ထို့နောက်တော့ အပြုံးနုနု မပွင့်တပွင့်များ။

အဲဒီနောက်မှာ အပြုံးတွေက ရင့်သန်ကြာမြင့်ရပ်တန့်မရတဲ့ အထိကနေ တဖြည်းဖြည်း ရှင်လန်းနှစ်သိမ့်စွာ ရယ်



www.burmeseclassic.com

www.burmeseclassic.com



မောလိုက်မိကြတဲ့ ရယ်သံတို့က ဆေးရုံခန်းကလေးထဲ တလွင်လွင် စည်လျက်ရှိတော့၏ ။

လမင်းမိုမို



www.burmeseclassic.com